



၁၉၉၁ ခုနှစ်၊ ဩဂုတ်လ
ပထမအကြိမ်-အုပ်ရေ [၅၀၀]
တန်ဖိုး ၄၃-ကျပ်
စာမူခွင့်ပြုချက်အမှတ် [ ၃၃၉/၉၁(၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၃၁၀/၉၁

# နှမ်ရာသိုင်း

**နွေဦးအလှန်**

ဒုတိယ-ကာတွန်းဆိုင်





''မင်းနာမည် မောင်ရဲထွတ်နော်''

''မဟုတ်ဘူး ကျွန်တော့်နာမည် ရဲထင်။ နာမည်အပြည့်အစုံက ဗလရဲထင်''

''ဟာ....ဘယ်နှဲ့ဖြစ်တာလဲ။ မနက်က ဒေါက်တာမေးတုန်းက ရဲထွတ်....ဆို''

''မဟုတ်ဘူး။ ဆရာမတို့ အကြားမှားလိမ့်မယ်။ ကျွန်တော့် အဖေနာမည်က ဦးဗလ။ ကျွန်တော့် နာမည်က ဗလရဲထင်''

ဆေးရုံအုပ်ကြီး၊ ဒေါက်တာနှင့် သူနာပြုဆရာမတို့ တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်လိုက်ကြသည်ကို တွေ့သည်။

စေတနာစာစပ

"နေပါဦးကွ။ ဦးကြားဖူးတာကတော့ အဖေနာမည်ကို နောက်ကပဲထည့်ရိုးထုံးစံ ရှိပါတယ်။ ဥပမာ– မင်းနာမည်ရဲထင်၊ အဖေနာမည် ဦးဗလဆိုရင် ရဲထင်ဗလ။ ရစ်ချတ်အုန်းမောင်တို့ မာဂရက်လှဖေတို့ လိုပေါ့"

ရဲထွတ်က မျက်စိမှိတ်ထားရင်းကနေ ခေါင်းခါသည်။

"အဲ့ဒါ ဆရာကြီးတို့ မှားတာ။ ခုနပြောတာတွေက အင်္ဂလိပ်အယူအဆ၊ တိုင်းတစ်ပါးယဉ်ကျေးမှု၊ ကိုယ့်ယဉ်ကျေးမှုနဲ့ကိုယ်။ မြန်မာ့ ထုံး တမ်း စဉ် လာ မှာလေ့မှာ အဖေနာမည်ကို မရှိမသေ နောက်ကထားလေ့ မရှိဘူး။ ရှိရှိသေသေ ရှေ့ကပဲတင်ရတယ်"

"ဟုတ်ရဲ့လားကွာ။ ငါတော့ တစ်ခါမှ မတွေ့ဖူးပါဘူး"

"အဲဒါ ဆရာကြီးက မြန်မာဖြစ်ပြီး မြန်မာ့ထုံးစံနားမလည်လို့ပေါ့။ ပုဂံခေတ်တုန်းကတည်းက အစဉ်အလာရှိတယ်။ ဆရာကြီး မကြားဖူးဘူးလား။ ပျူစောထီး၊ထီးမင်းယဉ်၊ ယဉ်မင်းပိုက်၊ ပိုက်သေလည်၊ သေလည်ကြောင်ဆိုတာ။ အဲဒါအားလုံး သားအဖတွေချည့်ပဲ။ ဖခင်ကို ရိုသေတယ် လေးစားတယ်။ အဖေ့နာမည် နောက်ဆုံးစာလုံးကို ကိုယ့်နာမည်မှာ ရှေ့ကတပ်မှည့်တာ"





"အေးကွာ....မင်းပြောမှ သတိထားမိတယ်။မှားပါတယ် မောင်ဗလရဲထင်။ ဦး မင်းကို တောင်းပန်ပါတယ်"

ဆေးရုံအုပ်ကြီး၏ ရွှတ်နောက် နောက် စကားကြောင့် ဒေါက်တာကော၊ ဆရာမပါ ပါးစပ်ကို လက်နှင့်ကာပြီး အသံမထွက်အောင် ရယ်ကြသည်။

"ဒါထက် မင်းနေတာကကော"

"မဟာလောကအောင်မြေ"

"အဲ့ဒါ ဘာလဲကွ"

"မဟာဆိုတာ ကြီးကျယ်သော၊ လောကဆိုတာ ဆရာကြီးတို့ ဒေါက်တာတို့ ဆရာမတို့ ကျွန်တော်တို့ နေတဲ့နေရာကိုပြောတာ။အောင်မြေဆိုတာက အောင်မြင်ကြောင်းဖြစ်သော အရပ်။ဆရာကြီးတို့ ကျွန်တော်တို့ ဆရာမတို့ အားလုံးဟာ မဟာလောကအောင်မြေသားတွေချည့်ပဲ"

အစတုန်းက မရူးပါဘူးဟု သတ် မှတ် ခဲ့ သော ဒေါက်တာပင်လျှင် ရဲထွတ်ကိုကြည့်၍ ဘူတာက ရုံပိုင်ကြီးပြောသလို၊ ဒီကလေးက တကယ့်ကို ယဉ်ယဉ်လေးနှင့် ရူးနေတာပါလားဟု သတ်မှတ်လိုက်သည်။

ဆေးရုံအုပ်ကြီးကလည်း အလားတူသတ်မှတ်လိုက်ပုံပေါ်သည်။

''အဲ....ဒါဆိုရင်လဲ ထားပါတော့လေ။ ဒါနဲ့ အခု မင်းနေကောင်းရင် ဘယ်ကိုပြန်မှာလဲ''

''ကျွန်တော် လောကကြီးကိုပဲ ဆက်လေ့လာရဦးမှာပါ ဆရာကြီး။ လောကကို လေ့လာဖို့ထွက်လာတာ ကျွန်တော် သုံးလေးရက်လောက်ပဲ ရှိပါသေးတယ်။ ယူဇနာနှစ်သိန်းလေးသောင်းအထုရှိတဲ့ မဟာပထဝီမြေကြီးကို ကျွန်တော် ဒီလောက်ရက်လေးနဲ့ စုံအောင် လှည့်မကြည့်နိုင်ပါဘူး''

အမှန်တော့ ရဲထွတ် တမင်လောင်ပြောင်နေခြင်း မဟုတ်။ စောစောက သူ့ဘဝကို သူတွေး၍ ဟားတိုက်ရယ်ချင်နေချိန်မှာ ဆေးရုံအုပ်ကြီးရောက်လာပြီး မေးမြန်းသောကြောင့် ကိုယ့်ကိုကိုယ် စိတ်နာနာနှင့် ပါးစပ်ထဲ တွေ့ရာတွေ လျှောက်ပြောနေခြင်း ဖြစ်သည်။

ဆေးရုံအုပ်ကြီးက သက်ပြင်းချလျက်....

''မင်းမှာ ပိုက်ဆံ ဘယ်လောက်ပါလဲ မောင်ရဲထင်''

''တစ်ပြားမှ မပါဘူး ဆရာကြီး''

''အဲဒါဆို မင်းစားဖို့သောက်ဖို့ လိုအပ်ရင် ဆေးဝယ်ဖို့ ဘယ်လိုလုပ်ရမလဲ''





''ကျွန်တော် မသိဘူး ဆရာကြီး။ အစတုန်းကတော့ တစ်လကို ပိုက်ဆံသုံးလေးထောင်လောက်ရတဲ့ အလုပ်တစ်ခု သုံးရက်နဲ့ ရှာလို့ရမယ်ထင်တာပဲ။ ခုတော့ အိတ်ထဲကပိုက်ဆံလေး ခြောက်ဆယ်ကိုတောင် သုံးလေးရက်ခံအောင် ဘယ်လို ထိန်းသိမ်း ရမယ်ဆိုတာ မသိတဲ့သူ ဖြစ်နေပြီ။ အကောင်းဆုံးကတော့ ကျွန်တော့်ကို ပိုက်ဆံတစ်ပြားမှ မကုန်တဲ့ သေဆေးတစ်ခုခု ထိုးပေးလိုက်တာမဲ။ မြန်မြန်သေ မြန်မြန်အေးတာပဲ''

ဆေးရုံအုပ်ကြီး မျက်လုံးပြူးသွားသည်။

''ကဲပါကွာ။ အဲလောက်တော့လဲ မလိုအပ်ပါဘူး။ ဆေးရုံဆိုတာ သေမယ့်လူကိုတောင် ရှင်အောင်လုပ်တဲ့နေရာကွ။ ရှင်နေတဲ့သူကို သေအောင်လုပ်ဖို့ ဆေးတစ်မျိုးမှ တို့ဆီမှာ မထားဘူး။ ကဲ....ဒီတော့ ဒီလိုလုပ်ပါ ဆရာမရယ်''

ပြောပြောဆိုဆိုနှင့် ရဲထွတ်အနားက ခွာသည်။

ခုတင်ခြေရင်းနှင့် ခပ်လှမ်းလှမ်း ရောက်အောင် နောက်ဆုတ်လိုက်ပြီး....

''ဒီကလေးက သွက်သွက်ခါအောင် ရူးနေတာမျိုးတော့ မဟုတ်ဘူး ဆရာမ။ သူ့မှာ ဆိုက်ကိုအဖက်တစ်ခုခုဝင်နေတာ။ ဒီတော့ ဒီလိုလုပ်ပါ။ ဒီကလေး

အတွက် လိုအပ်တဲ့စရိတ် ကျွန်တော် ထုတ်ပေးမယ်။ ဆရာမက အဆင်ပြေအောင် စီစဉ်ပေးပါ။ ကလေးက ရုပ်ရည်သန့်သန့်ပြန့်ပြန့်လေးပါ။ သိပ်ဆင်းဆင်းရဲရဲ မိသားစုထဲကလဲ ဟုတ်ပုံမရဘူး။ ဒီကလေး အကြောင်းတစ်ခုခုနဲ့ ဒီလိုဖြစ်လာတာ ဖြစ်ရမယ်။ သူနေကောင်းသွားရင်လဲ ကျွန်တော့်အိမ်မှာပဲ ခဏခေါ်ထားပေးမယ်''

''ဟုတ်ကဲ့''

ထိုစကားများကို အပြည့်အစုံ မဟုတ်သော်လည်း ရဲထွတ် တစ်ပိုင်းတစ်စ ကြားလိုက်ရသည်။

ဆရာဝန်ကြီး၏ စေတနာနှင့် အကဲခတ်တော်မှုတို့အတွက် စိတ်ထဲကနေ လေးစား ချီးကျူး ရှိခိုးလိုက်မိ၏။

*



ဘာပြောပြော သည်သုံးလေးရက်ထဲမှာ ရဲထွတ် အရှုံးထဲက အမြတ်တွေ များစွာရခဲ့သည်။

အရှုံးက အချစ်ရှုံး၊ မာနရှုံး၊ ကိုယ့်ကိုယ်ကိုယုံကြည် စိတ်ချမှုရှုံးများဖြစ်၍ အမြတ်များက သူတကယ် မသိ နားမလည်ခဲ့သော လောကကြီး အကြောင်း လေ့လာခွင့် ရခဲ့ခြင်းနှင့် လူအမျိုးမျိုး စိတ်အထွေထွေတို့ကို လေ့လာကြုံဆုံခွင့် ရနေခြင်းတို့ဖြစ်သည်။

အရင်တုန်းက ဘုန်းတော်ကြီး ကျောင်းဝင်းထဲတွင် နေ၍ ဆယ်တောစာမျှသော ပတ်ဝန်းကျင်နှင့်သာ ရင်းရင်းနှီးနှီး ထိစပ်ခဲ့ရသည်။ လူ့စရိုက်၊ လူ့သဘာဝဆိုလျှင်လည်း စာအုပ်ထဲနှင့် လူနည်းနည်းထံမှသာ လေ့လာခွင့်ရသည်။

ခုခါမှာတော့ခုသုံးလေးရက်နှင့်ပင်အမြင်အကြား အတွေ့အကြုံတို့က တော်တော်လေး စုံခဲ့ပြီ။ နောက် ထပ်လည်း ဘယ်လောက်ကျယ်ဝန်းသောလောကကြီး နှင့် ထူးခြားခြားနားလှသော လူ့စရိုက်၊ လူ့သဘာ ဝများကို အဘယ်မျှ တွေ့ကြုံ လေ့လာခွင့် ရနေဦး မည်မသိ။

မှုလကတော့ သည်ရက်အတွင်း ရောက်လာသော ဒုက္ခများကြောင့် သေချင်လဲသေ၊ မသေတဲ ယဉ်မြင့်သီ လက်ထပ်ပြီးချိန်လောက်မှာ ကျောင်းပြန်၍ သူကပို့ယ မွေးစားသားဘဝလေးကိုပဲသူ ပြန်သွားရန်စဉ်းစား ခဲ့သည်။

ခုတော့ သူ့စိတ်အဆုံးအဖြတ်ကို ပြောင်းလဲလိုက် သည်။

ထွက်လာသည့်ညက ဂိုးလှင်ကို ရေးခဲ့သော စာ အတိုင်းပင် သုံးရက်အတွင်း ယဉ်မြင့်သီ အတွက် အ ဆင်ပြေအောင်မဖန်တီးပေးနိုင်သည့်နောက်ကျောင်း သို့ ဘယ်သောအခါမှ မပြန်တော့။

သည်ကျယ်ဝန်းသောလူလောကကြီးထဲမှာပဲကြုံရာ ကျရာ ဘဝဖြင့် ကျင်လည်ရင်း သူ့ဘဝသူ ဖန်တီးနေ တော့မည်။





သည်ကြားထဲမှာ သည့်ထက်ဒုက္ခကြီးလို့ သေချင် လည်းသေ၊ မသေရင်တော့ သည် လူ့လောကကြီးကို အောင်နိုင်သော လူတစ်ယောက် အဖြစ် အဘ ပြော သလို လူဘစ်လုံး သူတစ်လုံး ဖြစ်အောင် ကြိုးစား တော့မည်။

သူ့ဘဝမှာ သေတာတစ်ခုကလွဲ၍ ဘာမှ ထပ်ဆုံး ရှုံးစရာ မရှိတော့။

သေခြင်းကိုမမှုလျှင် ဘာကိုမှလည်း မှုစရာ မလို တော့။

နောက်ထပ် နောင်ရိုးတိုက်ပွဲတစ်ခု ထပ်တိုက်ရန် သူဆုံးဖြတ်သည်။ သည်တစ်ခါကမှ ပိုမို ကြီးကျယ် သည့် စစ်ပွဲ။

ဘုရင့်နောင်၏ အမည်ရင်းကို မတန်ဟု ယူဆ၍ ဘုရင့်နောင်ကိုယ်တိုင် ပြစ်တင်စကား ပြောခဲ့သော အသုံးမကျသည့် ဗလရဲထင်ဆိုသောအမည်ကို ပြောင်း လဲ ခံယူနိုင်ခဲ့သည့်သူ—သည်နောက်တစ်ပွဲ ထပ်တိုက်ရ ဦးမည်။

အနည်းဆုံး ဘုရင့်နောင်၏ရဲထွတ်ဆိုသောအမည် ကို ခံယူနိုင်သည်အထိ ကြိုးစားမည်ဟု ယခုအခါ ဗလရဲထင်ဖြစ်နေသော ရဲထွတ်က ဆုံးဖြတ်သည်။

ရာဇဝင်ထဲတွင် ဘုရင့်နောင် မင်းတရားကြီးကိုယ်တိုင်က အသုံးမကျသည့်ကောင်ဟု ပြစ်တင် ခံခဲ့သောတပ်မှူး ဗလရဲထင် အကြောင်းကိုလည်း ပြန်သတိရနေမိ၏။

*



# နှစ်ချာသိုင်း

## နွေ၏အလွှန်

ဒုတိယပိုင်း ဓာတ်သိမ်း

# အပိုင်း ငါး

## နွေလည်ခရီးဝက်မှါ

## ( ၁ )

အတိတ် ကာလများအကြောင်းကို ပြန်ဆက်လျှင် ဗလရဲထင်အကြောင်းက စရပေလိမ့်မည်။

ရာဇဝင်ထဲက ဗလရဲထင်ဆိုသော ပုဂ္ဂိုလ်သည်နှယ်နှယ်ရရ ပုဂ္ဂိုလ်တော့မဟုတ်။

တပင်ရွှေထီး လက်ထက်တွင် သူ့ရဲကောင်းဘွဲ့ ရထားသော တပ်မှူးတစ်ဦးဖြစ်သည်။ တောင်ငူဘုရင် ကျော်ဇော တပင်ရွှေထီးက ဟံသာဝတီ နေပြည်တော်ရှိ ရွှေမော်ဓော စေတီသို့သွား၍ နားထွင်းမင်္ဂလာ ပြုလုပ်ရန်ကြိုးစားသော အခါ ရန်သူ့နယ်မြေတွင်း သွားလုပ်ရမည့်ပွဲမို့ လက်ရွေးစင် သူရဲကောင်း ငါးရာ ရွေးချယ်သည်။

ရွေးချယ်ပုံက လက်မထိပ်ကို အပ်စိုက် တူနှင့်ရိုက်၍ မတွန့်သူ၊ မအော်သူ၊ မညည်းသူတို့ကို သတ္တိကောင်းသူအဖြစ် သတ်မှတ် ရွေးချယ်ခြင်းဖြစ်သည်။

ဤတွင် ဘုရင့်နောင် အပါအဝင် သူရဲကောင်း တော်တော်များများ အရွေးခံရပြီး နောက် ဗလရဲထင် အလှည့်ရောက်လာသည်။

ဗလရဲထင်အလှည့်တွင်အနည်းငယ်တွန့်သွားသောကြောင့် မင်းတရားကြီးက ပယ်လိုက်သည်။

ထိုအခါဗလရဲထင်ကသူသတ္တိနည်း၍ သည်လို ဖြစ်ရသည်မဟုတ်ကြောင်းပြောပြီး ခါးကြားက ဓားမြှောင်ကို ထုတ်၍ သူ့ဗိုက်ကို သူ ခွဲသည်။ ထို့နောက် အထဲကအူစကိုဆွဲထုတ်၍ ဘုရင့်နောင် အား ကမ်းပေးသည်။

ထို့နောက် နောက်ကို ပြေးဆုတ်ရာ အူစဆုံးမှ လဲကျ သေဆုံးသွားသည်။ ထိုအခါ ဘုရင့်နောင်အပါအဝင် မင်းတရားတပင်ရွှေထီးဘ မချီးကျူးသည့် အပြင် 'ဒါ သတ္တိရှိတာမဟုတ်ဘူး။ မိုက်တာ'ဟု ရာဇဝင်တွင်သော မှတ်ချက်ကို ချသည်။

ရဲထွတ် သူ့ကိုယ်သူ အပြစ်တင်၍ ဆရာဝန်ကြီးက နာမည်မေးသောအခါ ဗလရဲထင်ဟု ကြုံရာ အကိုးအကား များနှင့် လျှောက်ပြောလိုက်ခြင်းမှာလည်း ထိုမှတ်ချက်ကို သတိရ၍ဖြစ်သည်။

ဘကယ်တမ်းကျတော့ သူသည် ဘုရင့်နောင်ကဲ့သို့ သတ္တိရှိသူမဟုတ်။ သူခုလို ဘုန်းကြီးကျောင်းက ထွက်လာခဲ့ဘည့်





ကိစ္စသည်လည်း မူလ သူထင်သလို နောင်ရိုးတိုက်ပွဲ ဝင်ခဲ့ခြင်းမဟုတ်။

စင်စစ် သူမိုက်မဲခဲ့ခြင်းသာ ဖြစ်သည်ဟု သူတွေးမိသည်။ ဖြစ်လာသမျှ ပြဿနာကို မတွန့်မဆုတ် ကြံ့ကြံ့ခံ ရင်ဆိုင်ရမည့်အစား မဖြစ်နိုင်သော အချိန်ကာလ တစ်ခု အတွင်း မအောင်မြင်နိုင်သည့် အလုပ်တစ်ခုကို ဗလရဲထင်အူစထုတ်ပေး၍ ပြေးသလို ပြေးခဲ့လုပ်ခဲ့ခြင်းသာဖြစ်သည်။

သို့သော်....ခုမှတော့ သူနောက်မဆုတ်တော့။

ခုခါမှ နောင်ရိုးစိတ်ဓာတ် အခိုင်အမာထားပြီး ဘဝတိုက်ပွဲကို သူ ဆက်လက် ဆင်နွှဲတော့မည်ဖြစ်သည်။

ဘယ်ကစ၍ ဘာလုပ်ရမည် ဆိုသည်ကိုတော့ သူ မမှန်းဆနိုင်သေး။

လောလောဆယ် သူ့မှာ ပိုက်ဆံလည်းမရှိ။ ဝတ်စရာ,နေစရာလည်း မရှိ။ အားခွန်ဗလလည်း မရှိ။ နေမကောင်းရက်ကြီး ဆေးရုံပေါ်မှာ သူများပေးစာကမ်းစာ စားနေရခြင်းဖြစ်သည်။

စောစောက ဆရာဝန်ကြီး ပြောသွားသော စကားအရ သူ့ကို ဆရာဝန်ကြီးက အိမ်ခေါ်ထားမည် ဟုတော့ ကြားလိုက်သည်။

ဒါဆိုလျှင် အနည်းဆုံး နေစရာတော့ရမည်။

နောက်တစ်ဆင့် စားစရာသည်း ရမည်။

သူများက သနား၍ ပေးရာကမ်းရာဘဝများတွင် သူမနေလိုသော်လည်း လောလောဆည်မှာတော့ ဒါပဲ အကောင်းဆုံး ဖြစ်နေသည်။

အနာဂါတ် လောကဓံ အခြေအနေများက ဘယ်လို ဖြစ်လာမည် မသိသေးသော်လည်း ခုတော့ ဖြစ်ရာဘဝကို ခဏ ရင်ဆိုင်ထားရန် ဆုံးဖြတ်သည်။

သည်တစ်ခါ ဘဝတိုက်ပွဲမှာတော့ ရဲထွတ်ခေါ် ဗလရဲထင် မိုက်မိုက်ကန်းကန်းနှင့် အလောသုံးဆယ် မဆုံးဖြတ်တော့။

ဘဝကို စိတ်အေးအေးနှင့် ရဲရဲတင်းတင်း ရင်ဆိုင် သွားတော့မည်ဟု ဆုံးဖြတ်လိုက်၏။

*

''ဟာ မောင်ရဲထင်။ ဘာဖြစ်လို့ မင်း ဒါတွေလုပ်နေရတာလဲကွာ။ ပင်ပင်ပန်းပန်းတွေ မလုပ်ပါနဲ့ဦးလို့ သေသေချာချာ မှာထားရဲ့သားနဲ့''

ကျောဘက်မှ ဆေးရုံအုပ်ကြီး အသံကြောင့် ရဲထွတ် လုပ်လက်စအလုပ်ကို ရပ်သိုက်ပြီး လှည့်ကြည့်သည်။

ထိုနောက် ဆေးရုံမှ နေအိမ်သို့ပြန်လာသော ဆရာဝန်ကြီးကို ပြုံးပြလိုက်ရင်း....





''ရပါတယ် ဆရာကြီး။ ကျွန်တော် ကောင်းကောင်း နေကောင်းပါပြီ။ ဆရာကြီး ခြံတစ်ခြံလုံး ရှုပ်ပွနေလို့ ကြည့်မကောင်းတာနဲ့ ကျွန်တော် ရှင်းပေးနေတာပါ''

ဆေးရုံအုပ်ကြီးအိမ်က ဆေးရုံ ဝင်းထဲမှာပင် ရှိသည်။ ရှေးအစဉ်အဆက်က ဆေးရုံအုပ်ကြီးများ လက်ထက်ကတော့ အခြွေအရံ များများပြားပြားနှင့် လှပသန့်ရှင်း သေသပ်ခဲ့ပုံရသော်လည်း ခု ဆေးရုံအုပ်ကြီးကတော့ အဖော်သဟဲလည်း သိပ်မရှိသဖြင့် အိမ်ထဲမှာ သည်လောက် မဆိုးသော်သည်း ခြံထဲမှာ မြင်၍ မကောင်း။

စောစောပိုင်း နေနည်းနည်းကျသွားကတည်းက ရဲထွတ် ခြံထဲမှာ ပေါက်တူးတစ်လက်၊ အမှိုက်သယ် ခြင်းတစ်တောင်းနှင့် အလုပ်ရှုပ်နေခဲ့သည်။

''ကြည့်မကောင်းလဲ မကြည့်ဘဲသာ နေလိုက်ပါကွာ။ ဒါကြီး ကြည့်ကောင်းအောင် လုပ်ဖို့ဆိုတာ လွယ်တာမှ မဟုတ်ဘဲ....''

''လွယ်ပါတယ် ဆရာကြီးရဲ့။ နောက် သုံး လေး ရက်ဆို ဆရာကြီးခြံ ကြည့်ကောင်းသွားမှာပါ။ ကျွန်တော် လုပ်ပေးပါမယ်''

''အေးပေါ့ကွာ။ လုပ်ချင်စိတ်ရှိလို့ လုပ်တာဆိုရင်တော့ လုပ်ပါ။ မင်းတစ်ယောက်တည်း မနိုင်ရင် ကျော်မိုးကိုပါ ခေါ်ပေါ့''

“မခေါ်တော့ပါဘူး ဆရာကြီး။ ဦးလေးကျော်မိုးက အိမ်ထဲက သူ့အလုပ်နဲ့သူတောင် အားတာမဟုတ်ဘူး။ ကျွန်တော့်ကကျွ ကျွန်တော်ပဲ လုပ်ပါ့မယ်”

ဆရာဝန်ကြီးက ခေါင်း တ ဆတ် ဆတ် ညိတ်ပြီး ဘာမှ ဆက်မပြောတော့ဘဲ အိမ်ထဲဝင်သွားသည်။

ရဲထွတ်က သူ့ အလုပ် သူဆက်လုပ်နေလိုက်၏။

*

“အဲဒါဘာတွေလဲ မောင်ရဲထင်”

“ပိုက်ဆံတွေပါ ဆရာကြီး။ ဆရာကြီး အိမ်နောက်ဖေးမှာ စိုက်ထားတဲ့ သီးနှံ၊ ဟင်းသီးဟင်းရွက်တွေ ရောင်းလို့ ရတဲ့ပိုက်ဆံပါ”

“ဟေ....”

ဆေးရုံအုပ်ကြီးဖြစ်သော ဆရာဝန်ကြီး ဦးမြတ်ထွန်း မျက်လုံးပြူးသွားသည်။ ငွေတွေက အံ့သြစရာကောင်းလောက်အောင် များပြားနေလွန်း၍မဟုတ်။

ငွေကလည်း ဘာမှမများ။ အလွန်ဆုံးအကျွံ ရှိလှမှ တစ်ရာ စာစ်ရာ့ငါးဆယ်လောက်ပဲ ဖြစ်မည်။ ကျပ်တန်လေးတွေ၊ ငါး





ကျပ်တန်၊ ဆယ်တန်လေးတွေ အထူအထဲကိုကြည့်ပြီး မှန်းဆလိုက်ခြင်း ဖြစ်၏။

ငွေအရေအတွက်က အံ့သြစရာမဟုတ်။

သည်တစ်လနှစ်လအတွင်းမှာ သူ့ခြံက သည်လိုတွေတောင် ဖြစ်နေပြီလား အံ့သြသွား၍ ဖြစ်သည်။

မောင်ရဲထင်ဆိုသော ချာတိတ် ခြံ ထဲ စ, ဆင်း သည့် နေ့တုန်းကတော့ ဆေးရုံကအပြန်မှာ သူ သတိထားမိလိုက်သေးသည်။ နောက်သုံးလေးရက်အကြာမှာလည်း သူ့ အိမ်ရှေ့က ခြံဝင်းလေး ရှင်းလင်းသပ်ရပ်ပြီး ဟိုအပင် သည်အပင်လေးတွေ ပျိုးထား စိုက်ထားသည် မြင်လိုက်သည်။

သူ့ ဟာသူ စိတ်ချမ်းသာလျှင်လည်း လုပ်နေပါစေ တွေး၍ ဘာမှမပြောတော့။

နောက်ပိုင်းမှာ သူ့ အိမ်နောက်ဖေးတွင် စိုက်ခင်းလေး တစ်ခင်း ဖြစ်နေသည်ကိုလည်း အိမ်ရာထမှာ တွေ့တွေ့နေသည်။ ဘူးစင်ကလေးကော၊ စိမ်းစိမ်းစိုစို ဟင်းသီးဟင်းရွက်ပင်ကလေးတွေကော။

သို့သော် ကိုယ့်အလုပ်နှင့်ကိုယ်၊ ခေါင်းမအားသဖြင့် ဘူးစင်ကလွဲပြီး ဘာပင် တွေ စိုက် ထား မှန်း တောင် သတိမထားမိ။

ခု....ဆိုက်ဆိုက်မြိုက်မြိုက် သူ့ ရှေ့မှာ ထိုအပင်များက ဖြစ်လာသော ပိုက်ဆံဆိုပြီး လာအပ်နေသည့်ချာတိတ်ကို သူ

အရမ်းအံ့ဩသွားသည်။ သည် ချာ တိတ် ပေါ့ သေး သေး ကောင်မဟုတ် ဆိုသည်ကိုလည်း စိတ်ထဲက သဘောပေါက်လိုက်သည်။

"အားလုံး ဘယ်လောက်လဲ မောင်ရဲထင်"

"တစ်ရာ့ခုနစ်ဆယ့်ရှစ်ကျပ် ရှိပါတယ် ဆရာကြီး"

ဦးမြတ်ထွန်းက ခေါင်းညိတ်သည်။

"အေးလေ....အဲဒါ မင်းလုပ်အားခ ဖြစ်လာတာပဲ။ မင်း ယူထားလိုက်ပေါ့ မောင်ရဲထင်။ မင်းလိုအပ်တာရှိရင် သုံးပေါ့"

"ကျွန်တော် ဘာမှ မလိုအပ်ပါဘူး။ ဒီအပင်တွေအတွက် လိုအပ်တဲ့ မျိုးစေ့ တို့ ဘာတို့က ဆရာကြီး ဦးလေးဦးကျော်မိုးကို ပေးထားတဲ့ဈေးဖိုးထဲက ဖဲ့ဝယ်ပြီး သုံးထားတာပါ၊ ဒီထဲက ကျွန်တော့်ကို ပိုက်ဆံငါးဆယ်ပဲ ပြန်ပေး။ အခင်း အတွက် လိုတာလေးတွေ နည်းနည်းဝယ်ချင်လို့"

"အကုန်ပဲ ယူထားလိုက်ပါကွာ"

"ကျွန်တော် ဆရာကြီးအိမ်မှာ စားသောက်၊ နေထိုင်နေတာတွေအတွက် တစ်ခုခုတော့ ကျွန်တော် ပြန်ပေးပါရစေ ဆရာကြီး။ နို့မို့ ကျွန်တော်နေရတာ မျက်နှာမရဲဘူး"

ဆရာကြီးက ရယ်သည်။

"အေးလေ....ဒါဖြင့်လဲ ပြီးတာပဲ။ အဲဒါဆို မင်းလိုတဲ့ ငါးဆယ်ထုတ်ယူပြီး ကျန်တဲ့ပိုက်ဆံ ထားခဲ့ပေါ့။ ခြံ ထဲက အသီးအနှံတွေကော ငါမစားရဘူးလား"





"အိမ်မှာချက်နေတဲ့ ဟင်းထဲက အသီး အနှံ တို့စရာတွေဟာ ခြံထဲကပစ္စည်းတွေဖြစ်ခဲ့တာ ဆယ်ရက်လောက် ရှိပါပြီ ဆရာကြီး။ ဆရာကြီး ဈေးဖိုးထဲက တစ်နေ့ကို ငါးကျပ်လောက် သက်သာနေပါတယ်"

လောကကြီး တော်တော်တောင် ပြောင်းလဲနေပါလား ဟု ဦးမြတ်ထွန်းက ရယ်ရင်းတွေးသည်။

ဒီကောင် ရူးနေတာမဟုတ်တာတော့ သေချာသွားပြီ။ ဒီကောင် ဘာကောင်လဲ မသိဘူးဟုလည်း တွေး၏။

တစ်ခါမှ သည်လိုကောင်မျိုးလည်း သူ မတွေ့ဖူးခဲ့ချေ။

*

## ( ၂ )

နောက်လေးငါးလအကြာတွင် ဆေးရုံအုပ်ကြီး ဦးမြတ်ထွန်း အိမ်၌ အံ့သြစရာကောင်းသောဖြစ်ရပ်များ ထပ်မံ ဖြစ်ပွားလာပြန်၏။

ထိုနေ့က လခထုတ်ရက်။

လစာငွေများ ထုတ်ယူလာပြီးနောက် အိမ်ပြန်ရောက်သည်နှင့် ဦးမြတ်ထွန်းက သူ့ အိမ်တွင်းရေး လူယုံတော်လည်းဖြစ်၊ အိမ်မှုရေးရာ အဖြာဖြာကို စီမံခန့်ခွဲ နေ သူလည်း ဖြစ် သော ဦးကျော်မိုးကို ခေါ်သည်။

ထိုအချိန်တွင် အိမ်၌ ရဲထင်ဟု သူသိသော ရဲထွက်မရှိ။

ဘယ်ရောက်နေမှန်းလည်း သူမသိ။

အချိန်က ညနေ ခြောက်နာရီကျော်ကျော်လောက် ရှိနေပြီ။





"ကျော်မိုး လာဦး"

ဦးကျော်မိုးက ဦးမြတ်ထွန်းထက် လေး ငါး ခြောက်နှစ် ငယ်မည်။ ပင်စင်ယူရန် သိပ်မလိုတော့သော ဆရာကြီးက ငါးဆယ်ကျော်ရှိပြီ။

"ဟုတ်ကဲ့....ဆရာ"

ဦးကျော်မိုးက မီးဖိုထဲတွင် ညစာအတွက် ပြင်ဆင်နေရင်းကနေ လက်သုတ်ပဝါတထည်ဖြင့် လက်ကို သုတ်ရင်း ထွက်လာသည်။

ဦးကျော်မိုး အိမ်ရှေ့ကုလားထိုင်တွင်ဝင်ထိုင်မိသည်နှင့် ဆရာကြီးက လက်ထဲမှ ရေထားသော ငွေစက္ကူတစ်ထပ်ကို လှမ်းပေးရင်း....

"ရော့... မင်းအတွက် လခနဲ့ အိမ်အတွက် ဈေးဘိုး။ နေပါဦးကွ။ ငါမေးပါရစေဦး။ အိမ်မှာ လူတစ်ယောက် ထပ်တိုးနေတော့ ငါပေးတဲ့ မီးဖိုချောင် စရိတ်နဲ့ကောလောက်ရဲ့လား။ ဟင်းဖိုးပိုမကုန်တောင် ဆန်၊ ဆီဖိုး ပိုမကုန်ဘူးလား"

ဦးကျော်မိုးက ရယ်သည်။

ထို့နောက် ပိုက်ဆံအချို့ကို ရေတွက်၍ ပြန် လှမ်းပေးရင်း....

"ကျွန်တော့် အတွက်ပိုက်ဆံပဲ ကျွန်တော်ယူထားလိုက်တော့မယ် ဆရာ။ အိမ်မှာ လူတစ်ယောက်ပိုလာလို့ ဈေးဘိုး

ပိုမကုန်တဲ့အပြင် ခုလကစပြီး မီးဖိုချောင် စရိတ် ဆရာ မပေးနဲ့တော့....တဲ့။ နောက်လဆိုရင် ကျွန်တော် အတွက်ပါ သူ တာဝန်ယူလိုက်ပြီ .. တဲ့"

"ဘယ်သူကလဲ"

"ရဲသင်က"

"ဟင်...."

"ဟုတ်တယ်ဆရာ။ ဆရာက ကိုယ့်အလုပ်နဲ့ကိုယ်ရှုပ်ပြီး ရဲထင် ဘာလုပ်နေတယ်ဆိုတာ မကြည့်ဖြစ်လို့။ အခု သူက သူဌေးဖြစ်နေပြီ။ တစ်ခါလောက် သူ့စိုက်ခင်းထဲ ဆရာ သွားကြည့်ပါလား။ အပင်တွေကို စုံနေတာပဲ။ သူတစ်ယောက်တည်းမနိုင်တော့လို့ ရေလောင်း ပေါင်းသင် ဘာလုပ် ညာလုပ် လုပ်ဖို့ ဆေးရုံက သန့်ရှင်းရေး ကောင်လေး နှစ်ယောက်တောင် သူက လခပေးပြီး ငှားထားသေးတယ်"

"အိမ်နောက်ဖေးမှာလား"

"ဟာ....ဆရာကလဲ အိမ်နောက်ဖေး မြေကွက်လောက်နဲ့ တော့လဲ ဘယ်ရမလဲ။ ဆေးရုံနောက်ဘက်မှာ နောင်ကျ ဆေးရုံ တိုးချဲ့ဖို့ ဆိုပြီး ထားတဲ့ ကွက်လပ်ကြီးရှိတယ် မဟုတ်လား။ အစက ချုံတွေဖြစ်နေတဲ့နေရာလေ။ အဲဒါကြီးရှင်းပြီး ဒီကောင် လုပ်ထားတာ"

"ဟ....အဲဒါကြီးက နည်းတဲ့အကျယ်ကြီးမှမဟုတ်တာ"

"ဟုတ်တယ်၊ အဲဒါကြီးကို ဆေးရုံကကုလားတွေ ပိုက်ဆံ ပေးပြီး ဝိုင်းရှင်းခိုင်း။ ပြီးတော့ အပင်တွေစိုက်နဲ့ လုပ်နေ





တာကြာပြီ။ ကျွန်တော်ကတောင် ဟော့ကောင် အဲဒါ ဆေးရုံ တိုးချဲ့ဖို့နေရာ။ တော်ကြာ ပြဿနာတက်မယ် ပြောသေးတယ်။ အဲဒီတော့ သူက ဆေးရုံက ဘယ်ကမ္ဘာကျမှ လာ တိုးချဲ့မယ်မှန်းမသိတာ။ ဒီတိုင်းကြီးတော့ အလကားမထားနိုင်ဘူး။ ပိုက်ဆံရှာရမယ်ဆိုပြီး လုပ်တာပဲ"

"ဘာတွေစိုက်လဲ"

"ဟင်းသီးဟင်းရွက်တွေပဲဆရာ။ မြန်မြန်ဖြစ်၊ မြန်မြန် ပိုက်ဆံပေါ်တယ်.. တဲ့။ ဟုတ်လဲဟုတ်တာပဲ။ ဒီလအတွက် ပထမအရစ်ဆိုပြီး အိမ်စရိတ် သုံးရာ ကျွန်တော့်ကို ပေး ထားပြီးပြီ"

"ကောင်းရောကွာ၊ ငါက သူ့ကို သနားလို့ အိမ်ခေါ်ပြီး ကျွေးမွေးစောင့်ရှောက်ထားပါတယ်။ ခုတော့ သူကဖောင် တို့ကျွေးဇူးရှင် ပြန်ဖြစ်တော့မယ်။ ခု ဘယ်မလဲ မောင် ရဲသင်"

"သူ့ အခင်းထဲမှာပဲ ရှိလိမ့်မယ် ဆရာ။ တစ်ခေါက်တော့ သွားကြည့်စမ်းပါ။ ဒီကောင့် ခြံက ထွက်တဲ့ ဂေါ်ဖီထုပ်ကြီး တွေ၊ ဘူးသီးကြီးတွေ နည်းတဲ့ဟာကြီးတွေ မဟုတ်ဘူး"

ဆရာဝန်ကြီးက ဦးကျော်မိုး စကား နားထောင်ရင်း တဟားဟား ထရယ်သည်။

"အဲဒါ ငါ့ပြရမှာမဟုတ်ဘူးကွ ကျော်မိုးရ။ ဘူတာရုံက ရှပိုင်ကြီးကို သွားပြရမှာ။ ခု လောလောဆယ် အခြေအနေ

က ရဲထင်ဆိုတဲ့ကောင်မရှုးဘဲ ငါနဲ့ ရုံပိုင်ကြီး အရှုးလုပ်ခံနေရတာ''

စကားအဆုံးမှာ ဆရာဝန်ကြီးက ဦးကျော်မိုး ပြန်ပေးသော ပိုက်ဆံတစ်ထပ်ကို သဘောကျစွာကြည့်ပြီး အင်္ကျီအိတ်ထဲ ထည့်လိုက်လေ၏။

*

''ကဲ....ထိုင်ကွာ မောင်ရဲထင်၊ မင်း ကိစ္စဝိစ္စတွေပြီးခဲ့ပြီမဟုတ်လား''

''ဟုတ်ကဲ့....ပြီးခဲ့ပါပြီ ဆရာကြီး''

ပြောရင်းနှင့် ရဲထွတ်က ဆရာကြီးညွှန်ပြသည့် ကုလားထိုင်မှာ ဝင်ထိုင်သည်။ ဆရာကြီးက ရောက်စကနှင့်မတူဘဲ အသားတွေ နေလောင်ပြီး မဲသွားသည်မှအပ အစစ ကြံ့ခိုင်ကျန်းမာသန်စွမ်း လန်းဆန်းနေသည့် ရဲထွတ်ကို သေချာကြည့်ရင်း....

''မင်းဒီကိုရောက်တာခြောက်လလောက်ရှိသွားပြီနော်''

''ဟုတ်ပါတယ် ဆရာကြီး။ ခြောက်လကျော်သွားပါပြီ''

''အေးကွာ။ မူလကတော့ မင်းအခြေအနေကြည့်ပြီး တစ်ခုခုဆေးကုပေးရမယ်ထင်လို့ ဆရာကြီး စောင့်ရှောက်





ထားတာပဲ။ ခုတိုင်းကတော့ မင်းမှာ ဆေးကုစရာ ဘာရောဂါမှမရှိတော့တာ သေချာသွားပါပြီ။ အဲဒီတော့....''

ဆရာကြီးက စကားကို ခဏရပ်ပြီး သူ့ကို အကဲခတ်သည်။

ရဲထွတ်ကလည်း ဖျတ်ခနဲ လှမ်းကြည့်လိုက်၏။

ဆရာကြီးများ ငါ့ကို သူ့အိမ်မှာ ဆက်မထားတော့ဘဲ ပြန်ခိုင်းတော့မလား မသိဘူးဟုလည်း တွေးလိုက်သည်။

ဆရာကြီးက ဆက်၍...

''ဒီ ပြင် ပြဿနာတော့ မရှိပါဘူး။ ခုလဲ မင်းကတောင်တို့ကို ပြန်ထောက်ပံ့နေပြီဆိုတော့ မင်း ဒီမှာ ပျော်သလိုနေလို့ရပါတယ်။ ဒါပေမယ့် အင်း ဒါပေမယ့် တစ်ခုတော့ရှိတယ် မောင်ရဲထင်''

''ဟုတ်ကဲ့ ... ပြောပါ ဆရာကြီး''

''မင်းကို အတင်းအကျပ် မဖြေမနေရ မေးနေတာမျိုးတော့ မဟုတ်ပါဘူး။ မင်းကိုလဲ ဆရာကြီး သားအရင်း တစ်ယောက်လိုပဲ သဘောထားပါတယ်။ ခုဟာကတော့ ဆရာကြီးကိုယ်နှိုက်က မင်းကို စိတ်ဝင်စားလို့ပါ''

ဆရာကြီးက စကားကို တစ်ဆက်တည်း မပြော။ ခပ်ဆိုင်းဆိုင်း ခပ်နားနား ပြောနေသလို ပြောရင်းနှင့်လည်း ရဲထွတ် အမူအရာကို အကဲခတ်သည်။

''မင်း.... ဘယ်သူ ဘယ်ဝါ၊ ဘယ်ကလာတယ်၊ ဘာဖြစ်လာ ခဲ့ တယ် ဆို တာ သိ ချင် တယ် ကွာ။ ဖြစ် နိုင် ရင် အဲဒီအကြောင်းတွေအမှန်အတိုင်း ဆရာကြီးကို ပြောပြပါလား''

ဆရာကြီး အမေးအဆုံးမှာ ရဲထွတ် သက်ပြင်းချသည်။

''ကျွန်တော် ရာဇဝတ်မှုတွေ ဘာတွေ ကျူးလွန်ပြီးထွက်ပြေးဇာတ်မြှုပ်နေတာမျိုး လုပ်လာခဲ့တာ မဟုတ်ပါဘူး ဆရာကြီး။ ကျွန်တော့်ကြောင့် ဆရာကြီးမှာ ဘာပြဿနာမှ မတက်စေရပါဘူး။ အဲ့ဒါတော့စိတ်ချပါ''

ဆရာကြီးက ခေါင်းခါသည်။

''ပြဿနာတက်မှာစိုးလို့၊ စိတ်မချလို့၊ ဒါတွေ မေးတာမဟုတ်ဘူး မောင်ရဲတင်။ အဲဒီလိုမျိုး မဟုတ်ဘူး ဆိုတာလဲ ဆရာကြီးသိပါတယ်။ အဲဒါမျိုးထင်ရင် အစကတည်းက မင်းကို ဆရာကြီး ဘယ်လက်ခံမလဲ။ ခု ဆရာကြီး မေးတာက တခြားပါ။ မင်းတာ လူကောင်းတစ်ယောက်၊ လူတော်တစ်ယောက် ဘာဖြစ်လို့ ဒီလို ဖြစ်နေတာလဲဆိုတာ သိချင်လို့ရယ်။ တကယ်လို့ ဆရာကြီး ကူညီ ဆောင်ရွက်ပေးနိုင်တာမျိုးတွေ ရှိရင်လဲ ကူညီဆောင်ရွက်ပေးချင်လို့ပါ''

ရဲထွတ် ဒုတိယ အကြိမ်မြောက် သက်ပြင်း ချသည်။

''အင်း.... ဒီအကြောင်းတွေ ကျွန်တော် ဘယ်သူ့ကိုမှ ပြန်မပြောပြတော့ဘူးလို့ ဆုံးဖြတ်ထားတာကတော့ အမှန်ပဲ ဆရာကြီး။ ဒါပေမယ့် ဆရာကြီးကိုတော့ ကျွန်တော် ပြောပြပါ့မယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်လဲ ဆရာကြီးဆီက အကူအညီ နည်းနည်းလိုချင်လို့ပါ''

''အေးလေ.... ဆရာကြီး လုပ်နိုင်တာမှန်သမျှ ဆရာကြီးလဲ မင်းအတွက် ကူညီလုပ်ကိုင်ပေးမယ်လို့ ဆုံးဖြတ်ထားတာပဲ။





ဆရာကြီးကို ယုံကြည်ရင် ပြောပြပါ မောင်ရဲထင်။ မင်းဟာ ဒီအတိုင်း တစ်သက်လုံး သွားရမယ့်လူမျိုး မဟုတ်ပါဘူး''

ရဲထွတ်က ခေါင်းညိတ်သည်။

''ဟုတ်ပါတယ် ဆရာကြီး။ ကျွန်တော်လဲ ဒီအတိုင်း တစ်သက်လုံး မသွားနိုင်ပါဘူး။ ဒီလိုပါ ဆရာကြီး။ ကျွန်တော့် နာမည်အမှန်က ရဲထင်မဟုတ်ပါဘူး။ ရဲထွတ်ပါ။ ကျွန်တော် အစက နေတာက....''

ရဲထွတ် သူ့ဘာဝဇာတ်လမ်းကို အပို သိပ်မပါဘဲ ခပ်ကျဉ်းကျဉ်းနှင့် ခပ်ရှင်းရှင်း ခပ်တိုတို ပြောပြလိုက်သည်။

ရဲထွတ် ပြောသမျှ တစ်လျှောက်လုံး ဆရာကြီးက ငြိမ်သက်စွာ နားထောင်နေ၏။

*

( ၃ )

''ဧ ဤ— မောင်ရဲထွတ်၊ စာစစ်မင်းကြီးရုံးက မင်းလိုချင်တဲ့ ဆယ်တန်း အမှတ်စာရင်းနဲ့ ယာယီ အောင်လက်မှတ်။ အောင်လက်မှတ် မူရင်းကတော့ ခုချက်ချင်း ထုတ်မပေးသေးဘူးတဲ့။ နောက်တစ်ခုက မင်း မှတ်ပုံတင်ပျောက်တာ ပြန်လျှောက်ဖို့ စာရွက်စာတမ်းတွေ''

ရဲထွတ်က စာရွက်စာတမ်းများကို ယူကြည့်သည်။ ပြီး စိုးရိမ်မကင်းစွာဖြင့်....

''ဆရာကြီး ဒီကိစ္စကို....''

''မင်း ပြောသလိုပဲ မင်းနဲ့ပတ်သက်တဲ့ နေရာကလူတွေ ဘယ်သူမှ မရိပ်မိအောင် ငါ့လူက လုပ်ခဲ့တယ် ပြောပါတယ်ကွာ။ သိစရာလဲ မလိုပါဘူး။ အဲ.... တစ်ခုတော့ရှိတယ်။ ငါ





လူကို မင်းကောင်မလေး အခြေအနေ ဘယ်လိုရှိတယ်ဆိုတာ သိချင်လို့ စုံစမ်းခိုင်းလိုက်တာ။ အဲဒီ ကိစ္စလဲ အကြောင်း ပြန်ကြားတယ်''

''ဘာတဲ့လဲ ဆရာကြီး''

''မင်းကောင်မလေး မိသားစု တစ်စုလုံး အဲ့ဒီမှာ မရှိတော့ဘူးတဲ့။ အဲဒီမြို့က သူတို့ ပြောင်းသွားတာ တော်တော်ကြာပြီလို့ ပြောတယ်''

''ကိုအေးမြင့်နဲ့ လက်ထပ်ဖို့ သူတို့ မန္တလေးကို ပြောင်းသွားကြတာ ဖြစ်မှာပေါ့ ဆရာကြီး''

''အေးလေ.... ဒါပဲဖြစ်မှာပေါ့။ နောက်ပြီး မင်းအဘဦးဗလလဲတော်တော် နေမကောင်းဘူးလို့ပြောတယ်။ ဒီတစ်ခေါက် ငါ့လူ အဲဒီသွားရင် ဆေးလေးဝါးလေး ဆရာကြီး ထည့်ပေးလိုက်ပါမယ်''

''ကျေးဇူးတင်ပါတယ် ဆရာကြီး။ တက္ကသိုလ်ကို လောလောဆယ် ကျွန်တော် ဆက်မတက်နိုင်ပေမယ့် ဆယ်တန်း အောင်သွားတယ်ဆိုတဲ့ လက်မှတ်လေး လိုလိုမယ်မယ်တော့ ယူထားချင်လို့ပါ''

''ယူထားတာ မမှားပါဘူး မောင်ရဲထွတ်။ စာစစ်မင်းကြီးရုံးမှာ အဲဒါတွေ သွားထုတ်ရင်း ငါ့လူ သတင်းစကား တစ်ခု ကြားခဲ့တယ်လို့ ပြောတယ်''

"ဘာများလဲ ဆရာကြီး"

"တက္ကသိုလ် စာပေးစာယူ သင်တန်းတွေ ဖွင့်ပေးမယ်တဲ့ မောင်ရဲထင်။ ခုတော့ မဟုတ်သေးဘူး။ သူတို့ ပြင်ဆင်နေ တုန်းပဲတဲ့"

"ဝမ်းသာလိုက်တာ ဆရာကြီးရာ။ အဲဒါ ဖွင့်ရင်တော့ ကျွန်တော် တက်နိုင်အောင် ကြိုးစားရမှာပဲ"

ဆရာကြီးက ခေါင်းတဆတ်ဆတ်ညိတ်၏။

*

ဆေးရုံအုပ်ဆရာဝန်ကြီး ဦးမြတ်ထွန်းနေအိမ်တွင် သူနေ ခဲ့ရသည့်ကာလမှာ စုစုပေါင်း တစ်နှစ်ကျော်သည်။

ထိုကာလ အားလုံးမှာလည်း ဆရာကြီးနှင့်ပတ်သက်၍ ဘာတစ်ခုမှ ပြဿနာမရှိခဲ့။ သူကလည်း ဆရာကြီးကို မိဘလို သဘောထားနိုင်ခဲ့သလို ဆရာကြီးကလည်း သူ့ကို သားတစ် ယောက်သဖွယ်ပင် ဆက်ဆံသည်။

ဘေးပတ်ဝန်းကျင်ကလည်း သူ့ကို ဆရာကြီး၏ မွေးစား သားဟုပင် သတ်မှတ်ထားကြသည်။ အနည်းဆုံး ဆရာကြီး မွေးစားထားသည့် ကောင်လေးဟုတော့ ရည်ညွှန်းပြော လေ့ရှိသည်။





ဤပုံမှန် အခြေအနေအတိုင်းသာ တစ်သက်လုံး သွားခဲ့ ပါက ထိုတစ်သက်လုံးပင် သူ ဆရာကြီးထံမှာ နေဖြစ်တော့ မှာ သေချာသည်။ သို့မဟုတ်လည်း ဆရာကြီး သက်ရှိ ထင် ရှားရှိသည်အထိတော့ ဆရာကြီးအိမ်တွင် သူနေဖြစ်သွားမှာ သေချာသည်။

သို့သော် ခက်သည်က အခြေအနေများ အားလုံးသည် ပုံမှန်အတိုင်း ဖြစ်မလာ။

မမျှော်လင့်သောထောင့်၊ မမျှော်လင့်သော နေရာကနေ မမျှော်လင့်သော ပြဿနာများ ဝင်လာသည်။

ထိုအကြောင်းများကြောင့်ပင် ရဲထွတ် ဆရာကြီးအိမ်မှ ထွက်ခွာဖြစ်သွားခြင်း ဖြစ်၏။

*

"ဒီမှာ....ဒီမှာ....မင်း မောင်ရဲထင်ဆိုတဲ့သူ မဟုတ်လား"

"ဟုတ်ပါတယ်....ဘာကိစ္စရှိလို့ပါလဲ"

မိုးအရှာနောက်ကျနေသော မေလနှောင်းပိုင်း ရက်ဘစ် ရက်ဟု မှတ်မိသည်။

နေ့လယ်ခင်း ပူလွန်းလှသဖြင့် ဆရာကြီးအိမ်ရှေ့ မျက်နှာ စာဘွင် ကုလားထိုင်တစ်လုံးထုတ်၍ ထိုင်နေဆဲ အမျိုးသမီး တစ်ယောက် ရောက်လာသည်။

သူ့ကို နာမည်နှင့်တကွ တိုက်ရိုက်ခေါ်ပြီး မေးလိုက်သဖြင့် ရဲထွတ် အံ့ဩစွာ ပြန်မေးမိသည်။ အမျိုးသမီးက သူ့အမေးကို ပြန်ဖြေရန် စိတ်ပင်ကူးပုံမရဘဲ အိမ်ထဲ လှမ်းကြည့်လိုက်ပြီး....

"အိမ်ထဲမှာ ဘယ်သူရှိလဲ"

"ဦးလေးဦးကျော်မိုးတစ်ယောက်ပဲ ရှိပါတယ်။ ဘာလုပ်မလို့လဲ"

"ဦးကျော်မိုးကို ခဏခေါ်ပေးပါ"

"နေပါဦးအစ်မ။ အစ်မက ဦးကျော်မိုးကို သိလို့လား"

"အို....ခေါ်မှာသာ ခေါ်ပေးစမ်းပါ။ ဦးကျော်မိုး မေးရင်လဲ ပြောလိုက်။ အိမ်ရှေ့မှာ ဝေဝေ ရောက်နေတယ်လို့။ အဲဒါဆို တို့ ဘယ်သူလဲဆိုတာ မင်းသိလိမ့်မယ်"

"ဟာင်း"

ရဲထွတ် သက်ပြင်းချသည်။

မိန်းကလေးက သူ့ထက် လေးငါးနှစ်ကြီးမည်။ သို့သော်လည်း ဖြူဖြူနုနုနှင့် လှလှပပလေးမို့ ရွယ်တူသယောင် ထင်နေရသည်။ ပြောပုံဆိုပုံကြောင့်သာ ကြီးသည်ဟု သိနေရခြင်း ဖြစ်သည်။

ပြောပုံဆိုပုံကတော့ မာရေကြောရေ ရှိလှ၏။

ဘယ်သူမှန်းလည်း မသိ၊ ဘယ်ကမှန်းလည်း မသိ။

သို့သော် အကောင်းဆုံးကတော့ ဝေဝေဆိုသည့် သည်အမျိုးသမီး ပြောသည့် အတိုင်းပင် ဦးလေး ဦးကျော်မိုးကို





ခေါ်ပေးလိုက်ပြီး သူတို့ချင်း တွေ့ဆုံပေးလိုက်တာသာ ဖြစ်သည်မို့ ရဲထွတ် ဘာမှမပြောတော့ဘဲ အိမ်ထဲ ဝင်လာခဲ့သည်။

"ဦးလေး"

"ဘာလဲ မောင်ရဲထွတ်"

မီးဖိုချောင်ထဲတွင် ဖင်ထိုင်ခုံတစ်လုံးနှင့်ထိုင်၍ ယပ်တောင်တစ်ချောင်းဖြင့် ယပ်ခပ်နေသော ဦးကျော်မိုးက ပြန်မေးသည်။

ရဲထွတ်က အကျိုးအကြောင်း ပြောလိုက်၏။

"ဟေ....ဝေဝေ ဟုတ်လား မောင်ရဲထွတ်"

အံ့ဩစရာ ကောင်းလောက်အောင်ပင် ဦးကျော်မိုးက ပျာပျာသလဲ ထရပ်သည်။ ပြီး မယုံနိုင်သော မျက်နှာဖြင့်လည်း မေးသည်။

ရဲထွတ်က ခေါင်းညိတ်ပြီး....

"ဟုတ်တယ် ဦးလေး- ဝေဝေတဲ့။ ဦးလေးကို ဒီနာမည် ပြောလိုက်ရင် သူဘယ်သူလဲဆိုတာလဲ ကျွန်တော် သိရမယ်တဲ့"

"အင်း....ဟုတ်တာပေါ့။ ဝေဝေ ဆိုရင်တော့ သူဘယ်သူလဲဆိုတာ ဦးလေး မင်းကို ပြောနိုင်တာပေါ့ကွာ"

"ဒါဖြင့် ပြောစမ်းပါဦး ဦးလေး။ သူက ဘယ်သူလဲ"

"သူက ဆရာ့သမီး မောင်ရဲထွတ်။ ဆရာဦးမြတ်ထွန်းရဲ့ သမီး ဝေပေထွန်း ဆိုတာပေါ့"

''ဟာင်''

အံ့သြခြင်းဖြင့် ရဲထွတ် မျက်လုံးပြူးသွား၏။

ဆရာကြီးမှာ သမီးရှိသည်ဆိုသည်ကို သူ လုံးဝမသိ။

ထိုသမီးကလည်း သူရှိနေခဲ့သော ငါးနှစ်လုံးလုံး ဘယ်ရောက်နေ၍ ခုမှ ဘွားခနဲ ပေါ်ပေါက်လာရသနည်း။

*

''အဲဒါငဲ မောင်ရဲထွတ်။ မင်းကို ရှင်းရှင်းနဲ့ တိတိကျကျ ပြောရရင် မင်းဒီအိမ်ကနေ အမြန်ဆုံးထွက်သွားပေါ့။ တို့ဟာ ဖေဖေ ဦးမြတ်ထွန်းရဲ့ တစ်ဦးတည်းသော သမီး။ ဖေဖေ့မှာ နောက်ထပ် ဘယ်လိုသားသမီးမျိုးမှ အရှိ မခံနိုင်ဘူး။ ဖေဖေ့ အမွေအနှစ် ဆိုတာလဲ တို့ တစ်ယောက်တည်းနဲ့ ပဲ ဆိုင်တယ်''

ဝေဝေထွန်း၏ စကားများက သူ ပြောသလိုပင် ရှင်းလင်းတိကျ၍ ပြတ်ပြတ်သားသားလည်း ရှိပါသည်။

တစ်ထိုင်တည်းနှင့် တစ်ဆက်တည်း ရှေ့က ပြောခဲ့သော စကားများ အရလည်း ရဲထွတ် သူမသိသောဆရာကြီး၏ အိမ်ထောင်ရေးကိစ္စ ဟစ်နှစ်လောက် ကာလအတွင်းမှာ သည်သမီး ပျောက်ဆုံးနေသော ကိစ္စများကို သိခွင့် ရလိုက်သည်။





ဆရာကြီးနှင့် သူ၏ ဇနီးသည် လွန်ခဲ့သော ခြောက်လောက်က ဆရာကြီး၏တပည့် လက်ထောက် ဆရာဝန်တ စချင်နှင့် ဖောက်ပြန် မှားယွင်းခဲ့သည့် ကိစ္စကို အကြောင်း ပြ ကွာရှင်းပြတ်စဲခဲ့သည်။

င်းပေါ့။

ဆရာကြီး၏သမီး ဝေဝေထွန်းက အမေ့ဘက် ်င်း ပြောသည်။ အမေလုပ်သူမှာ နောက်အိမ်ထောင် ပြုလိုက် အတွက် ဆရာကြီးက ဇနီးဖြစ်သူကော သမီးဖြစ်သူကိုပ အဆက်အသွယ် မလုပ်တော့ဘဲ စိတ်နာစွာ ဖြတ်တောက်ထားခဲ့သည်။

သည်အကြောင်းများနှင့် ပတ်သက်၍ ရှက်လည်းရှက်၊ နာလည်း နာသဖြင့် ထိုပြဿနာဖြစ်ခဲ့သော အရပ်မှ ဝေးလံသော ယခုမြို့ဆီသို့မှရရအောင်ပြောင်းယူခဲ့ပြီးထိုအကြောင်းများကို လုံးဝ ဘယ်သူ့ကိုမှ အသိမခံဘဲ နေခဲ့သည်။

သာမန်အားဖြင့် ယခုထိ အိမ်ထောင် မပြုဖူးသေးသော လူပျိုကြီးလိုလို ငယ်ငယ်ရွယ်ရွယ်နှင့် ဇနီးသေဆုံးပြီး မုဆိုးဘို ဖြစ်ကျန်ခဲ့သလိုလို ပြောဆိုနေခဲ့သည်။

သည်ကိစ္စနှင့် ပတ်သက်၍ ဘယ်သူ့ကိုမှလည်း တိတိကျကျ မပြော။ အတွင်းရေးကို သေချာသိသော လူယုံဦးကျော်ဒိုးကိုလည်း တင်းကျပ်စွာ နှုတ်ပိတ်ထားခဲ့သည်။

သို့အတွက် ရဲထွတ် သည်ဇာတ်လမ်းတွေကို ဘာမှ မသိခဲ့ခြင်း ဖြစ်သည်။

သည်ပတ်ဝန်းကျင်မှာ သည်အကြောင်းတွေ သိသော ခြားလူလည်း မရှိ။

အုံ့ဘျမှ ဆရာကြီး ဦးမြဘ်ထွန်းသားတစ်ယောက် မွေးစား ဆုံးသလိုလို သတင်း ရသွားသော ဆရာကြီး ဇနီးက သမီး ထိုသို လွှတ်ပြီး အမွေစား အမွေခံကိစ္စ ရှင်းလင်းရန် ရောက်ရှော့ သုတ်သင်ဖယ်ရှားခိုင်းလိုက်ခြင်း ဖြစ်၏။

ဝေဝထွန်းက ခရီးရောက်မဆိုက်ပင် ရဲထွတ်ကို အကျိုး ဒွာင်း ပြောပြပြီး အိမ်ပေါ်မှ အမြန်ဆုံး ဆင်းခိုင်း ယည်။

ရဲထွဘ်က ဝေဝေထွန်း စကားအဆုံးမှာ သက်ပြင်း ချ လိုက်ရင်း....

"ဒီလိုတော့ ရှိပါတယ် အစ်မ။ ပထမ တစ်ချက်က ကျွန် တော့်ကို ဆရာကြီး အိမ်မှာ ခေါ်ထားတယ်ဆိုတာ ဒီတိုင်း ရိုးရိုး ခေါ်ထားတာ သက်သက်ပါ။ အမွေစားအမွေခံသား အနေနဲ့ ခေါ်ပြီး မွေးစားထားတာ မဟုတ်ပါဘူး။ ဒုတိယ အချက်က ကျွန်တော့်ကို အဲဒီအမွေကိစ္စတွေ ဘာကိစ္စကွေ လုံးဝ စိတ်မဝင်စားပါဘူး"

"ဒါပေမယ့် ဘာပဲဖြစ်ဖြစ်လေ...."

"ခဏလေး အစ်မ။ ကျွန်တော် ဆုံးအောင် ပြောပါရ စေ။ ဒါပေမယ့်အစ်မကဆရာကြီးရဲ့ သမီးအရင်းပါ။ အစ်မက အစ်မအကြောင်းနဲ့ အစ်မစိုးရိမ်ပူပန်ပြီး ဒီအိမ်မှာကျွန်တော် မရှိသင့်ဘူး ထင်ရင်လဲ ကျွန်တော် ဆင်းပေးပါ့မယ်။ အစ်မ ပြောသလို အမြန်ဆုံးပေါ့လေ"

"တို့ကတော့ ဖြစ်နိုင်ရင် ခုချက်ချင်း ဆင်းသွားစေချင် တာပဲ"

"ဖြစ်နိုင်ပါတယ် အစ်မ။ ချက်ချင်းဆိုလဲချက်ချင်းပေါ့။ ဒါပေမယ့် ကျွန်တော် ဆရာကြီးကို အကျိုးအကြောင်း ပြော ပြဖို့များ လိုအပ်မလားပဲ။ တော်ကြာ...."

ဝေဝေထွန်းက ခေါင်းကို သွက်လက်စွာ ယမ်းခါသည်။

"မလိုပါဘူး မောင်ရဲထွတ်။ တို့က ဖေဖေ့ သမီးပါ။ ဖေ ဖေနဲ့ အကျိုးအကြောင်း ပြောပြရှင်းပြဖို့ အလုပ်ကတို့အလုပ် ပါ။ ဖေဖေ့ကို ဘာမှလဲ မျက်ရည်ခံထိုးပြီး အယူခံ ဝင်တာတို့ ဘာတို့ မလုပ်ပါနဲ့။ ဒီကိစ္စ တို့နဲ့ ပြီးပြတ်ပါတယ်။ တို့ကလဲ မတရား မလုပ်ပါဘူး"

"မဟုတ်ဘူးအစ်မ။ နောက်တစ်ခုက ကျွန်တော်လုပ်လက် စ မြှိနဲ့စိုက်ခင်းကြီးကလဲ တန်းလန်းကြီး ရှိနေလို့"

"ဩြော်....ဒါလား။ ဒါလဲ မပူပါနဲ့လေ"

ပြောရင်းနှင့် ဝေဝေထွန်းက စားပွဲပေါ်မှ ပိုက်ဆံအိတ် ကိုဆွဲယူပြီး အထဲက ငွေစက္ကူတစ်ထပ်ထုတ်သည်။

"မင်းဒီအိမ်ပေါ်က ဆင်းသွားတဲ့ အတွက် စားရမယ့် သောက်ရမဲ့၊ နေစရာ မဲ့ရမယ့် အဖြစ်မျိုးမရောက်စေရပါဘူး။

မင်းတစ်ခုခု ရင်းနှီးစားသောက် လုပ်ကိုင်ဖို့ ငွေငါးထောင် အစ်မ ပေးလိုက်ပါမယ်''

ရဲထွတ်ပြုံးသည်။ ထို့နောက် ခေါင်းကိုခါလိုက်ပြီး....

''ကျွန်တော် ဒါကိုလိုချင်လို့ ပြောနေတာ မဟုတ်ပါဘူး အစ်မ။ ကျွန်တော် ဘာမပြော ညာမပြော ဆင်းသွားရင် ဆရာကြီးကို မလေးစားသလို ဖြစ်နေမလားလို့ အောက်မေ့ လို့ပါ။ ဒါတွေကျွန်တော် မလိုပါဘူး။ ဆရာကြီးအိမ် ရောက် လာတုန်းကလဲ ကျွန်တော့်မှာ ပိုက်ဆံတစ်ပြားမှ မရှိပါဘူး၊ ပြန်ဆင်းသွားတော့လဲ ကျွန်တော့်မှာ တစ်ပြားမှ ရှိစရာ မလိုပါဘူး''

''ဒါပေမယ့် တို့က ပေးသင့်ပေးထိုက်တာ ပေးဖို့ ဝတ္တ ရား ရှိပါတယ်''

''ကိစ္စမရှိပါဘူး အစ်မ။ ကျွန်တော်ဟာ အစ်မ စိုးရိမ်တဲ့ လူမျိုး မဟုတ်ဘူးဆိုတာ သိရင် ကျွန်တော် ကျေနပ်ပါတယ်၊ ခဏလေး စောင့်ပါ။ အခု အစ်မရှေ့မှာပဲ ကျွန်တော် ဒီအိမ် က အပြီးအပိုင် ထွက်သွားပါမယ်''

ပြောပြောဆိုဆိုနှင့်ထ,ရပ်၍ နောက်ဖေးဘက်ဝင်ခဲ့သည်။

ဦးလေးဦးကျော်မိုးကို အကျိုး အကြောင်း အတိုချုပ် ပြောခဲ့ပြီး အဝတ်အစား နှစ်စုံ သုံးစုံလေးကို လွယ်အိတ်အ ဟောင်းတစ်လုံးနှင့် စုထည့်သည်။ သူ့မှာ ခြံကရသောပိုက်ဆံ ငွေနှစ်ရာကျော်လောက်လည်းရှိသည်။





တော်ပြီ။

ဒီလောက်ဆို လုံလောက်ပြီဟု တွေး၍ အိမ်ရှေ့ ပြန်ထွက် ခဲ့သည်။

ထိုခဏမှာပင် ရဲထွတ် ထိုအိမ်ပေါ်က ဆင်းလာခဲ့သည်။ ထိုနေ့သည် ၁၉၇၄ ခု၊ မေလ ၂၂ ရက် ဗုဒ္ဓဟူးနေ့ဖြစ်၏။

*

( ၄ )

ဘဝဆိုတာ ဘာကြီးလဲဟု ရဲထွတ်တွေးရင်း ရှုးချင်လာသည်။

ဖျတ်ခနဲ ဖျတ်ခနဲ ဖြစ်ပျက်ပြောင်းလဲသွားမှုများက မြန်ဆန်လွန်းသဖြင့် အံ့ဩမဆုံးနိုင်အောင်လည်း ဖြစ်ခဲ့ရသည်။

သည်တစ်ရက်တည်း ဖြစ်သွားသော အဖြစ်အပျက်ကိုပင် ကြည့်။

မနက်က သူ့မှာ နေစရာအိမ်နှင့် လုပ်ငန်းဆောင်တာ လုပ်စရာ ယာနှင့် စားစရာ သောက်စရာလည်း မပူပင်ရ။ ဖခင်သဖွယ် အုပ်ထိန်းသူ မိဘသဖွယ် ဖြစ်နေသော ဆရာကြီးဆိုသူလည်း ရှိသည်။





ဦးလေးသားချင်းသဖွယ်ဖြစ်လျက် ကိုယ့်ကို ခင်မင်စောင့်ရှောက် ကူညီပေးသော ဦးကျော်မိုး ဆိုသူလည်း ရှိသည်။ ကိုယ်က အခကြေးငွေပေးလျက် ကိုယ့်ကို လုပ်ငန်းရှင်သဖွယ် ရိုသေလေးစား ပံ့ပိုးပေးကြသော အခြွေအရံ အလုပ်သမား သုံးလေးယောက်လည်း ရှိသည်။

ထိုအချိန်မှာပင် ဝေဝေထွန်းဆိုသော အမျိုးသမီး တစ်ယောက် သူ့ဘဝထဲသို့ အဆက်အစပ်မရှိ ဘွားကနဲ ပေါ်လာသည်။

နောက် ခဏကြာသောအခါ သူသည် ယခုကဲ့သို့ ထိုအရာအားလုံးနှင့် ဘာမှ မသက်ဆိုင်တော့သော လူတစ်ယောက် ဖြစ်သွားသည်။

အခု သူ့မှာ နေစရာလည်း မရှိ။ လုပ်စရာလည်း မရှိ။ ဆက်စပ် ပတ်သက်နေသော လူများလည်း မရှိ။

ထို့အပြင် ယခုလောလောဆယ်မှာကျတော့ သူ တစ်နှစ်တာပတ်လုံး နေထိုင်ခဲ့သည့် အရပ်ဒေသမှာပင် သူ မရှိတော့။

အချိန်က ပူပြင်းလှသော မေလကုန် နေရောင် အစွယ်ကျိုးစ ညနေစောင်း ဖြစ်နေပြီ။

ထိုအချိန်တွင် သူသည် အဝေးပြေး ခရီးသည်တင် ကားတစ်စီးပေါ်မှာ ရောက်နေ၏။

တစ်စီးလုံး ကြပ်ညပ်နေသော ခရီးသည်များကြောင့် သူ အပါအဝင် ခရီးသည် လေး, ငါး, ဆယ်ယောက်ကို ကား ခေါင်မိုးပေါ်သို့ တက်စီးခိုင်းသည်။

အတွယ်အတာမဲ့သော နေရာမှာ စီးလာရသဖြင့် သူ့ဆံ
ပင်များလည်း ပွယောင်း ထိုးထောင် ဖွာလန်နေပြီ။ သူ့မျက်
နှာတစ်ခုလုံးလည်း အရည်ဘင်းပြီး ကျိန်းစပ်စပ်ကြီး ဖြစ်နေ
သည်။

သည့်ထက် ညနေစောင်းလျှင် သို့တည်းမဟုတ် မှောင်စ
ပျိုးသည့် ညဦးကာလရောက်လျှင် သည်ဘတ်စ်ကားသည်
သူ့ခရီးဆုံး မြို့သို့ ရောက်သွားတော့မည်။

ထိုအခါတွင် သူ ဘာလုပ်မည်နည်း။

ထိုမြို့မှာ သူ့အသိလည်း တစ်ယောက်မှမရှိ။ နေစရာ
အိမ်သည်းမရှိ။ အိပ်စရာလည်း အိပ်ရာမရှိ။ ညစာကို ထမင်း
ဆိုင်တစ်ဆိုင်မှာ ဝင်စားပြီးသည်နှင့် ပြဿနာ တက်တော့
မည်။

ထိုမြို့မှာ အခကြေးငွေပေး၍ တည်းခိုစရာ တည်းခိုခန်း
ရှိ မရှိလည်း သူ မသိ။ ဘုန်းကြီး ကျောင်း တစ်ကျောင်
ကျောင်းသို့ဖြစ်ဖြစ် သွား၍ တောင်းပန်တိုးလျှိုးပြီး ညအိပ်
စရာနေရာ တစ်နေရာရာ ရှာရမည့်ဘဝ။

မနေ့ညကအထိ ရှိခဲ့သော သူ့အိပ်စရာနေရာ၊ စားစ
ထမင်းဝိုင်း၊ သူ ရေချိုး အဝတ်လဲစသဖြင့် ညနေစော
ညဦးအချိန်မှာ သူ လုပ်ချင်ရာအလုပ်များကို လုံခြုံစိတ်ချ
လုပ်နိုင်သော အိမ်လည်း မရှိ။

ထိုအရာများ ဘယ်ရောက်သွားပါသနည်း။





မနေ့ကနှင့် သည်နေ့ မတူခြင်းကို ဘဝဟု ခေါ်ပါ
သလား။

ဒါမှမဟုတ် မနက်ခင်းနှင့် ညနေခင်းကြားမှာ ကွာခြား
ချက်တွေ အများကြီး ဖြစ်သွားခြင်းကို ဘဝဟု ခေါ်တာ
လား။

သည် အဖြစ်အပျက်များက သိပ်တော့ မဆန်း။ ဒါတွေကို
ရင်ဆိုင်ရမှာလည်း ကြောက်၍တော့မဟုတ်။

လွန်ခဲ့သည့် တစ်နှစ်ကျော်ကာလကလည်း ထိုအရာများ
မရှိခဲ့ခြင်းကနေ ရှိသွားခြင်းကို ခဏတာ အချိန်အတွင်း၌ပင်
ဖြစ်ခဲ့ဖူးသည်။

မရှိခြင်းက ရှိခြင်းကို ပြောင်းတတ်လျှင်၊ ရှိခြင်းက မရှိ
ခြင်းကို ပြောင်းခြင်းသည်လည်း မလွဲမသွေ ဖြစ်နိုင်သော
ကိစ္စ၊ အံ့ဩစရာမဟုတ်။

ထို့အတူ မရှိခြင်းက ရှိခြင်းကို ပြောင်းခဲ့စဉ်က ကျေ
နပ်ခဲ့လျှင် ရှိရာက မရှိသွားခြင်းကိုလည်း မကျေနပ်စရာမရှိ။

လောက၊ သို့မဟုတ် ဘဝဆိုသော အရာကပင် သည်
အတိုင်းဖြစ်တတ်နေ၍လား။ သို့မဟုတ် သူ့ကံကြမ္မာကပင်
သည်လိုဖြစ်ရန် သီးသန့်ဖန်တီးနေလေသလား သေချာတော့
မပြောတတ်။

သူ့ဘဝမှာ ဒါမျိုးဖြစ်ခဲ့တာ နှစ်ကြိမ်ကြုံခဲ့ပြီ။

မဟာလောကအောင်မြေ ကျောင်းတိုက်က မနက်ခင်းကြီး
ထွက်ခဲ့စဉ်က တစ်ကြိမ်၊ ခု တစ်ကြိမ်။

သည်လိုဆိုလျှင် မဟာလောကအောင်မြေကျောင်းတိုက်မှာ နေခဲ့ရစဉ်က ဘဝမျိုးနှင့် ဆရာဝန်ကြီးအိမ်မှာ နေခဲ့ရစဉ်က ဘဝမျိုးကိုလည်း နောက်တစ်ကြိမ် သူ ပြန်ရချင်ရဦးမှာ ဖြစ်သည်။

ဘဝဆိုတာ ဘာမှန်းတော့ သူမသိသေး။

သို့သော် ထိုဘဝအတွင်းမှပင် သူ တစ်သက်လုံး ကိုင်စွဲအသုံးပြုသွားစရာ သင်ခန်းစာ နှစ်ခု သုံးခုလောက် ရလိုက်ပြီ ဖြစ်သည်။

တစ်အချက်က ဘဝဆိုတာ ရှိလိုက်မရှိလိုက် ဖြစ်နေတတ်သော အရာသာ ဖြစ်သည်။ သို့အတွက် ဘဝထဲမှာနေလျှင် ရှိခြင်းကိုလည်း ရင်ဆိုင်ရမည်။ မရှိခြင်းကိုလည်း ရင်ဆိုင်ရမည်။ ရှိခြင်း မရှိခြင်း ထိုနှစ်ခုစလုံးကိုဘာမှ ဂရုစိုက်စရာမရှိ။ ဒါသဘာဝသာ ဖြစ်သည်။

နှစ်အချက် လောက သို့မဟုတ် ဘဝမှာ ပြဿနာလာလာတက်နေသည်မှာ ငွေကြေး အသပြာနှင့် စည်းစိမ်ဥစ္စာသာ ဖြစ်သည်။

ဒါကို ပိုက်ဆံဟု တလုံးတပေါင်းတည်းပြောလျှင်လည်း ရသည်။ ပိုက်ဆံနှင့် ပိုက်ဆံဖြင့် စီရင်ဖန်တီးထားသော အရာများကို စည်းစိမ်ဥစ္စာဟု ခေါ်ခြင်း ဖြစ်သည်။

လောကမှာ ပိုက်ဆံ အရေးကြီးသည်။ ပိုက်ဆံကြောင့် စားစရာ၊ ဝတ်စရာ၊ နေစရာများနှင့် ချစ်ခြင်းမေတ္တာများ အားလုံး ပြဿနာတက်နိုင်သည်။





ထိုပြဿနာ အားလုံးကို ဖြေရှင်းနိုင်သည်မှာလည်း ပိုက်သာဖြစ်သည်။ သို့အတွက် ပိုက်ဆံသည် မရှိမဖြစ် ထိုအပ်ာ အရာတစ်ခု။

သုံးအချက် သူ့ ဘဝ အတွေ့အကြုံအရ ပိုက်ဆံရှာရသည်သည်မှာ လွယ်သည့်အလုပ်မဟုတ်။

ထို့ အတူ ခက်လည်း သိပ်မခက်လှ။ ပိုက်ဆံကို ပိုက်ဆံင်ရှာလျှင်လည်း လွယ်လွယ်လေးရသည်။

ထို့ အတူ ဘာမှမရှိလျှင်လည်း လက်ချည်းကနေ ခန္ဓာကိုယ်င်အားသုံးပြီး ရှာလျှင် ရသည်။ နည်းတာနှင့် များတာပဲာမည်။

ဒါက ပြဿနာမဟုတ်။

ပြဿနာက နည်းနည်းရသည့်အချိန်မှာ များများလိုချင်း်နှင့် များများရသည့်အခါ ဘာမှ မလိုချင်ခြင်း၊ သည်ခုသာ ဖြစ်သည်။

ပထမတစ်ကြိမ် သူ ခုလို ခြေသလုံးအိမ်တိုင်ဖြစ်သည့်အချိန် တစ်သကို သုံးလေးထောင် ဝင်ငွေလိုနေသော များများချင်ခြင်း ဖြစ်သည်။ ထိုအချိန်က သူ နည်းနည်းသာ ရှာတ်၏။ သို့အတွက် ပြဿနာတက်၏။

ခု ဒုတိယအကြိမ်ကျတော့ နောက်ဆုံး ဝေဝေထွန်းပေးသ့်ငွေ ငါးထောင်အပါအဝင် သူ့မှာ များများစားစားရနေ၍ ပြဿနာတက်ခဲ့ခြင်းဖြစ်သည်။ ထိုအချိန်မှာ သူကမှ မလိုချင်။

"ဟား....ဟား"

ကားခေါင်မိုးပေါ်မှာ တစ်ယောက်တည်း စဉ်းစ
ရင်း ရဲထွတ် ရယ်လိုက်၏။

အတွေးတစ်ခုလည်း ပေါက်သွားသည်။

အမှန်က ဘာမှမဟုတ်။

လောကကြီးက ရှင်းရှင်းလေးနှင့် ရှုပ်နေခြင်းသာ ဖြ
သည်။

အဖြေက ရှင်းရှင်းလေး။ လောကကြီးမှာ ပြဿနာ နှ
ခုပဲ ရှိသည်။ လိုသည့်အခါ လိုတာမရသော ပြဿနာနှ
မလိုသည့်အခါ မလိုတာရသောပြဿနာသာ ဖြစ်သည်။

သည်နှစ်ခုကို နားလည်လျှင် လောကကို ဘာ နားမလ
စရာ ရှိမည်နည်း။

ထို အတူ သည်နှစ်ခုကို ကျော်ဖြတ်အောင်နိုင်အောင် လု
နိုင်လျှင် လောကကိုကော ဘာကြောင့် ကျော်ဖြတ်မအော
နိုင်စရာ ရှိမည်နည်း။

လိုတာမရသော ပြဿနာမဖြစ်ရန် ဘာမှမရလျှင် ဘာ
မလိုချင်နှင့်။

မလိုတာရသော ပြဿနာမပေါ်ရန် ရတာဆိုလျှင် ဘာ
မလိုချင်မဖြစ်နှင့်။ အကုန်လိုချင်လိုက်။ အကုန် ယူပစ်လိုက်





ပြီးပြီ....

သူ့ထက်လွယ်သောကိစ္စပင် သူ့လောက်မလွယ်။

ရဲထွတ် ဝမ်းသာလွန်းသဖြင့် ကားခေါင်မိုးပေါ်က ခုန်ချ
ချင်စိတ်ကိုပင် မနည်း ထိန်းထားလိုက်ရ၏။

*

( အချုပ်ပို )

ရတနာနှင့်တွေ့သည့်အချိန် ၁၉၇၉ ခုနှစ်မှာတော့ ရဲထွ
ထိုသဘောတရားများကို များစွာကြေညက်ပြီး ဖြစ်နေပြီ ဖြ
သည်။

ရဲထွတ်၏ အခြေအနေမှာလည်း ၁၉၇၄ ခုနှစ်၊ မေ
၂၂ ရက်နေ့က အခြေအနေမျိုးနှင့် ဘာမှ မဆိုင်တော့
အများကြီး ပြောင်းလဲနေပြီ။

သည်အကြောင်းများနှင့် ပတ်သက်၍ ရဲထွတ်ပြောခဲ့သေ
စကားတစ်ခွန်းကို ကျွန်တော် ကောင်းစွာ အမှတ်ရသည်
ထိုစကားကိုလည်း အရင်းအတိုင်း ကျွန်တော် ပြန်လည် ဖေ
ပြလိုပါသည်။





"ရတနာနဲ့ ငါနဲ့ တွေ့ခဲ့ဆုံခဲ့တဲ့ ကိစ္စက သိပ် စိတ်ဝင်စားစရာကောင်းတယ် စိုးလွင်။ မင်းကို ငါပြောခဲ့ဖူးတယ် မဟုတ်လား။ အချစ်နဲ့ပတ်သက်လာရင် တကယ်က ငါ့ဘဝမှာ သီတာတစ်ယောက်ပဲ ရှိတယ် ...

"ငါ့ဘဝမှာ ဘာတွေပြောင်းလဲ ပြောင်းလဲ အဲဒီ ပြောင်းလဲခြင်းတွေနဲ့ ဘယ်လိုမှ မဆက်စပ်ဘဲ အမြဲသီးသန့်မပြောင်းလဲဘဲ ကျန်နေခဲ့တဲ့ အရာတစ်ခု ရှိတယ်။ အဲဒါက ဘာလဲ ဆိုတော့ သီ့ကို ငါချစ်တဲ့အချစ်ပဲ....

"သီဟာ ငါ့ဘဝရဲ့ အချစ်ဦးပါ စိုးလွင်။ ပြီးတော့ တစ်ဘဝမှာ တစ်ခါပဲ ချစ်တတ်တဲ့ အချစ်မျိုးနဲ့ ချစ်ခဲ့တဲ့ အချစ်ဆုံးပါ ...

"သီနဲ့ ကွဲကွာခဲ့တဲ့အချိန်တွေမှာ ငါဘယ်လောက်ခံစားခဲ့ရတယ်ဆိုတာ ငါပဲ သိပါတယ်။ ဒါပေမယ့် ငါဘယ်သူ့ကိုမှ ပြောမပြဘူး။ မင်းကိုလဲ ပြောမပြပါဘူး။ ဒီအကြောင်းတွေ အကျယ့်အကျယ် စာဖွဲ့၊ ဇာခဲ့ပြောနေရင် ငါတကယ်မင်းကို ပြောပြချင်တဲ့ အဓိကအကြောင်းတွေဆီကို တော်တော်နဲ့မရောက်ဘဲ ဝေ့ဝဲနေမှာစိုးလို့ ငါအရမ်းခံစားခဲ့ရပါတယ်ဆိုတဲ့ စကားလောက်ပဲ ပြောပါရစေ။ မင်းလဲ ဒီလောက်နဲ့ပဲ ကျေနပ်ပါ....

"ဒါပေမယ့် ရတနာနဲ့ တွေ့တဲ့အချိန်မှာ ငါ့စိတ်တွေက ပုံစံတစ်မျိုး ပြောင်းနေပြီ စိုးလွင်။

"အဲဒါဟာ ဒီပြင်လူအတွက်တော့ မသိဘူးပေါ့ကွာ။ ငါ့အတွက်တော့ သိပ် တူးဆန်းတယ်။

စေတနာစာပေ

"အဲဒီတုန်းကတော့ သူ့ဖြစ်စဉ်ထဲမှာ သူ့ဟာသူ အလိုက်သင့် မြောပါ နေခဲ့ရတာဆိုတော့ ငါလဲ ဘာကြောင့် ဘာဖြစ်တယ်ဆိုတဲ့ ကိစ္စမျိုးကို သိပ် မစစ်ကြောမိဘူး။

"ခုလိုအချိန်ကာနေ ပြန်စဉ်းစားတဲ့ အခါကျတော့ အဖြေတစ်ခု ရသလိုလိုရှိတယ်။ အဲဒါက ဘာလဲဆိုတော့ အဲဒီအချိန်မှာ ငါဟာ အမှန်တကယ် ပြောင်းလဲနေခဲ့တယ် ဆိုတာပဲ။

"ငါပြောင်းလဲတယ်ဆိုတာလဲ အမှန်ပဲစိုးလွင်။ မင်းကို ငါပြောပြီးပြီနော်။ ငါဆရာကြီး ဦးမြတ်ထွန်းအိမ်က ထွက်လာတဲ့နေ့ဟာ ၁၉၇၄ ခုနှစ် မေလ ၂၂ ရက်ဆိုတာ။ ရတနာနဲ့ တွေ့တဲ့နှစ်က ၁၉၇၉ ခုနှစ်။ စ,တွေ့တဲ့နေ့ကို အတိအကျပြောရင် ၁၉၇၉ ခုနှစ် ဧပြီလ ၇ ရက် စနေနေ့။

"ထားပါ။ နေ့စွဲ ရက်စွဲတွေက အဖြစ်အပျက်တိုင်း အဖြစ်အပျက်တိုင်းကို ငါ အသေအချာမှတ်မိတယ်။ ဘာအကြောင်းဖြစ်ဖြစ် ပေါ့ပေါ့လျော့လျော့ မထားခဲ့ဘူးဆိုတာကို ပြောချင်လွန်းလို့သာ အတိအကျ ပြောတာပါ။ သိပ် တော့ လဲ အရေးမကြီးပါဘူး။ အရေးကြီးတာက ခုနှစ် သက္ကရာဇ်။

"ဆရာဦးမြတ်ထွန်းအိမ်က ထွက်တဲ့နေ့နဲ့ရတနာ့ကိုတွေ့တဲ့နေ့ ကြားကာလဟာ ငါးနှစ် ပြည့်လုလု အနေအထားမှာ ရှိတယ် စိုးလွင်။ ထားပါကွာ ရက်ပိုင်းပဲ လိုဘာဆိုတော့ ငါးနှစ်ပဲ ပြောပါစို့။

"အဲဒီငါးနှစ်ဟာ ငါ့ဘဝမှာ အပြောင်းအလဲအကြမ်းဆုံးနှစ်တွေပဲ။ ဘယ်လောက် ပြောင်းလဲလဲဆိုရင် ၁၉၇၄ ခုနှစ်





လ ၂၂ ရက်နေ့က လက်ထဲမှာ စုစုပေါင်းမှ ပိုက်ဆံ ၂၀၀ ာင် ပြည့်အောင်မရှိတဲ့ငါဟာ ၁၉၇၉ ခုနှစ် ဧပြီလ ၇ နေ့မှာ အနည်းဆုံး ငါးသိန်းနဲ့ ခြောက်သိန်းကြားမှာ းသာနေပြီ။

"အဲဒီလိုဖြစ်လာခဲ့ရတာဟာလဲ ဆရာကြီးအိမ်က ငါထွက် ခဲ့တော့ ဘတ်စ်ကားကို ခေါင်မိုးပေါ်ကစီးရင်း ဘဝကို းသပ်လို့ရခဲ့တဲ့ အတွေး သင်ခန်းစာတွေကြောင့်ပဲ ဆိုရင် း အံ့ဩမလား။

မအံ့ဩနဲ့စိုးလွင်၊ အဲဒါ အမှန်ပဲ။

"အဲဒီအချိန်တွေတုန်းကတော့ သိပ် ပြည့်ပြည့်စုံစုံ မဟုတ် သေးဘူးပေါ့ကွာ။ သီအိုရီအကြမ်းထည်ပဲ ရှိပါသေးတယ်။ နောက်မှ နောက်ကြုံရတဲ့ အတွေ့အကြုံတွေနဲ့ ပေါင်းစပ်ပြီး န်းမံယူသွားရတာ။

"ရတနာနဲ့ ဆက်စပ် ပတ်သက်သွားရတာ လဲ ဒီသီအိုရီ ကြောင့်ပဲ။

"မင်းကို ငါ အားလုံး အသေးစိတ် ပြောပြပါ့မယ်"

၁၉၇၄–၁၉၇၉ စသော ကာလများသည် ရဲထွတ်နှင့် ျန်တော် အလွန်တရာဝေးကွာနေခဲ့သောအချိန်များဖြစ်၏။

သို့အတွက်ကြောင့်လည်း ဤဇာတ်လမ်းများ စတင်ပြော န် ပြင်ဆင်ခဲ့သော အစမှာပင်....

''တ်ကယ်တော့ သည်အကြောင်းများကို ပြန်ပြောပြသ သည့်သူမှာ သူကိုယ်တိုင်ပဲဖြစ်၏'' ဟု ကျွန်တော် ပြောခဲ့ခြ ဖြစ်သည်။

အခုတော့ ရဲထွတ်၏ ပြန် ပြောပြစကား များအပေ အခြေခံပြီး အသေးစိတ် မှတ်တမ်းပြုစုရမည့် ကျွန်တော့်မှ တစ်ချက်တစ်ချက် များစွာဒုက္ခကြီးသည်။

ဝတ္ထုတို့ ...ဘာအရ ချစ်ခန်းကြိုက်ခန်း၊ ဇာတ်ကော မင်းသားနှင့် မင်းသမီးများတို့၏ ချစ်ရေးကြိုက်ရေးများ ရေးဖွဲ့ရသည်မှာ လွယ်ပသည်။ စွဲဆောင်မှု ရှိသည်။

အင်မတန် ရေးဖွဲ့ချင်စရာကောင်းသော ချစ်ခန်းကြိုက် ခန်းများ စိုပြေလှပစွာရှိပါလျက် ထိုချစ်ရေး ကြိုက်ရေးကို များ၏ လုံးလောက်ပေါ်လွင်သော အကြောင်းကို ပြနိုင်ရ အခြားဖြစ်ရပ်များ အကျယ်တဝင့် ရေးသား နေရခြင်းမှာ တစ်ခါတစ်ခါ လွန်စွာပင်ပန်းသည်။

ခုလည်း ကျွန်တော်ဆိုသော စာရေးဆရာ စိုးလွင်ခက်၏ ဆန္ဒအရဆိုသော် ဤဇာတ်လမ်းတွင် အင်မတန် လှပစိုပြေ လျက် မတ်ချင့်စဖွယ်ဖြစ်သော ရဲထွတ်၊ ယဉ်မြင့်သီနှင့် ရဲတ နာတို့၏ သုံးပွင့်ဆိုင်အချစ်အကြောင်းလေးကိုသာ သီးသန့် ရေးဖွဲ့ချင်နေပြီ ဖြစ်သည်။

သို့သော် ဘယ်လိုမှ မဖြစ်နိုင်တော့။





ထိုသုံးပွင့်ဆိုင်ဇာတ်လမ်းမရောက်မီတွင် အရေးကြီးသော ဇာတ်ကွက် ဖြစ်ရပ်ကြီး တစ်ခုက ဘယ်လိုမှ ခုန်ပျံ ကျော်လွှား ၍ မရ။

ရဲထွတ်ကို မဏ္ဍိုင်ပြု၍ ဖြစ်ပေါ်လာသော ဤဇာတ် လမ်းမှာ ရဲထွတ်လက်ထဲမှာ ငွေ နှစ်ရာမရှိသောဘဝကနေ ငါးနှစ်အတွင်း အဘယ်ကဲ့သို့ ငွေ လေး, ငါး, ခြောက် သိန်း ချမ်းသာလာသည်ဆိုသော ကိစ္စက စိတ်ဝင်စားစရာ ကောင်း၍ အရေးပါသော ကိစ္စတစ်ရပ် ဖြစ်နေပြန်၏။

ကျွန်တော့် အနေနှင့်လည်း ဘာမှ မတတ်နိုင်တော့။

*

( ၅ )

တွေ့သည့်ကားနှင့် လောလောဆယ်ထွက်သည့်ကားပေါ် တက်စီးလာခဲ့သည်မို့ ခရီးဆုံး၍ ကားပေါ်က ဆင်းသည့်အခါမှာ သူ ဘယ်မှ သွားလာစရာ မရှိတော့။

မြို့ကတော့ မြို့ကြီးတစ်ခုပင်။

သူ ထွက်ခဲ့သော မြို့ထက်စာလျှင် ကုန်ရောင်း ကုန်စယ် ဈေးခန်း၊ ဆိုင်တန်းတွေဖြင့် ပိုစည်ကားသည်။

သို့မဟုတ်လည်း သူ ရောက်နေသည့် နေရာက ကားဂိတ်မို့ စည်ကားသောနေရာကိုပဲ ကွက်မြင်နေမိသည်လားလည်း မပြောတတ်။

ရဲထွတ်က ဈေးဆိုင်တန်းတစ်လျှောက် မြင်ရသောဆိုင်းဘုတ်မှန်သမျှကို ရှိခန့်သည့် အသင်းရောင်ပျပျ အားကိုးလေးဖြင့် လိုက်ဖတ်သည်။





တည်းခိုရိပ်သာ၊ တည်းခိုခန်း စသဖြင့် ရေးထားသော ဆိုင်းဘုတ်တစ်ခုမှ မတွေ့။

ရဲထွတ် တစ်စုံတစ်ခုကို တွေးမိပြီး ပြုံးသည်။

"အင်း....လိုချင်တာမရတာကတော့ လောကထုံးစံပဲလေ ဆာဆန်းသလဲ။ ခုလဲပဲ ငါလိုချင်တာက တည်းခိုစရာနေရာ တစ်ခုခု။ ဘာလုပ်ဖို့လဲဆိုတော့ ဒီညအိပ်ဖို့၊ နားဖို့။ ဒါမရရင် ငါဘာဖြစ်မလဲ။ ငါ စိတ်ဓာတ်ကျမယ်။ အားငယ်မယ်၊ ဒါပဲပေါ့။ ဒီလိုပဲပေါ့။ လိုချင်တာမရရင် ဒီလိုပဲဖြစ်မှာပေါ့။ တော်ပြီကွာ မလိုချင်တော့ဘူး။ ယောက်ျားပဲ မအိပ်ရလို့ ဘာဖြစ်မလဲ။ မနားရလို့လဲ ဘာမှမဖြစ်ဘူး။ ခုချိန်ကစပြီး ငါ့မှာ ဘာမှလိုချင်တာ မရှိတော့ဘူး။ ဒီညလဲ မအိပ်ဘူး။ ဒီတိုင်းလျှောက်သွားနေမယ်"

သူ့မှာ သယ်စရာလေးလေးပင်ပင် ဘာတစ်ခုမှလည်း မပါ။ စုစုပေါင်းမှ အဝတ်နှစ်စုံ သုံးစုံထည့်ထားသော လွယ်အိတ်လေးတစ်လုံးပင် ပါသည်။

ရဲထွတ် ဘာမှတွေးမနေ ကြည့်မနေတော့ဘဲ ဒီတိုင်းဆက်လျှောက်သွား၏။

*

ကြားလိုက်ရသော နာရီသံချောင်းခေါက်သံကြောင့် ညဆယ့်နှစ်နာရီထိုးပြီဟု သိလိုက်သည်။

ရဲထွဘ် ခုထိ အလျှောက်မရှမ်သေး။ မျက်စိထဲတွေ့သမျှ လမ်းဝင်ချင်သလိုဝင်၊ ထွက်ချင်သလိုထွက်၍ လျှောက်နေမိသည်မို့ ဘယ်အရပ် ဒေသ ရောက်နေပြီ ဆိုသည်ကိုလည်း သူမသိ။

ခြေထောက်တွေလည်း ညောင်းညာကိုက်ခဲနေပြီ။

လိုချင်ဟာမှန်သမျှ ငြင်းဆန်ရမည်။ လိုချင်တာ တစ်ခု ပေါ်လာလျှင် မလိုချင်အောင် ကြိုးစားပစ်ဟူသောမူအရ စောစောပိုင်းက ထမင်းဆာစိတ်၊ ထမင်းနှင့်ဟင်းကို လိုချင်စိတ်ကိုလည်း ဖွတ်ဖျောက်ထားခဲ့သဖြင့် ဗိုက်ကလည်း ဟောင်းလောင်း။

အလားတူပင် တစ်နေရာရာမှာ ထိုင်နားချင်စိတ် ပေါ်လာသမျှကိုလည်းနားစရာနေရာလိုချင်မှုကပြဿနာ။ မလိုချင်နှင့်ဆိုပြီး ငြင်းဆန်လာခဲ့သဖြင့် ခုထိ တစ်နေရာမှာမှလည်း မနားရသေး။

ကြာလျှင် သူ ခံနိုင်ရှိမည်မဟုတ်တော့သည်ကိုလည်း သိနေသည်။

ရဲထွဋ် ပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်၏။

သည်ပတ်ဝန်းကျင်မှာလည်း နားစရာ ထိုင်စရာ တစ်ခုမှ မရှိ။ အချိန်မဟုတ်တော့သဖြင့် စားစရာဆိုင်လည်း တစ်ခုမှ မရှိ။





နားချင်ရင် သည်အတိုင်း လမ်းပေါ်မှာ ငုတ်တုတ်ထိုင်းလျှင်နား။ ဒါမှမဟုတ် လမ်းဘေးက ရေစပ်စပ် ရွံ့စပ်ရှိသော နေရာမှာသွားထိုင်။

ဒါတော့ သူမလုပ်ချင်။

"အဲ...."

ဟု ခေါင်းထဲ သက်ကနဲ အကွေးတစ်ခုပေါ်သည်။

ကားပေါ်မှာတုန်းက သူစဉ်းစားခဲ့သည်မှာ တစ်ခုတည်းတော့။ နှစ်ခုဖြစ်သည်။ တစ်ခုက လိုချင်တာမရလျှင် ပြဿနာရှိသည်။ သို့အတွက် ဘာမှ မလိုချင်နှင့် ဟု ဖြစ်လျက်ကတစ်ခုက မလိုချင်တာရလျှင်လည်း ပြဿနာ ရှိသည်။ သို့အတွက် မလိုချင်တာ ဘာမှမရှိနှင့်ဟု ဖြစ်သည်။

ခု....လမ်းပေါ်မှာ ထိုင်နားဖို့ကို သူမလိုချင်။

ဒုတိယမူအရဆိုလျှင် မလိုချင်တာမရှိရ။ ရတာကို ယူရသည်။

"ဟုတ်ပြီ"

စိတ်ဆုံးဖြတ်ချက်နှင့်အတူ လမ်းပေါ်မှာ ငုတ်တုတ်ထိုင်ချလိုက်၏။

"အား...."

တလျှောက်လုံး ညောင်းညာလာသော ခန္ဓာကိုယ်ကြောအခြင်များ၏ တင်းတောင့်နေမှုကြောင့် ထိုင်ချလိုက်သောအခါ သူ မခံမရပ်နိုင်အောင် နာကျင်သွားသည်။

သို့သော် ဘာမြော်မြော်ခန္ဓာကိုယ်ကြွက်သားနှင့်အ
အခြင်များကတော့ အများကြီး အနားရသွား၏။

မိုအဆင်ပြေသွားစေရန် ဖိနပ်ကလေး ဖင်ခုပြီး
ပေါ် တင်ပျှဉ်ခွေ ထိုင်ချလိုက်သည်။

ပို၍ အဆင်ပြေသွား၏။

''ဟုတ်ပြီကွ။ ဒါဆိုရင် ငါ့အဖို့ ဘာမှ ပြဿနာ
တော့ဘူး''

ပိတ်ထဲကနေ ဝမ်းသာအားရ ကြွေးကြော် လို
သည်။

သို့သော်....သည်ကိစ္စက ဘာမှမကြာလိုက်။

ခဏအကြာမှာ ပြဿနာတစ်ခုက ချက်ချင်းဝင်လာ

*

''ဟော့ကောင်—မလှုပ်နဲ့။ အဲ့ဒီအတိုင်းထိုင်နေ''

ခပ်လှမ်းလှမ်းမှ ကြိမ်းမောင်းသံတစ်ခုနှင့် အတူ
ဖောင်းဝတ် ရဲတစ်ယောက် မှောင်ရိပ်ထဲမှ ထွက်လာ

သူ လန့်ဖျပ်ပြီး ကမန်းကတမ်း ထ,ရပ်မည် ပြင်
''ဟော့ကောင် မလှုပ်နဲ့ဆို မကြားဘူး လား။
အောက်မေ့လဲ။ သေသွားမယ်''



သည်တစ်ခါအသံက သူ့ကျောဘက်မှဖြစ်လျက် သူ ရှေ့
နောက်ညှပ်၍ အဝိုင်းခံထားရပြီ ဖြစ်ကြောင်း သိလိုက်ရ
သည်။

ကြားဖူးနားဝနှင့် သူ လက်နှစ်ဖက်လုံးကို မြှောက်ထား
လိုက်၏။

ရှေ့မှလာနေသောရဲက သေနတ်ဖြင့် ချိန်ထားရာကနေ
ခပ်ခွာခွာရပ်လိုက်ပြီး....

''ပခုံးပေါ်က မင်းလွယ်အိတ်ကို ဘေးချလိုက်''

သူက လွယ်အိတ်ကို ဘေးဘက်သို့ ခပ်ဖြည်းဖြည်းချလိုက်
သည်။

''ဟုတ်ပြီ။ အဲဒီအတိုင်း ခပ်ဖြည်းဖြည်းထရပ်''

''အား''

စောစောက ညောင်းနေသောအရှိန်ဖြင့် ပြန် ထ တော့
အတော်နာသွားသည်။

'ကျော်မင်း သူ့လွယ်အိတ်ကို ကောက်ယူလိုက်။ ဟော့
ကောင် မင်း ဒီလျှောက်လာခဲ့။ မှန်မှန်လျှောက်။ ရုတ်ရုတ်
ရုတ်ရုတ်မလုပ်နဲ့နော်။ ပစ်ထည့်လိုက်မယ်

ရဲထွက် သည်တစ်ခါ နှုတ်ပိတ်မနေတော့။

''ဒီမှာဗျာ ကျွန်တော်လူကောင်းပါ။ ခင်ဗျားတို့ကိုလဲ
ဘာမှ ရန်မမူပါဘူး''

''စကားမရှည်နဲ့ ဟော့ကောင်။ ဒီအချိန်မှာ ဘယ်လူ
ကောင်းမှ လမ်းမပေါ် လျှောက်သွားမနေဘူး။ မင်းဟာ

မင်း ရှင်းချင်ရင်လဲ စခန်းကျမှ ရှင်း။ ခုတော့ ငါတို့နဲ့ လိုက်ခဲ့'

'လိုက်ခဲ့ပါမယ်။ လိုက်ရုံတင်မကဘူး ဒီည အချုပ်ထဲမှာ ဖြစ်ဖြစ် ကျွန်တော့်ကို ခဏထည့်ပေးပါ။ ကျွန်တော် အိပ်စရာနေရာ မရှိဘာနဲ့ အတော်ပဲ'

အမှန်တကယ်လည်း ရဲထွက် ဝမ်းသာသွား၏။

အချုပ်ထဲ ညအိပ်ရမည်ဆိုသော ကိစ္စကိုတော့ အခြားသူများသာမက သူလည်း မလိုချင်တာတော့ အမှန်။

သို့သော် လောလောဆယ် သူ စွဲကိုင်ထားသည့် မူဝါဒကိုက လိုချင်တာကို မလိုချင်ဘဲ မလိုချင်တာကို လိုချင်ရမည် မဟုတ်ပါလား။

*

''မင်းပြောတာတွေ အကုန် အမှန်ပဲလား''

''အမှန်ပါ စခန်းမှူးကြီး။ ကျွန်တော် မညာပါဘူး။ မယုံရင် ကျွန်တော် ထွက်လာတဲ့မြို့က ဆေးရုံအုပ်ကြီး ဦးမြတ်ထွန်းဆီ လှမ်းမေးပါ။ စခန်းမှူးကြီးတို့ဆီမှာ တယ်လီဖုန်း ရှိပါတယ်။ အဲဒီ ဆေးရုံမှာလဲ တယ်လီဖုန်း ရှိပါတယ်''

''အင်း... မေးမနေတော့ပါဘူးကွာ။ ဟုတ်တယ်ဆို ပြီးတာပါပဲ။ မင်းလဲ ဘာပြစ်မှုမှ ကျူးလွန်ထားတာမှ မဟုတ်





ပဲ။ ဒါပေမယ့် မင်းကို ငါ တစ်ခုတော့ ပြောမယ် မောင်ထွက်''

''ဟုတ်ကဲ့... ပြောပါ စခန်းမှူးကြီး''

''မင်းဟာမင်း ဘာရည်ရွယ်ချက်နဲ့ပဲ လျှောက်သွားသွား ကောင်းဟာ လူကောင်းလိုပဲ နေရတယ်။ ညအချိန်မတော် လျှောက်သွားနေတယ်ဆိုတာ လူကောင်းတစ်ယောက်အလုပ် ဟုတ်ဘူး။ ဘယ်ရဲဖြစ်ဖြစ် မင်းကို မသင်္ကာမှုနဲ့ ညကလို တစ်ဘော့ အချုပ်ထဲ ထည့်ထားလိုက်မှာပဲ။ ကြားလား''

''ဟုတ်ကဲ့... ကြားပါတယ်''

''အဲဒီတော့ အခု မင်းကို ငါလွှတ်လိုက်ရင် မင်း ဘယ်သွားမလဲ။ ဘာလုပ်မလဲ''

ညက ရဲထွက် အချုပ်ထဲ အိပ်လိုက်ရပြီး နောက်တစ်နေ့ နက် မိုးလင်းမှာ စခန်းမှူးက စစ်ဆေး မေးမြန်းနေခြင်း ဖြစ်သည်။

ရဲထွက်က တစ်ချက် စဉ်းစားရင်း....

''ကျွန်တော် အလုပ်တစ်ခုခုတော့ ဝင် လုပ် မှ ဖြစ်မယ် ခန်းမှူးကြီး။ ကျွန်တော့်မှာ ပါလာတဲ့ ပိုက်ဆံက ဘယ် လောက်မှ ရှိတာမဟုတ်ဘူး။ ပြီးတော့ ကျွန်တော့်မှာ နေ ရာလဲ မရှိဘူး။ ဒီနေ့ တစ်နေ့လုံး ကျွန်တော် အလုပ်တစ်ခုခု ရ,ရအောင် လိုက်ရှာပါမယ်။ တစ်ခုတော့ ရှိပါတယ်။ ာလို့မရရင်တော့ စခန်းမှူးကြီး ကျွန်တော့်ကို တစ်ခု ကူ ပြီပါ''

''ပြော.... ဘာကူညီရမလဲ''

''ဒီညလဲ အချုပ်ထဲမှာပဲ အိပ်ပါရစေ။ ကျွန် တော့် ကိ ဒီတစ်ည ထပ်ဖမ်းပေးပါ''

''ဟေ—''

စခန်းမှူးကြီးက ပထမတော့ အံ့အား သင့်သွားသည ပြီးမှ တဟားဟားရယ်ရင်း....

''ဟေ့ကောင်.... ရဲထွတ်။ မင်းက ရဲစခန်းကို ဘာမျာ အောက်မေ့နေလဲ။ အချုပ်ခန်းကို မင်းကြီးတော်ယောကျ်ား အိမ်များ အောက်မေ့နေသလား။ ဒီမှာ ငါပြော ပြမယ် မင်း ဒီနေ့အလုပ်ရှာ။ မင်းကိုအလုပ်ပေးမယ့်လူက စားစရ ကောနေစရာကော ပေးမယ့်လူဖြစ်ရမယ်။ အဲဒါမျိုးက လက ဖက်ရည်ဆိုင်တို့၊ ထမင်းဆိုင်တို့မှာ ရတတ်တယ်။ ဒါပေ မယ့် ဒီတိုင်းသွားလို့လဲ မင်းကို ဘယ်သူမှ လက်ခံမှာ မဟုတ် ဘူး။ အဲဒီတော့ ဒီလိုလုပ်''

စခန်းမှူးကြီးက ပြောရင်းကနေ မေးစေ့ကို လက်ညှိုး လက်ခလယ်များဖြင့် ပွတ်သည်။ သည်ပုံစံဖြင့် ခဏ စဉ်းစား နေပြီးမှ....

''မင်း.... ဘူတာရုံကို မေးပြီးသွားလိုက်။ ဘူတာရုံရောက ရင် ဘူတာရုံရှေ့က လမ်းအတိုင်း တောင်ဘက်ကို လျှောက သွား။ အဲဒီမှာ ရွှေလမင်း လက်ဖက်ရည်ဆိုင်ဆိုတာ တွေ့ လိမ့်မယ်။ ဟာ.... ရှုပ်ပါတယ်ကွာ။ မင်း ဒီရှေ့က ဆိုက်ကား





တ်ကနေ့ ဆိုက်ကားသမားသွားလိုက်။ ရွှေလမင်း လက်ဖက် ရည်ဆိုင်လို့ ပြော။ အဲဒီမှာ ဆိုင်ရှင် ကိုဘမင်းဆိုတာနဲ့ မင်း သွားတွေ့။ ငါက လွှတ်လိုက်တယ်လို့ပြော''

ရဲထွတ်က ရွှေလမင်း လက်ဖက်ရည်ဆိုင်၊ ကိုဘမင်း သော နာမည်များကို စိတ်နှင့် လိုက်မှတ်သည်။

''သူ့ဆိုင်မှာ လူလိုရင်လဲ သူ့ဆိုင် မှာ ထားပါ။ ဒါမှ မဟုတ် သူ့ဆိုင်မှာ လူမလိုရင်လဲ လိုတဲ့ဆိုင် တစ်ဆိုင်ဆိုင်ကို ပို့ပေးပါလို့ ။ သူ စီစဉ်ပေးလိမ့်မယ်။ ဒါပေမယ့် တစ်ခုတော့ ရှိတယ်နော်''

''ဟုတ်ကဲ့.... ပြောပါ''

''ဘယ်ဆိုင်မှာ အလုပ်ရရ မင်း ကောင်းကောင်းနေ။ မင်း နာမည်ကော၊ မှတ်ပုံ တင် နံပါတ်ကော ငါမှတ်ထား တယ်။ မင်း တစ်ခုခု ပြဿနာတက်တာတို့၊ ထွက်ပြေးတာတို့ လုပ်ရင်တော့ ရောက်တဲ့အရပ်မှာ ငါ လိုက်ဖမ်းပြီး ထောင် ချပစ်နိုင်တယ် ကြားလား''

''ဟုတ်ကဲ့ — ကြားပါတယ် စခန်းမှူးကြီး။ ကျွန်တော် ကောင်းကောင်းနေပါ့မယ်''

''အေး.... အဲဒါဆို သွားတော့။ ဒြော်.... ဒါနဲ့ မင်း ငါ့ နာမည်ကော သိလား။ ဟိုကျရင် ပြောဖို့''

''ဟုတ်ကဲ့ .. သိပါတယ်။ စခန်းမှူးကြီး ဦးမြင့်သိန်းပါ''

''ဟေ... မင်းက ဘယ်လိုလုပ် သိလဲ''

''စခန်းမှူးကြီး ရင်ဘတ်က ရင်ထိုးတံဆိပ်ကို ဖတ်ထား လို့ပါ''

"ဟော...."

စခန်းမှူးကြီးက သူ့ရင်ဘတ်သူ ငုံ့ကြည့်ပြီး ဤအချက်ကို သူ သတိလစ်သွားကြောင်း သတိပြုမိပြီး တဟားဟား ရယ်သည်။

ရဲထွတ် စခန်းမှူးကြီး ဦးမြင့်သိန်းကို ကျေးဇူးတင်စကား ပြော နှုတ်ဆက်ပြီး ထွက်လာခဲ့၏။

*



( ၆ )

"မဟုတ်ဘူး ရဲထွတ်။ မင်း တွေ့ခဲ့တဲ့ လမ်းကြောင်း လေးက တကယ်တော့ မဆိုးဘူး။ ဒါပေမယ့် နောက်ဆုံး ကောက်ချက်မှာ လွဲနေတယ်"

ကိုဘမင်း၏ ရွှေလမင်း လက်ဖက်ရည်ဆိုင်သို့ စားပွဲထိုး ကောင် လေး အစ်စ် သူ ရောက် သွား ခြင်း သည် ဘာမှာ အတော် ကံကောင်းသည့်ကိစ္စ ဖြစ်သည်ဟု နောင်သောအခါ ရဲထွတ် တဖြည်းဖြည်း နားလည်ခဲ့သည်။

စင်စစ် လက်ဖက်ရည်ဆိုင် စားပွဲထိုး ကူဖော်လောင်ဖက် အလုပ်သမားတစ်ယောက်ဆိုသော အလုပ်သည် သာမန်အား ဖြင့် ကြည့်လျှင် ဘာမှဖြစ်လောက်သော အလုပ်ဘစ်ခုမဟုတ်။

သည်အလုပ်သည် ကြီးပွားရာ ကြီးပွားကြောင်း လမ်းစ တစ်ခုဟုလည်း ဘယ်သူမှ သတ်မှတ်ကြလိမ့်မည် မဟုတ်။

သို့သော် သူ့ဘဝလို နေစရာစားစရာပင် မရှိတော့သော လူငယ်တစ်ယောက် အနေနှင့် သည်အလုပ်ကနေ များစွာ အကျိုးကျေးဇူးတွေ ရလိုက်သည်။

လတ်တလော ကျေးဇူးအနေနှင့်လည်း နေစရာ၊ စားစရာမှ မပူပန်ရသည့်အပြင် လုပ်ခ လခအနေနှင့်လည်း တစ်လ ကို တစ်ရာ တစ်ရာလည်း အသားတင် စုမိသည်။

သည့်ထက် ပိုတန်ဖိုးကြီးသည့် အရာကတော့ နေ့စဉ် ထာဝရ လူပေါင်းစုံနှင့် တွေ့ထိဆက်ဆံနေရခြင်း ဖြစ်သည်။

လူပေါင်းစုံနှင့် တွေ့ရသည်။ စရိုက်မျိုးစုံ မြင်ရသည်။ သတင်းမျိုးစုံ ကြားရသည်။ စကားမျိုးစုံ နားထောင်နေရသည်။

သည်အထဲမှာ ကံအကောင်းဆုံးကတော့ ညဘက် ညဘက် အတော် ညဥ့်နက်အောင် ထိုင်လေ့ရှိသော ဆရာကိုသန်းဝင်းတို့ အုပ်စုနှင့် ဆုံရခြင်း ဖြစ်၏။

သူ သည်ဆိုင်တွင် အလုပ်စ ဝင်ကတည်းက ဆရာကိုသန်းဝင်းတို့ဝိုင်း၏ ထူးခြားမှုကို သတိပြုမိခဲ့သည်။ သည်ဝိုင်းက နေ့ဝိုင်းမဟုတ်၊ ညဝိုင်းဖြစ်သည်။

သာမန်အားဖြင့် လူစည်ကားသော မနက်ပိုင်း ကနေ ညရှစ်နာရီ ကိုးနာရီလောက်အထိ အချိန်များမှာ သည်ဝိုင်းထိုင်လေ့ထိုင်ထ မရှိ။ တစ်ခါတစ်ရံ နေ့ခင်း နေ့လယ်နှင့် မနက်





းမှာ ညှော်သည်ကိုညှော်ခံရင်း သည်ဝိုင်းထဲက တစ်ယောက်စ ်ယောက်စပဲ ရောက်လာတာမျိုး။ တစ်ခါတလေ လမ်းကြုံ ိုးသင့်ရင်း တစ်ယောက်ချင်း ဝင်သောက်တာမျိုးလောက် ာ ရှိသည်။

လူစုံတက်စုံနှင့် အချိန်မှန်သည်က ညကိုးနာရီကျော်မှ။

ဘာမှ ကြိုတင်ချိန်းဆိုထားခြင်းမရှိဘဲ ညဘက် ၉ကိုးနာရီ လာက်ဆို အလိုလို သည်ဝိုင်းလေးက ဖြစ်သွားပြီး ဖြစ်သည်။ ိုးလျှင် ဆိုင်မပိတ်မချင်း ထိုင်သည်။ တစ်ခါတစ်ရံ ဝိုင်းကသိပ် ကာင်းနေလျှင် ဆိုင်ကပင် တမင် ပိတ်မပေးဘဲ ထိုင်စောင့် ပေးနေရတတ်သည်။

ရဲထွက် ရောက်လာသည့်အခါ ထိုဝိုင်း အတွက်ကော၊ ဆိုင် တွက်ကော ပိုအဆင်ပြေသွားသည်။

လက်ဖက်ရည်ဆိုင်အလုပ်က မနက်လေးငါးနာရီကတည်း ကလုပ်ရသောအလုပ်မို့ ဆိုင်ရှင်အပါအဝင်အလုပ်သမားအား လုံးလိုလို စောစောအိပ်ချင်ကြသည်။ ညဥ့်နက်သော ဝိုင်းကို ိတ်မရှုည်ချင်ကြ။

ဆိုင်ရှင် ကိုဘမင်း တစ်ယောက်သာ အလွန် စိတ်ရှည်လွန်း ိတ်ပျက်မှာ စိုးရိမ်လွန်း၊ စီးပွားရေးနှင့် လူမှုရေးကို တွဲဘပ် နားလည်လွန်းသော သူမို့ သည်ဝိုင်းကို လက်ခံထားခြင်းဖြစ် သည်။

သို့တိုင် ညဆယ်နာရီကျော်သည်နှင့် အလုပ်သမား အား လုံးကို အိပ်ခိုင်းပြီး သူတစ်ယောက်သာ စိတ်ရှည်လက်ရှည် သည်းခံစောင့်ဆိုင်းပေးသည်။

ရဲထွတ်ရောက်လာတော့ ကိုဘမင်းလည်း အတော်ဟန်ကျ သွား၏။

ကိုဘမင်း၏ ဒုက္ခကို မြင်နေသည့်အပြင် ထိုဝိုင်း၏ ပြော ဆိုကြသော စကားများက ခေါ်ဘားကနားထောင်နေရသည်ပင် စိတ်ဝင်စားစရာ ဖြစ်နေသဖြင့် ရဲထွတ်က သူရောက်ပြီးသိပ်မ ကြာခင်ပင် ကိုဘမင်း ဒုက္ခကို လက်လွှဲယူလိုက်သည်။

ကိုဘမင်းကို အိပ်ခိုင်းလိုက်ပြီး သူတစ်ယောက်သာ ဆက် စောင့်၍ ထိုဝိုင်းလိုအပ်သမျှ မညည်းမငြူ ဖြည့်ဆည်း ပေး သည်။

ဆေးလိပ်မှာ ဆေးလိပ်၊ ရေနွေးမှာ ရေနွေး ဘာတစ်ခုမှ မငြိုမငြင် ဆောင်ရွက်ပေးသည်။ ကြာတော့ ထိုဝိုင်းကလူ များကလည်း ရဲထွတ်ကို ခင်လာသည်။

အနားမှာ မယောင်မလည် ထိုင်စောင့် ပေးနေသော ရဲထွတ်ကို သူတို့ဝိုင်းထဲမှာပင် ဝင်လာထိုင်ခိုင်း၍ တောင်မေး မြောက်မေး ဟိုစကားပြော သည်စကားပြော အရာသွင်းလာ ကြသည်။

ဤသည်မှာပင် ရဲထွတ်၏ ဘဝဇာတ်ကြောင်း ကိုလည်း သူ တို့ သိသွားခြင်းဖြစ်၏။





"ဒီလိုကွ ရဲထွတ်ရ။ မင်းတွေးသလို လောကရဲ့ သဘော ဘဝရဲ့ သဘောဟာ မလိုတာရလို့ ပြဿနာ ဖြစ်ရတယ် ဆိုတာ အထိကသိပ်မှန်တဲ့ကိစ္စ။ဒါကဘုရားဟောတဲ့တရားထဲမှာလဲပါ တယ်။လိုတာမရတဲ့ဆင်းရဲ၊ ရတာမလိုတဲ့ဆင်းရဲဆိုတာကော။ လိုတာမရတော့လောဘဖြစ်တယ်။ရတာမ ပိုတော့ ဒေါသဖြစ် တယ်ဘာညာ အရှည်ကြီးပဲ။ထားပါ။ငါပြောချင်တာက အဲဒီ အထိက မှန်တယ်။ အဲဒါအပြင် လောကကို ဘဝကိုအောင်နိုင် ချင်ရင် အဲဒီ ပြဿနာတွေကို ကျော်ဖြတ်နိုင်ရမယ် ဆိုတာလဲ မှန်သေးတာပဲ။

"အဲ....ပြဿနာက မင်း ကျော်ဖြတ်တဲ့နည်းပဲ။ အဲဒါက မှားနေတာ"

ဆရာ ကိုသန်းဝင်း ပြောခဲ့သော စကားများကို သူကနေ့ အထိ တစ်လုံးမကျန် သေချာမှတ်မိနေလျက်ရှိ၏။

*

"ဘယ်လိုမှားသလဲဆိုတော့ မင်းက လိုချင်တာမရတဲ့ အတွက် ပြဿနာဖြစ်ရတယ်။ အဲဒီအတွက် ဘာမှ မလိုချင်နဲ့။ မလိုချင်တာ ရတဲ့အတွက်ဘဲ ပြဿနာဖြစ်ရတယ်။အဲဒီအတွက် ဘာမှ မပိုချင်နဲ့ဖြစ်နဲ့။အားလုံးကိုလိုချင်လိုက် ရတာယူလိုက်။ အဲလို မဟုတ်လား"

“ဟုတ်တယ်ဆရာ”

“အဲ့လို မဟုတ်ဘူးကွ။ လူပဲ။ လောကမှာ လိုချင်တာ ဆိုတာတွေ ရှိရမှာပေါ့။ အဲလိုပဲ မလိုချင်တာဆိုလဲ ရှိရမယ်။ အဲဒီနှစ်ခုမရှိရင် လူ့ဘဝဟာ ဘာ–အဓိပ္ပာယ် ရှိတော့မလဲ”

“ဒါပေမယ့်ဆရာ....လိုချင်တာရှိရင် အဲဒီလိုချင်တာ မရတော့ စိတ်ညစ်ရတာပေါ့”

“မှန်တယ်လေ။ အဲဒါ သဘာဝပဲ”

“ကျွန်တော် စိတ်မညစ်ချင်ဘူးဆရာ”

“လွယ်ပါတယ်ကွ။ စိတ်မညစ်ချင်လို့ ပျော်ချင်ရင် လိုတာကို မရ,ရအောင်လုပ်ပေါ့”

“လုပ်လို့ မရရင်ကော”

“စိတ်မညစ်နဲ့ပေါ့ကွ။ ဒါလဲလွယ်တာပဲ”

“ဟာ....ဆရာကလဲ ရှုပ်ကုန်ပြီ”

ဆရာကိုသန်းဝင်းက ဟားတိုက်ရယ်သည်။ ပြီးမှ....

“မရှုပ်ပါဘူး ရဲထွတ်ရာ။ ရှင်းရှင်းလေးပါ။ လောကမှာ ကြိုးစားရင် ဘုရားတောင်ဖြစ်နိုင်တယ် ဆိုတဲ့စကားရှိတယ်။ လိုချင်တာ ဖြစ်ချင်တာကို ကိုယ့်မှာရှိတဲ့ ဇွဲ၊လုံ့လ၊ဝီရိယနဲ့ ကြိုးစားသာလုပ်။ ဖြစ်နိုင်တယ် ဆိုတဲ့ အဓိပ္ပာယ်ကို ပြောတာ”

“ဒါပေမယ့် အမြဲတမ်းတော့ မဖြစ်နိုင်ဘူး မဟုတ်လား ဆရာ”





“မှန်တယ်။ အဲဒါက ဘာဖြစ်လို့လဲဆိုတော့ ဖြစ်ချင်တာ ကစ်ခုဖြစ်ဖို့၊လိုချင်တာ တစ်ခုရဖို့ လုံလောက်တဲ့ကံ,ဉာဏ်,ဝီရိယ ပံ့ပိုးမှု မရှိသေးလို့ပဲ။ တစ်ခုခု ရဖို့ဖြစ်ဖို့ဆိုတာက ဇွဲ,လုံ့လ ဝီရိယချည်း သက်သက်နဲ့ မရသေးဘူး။ ကံနဲ့ဉာဏ်ကလဲ ပြည့်စုံဖို့ လိုသေးတယ်”

“အဲဒီ ကံနဲ့ဉာဏ် ပြည့်စုံဖို့ဆိုတာက ကျွန်တော်တို့မှ လုပ်ယူလို့ မရဘဲ ဆရာ”

ဆရာက ရယ်သည်။

“အချိန်ပါကွာ။ လောကမှာ လုပ်ယူလို့မရတာ ဘာမှမရှိပါဘူး။ ဒါပေမယ့် လူတွေက အချိန်ကို မစောင့်နိုင်ကြဘူး။ စောင့်ရမယ့် အချိန်တွေမှာ ဘာလုပ်နေရမလဲ ဆိုတာ မသိကြဘူး”

“ပြောပါဦး ဆရာ။ အဲဒါကို ကျွန်တော် သိပ်နားမလည်ဘူး”

“ဒီလိုကွာ....လောကမှာ ဘာပဲဖြစ်ဖြစ် မင်းလိုချင်တာ တစ်ခုကိုရအောင် လုပ်ယူလို့ရတယ်။ ဒါပေမယ့် ဘာလဲဆိုတော့ ကံ ဉာဏ်၊ ဝီရိယလိုတယ်။ ဒီအထိ ရှင်းလား”

“ရှင်းပါတယ်ဆရာ”

“ကောင်းပြီ။ အရာအားလုံးကို လုပ်ယူလို့ရတယ်ဆိုတဲ့ အတွက် အဲဒီ ကံ ဉာဏ် ဝီရိယကိုလဲ လုပ်ယူလို့ရတယ်။ ကံဆိုတာ ဘာလဲ။ အလုပ်ပဲ။ ကံဆိုတဲ့အဓိပ္ပာယ်ကိုက ‘အလုပ်’

တဲ့။ ကောင်းတဲ့အလုပ်လုပ်ရင် ကောင်းတဲ့အကျိုးဖြစ်မယ်။ မကောင်းတဲ့အလုပ် လုပ်ရင် မကောင်းတဲ့အကျိုး ရမယ်။ အဲဒါဟာ ကုသိုလ်ကံ၊ အကုသိုလ်ကံလို့ ခေါ်တဲ့ ကံကောင်းနဲ့ ကံဆိုးပဲ။

"လူတစ်ယောက် ကံကောင်းတယ်ဆိုတာ အဲဒီ လူဟာ ကောင်းတဲ့အလုပ်ကို လုပ်ထားခဲ့လို့။ ဘယ်တုန်းကလုပ်တာလဲ ဆိုတော့ ခုဘဝမှာလုပ်ခဲ့တာ ဖြစ်ချင်လဲဖြစ်မယ်။ အရင်ဘဝက လုပ်ခဲ့တာဖြစ်ချင်လဲဖြစ်မယ်။ ဒါ့မဟုတ် ဟိုးရှေးဘဝဘဝတွေက လုပ်ခဲ့တာလဲ ဖြစ်ချင်ဖြစ်မယ်။ သေချာတာတစ်ခုကတော့ဘဝတစ်ခုခုမှာ ကောင်းတာလုပ်ခဲ့လို့ သူကံကောင်းရတာပဲ"

"အဲဒါကော ရှင်းလား"

"ရှင်းပါတယ်"

"အဲဒီတော့ အခုဘဝမှာ လုပ်တဲ့အလုပ်ဆိုတာကတော့ မင်းမြင်နိုင်ပေမယ့် အရင့်အရင်ဘဝတွေက ဘာလုပ်ခဲ့လဲ မင်းသိနိုင်မလား"

"မသိနိုင်ဘူးဆရာ"

"အေး... အဲဒါကြောင့် ကံဆိုတာ မမြင်နိုင်၊ မသိနိုင်တဲ့ ကိစ္စဖြစ်နေတာပဲ။ အဲဒီလိုပဲ ကံက ဘယ်အချိန် ထ,အကျိုးပေးမယ်ဆိုတာလဲ မင်း မသိနိုင်တဲ့ကိစ္စပဲ"

"အဲဒီတော့"

"အဲဒီတော့ မင်း မသိနိုင်တဲ့ ကံကြမ္မာကိစ္စကို မင်းထည့် မစဉ်းစားနေနဲ့ပေါ့ကွာ။ မင်းလုပ်စရာရှိတဲ့ အလုပ်





ပဲ မင်းဉာဏ်နဲ့ မင်းဝီရိယ ပေါင်းပြီး အမြဲလမ်း အား ျိုးမာန်တက် လုပ်နေပေါ့။ ဖြစ်မလာသေးရင် အကျိုး ားချိန် မရောက်သေးလို့ပဲ ဆိုပြီး နားလည်လိုက်။ စိတ် တ်မကျနဲ့၊ အားမငယ်နဲ့၊ ဇွဲမလျှော့နဲ့။ သူ့အချိန်ရောက် ် အကျိုးပေးမှာပဲ။ ဖြစ်လာမှာပဲဆိုပြီး အချိန်ကို သည်း စိတ်ရှည်ရှည်နဲ့စောင့် အလုပ်လုပ်။ တစ်ချိန်ကျရင် မင်း ချင်တာ ရမှာ ဖြစ်မှာ သေချာနေပြီပေါ့"

"ကံကအော့ ဟုတ်သွားပြီဆရာ။ ဉာဏ်ကကော"

"ဉာဏ်ဆိုတာ ဉာဏဆိုတဲ့ စကားက လာတာကွ။ ပါဠိ ား။ အဓိပ္ပာယ်က သိမြင်တတ်တဲ့ တရား။ သိတတ် မြင် တ်တာကို ပြောတာပဲ။ ဉာဏ်ကောင်းတယ်ဆိုတာ သိ ယ်၊ မြင်လွယ်တာကိုပြောတာ။ သိတတ်မြင်တတ်အောင် တာ လုပ်ယူလို့ ဘာဖြစ်လို့မရရမှာလဲ။ သင်ယူလို့ရတယ်။ ်ယူလို့ရတယ်။ လေ့လာယူလို့ရတယ်။ ဗဟုသုတလို့ခေါ် အကြားအမြင်များလာရင် ဉာဏ်ဆိုတာ ထက်လာတာ မွေးကတည်းက ချွန်ထွင်းပျက်စီးလာတဲ့ ဦးနှောက် ုတ်ရင် ပုံမှန်ဦးနှောက်ရှိတဲ့လူဟာ ဘယ်သူမဆို သင်လို့ ်လို့ လေ့လာ လို့ ရ တာ ပဲ။ ဗဟုသုတလဲ ရှာယူလို့ တာပဲ"

"ဝီရိယဆိုတာကတော့ အားထုတ် ကြိုးစားတာပေါ့ ာ။ ဟုတ်လား"

"ဟုတ်တယ်။ ဇွဲနဘဲနဲ့ အားထုတ်ကြိုးစားတာကို ဝီရိယ
လို့ ခေါ်တာပဲ"

"အဲဒီတော့ ပြန်ချုပ်ပါဦးဆရာ။ လိုချင်တာကိုရအော
ယူလို့ရတယ်။ အရေးကြီးတာက ကံ၊ ဉာဏ်၊ ဝီရိယပဲ
အဲဒီသုံးခု ပြည့်စုံအောင် အချိန်ကို စောင့်ရတယ်။ဒီလိုလား"

"လိုရင်းကတော့ ဒါပဲ။ လောကမှာ လိုချင်တာ တစ်
ရှိပြီဆိုရင် တစ်အချက်က စွဲစွဲမြဲမြဲ ဇွဲနဘဲနဲ့ ကြိုးစားအာ
ထုတ်ရမယ်၊ နှစ်အချက်က အဲဒီလို အားထုတ်တဲ့ နေရာမှ
နည်းမှန် လမ်းမှန်ဖြစ်ဖို့ လေ့လာရမယ်၊ သင်ယူရမယ်
မှတ်သားရမယ်။ အဲဒီလိုချင်တာနဲ့ ပတ်သက်တဲ့ ဗဟုသုတ
တွေ ပြည့်စုံနိုင်သလောက် ပြည့်စုံရမယ်။ အဲဒီလို ဝီရိယ
ဉာဏ် ပေါင်းနိုင်ရင် မင်း ဖြစ်ချိန်တန်တဲ့ အချိန်မှာ မ
လိုချင်တာရမှာပဲ။ အဲဒါ သိပ်သေချာတဲ့ ကိစ္စ"

"အချိန်မတန်လို့ မရသေးခင်မှာ စိတ်ဓာတ်မကျနဲ့
စိတ်မပျက်နဲ့ အဲလိုလားဆရာ"

"ဟုတ်တယ်။ ပြောလက်စနဲ့ တစ်ဆက်တည်းပြောရ
မရသေးခင်မှာလဲ စိတ်ဓာတ်ကျပြီး စိတ်ပျက်ပြီး အမှ
မလုပ်မိစေနဲ့။ အဲလိုပဲ ရပြီးရင်လဲ အ ပျော် လွန် ပြီး ဒု
မရောက်စေနဲ့၊ အောက်ခြေမလွတ်နဲ့၊ ထင် ရာ မ စိုင်း
လောကမှာ လူဆိုတာ ဒုက္ခကိုတင်းခံနိုင်ရည် ရှိရတာမဟု
ဘူး။ သုခကိုလဲ ခံနိုင်ရည်ရှိရတယ်။ သတိတမံ၊ ဉာဏ်
ကတုတ်တဲ့"





"သတိဆိုတာအောက်မေ့တာ။ အမှတ်ရတာကို ပြောတာ။ ဘာကိစ္စမဆို တစ်ခုခု ကြုံခဲ့တာကို အမြဲအမှတ် ရ ထား၊ အောက်မေ့ထား၊ တစ်ခုခု လုပ်တော့မယ် ကြံရင်· ကိုယ်ကြုံဖူးတာ၊ သိဖူးတာ၊ ဖတ်ဖူးတာ၊ မှတ်ဖူးတာတစ်ခုကို အမြဲသတိရ။ လုပ်သင့်မလုပ်သင့်ချိန်။ အဲဒါကို သတိတမံလို့ ခေါ်တာပဲ။ တမံဆိုတာ ရေစီးကြောင်းတစ်ခုကို တန့်ထားတားထားတဲ့ အရာ။ တစ်ခုခုကို ရေတရဟော စီး သ လို ဘယ်တော့မှ စိတ်လွတ်ကိုယ်လွတ် မလုပ်ရဘူး။ သတိနဲ့စိတ်ကို တန့်ထားတားထားပြီးမှ လုပ်ရတယ်။

"ဉာဏ်မြေကတုတ်ဆိုတာကတော့ အကြားအမြင်၊ အသိတွေ များနိုင်သလောက်များပြီး ကိုယ့်ကို လာဒုက္ခပေးမယ့် ရန်ကို ကာကွယ်ရတာ။ အသိအမြင် အမှန်တရား ဗဟုသုတတွေနဲ့ ကိုယ့်ကို ဘယ်သူမှ ဒုက္ခမပေးနိုင်အောင် လုပ်ထားရတာ။

ဒါတွေကို မင်းနားလည်ပြီး လိုက်နာ ကျင့် သုံး နိုင် ရင် လောကနဲ့ ဘဝကို မင်း အောင်နိုင်ပြီး မင်းလိုချင်တာတွေကိုလဲ တဆင့်ပြီးတစ်ဆင့် ဖြစ်အောင်လုပ်လို့ရပြီလို့ စိတ်ချလိုက်တော့"

ထိုညသည် ရဲထွတ်ဘဝတစ်သက်တာတွင် ဘယ်သောအခါမှ မေ့နိုင်မည် မဟုတ်သည့် ညတစ်ည ဖြစ်ခဲ့လေ၏။

*

( ၇ )

"မင်းနာမည်ကို ရဲထွတ်လို့ တောင် ခေါ်ဖို့ မကောင်းတော့ဘူး ဟေ့ ကောင်။ စပ်စုလို့ ပဲပြောင်းဖို့ကောင်းတော့တယ်။ ငါ့ချီးကွာ....မင်းဉစ္စာက နေရာတကာ မင်းသိချင်တာနဲ့ မင်းတတ်ချင်တာချည့် ဖြစ်နေတော့တာပဲ"

ဦးဘမင်း၏ လက်ဖက်ရည်ဆိုင်သည် ရဲထွတ် အတွက် ဘဝတက္ကသိုလ်လေးတစ်ခု ဖြစ်ခဲ့သည်ဆိုလျှင် လုံးဝမမှား။

ဦးဘမင်းဆိုင်လေးက လူစုံသည်။ မြို့က လည်း သိပ်အကြီးကြီးမဟုတ်ပေမယ့် နယ်စုံနှင့်ဆက်စပ်နေသော မြို့။ မြို့၏ တည်နေပုံကပင် ထူးခြားသည်။





မြို့မှထွက်ကုန်ရယ်လို့ ထူးထူးခြားခြားမရှိ။ သို့သော် မြို့နှင့်ဆက်စပ်နေသော နယ်များက မြောက်ဘက်ဆိုလျှင် အညာမြို့ကြီးများ၊ တောင်ဘက်ကျတော့ မြေ လတ် နှင့် အောက်မြန်မာပြည်ကို ရန်ကုန်အထိ ကားလမ်း ရထားလမ်း တောက်လျှောက် ဆက်သွယ်ထားသည်။

အရှေ့ဘက်မှာ တောင်ပေါ်ကုန်းမြေမြင့်ဒေသများနှင့် ဆက်သွယ်၍ အနောက်ဘက်မှာ မြန်မာပြည် အ လယ် ပိုင်း ရပ်ဝန်းဒေသနှင့် ဧရာဝတီမြစ် အနောက်ဘက်ကမ်းတစ်ခွင် လုံးကိုပါ ကူးသန်းကုန်စည်ဖလှယ်ရာမြို့။

ဦးဘမင်းဆိုင် အဓိကရောင်းကောင်းနေသည်မှာလည်း အထက်အောက် အရှေ့အနောက် သွားလာနေသောကား များ ဝင်နားသော ကြားစခန်းလို ဖြစ်နေသောကြောင့် ပင်။

ထိုမှာနေ၍ တစ်နှစ်မပြည့်မီ ရဲထွတ် ထိုမြို့လေးကိုဖြတ် သန်း သယ်ဆောင်သွားလာနေကြသော အရှေ့အနောက် တောင်မြောက်တစ်ခွင်မှ ကုန်များ လူများ အ ကြောင်း ကို တော်တော်နားလည်သွားသည်။

အသားတူပင် ကားသမားများနှင့်လည်း ရင်းနှီးနေ သည်မို့ ကားနှင့်ပတ်သက်သော ဗဟုသုတများ စုံနေသလို တော်ရုံကားလည်း ဟိုနားဒီနား တက်မောင်းလာနိုင်သည် အထိ ဖြစ်လာသည်။

သည်ကြားထဲက ကား ပြင် နည်း နှင့် ကား ပ စ္စည်း အကြောင်းတွေပါ လိုက်စပ်စုနေသဖြင့် ဆိုင်ရှေ့တွင် ကား ရပ်၍ပြင်နေသော ကားမက္ကင်းနစ် ဒရိုင်ဘာကြီး ဦးရှမ်းက ဟောက်တော့သည်။

ရဲထွတ်က ရယ်လိုက်ပြီး....

''ဗဟုသုတအနေနဲ့ မေးတာပါ ဦးလေးရှမ်းရာ။ ကျွန်တော် တတ်ထားတော့ တော်ရုံတန်ရုံ ပျက်တဲ့ ကိစ္စဆို ဦးလေးရှမ်းတောင် အပင်ပန်းခံနေစရာမလိုဘဲ ကျွန်တော့် ခိုင်းလို့ရတာပေါ့''

''အေး.... ဒါဆိုရင်တော့ ခုလဲ မင်းကိုခိုင်းရမှာပဲ။ သွား ကားပေါ်တက်ပြီး စက်နှိုးပေးစမ်း။ မအေပေး ဂီယာလဲ သေချာ ဖြုတ်ဦးနော်။ ဟိုတစ်ခါလို ဂီယာကြီးထည့်ပြီးနှိုးလို့ သောက်ပြဿနာတွေ တက်ကုန်ဦးမယ်''

ပြောရင်းနှင့် ဦးရှမ်းက ကားသော့ လှမ်းပေးသည်။

ဒါမျိုးဆို သိပ်အခိုင်းခံချင်နေသော ရဲထွတ်က သွက်လက်စွာပင် လှမ်းယူ၍ ဦးရှမ်း၏ ဗက်ဒ်ဖို့ အမျိုးအစား လော်ရီကားအိုကြီးပေါ် တက်သွားသည်။

ဟိုတစ်ခါ ဆရာ ဦးသန်းဝင်း စ ကား တွေ ကြားပြီးကတည်းက လုံ့လဝီရိယကော၊ ဉာဏ်အတွက် အကြားအမြင် အသိအတတ်တွေကော တရစပ် ရှာဖွေနေသည့် ရဲထွတ်ကို ဦးဘမင်းက လက်ဖက်ရည်ဖျော်နေရင်းက လှမ်းကြည့်သည်။





သည်ချာတီတ်မှာ လုံ့လနှင့် ဉာဏ်အတွက် ဖြည့်ဆည်းမှုတွေကတော့ ပြောစရာမရှိ။ ကံကလေးတစ်ချက် အကျိုးပေးလျှင်တော့ သည်သူငယ် ကြီးပွားနိုင်သည်ဟု မှတ်ချက်ချသည်။

သူ့ကံ အ ကျိုး မပေးခင် သည် ကောင့် ကို သည့် ထက် ပို အကျိုးရှိ အသုံးဝင်အောင် ဘယ်လို ခိုင်းထားရင်ကောင်းမလဲ မသိဘူးဟုလည်း စဉ်းစားလိုက်၏။

*

''ငွေစုဘဏ်မှာ မင်း စုထားတဲ့ပိုက်ဆံ ဘယ်လောက် ရှိနေပြီလဲ ရဲထွတ်''

''အားလုံး တစ်သောင်း ကျော်ကျော်လောက် ဖြစ်နေပြီ ဦးလေး''

''ဟေ....''

ရဲထွတ် စကားကြောင့် ဦးဘမင်း မျက်လုံးအကြီးအကျယ် ပြူးသွား၏။

''ဟ.... မင်းမှာ အဲ့လောက်တောင် ဖြစ်နေပြီလား''

ရဲထွတ်က ခေါင်းညိတ်ရင်း....

''ဟုတ်တယ်ဦးလေး။ ဘာဖြစ်လို့လဲ။ ဘာလုပ်မလို့လဲ''

''ဘာမှမလုပ်ပါဘူးကွ။ ဘာမှလဲ မ ဖြစ် ပါ ဘူး။ မေး ကြည့်တာပါ''

''ဦးလေး ကျွန်တော့် ကို မယုံသင်္ကာဖြစ်လို့တော့ မဟုတ် ပါဘူးနော်။ ဦးလေးလဲ ကျွန်တော် ဘာလို ပိုက်ဆံရှာနေ တယ်ဆိုတာ မြင်နေသားပဲ''

''အေးပါကွာ.... ငါ သိပါတယ်။ ဒါပေမယ့် ဒီလောက် အချိန်လေးနဲ့ မင်း ဒီလောက် စုမိသွားတာကို အံ့ဩလို့ ပါ''

ဦးဘမင်း အံ့ဩမည်ဆိုလျှင်လည်း အံ့ ဩ လောက် ၏။ သည်ပိုက်ဆံ အားလုံးကို ရဲထွတ် စု လိုက် သည် မှာ တစ်နှစ် လောက်ပဲ ကြာမည်။

ပထမ တစ်နှစ်က သူ့ လခလေး သူ့ဖဲ့ စုသည့်ငွေက , စု ပေါင်းမှာ ရှစ်ရာ၊ ကိုးရာလောက်သာ ရှိမည်။

သည်ဘက်တစ်နှစ်ကျတော့ ရဲထွတ် အသည်းအသန် ပိုက် ဆံရှာတော့သည်။ လခအနေနှင့် သက်သက်ကတော့ သည် လောက် စုမိစရာမရှိ။ လခလည်း တိုးပေးတာ မဟုတ်သဖြ ဘယ်လောက်စုစု ပထမတစ်နှစ်ကထက် ပိုလာစရာအကြောင်း မရှိ။

သို့သော် ရဲထွတ်က ဉာဏ်ကောင်းသည်။ စိတ်ကူးရသည် ရဲတင်းသည်။

အဝေးပြေး ကားသမားများနှင့် ရင်းနှီးသွားသည် အကြောင်းပြုပြီး တစ်ဘက်က ဦးဘမင်းဆိုင်တွင် စားပွဲထိ





လုပ်ရင်း အခြားတစ်ဘက်ကလည်း မ နှစ် က စု ထား သော ပိုက်ဆံလေးများကို အရင်းတည်၍ စက်ဆီ ချောဆီ အရောင်း အဝယ် လုပ်ငန်းကို တွဲလုပ်သည်။

အင်ဂျင်ဝိုင် ဂီယာဝိုင် ဘရိတ်ဆီ စသည်တို့ကို မြို့ထဲနှင့် အခြားပတ်ဝန်းကျင် အနီးအနားများမှ တစ်ပုလင်းရ တစ်ပု လင်း။ တစ်ဂါလံရတစ်ဂါလံ စသည်ဖြင့် ဝယ်ထားသည်။ အင် ဂျင်ဝိုင် ဖြည့်ချင်သော၊ ဂီယာဝိုင် ကရောင်းဝိုင်ဖြည့်ချင်သော ဘရိတ်ဆီ ဖြည့်ချင်သော ကားသမားများကို သူက လက်လီ စိတ်၍ ပြန်ရောင်းသည်။

သူနှင့် ရင်းနှီးနေသော ကားသမားများကလည်း သည် မြို့ရောက်လျှင် သူ့ ဆိုင်မှာ လက်ဖက်ရည်သောက်ရင်း သူ့ ဆီကပဲ ဝယ်သုံးသည်။ အမှန်တော့ သိပ် ပြဿနာ မတက် သည့် စက်ဆီ၊ ချောဆီ ရောင်းဝယ်ခြင်းကိစ္စကို ရှေ့တန်းတင် ပြောနေရသော်လည်း နောက်ဆွယ် နောက်ကွယ်ကနေ ဓာတ် ဆီ၊ ဒီဇယ်ဆီလေးများကိုလည်း ဖုံးဖုံးဖိဖိ လုပ်လိုက် သေး သည်။

ကားရပ်၊ လက်ဖက်ရည်သောက်ရင်း ရေဖြည့်သလို၊ ကား ပြင်သလို လုပ်၍ ဆီပိုသည့်သူက သူ့ ရောင်းသွား၊ လိုသည့် လူက ဝယ်သွား၊ လူသိပ်မသိဘဲ အလုပ်ဖြစ်သည်။

ရဲထွတ်ကလည်း စားပွဲထိုးမပျက်။ ရောင်းသည်၊ ဝယ် သည်။

တစ်နေ့ လေးငါးခြောက်ဆယ် အမြတ်ကတော့ ရဲထွတ် အတွက် အပျော့။

ဒါတောင် မြို့ထဲက တစ်ခြားဆိုင်များနှင့်စာလျှင် ရဲထွတ်က အနည်းဆုံး တစ်ကျပ်,နှစ်ကျပ် ပိုစရာရှိ ပိုပေး၍ လျော့စရာရှိ လျော့ရောင်းလိုက်သေးသည်။

တစ်ရက် လေးဆယ်ပဲထား။ တစ်လ ထောင့်နှစ်ရာ။ တစ်နှစ်ဆို သောင်းခလေးထောင် ကျော်မည်။

ရဲထွတ် အလုပ်က သူ့အလုပ်ထက်တောင် ပိုကိုက်နေသေးသည်ဟု ဦးဘမင်းက ရယ်စရာအဖြစ် တွေးလိုက်၏။

"မင်း အဲဒီ ပိုက်ဆံတွေနဲ့ ဘာလုပ်မလဲ ရဲထွတ်။ ငါ့သဘောကတော့ ဘဏ်မှာ ဒီအတိုင်း ထည့်ထားမယ့်အစား တစ်ခုခု ထပ် လုပ်မှာပဲ"

ရဲထွတ်က ရယ်၍....

"ဦးလေး ပြောတာတောင် နောက်ကျနေပြီ။ ကျွန်တော်လဲ အဲဒီစိတ်ကူးရလို့ ငွေစုစာအုပ်ထဲက ပိုက်ဆံတွေထုတ်ထားတယ်။ ဒါပေမယ့် ဘာလုပ်ရမှန်း မသိသေးလို့"

"မင်း ကားပစ္စည်းတွေအကြောင်း တော်တော် နားလည်နေပြီလား ရဲထွတ်"

"သိပ်တော့ နားမလည်ဘူးဦးလေး။ သူတို့ ဟာတွေက ရှုပ်နေတာပဲ။ ဒါပေမယ့် တစ်ခုတော့ ရှိတယ်"

"ဘာလဲ"





"ကျွန်တော်တို့ဆီကို လာနေတဲ့ ကားတွေမှာ ဘားပစ္စည်း ခဏခဏ ပျက်တတ်တယ်ဆိုတာတော့ သိတယ်ဦးလေးရာ။ းတော့ သူတို့ ခဏခဏ ဘာတွေပြင်ရတယ်ဆိုတာလဲ အမြဲ ခြားနေရတော့ သိတယ်"

"ဘာ....ဒါဆိုရင် မဆိုးဘူးကွ။ မင်း ငါ့ပြောတဲ့ အလုပ် ပ်"

"ဟုတ်ကဲ့....ပြောလေ ဦးလေး"

"မင်း ကားပစ္စည်း ရောင်းကွာ။ ငါ့ဆိုင် ဟိုဘက် ထောင့်လေးမှာ နေရာလွတ် ရှိနေတာပဲ၊ အဲ့ဒီမှာ ဆိုင်ခန်း လေး တစ်ခုဆောက်။ ခုန မင်း သိတယ်ဆိုတဲ့ သူတို့ ခဏ ဏပျက်၊ ခဏခဏ ပြင်လဲရတဲ့ ပစ္စည်းတွေတင်ထား"

ရဲထွတ် စိတ်ထဲတွင် တစ်ခုခုကို သွားသတိရသည်။ သူတို့ မြို့မှာ ကားပစ္စည်းဆိုင် မရှိ၍တော့မဟုတ်။ ဈေးနားမှာတစ် ဆိုင်နှင့် ကားဂိတ်နားမှာ တစ်ဆိုင်ရှိသည်။ သို့သော် သူတို့ ဆိုင်တွေက ပစ္စည်းမစုံ။ ဘယ်လိုအကြောင်းကြောင့်လဲတော့ မသိ။

သူတို့ဆိုင် လက်ဖက်ရည် ဝင်သောက်သည့် ကားသမား တွေ အရေးတကြီး ပစ္စည်းဝယ်လျှင် ထိုဆိုင်တွေမှာ မရှိ တတ်ဘဲ အနီးဆုံး မြို့ကြီးကြီးအထိ ကားကြုံနှင့် လိုက်လိုက် ဝယ်ရတတ်သည်။

ဘာကြောင့် အဲလိုဖြစ်သည်။ ဘာပစ္စည်းတွေ ဝယ်တင်လျှင် အဆင်ပြေမည် ဆိုသည့်ကိစ္စကို ဦးရှမ်းအပါအဝင် ကား

သမားသုံးလေးယောက်နှင့် ဆွေးနွေးလိုက်လျှင် အဖြေပေါ
မည်။

လောလောဆယ် သူ့ခေါင်းထဲမှာပေါ်လာသည့် ပစ္စည်
များက ကလပ်ပလိတ်၊ ဘရိုဆ်ရှူး၊ ဝါရှာ၊ ဂတ်စကက်
ဝါးတားပိုက်၊ ပွိုင့်၊ ပလပ်၊ မီးသီး၊ ပန်ကာကြိုး၊ ဒိုင်နမို
မော်တာ၊ ကာဗရိုက်တာ၊ ဘက်ထရီ...အစရှိသည့်များ။

ဒါတွေက ကားသမားတွေပါးစပ်ဖျားမှာ မကြာခဏ
မကောင်းကြောင်း၊ လဲဖို့၊ ပြင်ဖို့လိုနေကြောင်း ပြောနေက
ပစ္စည်းတွေ။ အဲဒါတွေထဲမှာ ဒီမြို့တင်ဝယ်လို့ရတာတွေ
လည်း ပါသည်။ အနီးဆုံးမြို့ကြီးပြေးဝယ်ရတာတွေလည်
ပါသည်။

ဒီနေရာမှာတင် ဒီလိုပစ္စည်းမျိုးတွေ တင်ထားသည
ဆိုင်လေးတစ်ဆိုင် ဖွင့်ထားနိုင်လျှင် ကားသမားတွေလည်
သဘောကျမှာ သေချာသည်။

သို့သော်....

ဒါက စိတ်ကူး။

လက်တွေ့ ဖြစ်နိုင် မဖြစ်နိုင် မရေရာသေး။

သည့်အထဲမှာ မဖြစ်နိုင်ဆုံး ကိစ္စတစ်ခုကလည်း သေချ
ပေါက်ရှိနေသေးသည်။ သို့အတွက် ရဲထွဋ်ကရယ်လိုက်ပြီး

"ဦးလေးပြောတဲ့ စိတ်ကူးလေးက ကောင်းတေ
ကောင်းပါတယ်။ ဒါပေမယ့် မဖြစ်နိုင်ဘူး ဦးလေး"





"ဘာဖြစ်လို့လဲကွ"

"ကျွန်တော့်မှာရှိတဲ့ပိုက်ဆံက တစ်သောင်းကျော်ကျော်လေးရယ်။ ဦးလေးပြောတဲ့ ဆိုင်ခန်းလေးတစ်ခန်းဆောက်တာနဲ့တင် သုံးလေးထောင်က ကုန်သွားပြီ။ ကျန်တဲ့ပိုက်ဆံ ခုနှစ်ထောင်၊ ရှစ်ထောင်လောက်နဲ့ ခြောက်တီးခြောက်ချက်ဆိုင်လေးပဲ ဖြစ်နေမှာပေါ့"

"ဒါဖြင့် ဒီလိုလုပ်မလား ရဲထွဋ်"

"ပြောလေ...ဦးလေး"

"မင်းနဲ့ငါ စပ်တူလုပ်ရအောင်။ ငါက မြေနေရာနဲ့ ပိုက်ဆံ တစ်သောင်း ထည့်မယ်ကွာ။ မင်းက မင်းမှာရှိတဲ့ ပိုက်ဆံထည့်။ ရတဲ့အမြတ် တစ်ယောက်တစ်ဝက်ပေါ့"

"ရှုံးရင်ကော..."

"ဟာ...မင်းကလဲကွာ။ ဘာဖြစ်လို့ ရှုံးရမှာလဲ။ မရှုံးအောင်လုပ်ပေါ့"

ရဲထွဋ်က ရယ်ရင်း ခေါင်းခါသည်။

"မဖြစ်နိုင်ဘူးဦးလေး။ ကျွန်တော့် အမြင်ကတော့ အဲဒါလုပ်ရင် ရှုံးမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဦးလေးကော ကျွန်တော်ကော တကယ်က ကားပစ္စည်းနဲ့ပတ်သက်လို့ ဘာတစ်ခုမှ နားလည်တာမဟုတ်ဘူး။ ကြားဖူးနားဝနဲ့ မေးစမ်းလုပ်ရမှာ။ နောက်တစ်ခုက ကျွန်တော်လဲ အဲလောက်မူးစုပဲစု အလုပ်မျိုး မလုပ်ချင်တော့ဘူး။ ကျွန်တော့်နည်း

ကျွန်တော့်ဟန်နဲ့ တစ်ခုခုဖြစ်မအောင်လုပ်တော့မှာ။ အဲဒါ ကြောင့် ဦးလေးဆိုင်ကတောင် ကျွန်တော် အလုပ်ထွက် တော့မယ်လို့ ပြောမလို့"

"ဟော...."

ဦးဘာမင်းက အရမ်းအံ့ဩသွားသော်လည်း ရဲထွက်က တော့ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်ပဲ ရှိသည်။

၁၉၇၆ ခုနှစ်တွင် ဦးဘာမင်းဆိုင်မှ ရဲထွက်ထွက်ခဲ့၏။

*



( ၈ )

တောင်များ တောင်များကို တစ်ထပ်ပြီးတစ်ထပ် မြင်နေ ရသည်။

တောင်များမှလွဲ၍ သူ့မြင်ကွင်းထဲမှာ ဘာမှမပေါ်။ နည်းနည်းရင့်၍ စိမ်းသောတောင်နှင့် နည်းနည်းနု၍ စိမ်း သောတောင်။တောင်ခိုးများ ဖုံးနေသောတောင်နှင့် တိမ်ခိုး ကြားမှ ဖောက်ထွက်နေသောတောင်။ ဒါတွေပဲ ခြားနား သည်။

အံ့ဩစရာကောင်းသည်က ထိုတောင်များကို ဆင်းလိုက် တက်လိုက် ကျော်ဖြတ်လာခဲ့သည့် ကား။ ကားအမျိုးအစား က ဂျစ်ကား။ စုတ်လိုက်သည်မှာ တစ်စီးလုံးဘာမှရစရာမရှိ ဟုပင် ထင်ရသည်။

သည်အတိုင်းသာ ရပ်ထား၍ကတော့ မောင်း၍ရသည့် ကားဟု မည်သူမျှ ထင်မည်မဟုတ်။ ရဲစခန်းဝေစ်ချို့မှာ အမှု ဖြစ်၍ သက်သေခံအဖြစ် သိမ်းထားပြီး မိုးထဲရေထဲ ကွင်း ပြင်ထဲမှာ သုံးလေးနှစ် ပစ်ထားခံရသည့်ကားကမ် သည်ကား ထက် အသွေးအရောင် စိုပြေသစ်လွင်ဦးမည်။

သို့သော် ထိုကားက ဆူညံစွာ အော်ဟစ်ရင်း သည် ဘောင်များကို ကျော်ဖြတ်လာနိုင်ခဲ့ပြီးပြီ။

ရဲထွက်နားထဲတွင် ဆူညံသော ကားစက်သံနှင့်အတူ လွန် ခဲ့သော တစ်ပတ်နှစ်ပတ်ခန့်က ဦးရှမ်းကြီးနှင့်သူ ပြောခဲ့သော စကားများကို အမှတ်ရ၏။

''မထူးဘူးရဲထွက် မင်းလဲ ဒီမဖြစ်စလောက် ပိုက်ဆံ လေးနဲ့ ဘာအလုပ်မှ ဖြစ်ဖြစ်မြောက်မြောက်လုပ်နိုင်မှာမဟုတ် ဘူး။ စီးပွားရေးဆိုတာ ငွေနဲ့ရင်းပြီး ငွေရှာရတဲ့အလုပ်မျိုး၊ ငွေလေး သောင်းဂဏန်းလောက်နဲ့ရင်းပြီး ကောင်းရောင်း ကောင်းဝယ်အလုပ်နဲ့ ကြီးပွားချမ်းသာချင်လို့ကတော့ ဒီ တစ်သက်မဟုတ်ဘူး။ နောက်တစ်သက်တောင် ချမ်းသာဖို့ ဖြစ်နိုင်မှာမဟုတ်ဘူး။ ဒီတော့ ငါပြောပြမယ်။ မင်း စွန့်စား မလား''

''စွန့်စားတာတော့ စွန့်စားရဲပါတယ်။ ဒါပေမယ့် ကျွန်တော် မဟုတ်တာတော့ မလုပ်ချင်ဘူး ဦးလေးရှမ်း''

''နေဦးကွ မောင်ရဲထွက်ရ။ မဟုတ်တာဆိုတာ ဘယ်လို ဟာမျိုးလဲ''





''ခိုးတာ၊ ဖွက်တာ၊ ဓားပြတိုက်တာ၊ ဘိန်းကုန်ကူးတာ၊ ကျောက်မှောင်ခိုတာ၊ တရားဥပဒေနဲ့ ငြိစွန်းတာမျိုးပေါ့ ဦးလေးရာ''

''ကဲ...ကောင်းပြီ ဒါဖြင့် ငါပြောပြမယ်။ အစိုးရ အပါ ဝင် ဘယ်သူမှ မရောက်မပေါက်နိုင်တဲ့ တောကြီး တောင် ကြီးထဲမှာ အဖိုးတန်တဲ့ ရွှေလိုအရာမျိုးတွေ ဘယ်သူမှမသိဘဲ ရှိနေတယ်ဆိုပါတော့ကွာ။ အဲဒီနေရာကို တို့က အပင်ပန်း ဆင်းရဲဒုက္ခအမျိုးမျိုး အရောက်ခံပြီး သွားရှာယူတယ်ဆိုပါ တော့။ အဲဒီအလုပ်ကို မင်း ဘယ်လိုသဘောထားမလဲ''

''ကျွန်တော် ကြားဖူးတာ ဖတ်ဖူးတာတော့ အဲဒီလို ပုံရှာနည်း နှစ်မျိုးရှိတယ် ဦးလေးရှမ်း။ တစ်မျိုးက သက် ဆိုင်ရာမှာ မှတ်ပုံတင်ပြီး တရားဝင် သတ္တုသိုက်ရှာဖွေရေး မားလုပ်တာ။ တွေ့ရင် အစိုးရကိုအပ်တယ်။ အစိုးရကလဲ သတ္တုသိုက်ရဲ့ အနေအထားကိုကြည့်ပြီး ရာခိုင်နှုန်းနဲ့ရှာပေး တဲ့သူကို ဆုငွေပေးတယ်။ ဒါလဲ သတ္တုသိုက်တန်ဖိုး ကြီးရင် ကြီးသလို ဆုငွေ သိန်းပေါင်းများစွာရပြီး ချမ်းသာတာပဲ။ နောက်တစ်မျိုးကတော့၊ တရားမဝင် ရွှေခိုးတူးတာ ကျောက်၊ ကျောက်ခိုးတူးတာပဲ။ ကျွန်တော်တို့က ဘယ်လိုလုပ် မှာလဲ''

''ပထမနည်းပဲရဲထွက်။ ငါတို့ တရားဝင်လုပ်မှာပါ။ ဒါပေမယ့် တစ်ခုတော့ ရှိတာပေါ့ကွာ။ ရွှေကြောလို သတ္တု သိုက်မျိုးက ရှာတိုင်းတွေ့တာမှမဟုတ်ဘဲ။ နည်းနည်းပါး

ပါးပဲ ကျင်ယူလို့ရတဲ့ချောင်းမျိုးကသာ မကြာခဏတွေ
တာ။ အဲဒီအခါကျတော့လဲ တို့အတွက် စရိတ်စကအနေ
ရောင်းစားရမှာပဲ။

ငါ ထင်ပါတယ်။ လူ သုံးလေးယောက် လေးင
ခြောက်လကျင်ယူမှ ရွှေတစ်ပိဿာလောက်ရတဲ့ နေရာမျိ
လောက်ကိုလဲအစိုးရက စိတ်ဝင်စားမှာမဟုတ်ပါဘူး''

''အဲဒါတော့ကျွန်တော်မသိဘူး ဦးလေးရှမ်း။ဒါပေမ
ဒီအလုပ်မျိုးက တော်ရုံလူလဲ လုပ်နိုင်တာမဟုတ်တော့
လောက်တော့ ကင်းလွတ်ခွင့်ရှိမယ်အောက်မေ့တာပဲ။အစိုး
ရှာတွေ့ပြီးသား ကန့်သတ်နယ်မြေထဲက ခိုးတူးတာ မဟု
ရင်ပေါ့''

''ကိစ္စမရှိပါဘူးကွာ။ ဒါမျိုးကို သေချာလုပ်တတ်တဲ့
တစ်ယောက်နဲ့အဆက်အသွယ်ရထားပြီးမှ ငါလဲ ဒီအလုပ်
ဖို့ စိတ်ကူးတာပါ။ အဲဒီလူက ဘူမိဗေဒနဲ့ ဘွဲ့ရပြီးသ
စွန့်စားရတာကို ဝါသနာပါလို့ ဒီအလုပ်လုပ်နေတာ။ နှစ်
အတွင်းမှာ ငွေလေးငါးဆယ်သိန်းလောက် စုမိသွားပြီ''

''ကျွန်တော်တို့က ဘယ်ပုံစံနဲ့လိုက်ရမှာလဲ၊ သူ့အ
သမားနေနဲ့လား''

''ဒီအဖွဲ့မှာ သူခေါင်းဆောင်ပေါ့ကွာ။ အားလုံး
လေးငါးယောက်ပါမယ်။ အလုပ်သမားအနေနဲ့ လက်ခ
မဟုတ်ပါဘူး။ ရှယ်ယာအနေနဲ့ အချိုးကျခွဲပြီး ရမှာပါ။





ခဲ့တဲ့အခေါက်က သူတို့သွားတာ ခြောက်လလောက်ကြာ
တယ်။ အဲဒီအထဲက လူနှစ်ယောက်မှာ တစ်ယောက်က
တောထဲမှာ ငှက်ဖျားမိပြီး သေသွားတယ်။ နောက်တစ်
ယောက်က တောင်ပေါ်က လိမ့်ကျပြီး သေသွားတယ်။
အဲဒါနဲ့ လူသစ်ရှာရင်း ငါနဲ့တွေ့တာ။ ငါက နောက်
တစ်ယောက်ပါ ရှာပေးဖို့ တာဝန်ယူခဲ့တယ်။ အနည်းဆုံး
လူတစ်ယောက်ကို ခြောက်လ တစ်ခေါက်မှာ တစ်သိန်း
လောက် ရဖို့ကတော့ သေချာတယ်တဲ့''

''မသေရင်ပေါ့....ဟုတ်လား ဦးလေးရှမ်း''

''အေးပေါ့ကွာ....မသေရင်ပေါ့''

တောင်တန်းများကိုကြည့်ရင်း၊ နောက်ကြောင်းများကို
တွေးရင်း ရဲထွတ် ကျောထဲ စိမ့်ကနဲတော့ ဖြစ်သွား၏။

*

''ဒီတစ်ခေါက်ကျွန်တော်တို့သွားကြမှာ ကျွန်တော်အပါ
အဝင် ဒီ ငါးယောက်ပါပဲ။ ကျွန်တော့်နှစ်ယောက်ကတော့
လူဟောင်းတွေမို့ ကျွန်တော့် လုပ်ငန်း သဘောသဘာဝ
ကော၊ ကျွန်တော့် သဘောသဘာဝကော သိပြီးသားဖြစ်နေ
ကြပါပြီ။ ဦးရှမ်းနဲ့ ကိုရဲထွတ်တို့ကတော့ လူသစ်တွေမို့
လုပ်ငန်းနဲ့ပတ်သက်ပြီး ကြိုရှင်းထားပါရစေ။

"ပထမဆုံးနဲ့အရေးအကြီးဆုံးအချက်ကတော့ကျွန်တော်တို့လုပ်ငန်းဟာ လောဘကိုအရင်းတည်ပြီး လုပ်နေတဲ့ လုပ်ငန်းမဟုတ်ဘူးဆိုတာပါပဲ။ စွန့်စားနိုင်သလောက် အကျိုးရှိတယ်ဆိုတာမှန်ပေမယ့် ပစ္စည်းဥစ္စာရလိုဇောတစ်ခုတည်းနဲ့ လုပ်ရတဲ့အလုပ်မျိုးမဟုတ်ပါဘူး။

"ကျွန်တော်တို့လုပ်ငန်းဟာ နိုင်ငံနဲ့ပြည်သူကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ အလုပ်အကျွေးပြုနေတဲ့လုပ်ငန်းပါ။ နိုင်ငံတော်ရဲ့ တိမ်မြုပ်နေတဲ့ သယံဇာတပစ္စည်းတွေကို ဖော်ထုတ်ပေးဖို့က အဓိကရည်ရွယ်ချက်ပါ။ အဲဒီပစ္စည်းတွေကို ခိုးဝှက်ရောင်းစားဖို့ မဟုတ်ပါဘူး။

"ကနေ့အထိ ကျွန်တော်ဆောင်ရွက်ပြီးတဲ့ လုပ်ငန်းထဲမှာ ရွှေမဟုတ်တဲ့ ကြေးနီနဲ့ဘော်၊ သတ္တုကြောသတ္တုသိုက်ကြီးနှစ်ခုကို မြေပုံညွှန်းနဲ့တကွ နိုင်ငံတော်ကို အပ်နှံခဲ့ပြီးပါပြီ။ အလားတူပဲ အင်မတန်ရှားပါးတဲ့ သစ်ခွပန်းမျိုး ငါးမျိုးနဲ့ ထူးဆန်းတဲ့ဘာယဆေးပင်သုံးပင်ကိုလဲ သက်ဆိုင်ရာကို ရှာဖွေပေးခဲ့နိုင်ပါတယ်။

"ရှားပါးတဲ့တိရစ္ဆာန်တစ်ကောင်ကိုတော့အရှင်မရလိုက်လို့ နိုင်ငံတော်ရဲ့ သဘာဝသမိုင်းပြတိုက်မှာပဲ သားရေခွာရုပ်လုံးသွင်း ပြနိုင်ခဲ့ပါတယ်။

"ဆိုလိုချင်တာကတော့ ကျွန်တော်တို့ဟာကိုယ်ကျိုးသက်သက်အတွက် လောဘဖက်ပြီး စွန့်စားနေကြတဲ့သူတွေမဟုတ်ဘူးလို့ ပြောချင်တာပါပဲ။





"ဒါပေမယ့် ယောကျ်ားပီပီ တောတောင်အသပ်ထပ် လျှိုမြောင်အရပ်ရပ်ကို တိုးဝင်ပြီး စွန့်စားခဲ့ကြတဲ့အတွက် ကိုယ့်အတွက်ကောအကျိုးယုတ်သလားဆိုတော့ အဲလိုမဟုတ်ပါဘူး။ စွန့်စားခြင်းနဲ့ထိုက်တန်တဲ့ သုခချမ်းသာကို နိုင်ငံတော်ကလဲ ပြန်ပေးခဲ့သလို၊ ကျွန်တော်တို့လဲ ရှာရခဲ့ပါတယ်။

"သတ္တုသိုက်တွေ၊ပန်းမျိုးတွေ၊ဘာယဆေးပင်တွေအတွက် နိုင်ငံတော်ကပေးခဲ့တဲ့ ဆုကြေးငွေတွေအပြင် ကျွန်တော် ရှာတွေ့ခဲ့တဲ့ သစ်ခွပင်တစ်ပင်ထဲကို ပြည်တွင်း ပုဂ္ဂလိကစိုက်ပျိုးရေး သစ်ခွခြံတစ်ခြံကနေ မြန်မာငွေ နှစ်သိန်းခွဲပေးပြီး ဝယ်ခဲ့ဖူးပါတယ်။ အဲဒီ ဝယ်ခဲ့တဲ့လူငယ်စိုက်ပျိုးရေးသုတေသနပညာရှင်၊ ခြံပိုင်ရှင်ကလဲ အဲဒီသစ်ခွကို မျိုးပွားပြီး နိုင်ငံခြားပန်းကုမ္ပဏီတစ်ခုကို ပြန်ရောင်းတာ ဒေါ်လာတစ်သိန်း ရခဲ့ပါတယ်။

"ပြောချင်တာက ကျွန်တော်တို့အလုပ်ဟာ တိုင်းပြည်နဲ့လူမျိုးအတွက်ကော၊ကိုယ့်အတွက်ကော အကျိုးရှိတဲ့လုပ်ငန်းပါ။ ပြီးတော့ မြန်မာပြည်က လူငယ်တွေလုပ်ဖို့ သတိမရကြတဲ့ အလုပ်တစ်ခုလဲဖြစ်ပါတယ်။

"ဒီလို သူ့ဟာနဲ့သူ အကျိုးရှိပြီးသားလုပ်ငန်းမှာ ဘာမှထူးပြီး လောဘဇောတက်နေစရာမလိုပါဘူး။ အချင်းချင်းသစ္စာရှိရှိ၊ နိုင်ငံတော်အပေါ်လည်း တာဝန်သိသိနဲ့ မှန်မှန်လုပ်သွားရင်ကို ချမ်းသာနိုင်ပါတယ်။

ပြီးတော့ ဒီလုပ်ငန်းမှာ ဗိုလ်ကျတာ။ တစ်ယောက်တည်း ချွန်ကြီးပွားတာ ဘယ်တော့မှ မရှိစေရပါဘူး။ ရသမျှ အကျိုးအမြတ်ကို အချိုးညီညီ ခွဲဝေပြီး မင်းတို့အားလုံး ခံစားစံစားရမှာ ဖြစ်ပါတယ်။

အသက်အားဖြင့် သုံးဆယ်လောက်သာရှိမည်ဖြစ်သော်လည်း မိမိလုပ်ငန်းအပေါ် ကျကျနနဦးဆောင်၍ ယုံကြည်မှုအပြည့်ဖြင့် ပြောဆိုနေသော ဘူမိဗေဒပညာရှင် သတ္တုသိုက်ရှာဖွေရေးသမား ကိုထွန်းကျော်ကိုကြည့်၍ ရဲထွတ်လေးစားသွားသည်။

တည်ကြည်ခန့်ညားသည်နှင့်အမျှ ယောကျ်ားပီသစွာ ချောမောသော သူ့မျက်နှာပေါ်တွင် ရိုးသားမှုနှင့် သတ္တိဗျတ္တိရှိမှုတို့က အထင်းသားပေါ်နေသည်။

သည်လိုလူမျိုး၏ ဦးဆောင်မှုအောက်မှာ သူလုပ်ရမည့် အလုပ်သည် မကောင်းမှုမဖြစ်နိုင်သလို ထိုက်ထိုက်တန်တန် အကျိုးမဖြစ်ထွန်းနိုင်သည့် အလုပ်မျိုးလည်း မဖြစ်နိုင်ဟု ရဲထွတ်လေးနက်စွာ ယုံကြည်လိုက်၏။

*



( ၉ )

မျှော်မှန်းထားသလောက် မလျင်မြန်သော်လည်း ကိုထွန်းကျော်တို့အဖွဲ့နှင့်တွဲ၍လုပ်ကိုင်ပြီးနောက် နှစ်နှစ်ကျော်သုံးနှစ်နီးပါးကာလမှာ ရဲထွတ် ငွေငါးသိန်းကျော်၊ ခြောက်သိန်းနီးပါး ရရှိခဲ့သည်။

''ဒါပေမယ့်လဲ ဒီငါးသိန်းခြောက်သိန်းပိုက်ဆံက ငါတို့ရင်းခဲ့ရတဲ့ ပင်ပန်းဆင်းရဲမှုတွေ၊ စွန့်စားရင်ဆိုင်ရတာတွေနဲ့ ယှဉ်လိုက်ရင် အတော့်ကိုနည်းပါတယ် စိုးလွင်ရာ။

ငါဆို လောကရဲ့သဘာဝအရိုင်းဒဏ်ဟာ ဒီလိုပါလားဆိုတဲ့ အသိနဲ့ ကျောက်ခေတ်အရိုင်းခေတ်ကလူတွေရဲ့ဒုက္ခကို အများကြီးကိုယ်ချင်းစာမိသွားတယ်။ ဒီလို သဘာဝအရိုင်းခေတ်ကိုကျော်လွှားပြီး လူ့ယဉ်ကျေးမှုအဆင့်ဆင့်ကို သိပ္ပံ

ဝိဇ္ဇာပညာတွေနဲ့ တည်ဆောက်ယူခဲ့တဲ့ကျေးဇူးရှင်ပညာသည်ကြီးတွေကိုလဲ အရမ်း ကျေးဇူးတင်သွားမိတယ်''

ရေ မြေ တောတောင် သဘာဝရဲ့ ကြမ်းတမ်းမှု၊ ရာသီဥတုဒဏ်၊ ပိုးမွှားအန္တရာယ်၊ တောရိုင်းတိရစ္ဆာန်တွေရဲ့ဘေး၊ ဒီအကြောင်းတွေကိုသာ မင်း အသေးစိတ်ရေးပြလိုက်ရင် အင်မတန်ဒဏ္ဍာရီဆန်ပြီး မယုံနိုင်စရာကောင်းတဲ့ ဝတ္ထုကြီးတစ်ပုဒ်ဖြစ်လာမှာပဲ။

ဒီထဲမှာ ကိုထွန်းကျော်ဆိုတဲ့လူရဲ့စရိုက်နဲ့သူ့ဘဝကလဲ သိပ်စိတ်ဝင်စားဖို့ ကောင်းတယ်။ တစ်နေ့နေ့တစ်ချိန်ချိန်ကျရင်တော့ ငါ အေးအေးဆေးဆေးအချိန်ယူပြီး သူ့ဘဝနဲ့သူ့ဇာတ်လမ်းကို ပြောပြပါ့မယ်။ မင်းတို့ စာရေးဆရာတွေစိတ်ကူးယဉ်ပြီးရေးတဲ့ ဇာတ်လမ်းဆိုတာ ဘာစိတ်ဝင်စားစရာကောင်းမလဲကွာ။ ကိုထွန်းကျော်ဘဝက တကယ့်ကို ထူးဆန်းပြီး အရမ်းရင်နာကြေကွဲစရာလဲ ကောင်းတယ်။

ထားပါတော့။

အဓိကအနေနဲ့ မင်းကို ငါပြောပြချင်တဲ့ ငါ့အကြောင်းကိုပဲ ငါပြန်ဆက်ပါ့မယ်။

အဲဒီမှာ ငါ နှစ်နှစ်ကျော် သုံးနှစ်နီးပါးပေါ့လေ။ တောထဲတောင်ထဲမှာပဲ နေလာခဲ့တဲ့အခါကျတော့ အတွေ့အကြုံတွေလဲ အတော်စုံပြီး၊ သဘာဝအရိုင်းကမ္ဘာ၊ အရိုင်းလောကကြီးကိုတော့ အတော်ခံနိုင်ရည်ရှိလာခဲ့တယ်။





မခံနိုင်တဲ့သူတွေလဲ သေကုန်ကြတာပေါ့ကွာ။

''ငါ့ကိုခေါ်သွားတဲ့ ဦးရှမ်းကြီးဆို ရောက်ပြီး တစ်နှစ်ခွဲလောက်မှာပဲ၊ တောထဲတောင်ထဲမှာ ဆုံးသွားတယ်။

ငါလဲ ဘာရောဂါမှန်းမသိတဲ့ ရောဂါတွေနဲ့ အတော်ခံလိုက်ရသေးတယ်။ အဲဒီမှာ တစ်ခု ငါဘာသွားသတိထားမိသလဲဆိုတော့ တောထဲတောင်ထဲမှာရှိနေတဲ့ ဘာယဆေးပင်တွေရဲ့ အစွမ်းထက်မှုပဲ။

ငါတို့မှာ ခေတ်မီဆေးဝါးတော်တော်များများ ပါသွားပါတယ်။ ဒါပေမယ့် တောထဲမှာ တစ်ခါတစ်လေကြုံရတဲ့ ရောဂါတွေက ဘာမှန်းမသိဘူးကွ။ တို့ဆီက သိပ္ပံနည်းနဲ့ ဖော်ထားတဲ့ အင်မတန်အစွမ်းထက်ပါတယ်ဆိုတဲ့ ပဋိဇီဝဆေးတွေနဲ့ ဘာမှလုပ်လို့မရတဲ့ ရောဂါတွေ။

အဲဒီမှာ သူ့နည်းနဲ့သူ နိုင်နေတာက တောထဲကဆေးပင်တွေ၊ တစ်ချို့ အဖျားအနာတွေဆို အဲဒီကအပင်တွေက အရွက်သုံးလေးရွက် ခူးစားလိုက်တာနဲ့ ချက်ချင်း ထူထူထောင်ထောင် ဖြစ်သွားတယ်။

သိပ် အံ့သြစရာကောင်းတာပဲ။

နောက်ပိုင်းကျတော့ ပိုသေချာအောင်ဆိုပြီး စော်ရဲ့တန်ရုံ နာတာဖျားတာလောက်ကအစ အင်္ဂလိပ်ဆေး မသုံးတော့ဘဲ သူ့အပင်တွေနဲ့ ချည်းစမ်းကြည့်ရတယ်။ ရတယ်ကွာ။ ပိုတောင် ထိရောက်နေသလိုပဲ။

"ဆိုပါတော့မြွေကိုက်ခံရတဲ့ဒဏ်ရာမျိုး အင်္ဂလိပ်ဆေးမှာ ခွဲဦးမယ်။အဆိပ်စုပ်ထုတ်ဦးမယ်။ဆေးထိုးဟယ်ဆေးသောက်ဟယ်နဲ့ အလုပ်ရှုပ်သေးတယ်။ ငါတွေ့ခဲ့တဲ့ အပင်တစ်ပင်က အရွက် နှစ်ရွက် သုံးရွက် ခူးဝါးပြီး မြွေကိုက်ခံရတဲ့ နေရာပေါ် အရည်ညှစ်ချပြီး အုံပေးလိုက်။ ဆယ်မိနစ်လောက်ကြာရင် အဲဒီလူကိုယ်ထဲမှာ မြွေဆိပ်တစ်မှုန်တစ်မွှားတောင် မရှိတော့ဘူး။ ချက်ချင်း လူကောင်း ပြန်ဖြစ်ပြီး ထ,လျှောက်လို့ရတယ်။

"အဲ့ဒီမှာ ပရ,ဆေးပင်တွေအကြောင်းကို ငါ သေချာဂရုစိုက်ပြီး လေ့လာတော့တာပဲ။

"တချို့ အပင်တွေဆို တို့ဒီဘက်မှာ မြက်တော၊ ချုံတောတွေနဲ့ရောပြီး အများကြီးရှိနေတဲ့ အပင်တွေ။ တချို့ အပင်ကျတော့လဲ ဆေးပင်မှန်းတော့ သိတယ်။ ထိထိရောက်ရောက် မသုံးဖြစ်ဘူး။ အားမကိုးကြဘူး။

"ငါ ဘာစိတ်ကူး ရသလဲဆိုတော့ လောကကြီးကို ငါ လေ့လာတာ၊ အပိုင်ရဖို့ကြိုးစားတာဟာ ဒီသဘာဝတောတောင်အရိုင်းကမ္ဘာထဲမှာပဲ အဆုံးမသတ်သင့်ဘူး။ ဒီကရတဲ့ အတွေ့အကြုံတွေ၊ ငွေကြေးတွေနဲ့ ယဉ်ကျေး တိုးတက်ပြီးသား အယဉ်ကမ္ဘာထဲကို ပြန်ဝင်ရမယ်။

လူသူရှိတဲ့အရပ်၊ လူတော သူတောကို ပြန်တိုးပြီး အဲဒီနေရာမှာလဲ တိုးတက်အောင်မြင်အောင် ပြုလုပ်ရမယ်ဆိုတဲ့ စိတ်ကူးပဲ။





"ဒီစိတ်ကူးကို ကိုထွန်းကျော်နဲ့တိုင်ပင်ကြည့်တော့ သူကလဲ လက်ခံတယ်။ လူငယ်တစ်ယောက်အနေနဲ့ ဒီလို လုပ်နိုင်ရင် ပို အကျိုးရှိတယ်ပေါ့ကွာ။ သူကတော့ သူ့အကြောင်းနဲ့သူ တယ်တော့မှ မြို့ကြီး ပြကြီး ပြန်လာတော့မှာ မဟုတ်ပါဘူး။

"ဒါပေမယ့် ငါ့ကိုတော့ အားပေးတယ်။

ဖြစ်နိုင်ရင် ငါ့ကို တက္ကသိုလ်ပညာ ဆက်သင်ပြီး အနည်းဆုံး ဘွဲ့တစ်ခုတော့ ဘာသာရပ်တစ်ခုခုမှာရအောင် ကြိုးစားဖို့လဲ မှာတယ်။

"အဲဒါနဲ့ ငါလဲ ပိုက်ဆံထုပ်ပိုက်ပြီး အဲဒီကနေ ပြန်လာခဲ့တယ်။

ငါပြန်လာတဲ့ အချိန်က ၁၉၇၉ ခုနှစ် ဇန်နဝါရီလထဲမှာပဲ။

"မင်း မှတ်မိမလားတော့ မသိဘူး။အဲဒီခုနှစ်က ငါ့ တစ်သက်မှာ ရှားရှားပါးပါး ကြုံရတဲ့ မွေးရက်၊ မွေးနေ့ တိုက်ဆိုင်တဲ့ နှစ်ပဲ။

အဲဒီနှစ်မှာပဲ ရတနာနဲ့ ငါဆုံခဲ့တာပေါ့"

*

ယဉ်မြင့်သီနှင့် ဝေးခဲ့ပြီးနောက်ပိုင်း ဤနည်းဖြင့် ခြောက်နှစ်လုံးလုံး ရဲထွတ်ဘဝမှာ ဘယ်မိန်းကလေးနှင့်မှ မပတ်သက်ဘဲ နေခဲ့သည်။

မူလကတော့ ရဲထွတ် ရန်ကုန် ပြန်ရောက်သည်နှင့် လက်ထဲ
ရှိထားသော ငွေကို အရင်းပြုပြီး မြို့ထဲ၌ပင် အခြေစိုက်ရန်
ကြံရွယ်ခဲ့သည်။

သို့သော် ရန်ကုန်သွားသည့်ကား စီးလာရင်း ပတ်ဝန်း
ကျင် ရေ, မြေ, တောတောင်များကို ကြည့်လာရာမှ စိတ်
ကူးတစ်မျိုးပေါက်၍ ရန်ကုန်ရောက်အောင်ပင် လိုက်မစီး
တော့ဘဲ ပဲခူးတင် ဆင်းလိုက်သည်။

ပဲခူးတွင် သုံး, လေးရက်တည်း၍ သူလိုချင်သော အကွက်
အကွင်းကို ရှာဖွေရာ ရန်ကုန်ဘက်အထွက် ဆယ်မိုင်ကုန်း
ပတ်ဝန်းကျင်တွင် သူလိုချင်သော နေရာ တစ်နေရာ ရှာတွေ့
သည်။

ရန်ကုန်မှာ သည်စျေးဖြင့် ဘယ်လိုမှ ရှာရနိုင်မည်မဟုတ်
သည့် ဧက နှစ်ဆယ်လောက် ကျယ်သည့် ခြံကြီးတစ်ခြံကို ငွေ
တစ်သိန်းကျော်ကျော်နှင့် ဝယ်သို့ရလိုက်သည်။

ထိုခြံကြီးကို ဘုရင့်နောင်မင်းတရားကြီး တည်ထောင်ခဲ့
သည့် ဒုတိယမြန်မာနိုင်ငံတော်ကြီးကို အစွဲပြု၍ 'ဟံသာဝတီ
စိုက်ပျိုးခြံ'ဟု အမည်ပေးလိုက်ပြီး စနစ်တကျ ပြုပြင်ယူသည်

အလုပ်သမား လေး, ငါး, ဆယ်ယောက်ငှား၍ စိုက်ခင်း
များကို စနစ်တကျပြုစုသည်။ သူ နေဖို့ သစ်သားဘန်ဂလိုပုံ
အိမ်လေးတစ်လုံးနှင့် အလုပ်သမားများ နေထိုင်ဖို့ တန်
လျားတစ်ခု၊ မီတာနှင့် လျှပ်စစ်ဓာတ်အား မရနိုင်သော





ရာမို မီးစက်တစ်လုံး၊ ရေလုံလုံလောက်လောက် သုံးနိုင်ရန်
အဝီစိတွင်း တစ်တွင်းနှင့် ရေစုပ်စက်မော်တာများ၊ ကွန်
ပရက်ဆာများ၊ ပန့်များဆင်သည်။ အထိုင်ချသည်။

ပြီးမှ ကွဲကော၊ ပိန္နဲ၊ သရက်၊ သံပရာစသော နှစ်ရှည်
ပင်များက တစ်ပိုင်း၊ နှစ်တိုအတွင်း စီးပွားပြန်ဖြစ်နိုင်သည့်
ပရ ဆေးပင်များ၊ သဇင်၊ သစ်ခွ၊ နှင်းဆီ စသည့် ပန်းပင်
များက တစ်ပိုင်း၊ သူ့အပိုင်း သူ့အကန့်နှင့်ခွဲ၍ ပြုစုပျိုး
ထောင်သည်။

အားလုံး သုံးသိန်းကျော်ကျော် ရင်းနှီးမြှုပ်နှံပြီး၍ ကျန်
သည့်ငွေနှင့် မော်ဒယ်နိမ့်နိမ့် သဘော်ာချ ယာယီနံပါတ်မှ တစ်
သိန်း တစ်သောင်း တစ်သိန်း နှစ်သောင်း ပတ်ဝန်းကျင်ပေး
ရသည့် မာဇဒါပရက်စတိုသာတင်းဟန်ဒရက်ပစ်ကပ် ကား
လေးတစ်စီး ဝယ်သည်။

ကျန် လေးငါးသောင်းကိုတော့ လုပ်ငန်းလည်ပတ် သုံးစွဲ
ရန် ထားပြီး တစ်ဘက်ကလည်း လုပ်ငန်းမပျက် ပညာဆက်
ဆည်းပူးနိုင်သည့် တက္ကသိုလ်စာပေးစာယူသင်တန်းနှင့် ဆက်
သွယ်သည်။

စိတ်ကြိုက်ဘာသာတွဲကိုလည်း ရုက္ခဗေဒပင် ယူကာ တက်
ခွင့် ရသည်။

ထိုအဆင့်အထိ အားလုံး ဖြတ်သန်းရမည့် ကာလမှာ
သုံးလလောက်သာကြာ၍ ထိုနှစ် သူ့ နှစ်ဆယ့်သုံးနှစ်မြောက်

မွေးနေ့ ပြေ့ို လေးရက် ဗုဒ္ဓဟူးနေ့ မတိုင်ခင်မှာပင် အားလုံ
သော လုပ်ငန်းများ စတင်လည်ပတ်သည်။

ထိုအချိန်အထိကတော့ ရတနာနှင့် သူ မဆုံဖြစ်သေး။

ရတနာနှင့်သူ ဆုံခဲ့သည်မှာ ထိုကာလများ လွန်မြောက်
ပြီးမှ ဖြစ်၏။

*



အပိုင်း ခြောက်

အပန်းဖြေနွေ

## ( ၁ )

နှင်းဆီနံ့များ သင်းပျံ့သောအခါ သီ့ကို သတိရသည်။ သည်ကာလမျိုးကျမှသာ သီနှင့် ဆုံစည်းရလျှင် ဘဝ ိပ်မက်တစ်ခုလုံးလည်း နှင်းဆီပန်းနံ့များဖြင့် သင်းထုံနေ ပလိမ့်မည်ဟု သူ ဆွတ်ဆွတ်ပျံ့ပျံ့ ခံစားမိသည်။

ခုကျတော့ အပွင့် အဖူး အငုံ ရောင်စုံ၊ ရနံ့စုံများဖြင့် ပွှန်းနေသော နှင်းဆီပန်းခင်းကြီးထဲမှာ သူ တစ်ယောက် ည်း။ ဘဝ၏ သင်းပျံ့သော နှင်းဆီနံ့များကို သီ့ကို စ်ဝက် ခွဲဝေပေးချင်လှသည်။

နှစ်ပေါင်းများစွာ ဘဝအမောကြားမှ မေ့ပျောက်ထား မျှလည်း ခုခါမှ အတိုးချပြီး သီ့ကို လွမ်းရသည်။

ဘဝဆိုတာ အံ့ဩစရာကောင်းလှသည်ဟုလည်း တွေ
မိ၏။

မနေ့ တစ်နေ့က ကြမ်းတမ်းခဲ့သော ဘဝများသည် ခုခါ
မှာ အဘယ်အရပ်သို့ ထွက်ပြေးပုန်းရှောင်သွားကြပြီ မသိ

ကားလမ်းဘေး ကပ်လျက် တည်ရှိသော သူ့ခြံလေးသည်
လည်း ခုခါမှာ အမောပြေစ ပြုံးပြီဖြစ်သော သူ့ဘဝကဲ့သို့ပ
လှနေသည်။

ကားလမ်းမပေါ်မှ ရပ်ကြည့်လျှင် မြင်နေရသော သူ့
သစ်သားဘန်ဂလိုအိမ်လေးကို ဆေးအဖြူဖြင့် ဖွေးဖွေးလေး
လှနေအောင် သုတ်ထားသည်။

အိမ်ကလေးက လမ်းမဘေး ခြံစည်းရိုးကနေ ကိုက်တစ်ရာ
လောက်အကွာမှာ ရှိသည်။

အဝင်လမ်းလေးကို ဂဝံမြေနီဖြင့် ဖောက်ထားပြီး အိမ်
ရှေ့ လှေကားရင်းအထိ တဖြောင့်တဖြူး ဦး တည် သွား
သည်။ အဝင်လမ်းလေး၌ နောင်သောအခါ အရိပ်ကောင်း
စေခြင်းအတွက်လည်း စိန်ပန်းပင်ပေါက် တစ်ရပ်စာခန့်လေး
များ ပျိုးထားသည်။

အဝင်လမ်း၏ အရှေ့ဘက်ခြမ်း တလျှောက်မှာ ပင်ကြီး
များ ဒါရိုက်မြေချထားသဖြင့် တစ်ပင်မလွတ်ပွင့် နေကြသော
နှင်းဆီပန်းခင်းကြီး။

လမ်း၏ အနောက်ဘက်ခြမ်း တလျှောက်မှာတော့ စ
နှင့် တိုင်နှင့် စိုက်ထားသော သစ်ခွပင်၊ သစ်ခွအိုး၊ သစ်





ပန်း ဆိုင်း များ၊ သ ဇင် များ၊ ထိုဘက်ခြမ်းမှာ မူလခြံ
ဝယ်စဉ်ကတည်းက ပါလာသော သရက်ပင်များ၊ သီဟို
ပင်များ၊ ပိန္နဲပင်နှင့် ပိတောက်ပင်များကလည်း ပန်းခင်း
များကို အရိပ်မိုးပေးထားကြသည်။

ကျွန် စိုက်ခင်းများက နှင်းဆီပန်းခင်း၏ အရှေ့ဘက်နှင့်
အိမ်ဘေး အိမ်နောက်ဘက်များမှာ တန်းတလျား ရှိနေ
သည်။

ရယ်တော့ ရယ်စရာကောင်း၏။

သူ့ သည်ဘဝသည် စင်စစ် သီတို့ အိမ်ဘေးက ချဉ်ပေါင်
ခင်းကလေးနေ စ ခဲ့ခြင်းဖြစ်သည်။ သစ်ပင် ပန်းပင်များမှ
အသီး အပွင့် အရွက်တို့ကို ခူးဆွတ်ရောင်းချလျှင် သုံးစရာငွေ
ကြေးရနိုင်သည်ဆိုသော အသိတရားကို သီ တို့ လှမ်း ထိပ်
ပိတောက်ပင်ကြီးပေါ်မှ ပိတောက်ပန်းများ ခူးပြီး သီနှင့်
စပ်တူရောင်းရာမှ စတင်ရခဲ့ခြင်းလည်း ဖြစ်သည်။

ခုကျတော့ ငွေကို သူကလိုက်ရှာနေရန်ပင် မလိုတော့။

ငွေကပင် သူ့ ကိုရှာ၍ လိုက်လာနေပြီလား အောက်မေ့ရ
သည်။

ရဲထွတ်က သည်အကြောင်းတွေ တွေးမိ၍ ပြုံးလိုက်ရင်း
ခြံဝတွင် မြေပေလေးဆယ်ပတ်လည်လောက် ပြောင်ရှင်း၍
ဆေးသုတ်ထားသော သစ်သားလေးများဖြင့် ခပ်လှလှလေး

ဆောက်ထားသော 'အိပ်မက်နှင်းဆီ' အမည်ရှိ လက်မက်ရည်၊ ကော်ဖီ၊နှင့် အခြားပစ္စည်းအချို့ ရောင်းနေသော ဆိုင်လေးကို လှမ်းကြည့်သည်။

ဓာကယ်တော့ ဘဝဆိုသည်မှာ ရယ်စရာလည်းကောင်း၏။

*

မူလစိတ်ကူးခဲ့၊ တည်ဆောက်ခဲ့စဉ်က ဒါတွေလုံး၀ ပါခဲ့သည် မဟုတ်။

ဖြစ်ချင်တော့ မူလက ငွေရဖို့ထက် ခြံလှဖို့ ရည်ရွယ်စိုက်ခဲ့သော နှင်းဆီပန်းများက ပိုက်ဆံ စ,ဖြစ်သည်။

ရန်ကုန် နှင်းဆီခြံများမှ မျိုးကောင်းနှင့်ပွင့်ဆဲအပင်များကို အိုးလိုက် ရာနှင့်ချီ၀ယ်ခဲ့ပြီး မြေ ချသိုက်သောအခါ အပင်များက တမဟုတ်အတွင်း သန်မာဖွံ့ထွားလာပြီး အပွင့်များလည်း ၀ေ၀ေလှိုင်လှိုင်ပွင့်လာသည်။

ထိုအခါတွင် ကိုယ်က ဘယ်လို စ,ရောင်းရမည် မစဉ်းစားရသေးခင်မှာ ၀ယ်သူက ခြံထဲ သူ့ဆန္ဒနှင့်သူ ၀င်လာသည်။

မနက်ခင်း ခြံရှေ့ပဲခူး ရန်ကုန် ကားလမ်းပေါ် ဖြတ်သန်း သွားလာနေသော ကားများထဲမှ ကိုယ်ပိုင်ကား တစ်





စင်းက ခြံရှေ့ရပ်ပြီး နှင်းဆီပန်း ၀ယ်ချင် သည် ဟု ပြောသည်။

ဘယ်ဈေးရောင်းရမှန်းမသိ။ ဘယ်လိုရောင်းရမှန်းလည်း မသိသဖြင့် ထို၀ယ်သူ အမျိုးသမီး စိတ်ကြိုက်အပွင့်များ ခူးပေးပြီး တစ်ပွင့် တစ်ကျပ်နှုန်း တောင်းလိုက်သော အခါ အမျိုးသမီးက စမ်းသာအားရနှင့် ငွေ သုံးဆယ်ထုတ်ပေးပြီး အပွင့်သုံးဆယ်ပြည့်အောင် ၀ယ်သွားသည်။

နောက် နာရီ၀က်လောက် အကြာမှာ ဆလွန်းကား တစ်စီး ထပ်ရပ်သည်။ နှင်းဆီပန်းလိုချင်လို့ဟု ခပ်ငယ်ငယ်အမျိုးသားတစ်ယောက် ဆင်း၀ယ်သည်။

သည်တစ်ခါ သွေးတိုးစမ်း၍ ရဲထွတ်က ကြိုက်ရာယူ တစ်ကျပ်ခွဲဟု ပြောကြည့်သည်။ ထိုပုဂ္ဂိုလ်ကလည်း မဆစ်ဘဲနှင့် အပွင့်နှစ်ဆယ်လောက် ယူသွားသည်။

သည်နည်းဖြင့် မနက်ခုနစ်နာရီလောက်က စ,လိုက်သော ဓာတ်လမ်းသည် မနက် ကိုးနာရီလောက်မှာ အဖြေပေါ်သည်။

ခြံထဲမှာ အပွင့်တွေလည်း အတော်ပါးသွားပြီး အပွင့်လှ လှသလို တစ်ပွင့်တစ်ကျပ်ကနေ နှစ်ကျပ်နှုန်းအထိ ရောင်းနိုင်ကြောင်း သဘောပေါက်၍ လက်ထဲမှာလည်း ငွေတစ်ရာလောက်ဖြစ်သွားသည်။

သည်တော့မှ အပင်နှစ်ရာကျော်ရှိသော ခြံထဲမှ နေ့စဉ် အပွင့်တစ်ရာနီးပါး ပွင့်နိုင်ပြီး ငွေလည်း နေ့စဉ် တစ်ရာ ပတ်ဝန်းကျင်ရနိုင်ကြောင်း သဘောပေါက်ကာ နေ့လယ်ခင်းမှာ အလုပ်အသစ်တစ်ခုစသည်။

ခြံထဲက အဆောက်အဦးများ ဆောက်စဉ်က ပိုနေသော သစ်သားများဖြင့် ခြံဝညာဘက်ဘေးမှာ ဆိုင်ခုံလှလှလေး တစ်ခုရိုက်သည်။ ဆိုင်ခုံက အလုပ်သမားများအား ပန်းရောင်နုနုလေးနှင့် နက်ပြာအမိုးလေးသုတ်ပေးရန်မှာခဲ့ပြီး သူက ပဲခူး ဈေးကို ကားဖြင့်ပြေးသည်။

ပလပ်စတစ်အိတ်ကြီးများ ဝယ်သည်။ ဆိုင်းဘုတ်ရေးသော ပန်းချီဆရာ တစ်ယောက်ဆီမှာ 'အိပ်မက်နှင်းဆီ ခြံထွက်ပစ္စည်း အရောင်းဆိုင်'

ဆိုသော ဆိုင်းဘုတ်ကလေးကို အရောင် စိုစိုလှလှလေးများသုံး၍ အားချင်း ဆွဲခိုင်းသည်။

နောက်တစ်နေ့ မနက်ကျတော့ ဆိုင်ခုံပေါ်မှာ ပလပ်စတစ်အိတ်ဖြင့် လုံလုံဖောင်းဖောင်းလေး စွတ်ပြီး စည်းထားသော နှင်းဆီပန်းစည်းလေးများ ရောက်နေသည်။

မထူးတော့ပြီမို့ နဂိုပါအပင်များမှ သီးနေသော သရက်သီး၊ ပိန္နဲသီး၊ သီဟိုသီးများပါ အကုန်ဆွတ်၍ တင်ထားသည်။





ပန်းတွေက မနက်ခင်းနှင့် ပြတ်သွားပြီး အသီးတွေက ညနေစောင်းမှာ တစ်လုံးစ နှစ်လုံးစသာ ကျန်တော့သည်။

စိတ်ကူးလက်စရပြီမို့ ထိုနေ့ရာတစ်ဝိုက်တွင် ပေလေးဆယ်ပတ်လည်အောက်မြေကို အပြောင်ရှင်းသည်။ သဲခင်းသည်။ သစ်သားဖြင့်ဆိုင်ခန်းလှလှလေးတစ်ခု ဆောက်သည်။ စားပွဲပုလေးများ ထိုင်ခုံပုလေးများ ဝယ်သည်။ ဆေးသုတ်သည်။

ရန်ကုန်ဆင်း၍ အချို့ပန်းကန်လှလှလေးများ ဝယ်သည်။ အခြားလိုအပ်သော ကရားတို့ မီးဖိုတို့ စသဖြင့် လိုတာမှန်သမျှ ဝယ်သည်။

ပြီးတော့ လက်ဖက်ရည်၊ ကော်ဖီဆိုင်လေး ဖွင့်သည်။ ရွာထဲက နွားမွေးသူတွေထဲလိုက်၍ နေ့စဉ် နွားနို့မှာသည်။ ကြက်မွေးသူတွေဆီက ကြက်ဥမှာသည်။

မနက်ကို ငါးနာရီလောက်ထ၍ ကားနှင့် ပဲခူးကိုပြေးပြီး လိုသမျှ မုန့်ပဲ သွားရည်စာများ ဝယ်သည်။

ခုနစ်နာရီမထိုးခင်လောက်ကစ၍ ကားလေးတွေ တစ်စီးပြီးတစ်စီး ထိုးရပ်ပြီး လက်ဖက်ရည်သောက်သည်။ ကော်ဖီသောက်သည်။ နွားနို့သောက်သည်။ ကြက်ဥ ထည့်ဖျော်သည်။ အစိမ်းသောက်သည်။ မကျက်တကျက် ပြုတ်ပေးရသည်။

ပြန်အထွက်မှာ နှင်းဆီပန်းဝယ်သည်။ သစ်သီး ဝယ်သည်။

သုံးလေးရက်လောက်ကြာသောအခါ ရသမျှဝင်ငွေကို တွက်ချက်ပြီး တစ်ရက်ပျမ်းမျှ နှစ်ရာနှင့် သုံးရာကြား အနည်းဆုံး ငင်ငွေရှိသော လုပ်ငန်းတစ်ခု သူတည်ထောင်မိပြီ ဖြစ်ကြောင်း သိသည်။

အနီးအနား ခြံတွေဆီက သီးနှံတွေ ချုပ်ပြီးဝယ်သည်။

ကြက်ဥ၊ နွားနို့ကို အနားပတ်ဝန်းကျင်ကနေ ရသလောက် ကောက်သည်။ နောက်ရက်များမှာ ကြက်ကြော် ငှက်ကြော်လေးတွေကိုလည်း ရွာထဲကနေ ကုန်ကြမ်းရှာပြီး စီစဉ်လာသည်။

ဦးဘမင်းဆိုင်မှာတုန်းက လက်ဖက်ရည်ကောင်းကောင်း ဖျော်တတ်ခဲ့ခြင်းနှင့် စားပွဲကောင်းကောင်း ထိုးဟတ်ခဲ့ခြင်းတို့ကလည်း များစွာ အကူအညီပေးသည်။

အရည်အချင်းဆိုသည်မှာ စင်စစ် အတွေ့အကြုံများကို ပြန်စုစည်းနိုင်ခြင်း ဖြစ်ကြောင်း သူ ကောင်းစွာ သဘောပေါက်သည်။

ဤသည်မှာ ရဘနာနှင့်တွေ့ခါနီး ကာလများက ရဲထွတ်၏ အခြေအနေပင် ဖြစ်သည်။





၁၉၇၉-၈၀ ခုနှစ် ပတ်ဝန်းကျင်က ပဲခူး ရန်ကုန် ခရီး သွားခဲ့ဖူးသူများထဲမှ ဝင် ရောက် စားသောက်ဖူးသူများ ထို'အိပ်မက်နှင်းဆီ' ဆိုင်လေးကို အမှတ်ရကြပါလိမ့်မည်။

ရန်ကုန်မှ မိုင်လေးဆယ်အကွာနှင့် ပဲခူးမှ ဆယ်မိုင်လောက်အကွာ ကားလမ်းဘေးမှာ ဖြစ်ပါ၏။

*

## (၂)

"ဘာတဲ့လဲ မောင်အေး"

လက်ဖက်ရည်ဆိုင် စားပွဲထိုးတို့ထုံးစံအတိုင်း သောက်သူနားသွားပြီး ဘာသောက်မလဲ မေးရသည်။ ပြီးလျှင် ထိုစားပွဲနားကပင် လှမ်းပြီး လက်ဖက်ရည်ဆို လက်ဖက်ရည်၊ ကော်ဖီဆိုကော်ဖီ။ ချိုပေါ့ဖြင့် ချိုပေါ့။ ကျကျဖြင့်ကျကျ။ မှာရမည်မှာ ထုံးစံ။

ခုတော့ သည်လိုမဟုတ်လဲ ဘာသောက်မလဲ့ သွားမေးပြီး ခပ်ကုပ်ကုပ်ပြန်လျှောက်လာသော မောင်အေးကိုကြည့်၍ တစ်ခုခု ပြဿနာရှိပြီဟု သိသည်။

ထင်သည့်အတိုင်းပင် မောင်အေးက....





"ဘာသောက်ချင်တာလဲ မသိဘူးဆရာ။ စက်ာပူတစ်ခွက်လို့ပြောတယ်။ အဲဒါ ဘာပြောတာလဲ"

မောင်အေး၏အပြောနှင့် အမူအရာကို ကြည့်၍ ရဲထွတ်ရယ်ချင်သွားသည်။ သို့သော် ပြုံးရုံသာပြုံးရင်း....

"ဘာပြောရမလဲကွာ။ သူ သောက်ချင်တာ သူပြောတာပေါ့"

ပြောရင်းနှင့် လက်ဖက်ရည်တစ်ခွက်ကို အကျရည်လျှော့ထည့်၍ ဖျော်လိုက်သည်။ ပြီးမှ ကော်ဖီမှုန့် နည်းနည်းအပေါ်မှ ဖြူးလိုက်ရင်း ဇွန်းဖြင့် တစ်ချက်မွှေ၍...

"ရော့....မောင်အေး။ အဲဒါသွားချပေးလိုက်။ စက်ာပူဆိုတာ အဲ့ဒါပဲ"

မောင်အေး ကြောင်တောင်တောင်နှင့် ယူသွားသည်။ လူရှင်းသောအချိန်မှာ တစ်ယောက်တည်း လာသောက်သည်မို့ ထိုအဖြစ်အပျက်ကလေးက ထင်ထင်ရှားရှားနှင့် မှတ်မိစရာ ဖြစ်သွားခြင်းဖြစ်သည်။

ကိစ္စကမပြီးသေး။

မောင်အေးက ကုပ်ကုပ်ပြန်လာပြီး....

"ပေါင်မုန့်ကို တစ်ဖက်ဘည်း မီးကင်ပေးနိုင်မလားလို့ မေးတယ် ဆရာ"

သည်ဘစ်ခါတော့ ရဲထွတ် ရယ်၍ ...

"ဒီမှာ မောင်အေး နောက်တစ်ခါ သူမှာတာကို မင်
အဲဒီနေရာကပဲ လှမ်းမှာ။ ငါ့ဆီလာပြီး တိုးတိုး တိုးတိုးနဲ
ဟိုဟာရမလား၊ ဒီဟာရမလား မမေးနဲ့။ နောက်တစ်ခါ
ဘာရမလား၊ ဘာလုပ်ပေးနိုင်မလား မေးရင်လဲ တစ်ခါ
တည်း ဖြေလိုက်။ ဒီဆိုင်မှာ ဘာမှ မရတာမရှိဘူး။ လူပါ
လိုချင်လဲ ရတယ်လို့ပြော။ ကြားလား"

"ဟုတ်....ဟုတ်ကဲ့ ဆရာ"

ရဲထွတ်က ပေါင်မုန့်တစ်ခြမ်းကို မီးကင်ရင်း ဒီခေတ်
ချာတိတ်တွေ ကိုးလို့ကန့်လန့် လုပ်တတ်ပုံနှင့် သူ့ ဆိုင် က
တောသား စားပွဲထိုးလေးများ အ,ပုံနှင့် ပြဿနာပဲ ဟု
တွေးမိသည်။

အခုလည်း လက်ဖက်ရည်မဟုတ်၊ ကော်ဖီမဟုတ်။ နှစ်
မျိုး ရောဖျော်ရသည့် ကတ်သီးကတ်သတ် ပစ္စည်းကို တစ်
ခြမ်း မီးကင်ထားသော ပေါင်မုန့်နှင့်မှ စားလိုသည့် ချာ
တိတ်မ ဟော့တ်ရှော့လေးကို မသိမသာ လှမ်း အ ကဲ ခတ်
သည်။

ပုံစံကတော့ ဘာလန်သလဲမမေးနှင့်။

သူနှင့်သက်ဆိုင်သော အရာများအားလုံးက သူ မှာ
မှသောက်သည့် အစားအ သောက် များ အတိုင်း ဖြစ်နေ
သည်။

စီးလာသည့်ဆိုင်ကယ်က ဟွန်ဒါဆူပါကပ် ၉၀ စီစီ
အနီရဲရဲလေး။ ဆောင်းလာသည့် ဟဲလ်မက်ကလည်း မီးခိုး





ရောင် နေကာတစ်လျက် အနီရဲရဲလေး။ ဝတ် ထား သော
အင်္ကျီက အနက်ရောင်ရှပ်အပွ။ သို့သော် ဆံပင်အရှည်ကို
ခါးအောက်အထိ ဖြန့်ချထားသည်။ နှုတ်ခမ်းပေါ်မှာလည်း
အသည်းကွဲရောင် နှုတ်ခမ်းဆိုးဆေး တင်ထားသေးသည်။

လုံချည်က နှုတ်ခမ်းဆိုးဆေးနှင့် ဆင်တူ။

မလှ ဘူး လား ဆိုတော့ အရွယ်က ၁၇၊ ၁၈။ အသား
လေးက ဖြူဖြူနုနုလေး။ သွယ်သောမျက်နှာ။ သွယ်သော
ကိုယ်လုံး၊ မျက်လုံးနက်နက်၊ မျက်ခုံးထင်ထင်၊ နှာတံပေါ်
ပေါ်လေးမို့ သူ့ ကိုယ်ပေါ်က ကာလာများနှင့် ဆက်စပ်
လိုက်သော အခါ နိုင်ငံခြားက ဖက်ရှင်ကြော်ငြာ ဆန်းဆန်း
လေးတစ်ခုလို လှပါသည်။

ဘယ်လိုပြောမလဲ။ အရာအားလုံးက ပေါ်လွင်ဆန်းပြား
နေသဖြင့် ဘယ်နေရာသွားသွား သူ့ ပဲ ကြည့်စရာဖြစ်နေတာ
တစ်ခုပဲ ပြောစရာရှိသည်။

သည်ဆိုင်ကို ရှေးယခင်က တစ်ခါမှ မလာဖူးသော ချာ
တိတ်မ တစ်ယောက်။

ရန်ကုန်ကလား။ ပဲခူးကလားမသိ။

အဖော်လည်းမပါ။

ပုံစံက ဆိုင်ကယ်တစ်စီးနှင့် သည်လိုပဲ လျှောက်လိမ့်နေ
ပုံရသည်။

ထိုချာတိတ်မနာမည်သည် ရတနာ်ဟုတော့ သူမသိသေး။ မျက်လုံးထဲမှာ အများသူငါနည်းတူ မှတ်မှတ်မိမိ စွဲစွဲထင်ထင်တော့ ဖြစ်သွား၏။

*

''ဒီမယ်.... ဒီခြံပိုင်ရှင် မရှိဘူးလား''

လက်ဖက်ရည်နှင့် ကော်ဖီကြားကပြားနှစ်မျိုးစပ်သောက်ပြီး ပြန်ထွက်သွားလိမ့်မည်ဟု ထင် သော် လည်း သည်လိုမဟုတ်။

ခဏကြာသောအခါ သူ့ဆီ ထ,လျှောက်လာပြီး လေသံမာမာ ပြတ်ပြတ်ကလေးဖြင့် မေးသည်။

ရဲထွက်က သဘောကျစွာ ပြုံးလိုက်ပြီး....

''ရှိပါတယ်။ ခုထိတော့ မသေသေးပါဘူး''

''ဒါမေးတာ မဟုတ်ဘူး။ အခု ဒီနေရာမှာ ရှိလားလို့ မေးတာ''

''ရှိပါတယ်။ အခု ဒီနေရာမှာပဲ ရှိနေပါတယ်''

''ဘယ်သူလဲ။ ခင်ဗျားလား''

''ဟုတ်ပါတယ်။ ကျွန်တော်ပါ။ ဘာကိစ္စများ ရှိ လို့ ပါလဲ....''

ရဲထွက်က လိုတာထက်ပို၍ တလေးတစား လုပ်ပြနေမိသည်။





အမှန်တော့ ရဲထွက် ဘယ်တုန်းကမှ သည်လောက် နောက်တောက်တောက် ပြောင် စပ် စပ် နေ တတ် သည် မဟုတ်။ ခုသည်း နောက်ဖို့ပြောင်ဖို့ ရည်ရွယ်ရင်းနှင့် လုပ်သည်မဟုတ်။

ချာတိတ်ပုံစံက သမားရိုးကျ မဟုတ်ဘဲ နည်းနည်း ဂိုက်ထိုက်တွေ များနေသဖြင့် ရယ်ချင်စွာနှင့် လျှောက်နောက်နေမိခြင်း ဖြစ်သည်။

သို့သော် ချာတိတ်ကတော့ ဒါတွေ သိပ်ဂရုစိုက်ပုံမပေါ်။ ခြံပိုင်ရှင်ဆိုသော သူ့ကို မျက်မှောင်ကြုတ်ပြီး မယုံသင်္ကာဖြစ်သော မျက်လုံးများနှင့် ကြည့်သည်။

''ခင်ဗျားက ခြံပိုင်ရှင်လား။ ကျွန်တော် မေးတာ ဒီဆိုင်ပိုင်ရှင်ကိုမေးတာ မဟုတ်ဘူးနော်။ ဒီဘစ်ခြံလုံး ပိုင်ရှင်ကို မေးတာ''

ရဲထွက်က ခေါင်းညိတ်လျက်....

''ဟုတ်ပါတယ်။ ဒီခြံအားလုံးကိုလဲ ကျွန်တော်ပဲ ပိုင်တာပါ''

ချာတိတ်က မျက်လုံးများကို မှေးပြီး ကြည့်သည်။

''မဖြစ်နိုင်ဘူးဗျာ။ ခင်ဗျား မိဘတွေ မရှိဘူးလား။ ကျွန်တော် ခဏ တွေ့ချင်လို့''

ရဲထွက် ပြုံးစေ့စေ့နှင့် မျက်ခုံးများကိုပင့်ပြီး ခေါင်းကုတ်သည်။

''အဲဒါတော့ မဖြစ်နိုင်ဘူးကွာ။ ငါ့မိဘတွေက တစ်ယောက်မှ မရှိတော့ဘူး။ ခုလောလောဆယ် ဘယ်ကမ္ဘာမှာ ရောက်နေတယ်ဆိုတာလဲ ငါမသိဘူး''

''ဒါဖြင့် ဒီခြံကို ခင်ဗျား တစ်ယောက်တည်း ပိုင်တာလား....''

''မှတ်တယ်''

''အင်း--- ဒီကိစ္စကတော့ အံ့ဩစရာပဲ။ ကဲပါလေ ဒါက အရေးမကြီးပါဘူး။ အရေးကြီးတာက ခင်ဗျားကို ကျွန်တော် တစ်ခုမေးချင်လို့''

''မေးလေ.... မင်းက ဘာသိချင်လို့လဲ''

''ခင်ဗျား ခြံကို ရောင်းမလား''

''ဟော....''

''မဟောနဲ့ဗျာ။ ခင်ဗျားခြံကို ကျွန်တော် သဘောကျတယ်။ ဘယ်လောက်ရရင် ရောင်းမလဲ''

''ဟာ.... ဒုက္ခပါပဲ''

သည်တစ်ခါဘော့ ရဲထွတ် တကယ် ဘာပြန်ဖြေရမည်မှန်း မသိ ဖြစ်သွား၏။ ချာတိတ်မ ပုံစံက နောက်နေသည့် ပုံစံလည်း မဟုတ်။ တကယ် အတည်ပြောနေသည့် ပုံစံ။

''ကျွန်တော် တကယ်ပြောတာပါ။ ခင်ဗျား ရောင်းမယ့်ဈေးကို ပြောပါ။ ကျွန်တော် မှာ ပိုက်ဆံ ဒီလောက် ရှိလို့တော့ မဟုတ်ဘူး။ ကျွန်တော့် အဖေဆီက တောင်းရမှာ။





င်ဗျား ဈေးပြောလိုက်ရင် ခု ဒီက ပြန်တာနဲ့ ကျွန်တော့် အဖေကို ကျွန်တော် ဝယ်ခိုင်းမယ်''

ရဲထွတ် သက်ပြင်း မချမဖြစ် ချရသည်။ သက်ပြင်း ချပြီး မှ....

''နေပါဦးကွာ။ ဒီလောက်လဲ မလောပါနဲ့။ ငါ့ညီမ ဒီခြံကို သဘောကျတယ်လို့ သိရတာ ဝမ်းသာပါတယ်။ ဒါ ပေမယ့် ကိုယ် ဒီခြံကို ရောင်းဖို့ အစီအစဉ် မရှိသေးပါဘူး။ ယ်ထားတာလဲ သိပ်မကြာသေးဘူး''

''ဒါနဲ့ မဆိုင်ပါဘူး။ ခင်ဗျား ဝယ်ထားတဲ့ ပစ္စည်း င်ဗျား မြတ်ရင် ပြန်ရောင်းလို့ ရ,ရမှာပေါ့။ ခင်ဗျား လို ျင်တဲ့ဈေးသာ ပြောပါ''

''မဟုတ်ဘူး ညီမရ။ ကိုယ်က ရောင်းဖို့ကို စိတ်ကူး မရှိ တာပါ''

''ကောင်းပြီလေ။ ဒါဖြင့်ရင်လဲ ခုချိန်ကစ,ပြီး ရောင်းဖို့ တ်ကူးလိုက်ပါ။ အဲဒီအခါကျတော့ ဘယ်လောက်နဲ့ရောင်း ရင် မြတ်မယ်ဆိုတာ စိတ်ထဲ ပေါ်လာမှာပေါ့။ ကျွန်တော် င်ဗျားဆီကို ထပ်လာခဲ့ပါဦးမယ်။ ခုတော့ ခွင့်ပြုပါဦး''

ပြောလည်းပြော၊ လှည့်လည်းထွက် တစ်ပြိုင်တည်း ပြု သည်။

ပြီးမှ ချာခနဲ ပြန်လှည့်၍ ချစ်စရာကောင်းသော အပြုံး လေးတစ်ခုကို ပြုံးရင်း....

"ဆောရီးဗျာ။ ပိုက်ဆံပေးဖို့မေ့သွားတယ်။ ဘယ်လောက်ကျလဲ"

ရဲထွဏ် ထိုကလေးမကို အံ့ဩထူးဆန်းစွာ ကြည့်လိုက်မိ၏။

✿



( ၂ )

"ဟင်...."

အချိန်က မနေ့ကနှင့် မရှေးမနှောင်းလောက်ပင်ဖြစ်မည်။

ဆိုင်ရှေ့မှာ လတ်လတ်ဆတ်ဆတ် 'ည' နံပါတ်နှင့် လင့်ာကား အဝါရောင်ကြီး ထိုးရပ်လိုက်ကတည်းက ရဲထွဏ်သတိထားပြီး လှမ်းကြည့်လိုက်သည်။

ကားမောင်းသူဘေးထိုင်ခုံမှ တံခါးပွင့်သွားပြီး ဦးဆုံးင်းလာသူကို မြင်လိုက်ရသောအခါ ရဲထွဏ် မျက်လုံးပြူးသွားသည်။

မနေ့က သူ့ခြံကို အတင်းလာဝယ်သည့် ကောင်မလေး။

အဝတ်အစားက မနေ့ကနှင့် မတူတော့ဘဲ အပေါ်က အဝါရောင်စပို့ရှပ်နှင့်အောက်ကစကပ်အဝါရောင်တို့ဆင်တူ ဝတ်ပြီး အသွင်ပြောင်းလာသော်လည်း ရှည်လျား ဖြောင့် စင်းသောဆံပင်နှင့် ထူးခြား ရှင်းသန့်သော မျက်နှာသွယ် လေးက ဘယ်လိုမှမပြောင်းသဖြင့် ချက်ချင်းမှတ်မိလိုက်သည်။

သူ ဆင်းပြီးမှ ကားရှေ့ခန်း ယဉ်မောင်းနေရာမှ တံခါး ပွင့်လာပြီး အသက် လေးဆယ့်ငါး ပတ်ဝန်းကျင်ရှိ ဖြူ ဖြူ ဖိုင့်ဖိုင့် လူကြီးတစ်ယောက် ဆင်းလာသည်။

ထိုနောက် ထိုကောင်မလေးလိုပင် စပို့ရှပ်နှင့် စကပ် ဝတ်ထားသော ခပ်ငယ်ငယ် ကောင်မလေး တစ်ယောက် ထပ်ဆင်းလာသည်။

“အင်း....ကောင်မလေး ခြံဝယ်ဖို့ သူ့အဖေကို တကယ် ခေါ်လာပြီဆင်တယ်။ ဒုက္ခပဲ”

စိတ်ထဲကတွေးရင်း လေပူတစ်ချက် မှုတ်ထုတ်လိုက်မိ သည်။

ထင်သည်အတိုင်းပင်။ မနေ့ကချာတိတ်မက ဦးဆောင်၍ ဆိုင်ထဲဝင်လာသည်။ မနေ့ကလို စင်္ကာပူလက်ဖက်ရည်တွေ ဘာတွေပင် မှာသောက်မနေတော့ဘဲ သူ့ဆီ တန်းလျှောက် လာ၍....

“ကျွန်တော့်ကိုမှတ်မိလား။ မနေ့က ခြံရောင်းဖို့ပြော တာလေ”





ရဲထွတ်က ခေါင်းညိတ်ပြီး ....

“မှတ်မိပါတယ်”

“အေးဗျာ...ဒီနေ့တော့ ကျွန်တော့်အဖေပါ ခေါ် လာခဲ့တယ်။ တော်ကြာ ခင်ဗျားက ကျွန်တော့်ကို မလောက် လေး မလောက်စား ကောင်မလေးဆိုပြီး စကားကို သေချာ မပြောမှာစိုးလို့။ ဒါ ကျွန်တော့်အဖေပဲ။ ဦးအောင်မွန် တဲ့”

‘ဟုတ်ကဲ့ လေးစားပါတယ် ဦး။ ကျွန်တော့်နာမည် ရဲထွတ်ပါ”

ရဲထွတ်က ကမန်းကတမ်း ထရပ်ပြီးပြောသည်။ ဦးအောင် မွန်က ပြုံးပြလိုက်ပြီး....

“အေးကွာ....ဦးလဲ ခုလိုသိရတာ ဝမ်းသာပါတယ်”

“ထိုင်ကြပါ....ခင်ဗျာ။ တစ်ခုခုလဲ သောက်ကြ ပါ ဦး”

“မသောက်တော့ပါဘူး မောင်ရဲထွတ်ရာ။ ခုတောင် သမီး အတင်းခေါ်လို့ လိုက်လာရတာ။ မောင်ရဲထွတ်အတွက် အနှောင့်အယှက်ဖြစ်မှာ စိုးရိမ်မိပါတယ်”

“မဖြစ်ပါဘူး ဦး။ လုပ်ပါ ထိုင်ပါဦး။ ဘာသောက် မလဲ မသိဘူး။ ကျွန်တော် ဧည့်ခံပါရစေ။ ဒီကညီမကတော့ မနေ့ကသောက်သွားတဲ့ စင်္ကာပူ တီးပွဲ သောက်မယ် ထင် တယ်”

ချာတိတ်မက ပြုံး၍ ခေါင်းညိတ်ရင်း—

''ကျွန်တော်နာမည်က ရတနာပါ။ နာမည်အပြည့်အစုံက ရတနာမြတ်မွန်ပါ။ မနေ့ကတော့ ကမန်းကတမ်းနဲ့မို့ နာမည်မပြောခဲ့ရဘူး။ ဒါကတော့ ကျွန်တော့်ညီမ သီရိဆုမွန်''

''အော်—ဟုတ်ပြီ။ မသီရိကကော ဘာသောက်မလဲ''

''သီရိ ကော်ဖီပဲသောက်ပါ့မယ်''

''ဦးကကော''

''ဦးလဲ ကော်ဖီပဲသောက်ပါမယ်။ အား နာ တယ် မောင်ရဲထွတ်ရာ။ ဦးတို့ ဝယ်ပြီးပဲသောက်ပါရစေ''

''မလုပ်ပါနဲ့ ဦးရယ်။ မိတ်ဖြစ်ဆွေဖြစ်ပါ။ ခဏလေးနော်''

ဆိုင်အတွက် ကျွမ်းကျင်အဖျော်သမား မရသေးသဖြင့် သူ့ဟာသူပင် သွားဖျော်သည်။ ပြီးမှ မောင်အေးနှင့်အတူ ပန်းကန်များကို ယူလာ၍ ချပေးရင်း....

''သုံးဆောင်ပါ ဦး''

''အေးကွာ....သောက်ပါ့မယ်။ မနေ့က သမီးပြောခဲ့တဲ့ ကိစ္စလေးလဲ ဆွေးနွေးရအောင်။ မောင်ရဲထွတ်ကြည့်ရတာလဲ အားပုံမရဘူး။ ဆိုင်ကို ကိုယ့်ဟာကိုယ်ပဲ ဦးစီးနေရပုံရတယ်''





''ဟုတ်ပါတယ် ဦး။ ဖျော်တာပြုစာမှာ ဆိုင်ကအလုပ်သမားတွေကို သိပ်စိတ်မချသေးတာနဲ့ ကိုယ့် ဟာ ကိုယ်ပဲ ဖျော်နေတာပါ''

''အင်း...ဒီမှာ မောင်ရဲထွတ် တစ်ယောက်တည်းပဲ နေလား''

''ဟုတ်ပါတယ်။ ကျွန်တော်က တစ်ကောင်ကြွက်သမားဆိုတော့ ခြံထဲမှာ အလုပ်သမားတွေနဲ့ပဲ တွဲပြီးနေပါတယ်။ ဆွေမျိုးညာတိလဲ တစ်ယောက်မှ မရှိတာ''

''အော်....အိမ်ထောင်လဲမရှိဘူးပေါ့''

''မရှိပါဘူး ဦး''

''အင်း....မောင်ရဲထွတ်အသက်က''

''နှစ်ဆယ့်သုံးနှစ်ပါ''

''အံ့သြချီးကျူးစရာပဲ။ ဒီအသက် ဒီအရွယ်နဲ့ ဒီလုပ်ငန်းကြီးတွေကို တစ်ယောက်တည်း ဦးစီးလုပ်ကိုင်နေတာ။ ဒါနဲ့ မနေ့က သမီးပြောခဲ့တဲ့ကိစ္စ ဘယ်လိုအခြေအနေရှိလဲ မောင်ရဲထွတ်''

ရဲထွတ် ပင့်သက်တစ်ချက်ရှိုက်သည်။

''ဒီကိစ္စက မနေ့က ရဘာနာပြောသွားတဲ့အတိုင်း ဦးကပါ စိတ်ဝင်စားတဲ့ ကိစ္စဆိုရင်တော့ အားနာစရာ ဖြစ်နေပြီ ဦး။ ကျွန်တော် ဒီခြံကို ရောင်းဖို့ အစီအစဉ်မရှိပါဘူး''

''အင်း....ဦးက စိတ်ဝင်စားတယ်ရယ်လို့ မဟုတ်ပါဘူး မောင်ရဲထွတ်။ သမီးက အရမ်းလိုချင်ပြီး လိုက်ဝယ်ပေးပါ

ဆိုလို့သာ လိုက်လာခဲ့တာပါ။ ဟဲ....မောင်ရဲထွတ်က သူ့ခြံကို မရောင်းဘူးတဲ့ သမီး''

ဦးအောင်မွန်က ရဲထွတ်ကို ပြောရင်းနှင့် ရတနာ့ဘက် လှည့်ပြီး ဆက်ပြောသည်။

ရတနာက သိပ်မကျေနပ်သောမျက်နှာဖြင့်....

''ထင်တော့ ထင်ပါတယ်။ ဝယ်တဲ့သူက သိပ်လိုချင်နေမှန်းသိရင် ရောင်းတဲ့သူက အဲလိုပဲ ဈေးကိုင်တော့မယ်လို့။ ဒါပေမယ့် ရပါတယ်။ ရောင်းတယ်ဝယ်တယ်ဆိုတာ ဈေးပေါ် မတည်စဉ်းစားကြတာပဲ။ ကြိုက်ဈေးရရင် ဘယ်သူက မရောင်းဘဲနေမှာလဲ။ ကဲပါ အဲဒါတွေက အလုပ်ရှုပ်ပါတယ်။ အခုမရောင်းပေမယ့် လိုချင်တဲ့ဈေး ရရင် တော့ ရောင်းမှာပဲ မဟုတ်လား။ ဘယ်လောက်လိုချင်တာလဲ။အဲဒါပဲပြော''

''ဟဲ့ ... သမီး။ အဲလိုမပြောရဘူးလေ''

ရတနာ့စကားကြောင့် ဦးအောင်မွန်က အားနာသွားဟန်ဖြင့် ဝင်ဟန့်သည်။

ရဲထွတ်က သိပ်ကလေးဆန်နေသော ရတနာ့ကိုကြည့်ပြီး ပြုံးလိုက်၏။

*





ရဲထွတ်က ပြုံးနေရာမှ မှုန်သုန်နေသော ရတနာ့ကို တိုက်ရိုက် မျက်နှာမူလိုက်ပြီး....

''ရတနာက ကိုယ့်ကို ဈေးပိုရအောင် တမင်အိုက်တင်ခံနေပြီလို့ ထင်နေတာကိုး။ ကောင်းပြီလေ။ ဒီလိုဆွေးနွေးရအောင် ပထမဆုံး ရောင်းဖို့ မရောင်းဖို့ မပြောခင် အခုအစ်ကို မှာရှိနေတဲ့ ဟံသာဝတီ စိုက်ပျိုးခြံကြီးအကြောင်းကို အရင်ပြောပြပါမယ်။ ရတနာကော၊ ဦးတို့သိရိုတို့ကော စဉ်းစားလို့ရအောင်ပေါ့''

''ပြောပါဦး မောင်ရဲထွတ်''

''ဒီလိုပါဦး။ ဒီလိုပါရတနာ။ ဒီခြံကြီးက စုစုပေါင်းကေ နှစ်ဆယ်လောက်ကျယ်ပါတယ်။ ဒီ....အခု မြင်နေရတဲ့ နှင်းဆီပန်းခင်းရယ်၊ ဒီဆိုင်၊ သဇင်၊ သစ်ခွနဲ့ ဟိုနားက အိမ်ဖြူဖြူလေးရယ်ဟာ ဒါ ခြံရဲ့မျက်နှာစာလေးသက်သက်ပါ။ အဲဒီအိမ်ရဲ့ နောက်ဘက်နဲ့ ပန်းခင်းရဲ့အရှေ့ဘက်မှာ အခုမှ စိုက်ထားပျိုးထားတဲ့ ပရဆေးပင်တွေ၊ ကျွဲကောသီဟိုဠ်၊ သရက်၊ ပိန္နဲအပင်ကြီးတွေ အများကြီးရှိပါသေးတယ်။ အဲဒါတွေ ရေပေးဖို့ တူးထားတဲ့ အဝီစိတွင်းတွေ၊ ဒီခြံကြီး တစ်ခုလုံးကို မီးပေးဖို့ လုပ်ထားတဲ့ မီးစက်တွေ၊ နောက် အလုပ်သမားတွေနေဖို့ ဆောက်ထားတဲ့တန်းလျားတွေ၊ အဲဒါတွေလဲ ကျွန်တော်လုပ်ချင်တဲ့ စီမံကိန်းအတွက် ထည့်ရင်းနှီး မြှုပ်နှံထားပါတယ်။ အလုပ်သမားဆိုလဲ ခု

အားလုံး ဆယ့်ငါးယောက်လောက် ကျွန်တော် ငှားထား ပြီးပြီ။ စာချုပ်ဆို မိသားစုလိုက် ပြောင်းပြီးနေနေကြပြီ''

ရဲထွက်က စကားကို ခဏရပ်၍ သုံး ယောက်စလုံး ၏ မျက်နှာများကို တစ်ချက် အကဲခတ်သည်။ ပြီးမှ ဆက်၍...

''ခုနေမှာ ဒီခြံကြီးကို ကျွန်တော်က ရောင်းပြီး ငွေထုပ် ပိုက် ထွက်သွားရင် ဒီအလုပ်သမားတွေနဲ့ ဒီပစ္စည်း တွေ အတွက် ဆက်တာဝန်ယူမယ့်လူဟာ ကျွန်တော့်အတိုင်းဖြစ် မှ ဖြစ်မယ်။ အဲဒီတော့ ရတနာ့ကို ကိုယ် တစ်ခုမေးပါရစေ၊ ရတနာ ဒီခြံကို ဘာလုပ်ဖို့ ဝယ်ချင်တာလဲ''

ရတနာက ချက်ချင်း မဖြေသေးဘဲ ငြိမ်နေသည်။

ဦးအောင်မွန်က ဝင်၍ ...

''ပြောလိုက်လေ သမီး။ ဟုတ်သားပဲ။ သမီးက ဘာ လုပ်မလို့ ဒီခြံကို ဝယ်ချင်တာလဲ''

''ဘာမှ မလုပ်ဘူး။ ဒီခြံထဲက ပန်းတွေနဲ့ အိမ်လေးကို သဘောကျလို့''

''ဒါဖြင့်ရင်.... အခုန ကိုယ်ပြောတဲ့ အလုပ်သမားတွေနဲ့ စိုက်ခင်းတွေ၊ ပစ္စည်းတွေကိုကော ဘယ်လိုလုပ်မလဲ''

''မသိပါဘူး။ အဲဒါတွေ ရတနာ စိတ်မဝင်စားဘူး''

ရဲထွက်က ရယ်သည်။

''အဲဒါကြောင့် ကိုယ် ပြောတာ ပေါ့ ရတနာ။ ဒီခြံကို ကိုယ် ဘယ်လိုလုပ် ရောင်းမလဲ။ ဒါပေမယ့် ခုတော့ တစ်မျိုး စီစဉ်လို့ရပါပြီ။ ရတနာ စိတ်ဝင်စားဟာက ဒီပန်းတွေနဲ့ ဒီလှနေတဲ့ ခြံနဲ့ အိမ်လေးကိုပဲ မဟုတ်လား''





''ဟုတ်တယ်''

''ဝယ်ပြီးရင်ကော ရတနာ ဒီမှာ လာနေမှာမို့ လို့လား''

''မနေပါဘူး။ တစ်ခါတလေ သူငယ်ချင်းတွေနဲ့ လာ လည်မယ်။ ပန်းတွေ လိုချင်တဲ့အခါ ရတနာတို့ ညီအစ်မ နှစ်ယောက် လာခူးမယ်။ နွေခင်းနွေလယ် စာဖတ်ချင်၊ စာ ကျက်ချင်ရင် ဒီအိမ်လေးမှာ လာနေမယ်''

''ဟုတ်ပြီ ရတနာ။ အဲဒါအကွက်ကတော့ ရတနာ့ ဖေဖေ ကိုလဲ အလကားနေရင်း ငွေလေးငါးသိန်း အလကား အိပ် နေအောင် မပူဆာပါနဲ့။ ကိုယ့်ကိုလဲ အတင်း မရောင်းခိုင်း ပါနဲ့။ ခုန ရတနာ လုပ်ချင်တာတွေ အားလုံး ရတနာ့ စိတ် ကြိုက် ကြိုက်တဲ့အချိန်မှာ လာလုပ်။ မနက် ငါးနာရီကနေ ည ကိုးနာရီ ဆယ်နာရီအထိ အချိန်တွေမှာ ကိုယ် အဲဒီအိမ် ပေါ်ကို တစ်ခါမှတောင် မတက်ဖြစ်ဘူး။ ဒီဆိုင်နဲ့ စိုက်ခင်း ထဲမှာပဲ အချိန် ကုန်နေတာ။ အိမ်ကိုလဲ ဒီအတိုင်း သော့ ခတ်ပိတ်ထားရဘာ။ ဒီအိမ်နဲ့ ပန်းခင်းတွေ၊ သစ်ခွ၊ သဇင်၊ ခြံတွေ အားလုံးကို ရတနာ ဝယ်ပြီးပြီလို့ သဘောထား။ ရတနာ ပိုင်တဲ့ ခြံလို့ သတ်မှတ်ပြီး ကြိုက်သလိုနေ။ ကဲ - ဒါဆို ဖြစ်မလား''

''အစ်ကို ရဲထွက်က အဲသို တကယ် ခွင့်ပြုမှာလား''

''ခွင့်ပြုတယ် ရတနာ။ ရတနာတို့ ညီအစ်မကိုလဲ ကိုယ် ခင်တယ်။ ဦးကိုလဲ လေးစားတယ်။ ဒီနည်းက နှစ်ဦးနှစ်ဖက်

လဲ အဆင်ပြေစိတ်ချမ်းသာတယ်။ ဦးကိုလဲ ကျွန်တော် ကတိ ပေးပါတယ်။ ဒီခြံထဲမှာ ဒီကလေးတွေ မှည့်တစ်ပေါက် မစွန်း စေရပါဘူး။ ကျွန်တော် စောင့်ရှောက်ပေးပါ့မယ်''

ဦးအောင်မွန်က ရယ်သည်။

''ဟား.... ဟား.... မောင်ရဲထွတ်ကိုကော့ ဦး သဘော ကျသွားပြီ။ ပြဿနာကို မဟော့သဓော ဖြေရှင်းသွားသလား အောက်မေ့ရအောင် ဖြေရှင်းသွားနိုင်ပါတယ်။ ကျေးဇူးလဲ တင်ပါတယ်ကွာ။ ပြီးတော့ မောင်ရဲထွတ်ကိုလဲ ယုံကြည်စိတ် ချပါတယ်။ ကဲ ... သမီးကော ကျေနပ်ပြီလား''

''နေဦးလေ ဖေဖေကလဲ။ မေးစရာတွေ ကျန်သေးတာ ပဲ။ အဲ့ဒီလို နေဖို့အတွက် ရတနာတို့က လခ ပေးရမှာလား။ ဒါမှမဟုတ် အခကြေးငွေ ဘယ်လိုပေးရမလဲ။ အဲဒါလဲအပြတ် ပြော။ နို့.မို့. ရတနာတို့က အားနာနေရမယ်။ အဲလို မနေ ချင်ဘူး''

ရဲထွတ် ရယ်ရင်း....

''အားနာစရာလဲ မလိုဘူး။ လခတို့၊ အခကြေးငွေတို့လဲ ပေးစရာမလိုပါဘူးရတနာ။ ကိုယ့်ခြံလို သဘောထားပြီး ခြံကို ဝိုင်းပြုစုစောင့်ရှောက်ပေး။ ခြံထွက် ပစ္စည်းလေးတွေ လာ ဝယ်ကြအောင် ပဲခူးမှာလဲကြော်ငြာပေးပေါ့။ အနည်းဆုံး သူငယ်ချင်းတွေ လက်ဖက်ရည် လာသောက်အောင်၊မုန့်လာ ဝယ်စားအောင် စည်းရုံးပေးပေါ့''





''ရတယ်။ အဲဒါတော့ ရတနာပိုင်တယ်။ ဒါဆိုရင် ကျေ ပြီ''

''ကဲ.... ဦးကပဲ ကြားဝင်ပြီး တစ်ခုပြောပါရစေ မောင် ထွတ်။ ဒီ့ပြင်ဟာ မဟုတ်ပါဘူး။ သမီးလဲ အလကား လာ ည်ပြီး အချိန် ဖြုန်းတာမျိုး မဖြစ်ရအောင်၊ ပြီးတော့ လုပ်လေးတစ်ခုကို စိတ်ဝင်စားပြီး လုပ်တတ်သွားအောင် ရှေ့က ပန်းပင်တွေ စိုက်တဲ့ကိစ္စမှာ ဦး ကုန်ကျစရိတ် ထည့် ပးပါ့မယ်။ ရှယ်ယာပေါ့။ အဲဒီ ရှယ်ယာလုပ်ငန်းမှာ သမီး ို့နှစ်ယောက်ကိုလဲ မောင်ရဲထွတ် တစ်ခုခုခိုင်းထား။ ရတဲ့ ကျိုးအမြတ်ကို သမီးတို့နဲ့ မောင်ရဲထွတ် ခွဲဝေယူ''

''ဟာ.... အဲဒါ ကောင်းတယ် ဖေဖေ။ အဲဒါဆို ပန်းပင် တွချည်း မလုပ်နဲ့။ ဒီဆိုင်ကိုပါ ရှယ်ရာ ဝင်ခွင့်တောင်း။ ဆိုင်လေးကလဲ ရောင်းရတယ်။ သမီးတို့ပါ လုပ်ချင်တယ်''

ရဲထွတ် ရယ်လိုက်သည်။

အမှန်တော့ ခုကိစ္စက တော်တော် က လေး ဆန် ၍ ရှုး ကြောင်ကြောင်နိုင်သော ကိစ္စတစ်ခုပင် ဖြစ်သည်။

ဦးအောင်မွန်ကလည်း နိုင်အောင်ဘယ်လိုထိန်းရမည်မှန်း သိ ဖြစ်နေသည့် သူ့သမီးနှစ်ကောင်ကို သက်သက်မဲ့ ပိုက်ဆံ ကုန်ခံပြီး ဒီမှာ လာဏာစားခိုင်းခြင်း ဖြစ်သည်။ အနည်း ုံး ဒီခြံထဲမှာ လာ၍ ခြေငြိမ်နေလျှင် တော်ပြီဟုမျှားသဘော ား နေ့သလား မသိ။

သို့သော် ဘာပဲဖြစ်ဖြစ် သည်ကိစ္စကို လက်ခံပေးလိုက်မ
ဟု ရဲထွတ် ဆုံးဖြတ်သည်။

သူ့ဘဝမှာ ခုလို မိသားစုဆန်သော အဝန်းအဝိုင်း
ဖြင့် မနေခဲ့ရသည်မှာကြာပြီ။ ပြောရလျှင် ယဉ်မြင့်သီနှင့်
ကဘည်းကဟု ဆိုရမည်။ သည်မိသားစုနှင့် ခုလို တွေ့ရသ
မှာ ယဉ်မြင့်သီတို့ မိသားစုနှင့် ဆုံစည်းရသော ခံစားမှု
လေးများ ရသည်။

အချိုးကျရှယ်ယာကိုလည်း ယုတ္တိရှိ လောက်ရုံ၊ တစ်ဘ
က အားမနာရရုံလောက်ကြည့်ကျက်ပြီး လျှော့ပေါ့တော
လိုက်မည်ဟုလည်း ဆုံးဖြတ်လိုက်၏။

''ရပါတယ် ဦး။ ကျွန်တော် စာရင်းဇယားတွေ ပြန်
ပြီး ဦး ဘယ်လောက် ထည့်ဝင်ရမယ်ဆိုတဲ့ အစုစပ်ငွေ
ကိန်းဂဏန်းကို ကျွန်တော် ရတနာတို့နဲ့တစ်ဆင့် ပို့ ပေးလ
ပါ့မယ်''

သံရိကောရတနာပါ အားတက်သရောနှင့် ဝင်းလက်သ
မျက်နှာလေးများ ဖြစ်သွားသည်ကို တွေ့လိုက်ရသည်လေ

*



(၃)

နောက်တစ်နေ့ကျတော့ ရတနာ့မိခင် ဒေါ်ခင်မြရင် လိုက်
သည်။

ခြံထဲ အသေးစိတ် လိုက်လံ ကြည့်ရှုပြီးနောက် သမီး နှစ်
ာက်ကို ရဲထွတ်လက် အပ်သည်။

''ခြံထဲမှာ ယောကျ်ားလေး အလုပ်သမားတွေချည်း ဖြစ်
မလား လို့ လာကြည့်တာ မောင်ရဲထွတ်။ စိုက်ပျိုးခင်းမှာ
ကလေးအလုပ်သမားတွေလဲ ရှိနေတာပဲ။ ကဲ ... သမီးတို့
ာ ကြည့်ရှုဆုံးမပြီး လိုအပ်သလို စောင့်ရှောက်ပေးပါ
်။ မှသင့်တာရှိလဲ ဆုံးမပါ။ ဩော် ... နောက်တစ်ခုက
း....သမီးလက်ထဲက အိတ်ဒေပး''

ပြောရင်းနှင့် ရတနာ့ဘက်လှည့်ပြီး ရတနာ့ လက်ထဲ
သာ်းရေအိတ်အကြီးကို တောင်းယူသည်။

ထိုအိတ်ကို ရဲထွက်လက်ထဲ လွှဲပေးပြီး ...

''သမီးအဖေက မောင်ရဲထွက်အတွက် ငွေတစ်သိန်း ပေ
လိုက်တယ်။ သူစိုက်ရမယ့် ပိုက်ဆံတစ်သိန်း မပြည့်ရင်
တစ်သိန်းပြည့်အောင်ဖြည့်ပြီး ရင်းနှီးမြှုပ်နှံပေးပါတဲ့။ တ
သိန်းကျော်ရင်လဲ လိုသလောက် ထပ်တောင်းလိုက်ပါတဲ့
အန်တီလဲ ပြန်တော့မယ် မောင်ရဲထွက်။ ညနေကျမှပဲ သမီ
တို့ကို ကားလွှတ်ပေးပြီး ခေါ်ခိုင်းလိုက်မယ်''

''ဟုတ်ကဲ့အန်တီ''

ဒေါ်ခင်မြရင် ပြန်သွားသည်ကို ကားအထိ လိုက်ပို့ပေ
နောက် ရဲထွက်က ရတနာ့လက်သို့ သော့တစ်တွဲ အပ်သည်

''ရော့ ရတနာ ဒီသော့က ကိုယ့်အိမ်သော့။ အဲဒီမှ
အိမ်ရှေ့တံခါးသော့ရယ်၊ ခြေရင်းဘက်က 'အခန်းနှစ်ခ
သော့ရယ်ပါတယ်။ ခေါင်းရင်းက ဘုရားခန်းနဲ့ စာဖတ်ခ
တွဲထားတဲ့ အခန်းဘေးက တစ်ခန်းက ကိုယ့်အခန်း။ အဲ
တစ်ခန်းကလွဲရင် ကျန်တဲ့အခန်းတွေကို ကြိုက်သလို သုံးခွ
ရှိတယ်။ စာဖတ်ခန်းက စာအုပ်တွေလဲ ကြိုက်သလို ယူဖ
နိုင်တယ်။ အင်းလေ... ကိုယ်လိုက်ပြပါ့မယ်။ ပိုက်ဆံတွေ
ကိုယ့်အခန်းထဲ ထားခဲ့ရဦးမှာပဲ''

ပြောရင်းနှင့် အိမ်ဘက်သို့ ရှေ့ကနေ လျှောက်လာ
သည်။





ရတနာက နောက်ကနေလှမ်းပြီး....

''ရတနာတို့နှစ်ယောက် တိုင်ပင်ထားတယ်။ ရတနာက
ပန်းခင်းဘက်မှာလုပ်ပြီး၊ သီရိက ဆိုင်မှာလုပ်မလို့၊ ဘယ်လို
သဘောရလဲ''

''ရတယ်... ကြိုက်သလိုလုပ်။ ပန်းခင်းကိုင်မယ့်သူကို ပန်း
ခင်းတာဝန်ယူထားတဲ့ အလုပ်သမားတွေ လွှဲပေးမယ်။ ဆိုင်
တာဝန်ယူတဲ့သူက ပိုက်ဆံသိမ်းတဲ့ကောင်တာမှာ ထိုင်ပေး။
ငွေပေးငွေယူနဲ့ စာရင်းဇယားတွေ ထာဝန်ယူရမယ်''

''နောက်တစ်ခုရှိသေးတယ်''

''အင်း....ပြော''

''ညက မေမေနဲ့ ဖေဖေက မှာထားလို့ပါ။ ခုလို ရတနာ
နဲ့ သီရိ နေ့တိုင်း ဒီက အလုပ်လုပ်နေတာကို ဘေးကလူတွေ
မြင်ရင် တစ်မျိုးမထင်အောင် ဖေဖေ့တူ၊ ရတနာတို့အစ်ကို
လုပ်ငန်းမှာ စိုင်းကူလုပ်ပေးနေတာလို့ အပြင်မှာပြောရမယ်
တဲ့။ အဲဒါ ကိုရဲထွက်ကလဲ အဲလိုပဲ ပြောပေးဖို့နဲ့ နောက်
ပြီး....''

ရတနာက ဆက်မပြောသေးဘဲ ခဏရပ်သွားသည်။

ရဲထွက်က လှည့်ကြည့်ပြီး...

''နောက်ပြီး ဘာဖြစ်လဲ၊ ရတနာ ပြောလေ''

''နောက်ပြီး အဲဒါကိုသဘာဝကျအောင် ရတနာနဲ့သီရိက
ကိုရဲထွက်ကို ကိုကိုလို့ပဲ ခေါ်မယ်။ ကိုကိုကလဲ ရတနာတို့ကို
ညီမတွေလို ဆက်ဆံပါတဲ့''

ရဲထွတ် ရယ်၍....

"ကောင်းပါပြီရတနာ။ လူကြီးတွေကိုလဲ အဲဒီအတိုင်း ဖြစ်ရပါမယ်။ စိတ်လဲစိတ်ချပါလို့ ပြောပေးပါ"

'နောက်ဘာစ်ခု ရှိသေးတယ်"

"အင်း....ပြော"

"သီရိက ဆယ်တန်း တက်ရမှာဆိုတော့ ငွန်လ ဆိုရင် ကျောင်းပြန်တက်ရမယ်။ အဲဒီအခါကျရင် သူက ကျောင်း ပိတ်ရက်နဲ့ အချိန်ပိုင်းပဲ ဒီကိုလာနိုင်တော့မယ်။ ရတနာက ဆယ်တန်းဖြေထားတဲ့သူဆိုတော့ တက္ကသိုလ်မတက်ရမချင်း ဒီမှာ အချိန်ပြည့်လုပ်ပြီးတော့ အခြေအနေအရ ကျောင်း ကျောင်းပိတ်ရက်တို့ ဘာတို့လောက်ပဲ လုပ်နိုင်လိမ့်မယ်။ အဲဒါကော ဖြစ်မသား"

"ဖြစ်ပါတယ်။ အဲဒီအတွက်ကော ကိုကိုက ဘာလုပ်ပေးရမလဲ"

"ဟင့်အင်း....မလိုပါဘူး။ ကိုကို့ကို သိအောင်ပြောထားတာ။ ရတနာတို့ စိတ်ကူးက ဒီမှာ အလုပ် လုပ် ရင်း ရ တဲ့ ပိုက်ဆံနဲ့ ကိုယ့်ဟာကိုယ် ကျောင်းတက်မလို့"

"ကောင်းတာပေါ့။ တစ်နှစ်တစ်ခါ စာရင်းချုပ်ပြီးရတဲ့ အကျိုးအမြတ်ကိုလဲ ရတနာတို့နဲ့ ကိုကို ခွဲယူမယ်။ ဒီကြား ထဲမှာလဲ လစဉ် လုပ်အားခသဘောမျိုး ထုတ်သုံးပေါ့"

"အင်း....အဲဒါ ပြောမလို့"





"ရပါတယ် ရတနာရဲ့။ ရတနာပဲပြောပြီး ကိုကိုနဲ့ ရတနာဘို့ မောင်နှမလို နေရမယ်ဆို။ မောင်နှမဆိုတာ ဖြစ်ချင်တာကို ပွင့်ပွင့်လင်းလင်းပြောရတယ်။ ကိုယ့်အစ်ကိုကို ဘာမှ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေစရာ မလိုဘူး"

ပြောရင်းနှင့် အိမ်ပေါ် ရောက်သွားကြသည်။

သူတို့အတွက် အခန်းများပြလိုက်သောအခါ နဂိုကတည်းက ပင် ဧည့်သည် ဘာညာလာပါက တည်းရန် အိပ်ရာ၊ ခုတင်ကအစ ပြင်ဆင်ထားသော အခန်းမို့ မြင်လိုက်သည်နှင့် နှစ်ယောက်စလုံး သဘောကျသွားသည်။

သီရိက ဘာတွေးမိသွားသည်မသိ။

"နေ့လယ်နေ့ခင်းပျင်းရင် သီရိတို့ အိပ်လို့ရမလား"

"ရပါတယ်"

ရဲထွတ်က ရယ်ရင်း ပြောသည်။

ရတနာက....

"ဟန်ကျတာပဲ။ အဲဒီခုတင်နှစ်လုံးကို တစ်ခန်း တည်း ပေါင်းထည့်လိုက်မယ်။ ဒီဘက်ခန်းကို အလုပ် လုပ်ဖို့ ရုံးခန်း လုပ်မယ်။ ဟိုဘက်ခန်းမှာ ညီအမနှစ်ယောက် ပျင်းရင် အတူတူအိပ်မယ်။ စားပွဲနှစ်လုံး ဒီဘက်ရွှေ့ပြီး ခုတင်တွေကို ဟိုဘက်မှာ စုထားမယ်။ ရမလား"

"ရတယ်။ ကြိုက်သလိုလုပ်"

"ဟင်....ကိုကိုကလဲ ကြိုက်သလိုပဲ လုပ်ခိုင်းပြီး ဘာပြောပြော ရနေတာပဲ။ ဒါဖြင့် ကိုကို့ကို ကုန်းပိုးစီးပြီး ခြံထဲ လျှောက်ကြည့်မယ်။ အဲဒါကော ရမလား"

သီရိစကားကြောင့် ရဲထွတ် တဟားဟား ထ,ရယ်ရင်း ...

"ရပါတယ်... ရပါတယ်။ အဲဒါလဲ ဖြစ်အောင်လုပ်ပေး ပါ့မယ်"

"သွား .. အဲဒီကိုကိုနဲ့ သိပ် ရယ်ရတာပဲ"

သုံးယောက်သား ရယ်ရင်း မောရင်းနှင့် အဝေါ်လေး ဆက်ဆံရေးအဆင်ပြေ ရင်းနှီးသွားသည်။

ရဲထွတ် စိတ်ထဲမှာလည်း ပျော်နေမိ၏။

*

"ကိုကို....သီရိ"

ရတနာ့ကို နှင်းဆီခင်းဘက် ပို့ခဲ့ပြီး သီရိကို ဆိုင်ထဲခေါ်၍ ဆိုင်မှာ ရောင်းချသော ပစ္စည်းအမျိုးအမည်နှင့် ဈေးနှုန်းများ ပြောပြနေဆဲ ကျောဘက်မှ ရတနာ့ အသံ ကြောင့် နှစ်ယောက်စလုံး လှည့်ကြည့်လိုက်ကြသည်။

"ဟင်....ရတနာ"

"ဟယ်....မမ၊ အဲဒါ ဘယ်လို ဖြစ်လာရတာလဲ"

မြင်လိုက်ရသော မြင်ကွင်းကြောင့် ရဲထွတ် ရယ်ချင်သွားသည်။ သီရိကလည်း အသန့်တကြားနှင့် လှမ်းမေးလိုက်၏။





ညီအမ နှစ်ယောက်စလုံး သည်နေ့ အလုပ်ဆင်း ဝတ်စုံအဖြစ် ရှပ်အင်္ကျီအပွမျာနှင့် ဂျင်းဘောင်းဘီများ ဝတ်လာကြသည်။ သီရိက သူ့ထုံးစံအတိုင်း ဆံပင်များကို ကျောဘက်တွင် စုစည်းထားပြီး ရတနာကတော့ ထုံးစံအတိုင်း ဖားလျား။

ခု မြင်လိုက်ရသော မြင်ကွင်းက ခြံထဲကအလှဆုံး နှင်းဆီပန်း ရောမကြီးတွေကို ဘယ်ဘက် နားရွက်ထိပ်မှ ညာဘက်နားရွက်ထိပ်အရောက် ခေါင်းတစ်ပတ်လုံး တန်းစီပန်ထားသော ရတနာ။

ခါးလည်က ဖြတ်ကြည့်သျှင်တော့ ဟိုး အရင်က ကိုယ်တစ်ပိုင်းရုပ်ရှင်များတွင် မြင်ရသော ဥစ္စာစောင့်မလေးများလိုလို၊ ဟာဝိုင်ယီကျွန်းက ကျွန်းသူမလေးများလိုလို ဆံပင်ဖားလျား၊ ပန်းများတဝေဝေနှင့် လှပနေသော်လည်း ထိုအပြင်အဆင်နှင့် အောက်က ဂျင်းဘောင်းဘီ ဝေါ့ကင်းရှူးတို့နှင့် တွဲလိုက်သောအခါ....

အင်း .. မြင်ကွင်းက အတော် ကို ယို့ ကားယားနှင့် ရယ်စရာ ဖြစ်နေသည်။

သို့သော် ရတနာကတော့ ခပ်တည်တည်နှင့်ပင် သူတို့နားအရောက် ဆိုင်ထဲဝင်လာပြီး....

"မလှဘူးလားသီရိ။ ဒီပန်းတွေကြည့်ပြီး ငါ အဲလိုပန်ချင်နေတာ တော်တော်ကြာပြီ။ ခုမှပဲ အားရပါးရ ပန်ရတယ်။ ဘယ်လိုနေလဲ ကိုကို။ ရတနာ လှလား"

ရဲထွတ်က ရယ်ချင်စိတ်ကိုထိန်းရင်း—

''အင်း…လှပါတယ် ရတနာ''

သို့သော် သီရိကတော့ မရ။

''သွားစမ်းပါ ကိုကိုကလဲ၊ ဘယ်က လှရမှာလဲ။ မမ နင်ရှုးနေလား။ အဲဒီပုံကြီးနဲ့ လူတွေမြင်ရင် နင့်ကို အရူးမလို့ ပြောမှာပေါ့''

''ပြောပြောပေါ့၊ ဘာဖြစ်လဲ။ ငါကြိုက်လို့ ငါပန်တာပဲ။ ကိုကို တကယ်ပြောတာ မဟုတ်လား။ ရတနာ လှတယ် မဟုတ်လား''

''တကယ်ပြောတာပါ။ လှပါတယ်''

''မလှဘူး။ အလကား ကိုကို့ အကြောင်း နင် သိသားနဲ့ မမကလဲ။ ဘာလုပ်လုပ် ငါတို့အလိုလိုက်ပြီး ဖော်လိုတွေ လုပ်နေတာ။ ပန်ချင်ရင် တစ်ပွင့်တလေ ပန်ပေါ့ဟ။ နင့်ဥစ္စာက တစ်ခေါင်းလုံး ပြည့်နေတာ။ အဲဒါ အကောင်းပန်နည်း မှ မဟုတ်ဘဲ''

ရတနာနှုတ်ခမ်း သိသိသာသာစူသည်။ ခြေ တစ်ဘက် ဆောင့်ရင်း….

''ဟုတ်လားကိုကို၊ ရတနာ အရူးမနဲ့တူနေလား။ ခုန လှတယ်ပြောတာ ကိုကို ဖော်လိုလိုက်တာလား''

ရဲထွတ်ရယ်ရင်း….

''မဟုတ်ပါဘူး ရတနာရာ။ လှလို့လှတယ်ပြောတာပါ ကဲပါ သီရိကလဲ၊ သူပန်ချင်သလို ပန်ပါစေ။ မျက်စိထဲမှာ





ဟာဝိုင်ယီကျွန်းသူလေးလို့ သဘောထားပြီး ကြည့်။ လှပါ တယ်ကွ''

''သွားပါ။ အဲဒါမှ ဘုန်းကြီးရှူးနဲ့ လှေလူးအစစ်''

ရဲထွတ် သဘောကျစွာ ရယ်သည်။

လူကြီးဆန်သော အငယ်မနှင့် ကလေးဆန်သော အကြီး မများပါလားဟုလည်း စိတ်ထဲကနေ မှတ်ချက်ချလိုက်၏။

*

## ( ၄ )

သို့သော် ဘယ်လိုပဲဖြစ်ဖြစ် ရတနာနှင့် သီရိ သူ့ဆိုင်နှင့် သူ့ခြံ ရောက်လာသည့်အတွက် ဆိုင်နှင့်ခြံ၏ စီးပွားရေး ဈေးကွက်က မယုံနိုင်လောက်အောင် သိ သိ သာ သာ ကြီး ထိုးတက်သွားသည်ကတော့ အမှန်။

ထိုးတက်ပုံထိုးတက်နည်းကလည်း ကြောက်စရာတောင် ကောင်းသည်။

"ဆရာ၊ ကျွန်တော်တို့ဆိုင် ဘယ်လိုဖြစ်တာလဲ။ လက်ဖက်ရည် လာသောက်တဲ့သူတွေကြည့်ပြီး ကျွန် တော် တော့ ကြောက်တောင်လာပြီ"

ရန်ကုန် ပဲခူးလမ်းပေါ်မှ မင်းလွင်ကုန်း ရွာ သား သေး မောင်အေး ချောက်ချားမည်ဆို ချောက်ချားလောက်သည်။





ခြံမျက်နှာစာတွင် ပဲခူးမြို့ပေါ်မှ အဓိက လာရောက် သောက်သုံးကြသော လူပျို၊ လူရွယ်၊ လူလည်၊ လူလတ် များ၏ ကားအရေအတွက်က နည်းနည်း နောနော မဟုတ်။ ဆလွန်းများ၊ ပစ်ကပ်များ၊ ဆ နံပတ်ကနေ ည နံပတ်၊ ယာ ယီနံပတ်အထိ အမျိုးစုံ ပါဝင်သည်။

ထို့နောက် အသွေးစုံ၊ အရောင်စုံ၊ အမျိုးစုံ မော်တော် ဆိုင်ကယ်များ၊ သည်လောက်မစာတ်နိုင်သည့် သာမန် လုပ် သားပြည်သူ အနွယ်ဝင် ကာ လ သား လေး များ က လည်း လက်ဖက်ရည်တစ်ခွက်အရသာနှင့် ဘယ်လိုမှ မကာမိသည့် ဆယ်မိုင်ခရီးကို စက်ဘီးများ စီးလာသည်။

စင်စစ် ထိုတိုးပွားလာသည့် စားသုံးသူဦးရေ အားလုံး လိုလိုသည် ရတနာနှင့် သီရိတို့၏ အဓိက ပရိသတ်ချား။

ပဲခူးမြို့ပေါ်တွင် သည့်ထက်ကောင်းသည့် လက်ဖက်ရည် ဆိုင် သိန်းနှင့်ချီရှိနေနိုင်လျက် ဤမျှ တကူးတက လာရောက် ကြခြင်းမှာ လက်ဖက်ရည်ထက် ရတနာနှင့် သီရိတို့အလှကို လာရောက် သောက်သုံးလိုကြခြင်း ဖြစ်ကြောင်းကသည်း သိပ် ထင်ရှားသည်။

ပေ လေးဆယ်ပတ်လည် ဆိုင်နေရာရှိ စားပွဲခုံ အားလုံး မဆန့်တော့သည့်အပြင် ဆိုင်ရှေ့ ခြံပြင် လမ်း ဇ ရိ ယာ မြေ ကွက်များတွင်ပါ စားပွဲခုံ အစုံ သုံးဆယ်လောက် တိုးချဲ့ ကျူး ကျော် နေရာယူထားရသည်။

သည်လို မနက်ခင်းမျိုးဆိုလျှင် ဆိုင်အလုပ်သမားများနှင့်ပင် မလုံလောက်တော့ဘဲ ခြံထဲက အလုပ်သမား နှစ်ယောက် သုံးယောက်နှင့် ရတနာပါ ဝိုင်းကူပေးရသည်။

ရဲထွတ်ကိုယ်တိုင်ပင် ပဲခူးက ကျွမ်းကျင်အဖျော်သမားတစ်ယောက် ကမန်းကတန်းရှာငှားလွှဲထားပြီး လွယ်အိတ်တစ်လုံးလွယ်၍ ပိုက်ဆံလိုက်သိမ်းတာပဲ လုပ်နိုင်တော့သည်။

"ဘာသောက်မလဲ"

"နို့"

"နို့စစ်စစ် နှစ်ခွက် ပေးပါ"

"အားသုံး နို့ချည်းပဲ လေးခု။ အဲ....လေးခွက်"

ရောင်းအကောင်းဆုံးနှင့် အတွင်ကျယ်ဆုံးကတော့ နွားနို့ပင်။ ခြံနီးချုပ်စပ်က နို့စားနွားမတွေဆီက ရသမျှ တစ်စက်မှ မကျန်အောင် ကုန်သည်။

လက်ဖက်ရည် ကော်ဖီထက် နို့ကို ပိုမှာယူသောက်သုံးခြင်းက ရိုးသားစွာ မဟုတ်မှန်းလည်း သိသာ၏။ မည်သူတစ်ဦးတစ်ယောက်မှ နွားနို့ဟု မမှာ။

အလွန်အကျွံသုံးစွဲမှ နို့ကြက်ဉ။

တချို့ ဘရုတ်ကျသော ကောင်လေးများနှင့် သီရိနှင့်ကတော့ များစွာ အံဝင် ခွင်ကျသည်။

"ညီမလေး၊ နို့ကောင်းလား။ စစ်ဒကာ စစ်ရဲ့လား"





"သိပ်စစ်၊ သိပ်ကောင်းတာပေါ့။ နွားမစစ်စစ်က ထွက်တဲ့ နွားနို့ချည့်ပဲ။ တစ်ပတ်လောက် ဆက်သောက်ရင် ချိုတစ်လက်မ ထွက်လာလိမ့်မယ်။ သဘာဝပေါက်"

သို့သော် ဒါတွေကိုပင် သူကောင့်သားလေးများကလည်း တဟဲ ဟဲ ရယ်ရင်း ကျေနပ်နေကြသည်။

သူတို့ ကျေနပ်ပြီဆိုလျှင် ရဲထွတ်က အလိုက်သင့် ပိုက်ဆံလိုက်သိမ်းလိုက် ရုံသာ။

နယ်မှာတုန်းက အတော် ရောင်းရခဲ့သည်ဆိုသော ကိုဘမင်းဆိုင်နှင့်များ ဘာမှမဆိုင်တော့ဟု ရဲထွတ် အံ့ဩသည်။

ရတနာနှင့် သီရိတို့၏ အရှိန်အဝါ ဘယ် လောက် ကြီးကြောင်းကိုလည်း ထိုအခါမှ သိရသည်။ ဒါတောင် သူတို့နှစ်ယောက်က ဘာမှ ပလီပလာတွေ လုပ်နေကြသည်မဟုတ်။

သီရိက ကောင်တာတွင်ထိုင်၊ ရတနာက အနားတွင်ရပ်ပြီး ဘယ်သူ ဘာမှာလည်း ဘယ်စားပွဲမိုက်ဆံမပေးရသေးဆိုတာ လောက် ကြည့်ပေးသည့်ကိစ္စ။ အဲ ... မော်ဒန်ဖက်ရှင်နည်းစနစ်များကို အသုံးပြုပြီး လှပစွာ ဝတ်စား ပြင်ဆင်ထားခြင်း တစ်ခုသာ ရှိသည်။

ဒါက လက်ဖက်ရည်ဆိုင် အပိုင်း။

တချို့ လက်ဖက်ရည်သောက်ပြီး ပန်းခြံဘက်လည်း ဝင်၍ ရတနာ့ဖောက်သည်အဖြစ် သီးသန့်ရင်းနှီးရန် ကြိုးပမ်းကြသေးသည်။

ပန်းခြံကိစ္စ ပေါ်လာလျှင် ရတနာက သွားရောက် ပညာပြသပေးရသေး၏။

*

''ပန်းလေးတွေက သိပ်လှတာပဲကွာ။ အရမ်းလိုချင်တယ်''

''ရပါတယ်။ နှင်းဆီပန်းက တစ်ပွင့်သုံးကျပ်။ တစ်ခင်းလုံးမှာ အပင်သုံးရာကျော် ရှိတယ်။ ကြိုက်တဲ့အပင်က ရွေးယူ''

''တို့က မရွေးတတ်ပါဘူးကွာ။ ရတနာ ခူးပေးရင် ဘာပန်းဖြစ်ဖြစ် လိုချင်တာပဲ''

''ရပါတယ်။ ဘယ်နှစ်ပွင့်လဲ''

''စေတနာရှိသလောက် ခူးပေး''

''ကောင်းပြီလေ။ တစ်ပွင့် သုံးကျပ်ဆိုတော့ ဆယ်ပွင့် သုံးဆယ်ကျတာပေါ့။ ငွေလက်ငင်း အရင်ရှင်းပါ''

''ဟာ....ရပါတယ်။ ဒါလေးများ''

ရတနာ ပိုက်ဆံသုံးဆယ် ယူသည်။ လက်ထဲမှ အလွန်ထက်၍ ပြောင်လက်ချွန်မြနေသော ကတ်ကြေးလေးဖြင့် လည်း





ဆယ်ပွင့် ကြိုသလို ညှပ်ခူး၍ ပလပ်စတစ်အိတ်ဖြင့် ထည့်ပေးသည်။

ပြီးမှ သွားရေကွင်းဖြင့် ပလပ်စတစ်အိတ်အဝမှ စုချည်ပြီး 'အိပ်မက်နှင်းဆီ'ဟု စာတမ်းလေး ရိုက်နှိပ်ထားသည့် စက္ကူကတ်ပြားလေး တွဲပေးလိုက်သည်။

''ဒီစာတမ်းလေးပေါ်မှာ ရတနာ လက်မှတ်ထိုးပေးလို့ မရဘူးလား''

''အဲဒီအထိကတော့ ရပါတယ်၊ လက်မှတ်တစ်ခုကို တစ်ရာ ကျပါတယ်။ အဲဒါထက် ပိုလာရင်တော့ ရင်ဝပည့်တည့်ကို ဒီကတ်ကြေးနဲ့ ထိုးဖို့ အဆင်သင့် ရှိပါတယ်''

''အို....တိုး ဒီလိုလား။ ဒါဖြင့် လက်မှတ်ပဲ ထိုးပေးပါဗျာ။ တို့အတွက် ဒီလက်မှတ်က တစ်ရာမဟုတ်ဘူး။ တစ်ထောင်ပေးရလဲ မိုင်နာပါ''

''ဒါဖြင့် တစ်ထောင်ပေးပါ''

ပုံမှန် ဖြစ်လေ့ ဖြစ်ထမရှိသော်လည်း ရတနာ့အပိုင်းမှာ ဒါမျိုးလေးတွေလည်း ရှိသည်။

သည့်ထက် ပိုဆိုးတာတွေလည်း ရှိသည်။

''တို့အတွက်လဲ နှင်းဆီတစ်စည်းပေးပါ ရတနာ''

''မရှိတော့ဘူး တော်မီ။ ဒီမနက် ပန်းတွေ အကုန်လုံး ပြတ်သွားပြီ''

''ဟာ....မဖြစ်ဘူးကွာ။ ရှိတာပေး''

''ရှိတာဆိုရင် နှင်းဆီကိုင်းပဲ ကျန်တော့တယ်ကွ''

''အဲဒီကိုင်းက ဘာလုပ်လို့ရလဲ''

''အိမ်ရောက်ရင် ပြန်စိုက်ထားပေါ့။ ကံကောင်းရင် အပင်ရှင်ပြီး အပွင့်တွေ ပွင့်လာမှာပေါ့''

''မျှော်လင့်ချက်ရှိတယ်ဆိုတဲ့ သဘောပေါ့''

''ကံပေါ့ တော်မီ''

''အဲ့ဒါဆို တို့ကို နှင်းဆီကိုင်းတွေပဲ ပေးကွာ။ ကျ သလောက် တို့ပေးမယ်။ ကျသလောက်မဟုတ်ပါဘူး ထောင့် ငါးရာဖိုးပေး''

''ငွေ လက်ငင်း အရင်ရှင်း တော်မီ''

''ဟာ....ရပါတယ်ရော့၊ ထောင့်ငါးရာ အသစ်စက်စက်လေး။ ဘဏ်ထုပ်၊ ပက်ကင်''

''ကျေးဇူးတင်ပါတယ် တော်မီ။ အကိုင်းလေးတွေ နည်းနည်းခြောက်နေရင်တော့ ခွင့်လွှတ်နော်။ ရတနာတို့လဲ မိုးဦးကျခါနီး အကိုင်းရင့် အကိုင်းခြောက်တွေ ဖြတ်ပေးဖို့ အချိန်နီးနေဘာနဲ့ အတော်ပဲ''

''ဟယ် .... မမ၊ နင် ဒါဖြင့် တော်မီ့ကို အ ကိုင်း တွေ ဒီတိုင်းဖြတ်ပြီး ပေးလိုက်တာပေါ့''

နေ့ခင်းကျတော့ လူ နည်းနည်း ပါးသွားသဖြင့် ထမင်းစားကြရင်း ရတနာက အတွေ့အကြုံများ ပြန် ပြော ပြသည်။ သီရိက တအံ့တဩနှင့် မေးသောအခါ ရတနာက ရယ်ပြီး —





''အေးပေါ့၊ ငါ အမြင် ကတ် ကတ် နဲ့ ခြောက် နေ တဲ့ အကိုင်းတွေ ပိုးစားနေတဲ့အရွက်တွေပါတဲ့ အကိုင်းတွေချည့် တစ်ပင်ရွေးပြီး ဖြတ်ပေးလိုက်တယ်။ အဲ့ဒီကောင်တွေ မလွယ်ဘူးကွ။ သိပ်ကဲတာ။ နည်းနည်း ပညာပေးထားမှ''

''ဒုက္ခပါပဲဟာ။ တော်မီဆိုတဲ့ကောင်ကလဲ ပေါလိုက်တာ။ ဒါဖြင့် နင် ပွတာပေါ့''

''အား... တစ်သက်လုံး မပွဘူး။ ဒီလိုရတဲ့ ပိုက်ဆံလဲ ငါ ဘာသာငါ ဘယ်တော့မှ မသုံးဘူး။ ခြံ စာ ရင်း ထဲ မှာ ပဲ အကုန်ထည့်ထားတယ်။ အဲဒီ ငွေစက္ကူအသစ်ထုပ်ကိုလဲ သတ်သတ်ဖယ်ထားတယ်။ ရွာထဲက နောက်ချေးဝယ်တဲ့ အခါကျ တမင် ထည့်ပေးဖို့''

ရဲထွတ်က သူတို့စကားများကို နားဆောင်ရင်း ပြုံးနေမိသည်။

တစ်ယောက်က ဆယ့်ခုနှစ်နှစ်ကျော်ကျော်၊ တစ်ယောက်က ဆယ့်ငါးနှစ်ကျော်ကျော်၊ အမှန် စင်စစ် နှစ် ယောက်စလုံး ကလေးတွေမျှသာ ဖြစ်သည်။

မိဘ ပိုက်ဆံချမ်းသာခြင်း၊ ငယ်ရွယ်နုပျို လှပခြင်း၊ ခေတ်အလိုက် ဆင်ယင်ထုံးဖွဲ့ ဝတ်စား တတ်ခြင်းတို့ ကြောင့် သာကောင်လေးတွေကလည်း အသည်း အသန် ဖြစ်နေကြခြင်း ဖြစ်သည်။

ပြီးတော့ ဒါတွေက သူတို့ ငယ်ချင်း ဖြစ်သည့်ကိစ္စ။

သူ့ဘက်ကတော့ များပြားလာသော စားသုံးသူများ အပေါ် ပိုမိုဂရုစိုက်ခြင်း၊ စားကုန်ပစ္စည်း၏ အရည်အသွေး

ပိုမိုကောင်းမွန်အောင် လုပ်ခြင်းတို့ဖြင့် ဤပရိသတ်ကြီးကို ဆက်လက် ထိန်းသိမ်းထားရမည် ဖြစ်ကြောင်း သဘော ပေါက်သည်။

''ကိုကို ဘာငေးနေတာလဲ ထည့်စားလေ။ ဟင်းတွေက ဒီတိုင်း အလှကြည့်ဖို့ထားတာ မဟုတ်ဘူး....ရှေ့''

သူ့အတွေးနှင့်သူ ငေးနေဆဲ ရတနာက ဆတ်ခနဲ ဟင်းများခတ်၍ သူ့ပန်းကန်ထဲ ပုံပေးသည်။

ရဲထွက်ပြုံး၍....

''ရတယ် ရတနာ။ စား....စား။ ရတနာစော့ သိရှိတို့ ငါ့ညီမတွေပဲ ဝအောင်စား။ ခုလောလောဆယ် ဒီဟင်း တွေက ငါ့ညီမတို့မျက်နှာနဲ့ ရှာရသားတာ''

''ဟုတ်ပ ကိုကိုရာ။ ဖြတ်ပြီးလွှင့်ပစ်ရမယ့် နှင်းဆီပန်း ကိုင်းခြောက်တွေကိုတောင် မိုက်ဆံ ဆောင့်ငါးရာရအောင် ရောင်းပစ်တယ်။ အဲဒီမမကတော့ စံပဲ''

ထမင်းဝိုင်းလေးမှာ ရယ်သံများဖြင့် ဆူညံနေ၏။

*



( ၅ )

''တစ်ယောက်နဲ့တစ်ယောက်အပေါ် အသဲအသက်တမျှ ရေမြေဆုံးတိုင် ယုံကြည်ကြ....ဟိုးရှေ့မှာလမ်းကလေးတပျ.... လှမ်းသွားရတာမွှေးမွှေးမြ....

အချစ်ဦးရေ... သောကဟူသမျှ အတူသက္ကမျှခံစားဝေ အသည်းနှလုံးက ဒီလောက်ချစ်ကြ.... အချစ်ဦးရေ....''

နှစ်စဉ် သင်္ကြန်ပွဲတော်ရက်များမှာတော့ ဆိုင်ကော ခြံတော အရောင်းပိတ်၍ နားသည်။

ခြံအလုပ်သမား မိသားစုများလည်း ကိုယ့်အစီအစဉ်နှင့် ကိုယ် လည်ချင်လည်၊ မလည်ဘဲ ကျန်ခဲ့သူများကလည်း ရဲထွက် ဦးစီးပေးသော အစီအစဉ်ဖြင့် ခြံထဲမှာပင် မုန့် လုပ်စား ရေပက်ကစား ပျော်ကြသည်။

ထိုရက်များမှာ ရတနာတို့မိသားစုလည်း တစ်အိမ်လုံ
ဤခြံထဲမှာပဲ လာနေသည်။ သည်ဘက်ပိုင်းမှာ သီရိက
ဆယ်တန်းတက်ပြီး၊ ရတနာက ပဲခူးကောလိပ်မှာ တက
သည်။ အရင်ကလို အချိန်ပြည့်မလာနိုင်ဘဲ ကျောင်းပိတ
ရက်နှင့် အဆင်ပြေသလိုသာ လာသည်။

ခု နွေကျောင်းပိတ်ရက်မျိုးမှာတော့ အချိန်ပြည့်နီးပါ
ရှိပြီး တစ်ခါတလေ ညအစ်မနှစ်ယောက် ညလာအိပ်သည
အခါမျိုးတွေပင် ရှိသည်။ သည်ခြံပရဝဏ်မှာတော့ ဘာ
ပြဿနာမှမရှိ။ ဘာအန္တရာယ်မှလည်း မရှိသဖြင့် လူကြီးတွေ
ကလည်း စိတ်ချသည်။

ခုလည်း သစ်ခွစင်များရှိရာဘက်၊ ပိ တောက် ပင် ကြီ
အောက်မှာ ညီအစ်မနှစ်ယောက် ဂီတာတီးပြီး သီချင်
ဆိုနေကြသည်။

ဥပုသ်စောင့်ထားသော အန်တီဒေါ်ခင်မြရင်နှင့်ဦးအော
မွန်၏ အစ်မ အပျိုကြီး ကြီးမေတို့က အိမ်ပေါ်မှာပဲ လ
နေကြသည်။

ပိတ်ထားသော အိပ်မက်နှင်းဆီ ဆိုင်လေးထဲမှာ ဆက်တ
ကုလားထိုင် နှစ်လုံးချ၍ အေးအေးဆေးဆေး စကားပြေ
နေကြသူတွေက ဦးအောင်မွန်နှင့် ရဲထွတ်။

''မောင်ရဲထွတ်နဲ့ တွေ့ရတာကော၊ မောင်ရဲထွတ်ခြံ
သမီးတွေက စိတ်ဝင်စားပြီး အလုပ်လုပ်ခွင့်ရနေတာကော





ဦးတော့ အရမ်းသဘောကျတယ် မောင်ရဲထွတ်။ မောင်ရဲ
ထွတ်ကိုလဲ ကျေးဇူးတင်ပါတယ်''

''ဟာ — မဟုတ်တာ ဦးကလဲ၊ ဒီကိစ္စက ကျေးဇူးတင်စရာ
မလိုပါဘူး''

''လိုတယ် မောင်ရဲထွတ်။ ဒီကိစ္စရဲ့ တကယ့်အခြေအမြစ်
ကို မောင်ရဲထွတ်မှ သေချာမသိတာ။ ရတနာနဲ့သီရိ၊ အထူး
သဖြင့် ရတနာပေါ့ကွာ။ တကယ်လို့သာ မောင်ရဲထွတ်နဲ့
တွေ့ပြီး ဒီလိုလုပ်ငန်းတွေ ဘာတွေ လုပ်ဖို့ ဖြစ်မလာခဲ့ရင်
သူ့အခြေအနေဟာ ခုချိန်မှာ တစ်မျိုး ဖြစ်ကောင်းဖြစ်နေ
နိုင်တယ်''

''ဘာဖြစ်လို့လဲ ဦး''

''ဘာဖြစ်လို့လဲဆိုတော့ ပြောရရင် ရတနာ့အနေအထား
က မလွယ်ဘူး မောင်ရဲထွတ်။ မိဘတွေကလဲ အရမ်း အလို
လိုက်ထား၊ အရွယ်ကလေးကလဲ ရောက်လာ၊ စိတ်ကကစား
ချင်ကလေးကလဲချော ရဲကလဲ ရဲရဲတင်းဘင်းလေး ဆိုတော့
ဆယ်တန်းနဲ့ ဆယ်တန်းဖြေပြီးစလောက်မှာ အရမ်း လွတ်
လာတယ်။

''မော်တော်ဆိုင်ကယ်တစ်စီးနဲ့သွားချင်သလိုသွား၊ ဝတ်
တာ စားတာ နေတာထိုင်တာကလဲ အရမ်းသွက်လက်ပြီး
ခေတ်ဆန်လာတယ်။ ယောကျ်ားလေး အပေါင်းအသင်း
တွေနဲ့လဲ တရုန်းရုန်း။ ဆိုလိုတာက သူ့ကိုထိန်းဖို့ ခက်လာ

တယ်။ ကြာရင်လဲ လူကြီးတွေ စိတ်ဆင်းရဲရမယ့်ကိစ္စတွေ အများကြီး ဖြစ်လာနိုင်တယ်။

''အဲဒီအချိန်မှာ ကံအားလျော်စွာ ဒီခြံကို သူတွေ့ပြီး ဒီဘက် အာရုံပြောင်းသွားတော့ ဦးဖြင့် ငြိမ်းသာလိုက်တာ။ အဲဒါနဲ့ ငွေကြေးပိုက်ဆံထက် သားသမီးနောင်ရေးက ပို အရေးကြီးတယ်ဆိုပြီး တခင်သက်သက် မောင်ရဲထွဋ် လုပ်ငန်းထဲ ငွေတစ်သိန်းထည့်ပြီး ဦး တမင် ဖန်တီးလိုက်တာ။

''ဒီလုပ်ငန်းမှာ ဦး တာအမြတ်အစွန်းမှ မလိုချင်ပါဘူး။ သူတို့ပုံစံလေးတွေ ပြောင်းသွားတာနဲ့ပဲ ဦးဘဝမှာ တန်ဖိုးမဖြတ်နိုင်တဲ့ အမြတ်အစွန်းတွေ ရလိုက်ပါပြီ''

''ခုတော့ ဒီကိစ္စကို စိတ်အေးအေးသာထားပါတော့ ဦး။ သူတို့ အများကြီး တည်ငြိမ်သွားပါပြီ။ လုပ်ငန်းထဲမှာပဲ စိတ်ကရှိပြီး လုပ်ငန်းအပေါ်မှာ သူတို့ စွမ်းဆောင်နိုင်တာလေးတွေအတွက်လဲ သူတို့ သိဝ်ဝမ်းသာတယ်။ ဂုဏ်လဲ ဂုဏ်ယူတယ်''

''ဟုတ်တယ် မောင်ရဲထွဋ်၊ ဦးလဲ သတိထားမိပါတယ်။ အမှန်တော့ ဒါပါပဲလေ။ လူငယ်တွေဆိုတာ တိုးတက်ချင်တယ်၊ တီထွင်ချင်တယ်၊ သူတို့အစွမ်းအစနဲ့ အောင်မြင်မှုလေးတွေ ရချင်တယ်။ ကိုယ့်လက်ကိုယ့်ခြေ ကိုယ့်ဦးနှောက်နဲ့ ကိုယ် လွတ်လွတ်လပ်လပ်လုပ်ရတာကို ကျေနပ်တယ်။





အားရတယ်။ မောင်ရဲထွဋ် ကိုယ်တိုင်လဲ ဒီသဘောမျိုးနဲ့ ဒီလိုအခြေအနေဖြစ်အောင် လုပ်လာခဲ့တာပဲ မဟုတ်လား''

''ဟုတ်ပါတယ် ဦး''

''ကနေ့ တို့တိုင်းပြည်က လူငယ်တွေအတွက်လဲ တတ်နိုင်တဲ့ မိဘတွေက မတတ်နိုင်တဲ့ မိဘတွေအတွက်ဆိုရင်လဲ နိုင်ငံတော်က တာဝန်ယူပြီးတော့ လူငယ်တွေအတွက် ဒါမျိုး လမ်းစလေးတွေ ဖွင့်ပေးစေချင်တယ်ကွာ။ ဒီလိုဟာမျိုး လေးတွေ မရှိတော့ ကလေးတွေမှာ မျှော်လင့်ချက် ပျောက်ပျောက်ပြီး အဝတ်အစားတို့ ယဉ်ကျေးမှုတို့ဘက်မှာ သွားပြီး ထင်ရာစိုင်းကြတယ်။ အဲဒီအခါကျတော့လဲ လူကြီးတွေက မထိန်းချုပ် မဖြစ် ထိန်းချုပ်ရပြန်ရော။ ဒီတော့ လူငယ်တွေနဲ့ လူကြီးတွေကြားမှာ ကွာဟမှုက ကြီးလာပြန်ရော။

''တို့တိုင်းပြည်မှာလူငယ်တွေရဲ့ အစွမ်းအစဟာ အုပ်ထိန်းအုပ်ချုပ်တဲ့ သူတွေရဲ့ အားနည်းချက်ကြောင့် အများကြီး အလဟဿ ဖြစ်ရတယ်''

ဦးအောင်မွန်စကား နားထောင်ရင်း ဟစ်ဖက်ကလည်း ဂီတာလေးတီး သီချင်းလေးဆိုရင်း သူတို့ဘာသာ သူတို့ လွတ်လပ်ပျော်ရွှင်နေကြသည့် ရတနာတို့ဘက်ကိုလည်း လှမ်းကြည့်သည်။

ရဲထွဋ် စိတ်ထဲမှာ မဟာလောကအောင်မြေကျောင်းမှ စခဲ့ရသည့် သူ့ဘဝကိုလည်း သူ ပြန်အမှတ်ရနေမိသည်။

ရတနာ့ မျက်နှာလေးကို မြင်ရင် သီ့ကိုလည်း သတိရ မိသည်။

သူကတော့ ဒီဘဝမှာ ဒီလိုဖြစ်နေပေပြီ။

သီကကော....ဘယ်ဘဝမှာ ဘာတွေဖြစ်နေပြီနည်း။

သီနှင့်ပတ်သက်သော ဝေဒနာများ အဟောင်းကနေ အသစ်မဖြစ်ချင်သောကြောင့် သူ ရန်ကုန်ကိုပင် သိပ်မသွား ဖြစ်။ မသွားမဖြစ်၍ သွားရလျှင်လည်း မ ဟာ လော-က အောင် မြေ ကျောင်း ရှိ ရာ မြို့နယ်ဘက်သို့ ခြေဦး ပင် မလှည့်။

ဆရာတော်ကို ဖူးချင်သည့်ဆန္ဒ ပြင်းပြသည့်တိုင် သူ့စိတ်ကို ချိုးနှိမ်ထားခဲ့သည်။

ခုနေခါ သည်လုပ်ငန်းလေးကို ရတနာတို့မိသားစုနှင့် ပျော်ရွှင်စွာ တွဲလုပ်နေရသလို သီတို့မိသားစု၊ သူငယ်ချင်း စိုးလွင်၊ အဘဦးဗလ စသည်တို့နှင့်သာ တွဲ့လုပ် ရ ပါ က ဘယ်လောက်များ ပျော်စရာကောင်းလှမည်နည်း။

ရဲထွတ် မျက်ရည်များဖင် ဝဲလာသည်။

''ဒါထက် မောင်ရဲထွတ်ရကော ဒီလိုပဲ တစ်ကိုယ်တော် နေသွားတော့မလား။.အိမ်ထောင်တွေ ဘာတွေ မပြုတော့ ဘူးလား''

ဦးအောင်မွန်က လှမ်းမေးမှ သတိပြန်ဝင်သည်။

''ကျွန်တော် တက္ကသိုလ် စာပေးစာယူသင်တန်းနဲ့ ဘွဲ့ တစ်ခုတော့ ရအောင် ကြိုးစားချင်သေးတယ် ဦး။ ဘာ





ပြောပြော လောကမှာ ငွေကြေးတစ်ခုတည်း အဆင်ပြေရုံနဲ့ ပြည့်စုံပြီလို့ ကျွန်တော် မသတ်မှတ်ချင်ဘူး။ စီးပွားရေးဆ တာ ကြွေတစ်လက် ကြက်တစ်ခုန် သဘောမျိုး ရှိတာမဟုတ် လား။ ကိုယ်ပိုင် ဥစ္စာဖြစ်တဲ့ ပညာကိုလဲ အထိုက်အလျောက် တော့ ကျွန်တော် ရှာချင်သေးတယ်''

ဦးအောင်မွန်က ခေါင်းညိတ်၍—

''အတော်မှန်တဲ့ ဆုံးဖြတ်ချက်ပါ မောင်ရဲထွတ်။ လုပ် ငန်းတစ်ဖက်နဲ့ ပညာရှာရတာဆိုတော့ နည်းနည်းတော့ ပင်ပန်းမှာပေါ့။ ဒါပေမယ့် မောင်ရဲထွတ် အသက်က ခုမှ ၂၄ နှစ်။ အများကြီး ကြိုးစားချိန်ရပါသေးတယ်။ အင် မောင်ရဲထွတ်ဘွဲ့ရပြီးချိန်နဲ့ ရတနာဘွဲ့ရချိန် အတူတူလောက် သွားဖြစ်မှာပဲ''

''ဟုတ်ပါတယ် ဦး။ အတူတူပါပဲ''

''အေးကွာ.... ဒီစကားတွေဟာ မောင်ရဲထွတ်နဲ့ ဦး တိုက်ရိုက်ပြောရမယ့် စကားတွေတော့ မဟုတ်ပါဘူး။ ဖြစ် သင့်တာကတော့ မောင်ရဲထွတ်ရဲ့ မိဘအုပ်ထိန်းသူတွေနဲ့ ပြောရမှာပါ။ ဒါပေမယ့် မောင်ရဲထွတ် ဘဝအခြေအနေ လဲ ဦးကသိထားတာဆိုတော့ နေရာတိုင်းမှာ အစဉ်အလာ ကို လိုက်နာလို့ မဖြစ်တော့ဘူးပေါ့။ ဦးပဲ မောင်ရဲထွတ်ရဲ့ မိဘ အုပ်ထိန်းသူ နေရာကဝင်ပြီး ဘာချို့စကားတွေ ပြော ရမှာပဲ''

''ပြောပါ ဦး''

''တခြားမဟုတ်ပါဘူးကွာ။ ခုနပြောတဲ့ မောင်ရဲထွတ်ဘွဲ့ရချိန်မှာ သမီးနဲ့ မောင်ရဲထွတ်ကို လက်ဆက်ပေးချင်စိတ် ဦးမှာရှိတယ်''

''ဗျာ''

ရဲထွတ် အလန့်တကြား ဖြစ်သွားသည်။

ဦးအောင်မွန်ကိုလည်း မယုံနိုင်သောမျက်နှာဖြင့် လှမ်းကြည့်လိုက်မိ၏။

❋

''ဟုတ်တယ် မောင်ရဲထွတ်။ ပွင့်ပွင့်လင်းလင်းပြောရရင် သမီးလို မိန်းကလေးတစ်ယောက်အတွက် အ ဖြစ် သင့် ဆုံး အိမ်ထောင်ဘက်ဟာ မောင်ရဲထွတ်လို လူမျိုးပဲ။ သမီးရှင်ဖခင်တစ်ယောက်အနေနဲ့ ဒီစကားမျိုးပြောရတာဟာ အစဉ်အလာ မျက်စိနဲ့ကြည့်ရင် တစ်မျိုးတော့ ဖြစ်နေမလားဘဲ။ ဒါပေမယ့် ဦး ဒီကိစ္စကို သေချာစဉ်းစားဖြီးမှ ပြောတာပါ။

''ဒီကိစ္စကို သမီးလဲမသိသေးပါဘူး။ မောင် ရဲ ထွတ် ရဲ့ သဘောထားကို အရင်ညှိနိူင်းကြည့်မယ်။ အဆင်ပြေမှ သမီး





ကိုပြောပြမှာပါ။ ဦး အချိန်ယူတာ သိပ်စောလွန်းချင် စောလွန်းနေမယ်။ ဘာပဲဖြစ်ဖြစ်လေ ဦးသဘောကတော့ ခုချိန်မှာ မောင်ရဲထွတ်မှာကော သမီးမှာကော ရည်ရွယ်ထားတဲ့သူတွေ မရှိကြသေးဘူး။

''လက်ခံစဉ်းစားမယ်ဆိုရင် စဉ်းစားနိုင်ကြသေးတဲ့အချိန်မို့ နောင် သုံးလေးနှစ်မှ ဖြစ်လာမယ့်ကိစ္စကို ခုကတည်းက ကြိုတင် မြင်ဆင်ကြည့်တာပါ။ နောက်တစ်ခုက ဒီကိစ္စကို မောင်ရဲထွတ်ကော သမီးပါ ကိုယ့်ဆန္ဒအလျောက် လက်ခံစဉ်းစားတာမျိုးလဲ ဦး ဖြစ်စေချင်တယ်''

''ရတနာ့သဘောကကော ဘယ်လိုလဲ ဦး''

''လောလောဆယ် သမီးမှာ ချစ်သူတို့ ရည်းစားတို့ မရှိသေးတာတော့ သေချာတယ် မောင်ရဲထွတ်။ မောင်ရဲထွတ်အပေါ်မှာလဲ တလေးတစားနဲ့ ခင်ခင်မင်မင်ရှိတာ ဦးတွေ့ရတယ်။ တကယ်လို့ မောင်ရဲထွတ်ကလဲ ဦးဆန္ဒကို လက်ခံမယ်ဆိုရင်တော့ သမီးကိုယ်တိုင် မောင်ရဲထွတ်အပေါ် ချစ်ခင်မြတ်နိုးမှုရှိလာအောင် မောင်ရဲထွတ် ကြိုးစားပေါ့။

''အချိန်တွေ အများကြီး ရတာပဲ။ သမီး သဘောမတူဘဲနဲ့တော့ ဦးလဲ ဘာတစ်ခုမှ ဇွတ်မလုပ်ပါဘူး''

''ကျွန်တော် နားလည်ပါပြီ ဦး။ ဦး ဖြစ်စေချင်တဲ့ဆန္ဒကို ကျွန်တော် အလေးအနက်စဉ်းစားပြီး ရတနာ့ သဘောကိုလဲ ကျွန်တော် တီးခေါက်ကြည့်ပါမယ်။ ဒီကြားထဲမှာလဲ ရတနာ့

ပညာရေး မထိခိုက်ရအောင် ကျွန်တော် ထိန်းသိမ်းစောင့်ရှောက်ပေးပါ့မယ်''

''ဦး ဖြစ်စေချင်တာလဲ အဲဒါပါပဲ မောင်ရဲထွတ်။ ဒီကိစ္စကို သူ့ အမေနဲ့လဲ ဦး ညှိနှိုင်းပြီးသွားပါ''

သကြ်န်တွင်း ရေပက်ခံ၊ ဘုရားဖူးသမားများဖြင့် ပဲခူး ရန်ကုန် လမ်းမပေါ်တွင် ကားများအဆက်မပြတ် ရှိနေသည်။

ကားများပေါ်မှ ဟေးဟေးဝါးဝါး အော်ဟစ်သွားကြသော အသံများသည်လည်း ခြံထဲအထိ ပျံ့လွင့်လာသည်။

သည်လိုအချိန်မှာ မိမိဘဝအတွက် အရေးကြီးသော အကြောင်းအရာဇာတ်ရပ်ကို လုံးဝ မျှော်လင့်မထားဘဲ ဆွေးနွေးဖြစ်နေခြင်းအတွက် ရဲထွတ် ကိုယ့်ကိုကိုယ် အံ့ဩမိသည်။ ပိတောက်တွေ ပွင့်နေသော ခြံရှေ့က အပင်ကြီးကို လှမ်းကြည့်လိုက်မိ၏။

*

(၆)

''ရတနာ....''

''ဘာလဲကိုကို''

''မနက်ဖြန် ကိုကို ရန်ကုန် ခဏသွားမလို့။ အဲဒါ မလည်ရ မပတ်ရတာလဲကြာလို့ ဘု ရား လေး ဘာ လေး ဖူး ရင်း လျှောက်လည်ချင်တယ်။ ရတနာ လိုက်ခဲ့မလား''

''အံမယ်.... အထူးအဆန်းပါလား။ တစ်ခါမှ ရတနာ့ကို မခေါ်ဖူး ကိုကိုက ရတနာ့ကို တကယ်ခေါ်မှာမို့ လို့လား''

''အင်းပေါ့''

''ရတနာ တစ်ယောက်တည်း လိုက်ခဲ့ရမှာလား''

''တစ်ယောက်တည်းပေါ့''

''အင်း....လိုက်မယ်။ ဖေဖေတို့ကိုကော ပြောခဲ့ရမလား''

''မပြောပါနဲ့။ ဒီအတိုင်းပဲထွက်ခဲ့။ နောက်သိသွားတော့ပဲ ကိုကို ကြည့်ပြောလိုက်မှာပေါ့''

''အို‌ကေ.... ကိုကို့ကားနဲ့သွားမှာ မဟုတ်လား''

''ဟုတ်တယ်။ ရတနာ ထမင်းဘူးယဲ ထည့်မလာနဲ့။ လမ်းမှာ ကြုံသလိုပဲ စားမယ်။ အချိန်ရရင် ရုပ်ရှင်လေး ဘာလေးလဲ ဝင်ကြည့်ရအောင်''

''ဟာ.. ဟ.... သိပ်ကောင်းတဲ့ အစီအစဉ် ပေါ့။ ကိုကို မဆိုးဘူး။ ခါတိုင်းလို စက်ရုပ်ကြီးနဲ့ သိပ်မတူ တော့ ဘူး။ ကြည့်ရင်း ကြည့်ရင်း လူနဲ့တူလာပြီ။ ဟား ဟား''

မဆိုးဘူး ရတနာ။ ကိုယ်လဲ အခြေအနေက မျှော်လင့်ထားတာထက် ပိုလှပနေပါတယ်ဟု တွေးရင်း ရဲထွတ်ကလည်း ပြုံးလိုက်၏။

*

ဂရော.... ဂရော....ဟု အသံမြည်ပြီး အလူမီနီယမ်ဖရိမ်တပ်မှန်တံခါးကြီးက သူတို့ရှေ့ ရောက်သည်နှင့် အလိုလို ပွင့်သွားသည်။

''အာ... မိတယ်ကွာ။ အဲဒီတံခါးကြီးကို ရတနာ သိပ်သဘောကျတာပဲ။ အရင်တစ်ခါ ဖေဖေတို့နဲ့ မဂ်လာဆောင်





င်းလျှားလိတ်ကို လိုက်လာတုန်းကတည်းက သဘောကျတာ။ ဒါနဲ့နေပါဦး။ ကိုကိုက ဘာဖြစ်လို့ အင်းလျှားလိတ်တယ်ထဲ ဝင်လာရတာလဲ။ မင်္ဂလာ ဆောင် လာ တာ လဲ တ်ဘဲနဲ့''

''စောသေးလို့ ရတနာရ။ ဒီမှာ ကော်ဖီသောက်မယ်။ ရင် ရေစပ်ဘက်သွားပြီး မနက်နေနုနုနဲ့ ရတနာ့ကို ဓာတ်ပုံက်ပေးမယ်''

''အင်း.... ပြီးတော့ကော''

''ပြီးရင် ရတနာ ဆံပင် ပြင်ချင်ပြင်လေ။ ဟို ဘက် မှာ ပင်အလှပြင်ခန်း ရှိတယ်။ ရတနာ ဆံပင်ပြင်ရင် ကိုကိုလဲ ဘက်မှာ ဆံပင်ညှပ်လို့ ရတာပေါ့''

''ဟင်.... ရတနာက ဆံပင် ပြင်ရမယ်။ ရတနာ့ ဆံပင်က ရှည်ကြီးဥစ္စာ။ ဘယ်လိုပြင်ရမှာလဲ''

''အရှည်လဲ အရှည်အလျောက် ပြင်လို့ ရတာပေါ့ ရတနာ အဲဒီမှာ ဆံပင်ပြင်တဲ့ပညာကို နိုင်ငံခြားသွားသင်ထား ဆရာမတွေရှိတယ်။ သူတို့နဲ့ တိုင်ပင်ပြီး လုပ်ပေါ့''

''ကိုကိုက ပြင်စေချင်လို့လား''

''အင်း....''

''အဲဒါဆို ပြင်မယ်လေ။ ပြင် ပြီး တော့ ကော ဓာတ်ပုံ မပေးတော့ဘူးလား''

"မပြင်ခင်မှာ ဖလင်လိပ်တစ်ဝက် ရိုက်မယ်။ ပြင်ပြီးတော… ကျန်တဲ့တစ်ဝက် ထပ်ရိုက်မယ်။ မကောင်းဘူးလား"

"ကောင်းတယ်။ အဲ ဒါ ပြီး မှ ရုပ်ရှင် ကြည့် မှာ ပေ… ဟုတ်လား"

"အဲဒါပြီးရင် တစ်နေရာရာမှာ ထမင်း သွားစားမ… ကွာ။ ပြီးတော့မှ သမတမှာ ရုပ်ရှင်ကြည့်မယ်"

"ဘုရားဖူးဖို့ကျတော့ကော"

"ရုပ်ရှင်ပြီးရင် သွားမှာပေါ့။ ပြန်တာ ဘယ်လော… ကြာတာမှတ်လို့။ တစ်နာရီခွဲကျော်ကျော်လောက် မော… ရတဲ့ ဥစ္စာ"

"အိုကေ.... သိပ် အဆင်ပြေတာပဲ။ ရတနာက မပြန်ရ… စိုးလို့ ပြောတာ မဟုတ်ဘူးနော်။ အစီအစဉ်တစ်ခု ပျက်သွ… မှာစိုးလို့ မေးတာ"

"ပြန်တာတော့ ဘယ်အချိန်မှုပြန်ပြန် ရတယ်ပေါ့"

"သိပ်ရတာပေါ့။ မပြန်ဘဲနေလဲ ရတယ်။ အိမ်က… နဲ့ဆို စိတ်ချတာပဲ။ ရတနာက တစ်သက်လုံး မပြန်ဘဲ ဒီ… လျှောက်တောင်လည်ချင်နေတာ"

ခုတော့ နေပါဦး ရတနာရယ်။ ကျောင်းလေးပြီးအေ… တက်လိုက်ပါဦး။ ဘွဲ့ရပြီးရင် ကိုယ်ကလဲ ပြန်မပို့ဘဲ … အပိုင် ခေါ်ထားလိုက်မှာပါဟု စိတ်ထဲက ပြောလိုက်သ…





အင်းလျားကန် ဟိုတယ်ခန်းမကြီးအတွင်းတွင် လေအေး…ကြောင့် အေးအေးမြမြလေး ဖြစ်နေသည်ဟု ထင်ရ၏။

*

"ကိုကို ပျော်လား"

"အင်း.... ပျော်တာပေါ့၊ ရတနာကော"

"ရတနာလဲ အရမ်း ပျော်တာပဲ။ အရင်တုန်းက ဘာ… …လို့ အဲလို လျှောက်မသွားတာလဲ ကိုကို။ ခုကျတော့ကော …ဖြစ်လို့ လျှောက်သွားတာလဲ"

"ရတနာ တကယ် သိချင်လို့လား"

"အင်း...."

"အဲဒီအကြောင်းတွေ အေး အေး ဆေး ဆေး မှ ကိုကို …ပြပြပါမယ်။ ခု လောလောဆယ် ဘာဖြစ်လို့ ခုလိုလျှောက် …ည်ရတာလဲဆိုတာလေး တစ်ခုပဲ ပြောပြထားဦးမယ်"

"အင်း.... ပြောပြ"

"ရတနာနဲ့ အဲလို လျှောက် လည် ရ ရင် သိပ် ပျော် စ ရာ …ကောင်းမှာပဲလို့ တွေးမိလို့ပါ"

"ဟင်....အဲဒါကြီးက မပြည့်စုံပါဘူး။ ဘာဖြစ်လို့ တွေး… …တာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ ခြံထဲမှာ ရတနာနဲ့ အတူတ
အလုပ်လုပ်နေရတာလဲ ကိုကို ပျော်သယ်လေ။ အဲဒီတော
အင်မတန်ပျင်းစရာကောင်းတဲ့ ကိစ္စမှာတောင် ရတနာနဲ
ဆိုရင် ပျော်စရာကောင်းနေတော့ အင်မတန် ပျော်စရ
ကောင်းတဲ့ လျှောက်လည်ဟဲ့အလုပ်ဆို အရမ်း....အရမ်းကို
ပျော်စရာကောင်းမှာပဲလို့ တွေးမိလို့ပေါ့"

"ဒါပဲလား"

"အင်း"

"သွား... အဲဒီကိုကို မကောင်းဘူး။ လူလည်ကျတယ်"

ရှင်ရှင်ရုံ၏ အမှောင်ရိပ်က ရင်ခုန်စရာကောင်းသည်၊

ရတနာ့ထံမှ ရရှိသော နံ့သာနံ့ သင်းသင်းလေး၊ ကိုယ်
သင်းနံ့ ပျံ့ပျံ့လေးတို့က သူ့ရင် သွေးခုန်နှုန်းကို မြန်စေ
သည်။

သို့သော် ရဲထွတ်က လက်တန်းပေါ်မှ ရတနာ့ လက်
ကလေးကိုသာ ဖွဖွဆုပ်ကိုင်ရင်း....

"လူလည်ကျတာမဟုတ်ဘူး ရတနာရဲ့။ နည်းနည်းလေး
စောသေးလို့၊ ရတနာ တဘိယနှစ်လောက်ကျမှ ကိုကို
ပြောပြမယ်။ ခုလောလောဆယ်တော့ တစ်ခုပဲ ပြောထား
ဦးမယ်"

"ဘာလဲ"





"ကိုကိုတို့ တစ်ပတ်ကိုတစ်ရက်၊ အပတ်ဘိုင်း အဲလို့ပဲ
လျှောက်လည်ကြမယ်နော်"

"ဘယ်တွေလည်မလဲ"

"နောက်တစ်ပတ်ကျရင် ဗိုလ်ချုပ်ဈေးထဲ လျှောက်လည်
မယ်၊ ရတနာလိုချင်တဲ့ ပစ္စည်းလေးတွေ လျှောက်ဝယ်
မယ်။ ပြီးရင် လေဟာပြင်ဈေးမှာ ထမင်းစားမယ်။ ပြီးရင်
မဖူးရသေးတဲ့ ဘုရားတစ်ခုခု သွားဖူးမယ်။ အချိန်ရရင်
ပန်းခြံတစ်ခုခုမှာ ထိုင်စကားပြောမယ်"

"အင်း ...နောက်တစ်ပတ်ကျတော့ကော"

"ကန်တော်ကြီးတို့၊ ဟံရဝိတ်တို့ဘက် လျှောက်သွား
မယ်။ ဓာတ်ပုံရိုက်ချင်လဲ ရိုက်မယ်။ ကန်တော်ကြီးထဲ လှေ
လျှောက်စီးမယ်။ အဲဒီနေ့ကျ ကြက်လျှာစွန်းမှာ ဒန်ပေါက်
သွားစားမယ်။ ပြီးရင် မင်္ဂလာဒုံက ကျိုက္ကလဲ့ဘုရား ဝင်
ဖူးပြီး အဲဒီမှာ အကြာကြီး ထိုင်စကားပြောမယ်"

"ဟိုး ...နောက်တစ်ပတ်ကျတော့ကော"

"စောစောထွက်သွားပြီး သန်လျင်ဘက်ကူးမယ်။ ကျိုက်
ခေါက်တို့ ရေလည်ဘုရားတို့ဖူးမယ်။ ကျောက်တန်းမှာ
ထမင်းစားမယ်။ အပြန်ကျရင် သုံးခွ၊ ခရမ်းတို့ဘက်က
လှည့်ပြန်မယ်။ အချိန်ရရင် ခမဲပြင်ဝင်မယ်"

"အဝေးကြီးတွေကော လျှောက်မသွားတော့ဘူး
လား"

"အဝေးကြီး....ဟုတ်လား ရတနာ"

"အင်း"

"အဝေးကြီးဆိုတာ ဘယ်တွေလဲ"

"မေမြို့တို့၊ တောင်ကြီးတို့၊ ပုဂံတို့၊ မန္တလေးတို့ ပေါ့"

"ရတနာက သွားချင်လို့လား"

"အင်း"

"ကိုယ့်ကားနဲ့ နှစ်ယောက်တည်းပဲလား"

"အင်း"

"ရတနာ ကျောင်းပိတ်ရင် သွားမယ်လေ။ တစ်နှစ်ကို တစ်ခါ။ တစ်နေရာ၊ တစ်နေရာသွားမယ်"

"တကယ်လား"

"တကယ်ပေါ့"

"အဲဒါဆို....ရတနာကျောင်းပြီးတဲ့နှစ်မှာ ခုနပြောတဲ့ လေးခုလုံး စုံသွားမှာပေါ့နော်"

"အင်းပေါ့။ အဲဒီကျတော့မှ ထူးထူးခြားခြား အစီအစဉ်တစ်ခုအနေနဲ့ ပေရှီသွားမယ်။ အဲဒါကတော့ ခုန ခရီးစဉ်တွေနဲ့ တူမှာမဟုတ်တော့ဘူး။ အထူး အစီအစဉ်ပဲလေ"

"ဘာဖြစ်လို့လဲ"

"လေယာဉ်ပျံနဲ့ သွားမှာမို့ ပေါ့ ရတနာရဲ့"

စေတနာစာပေ



"ဟင်....ကိုကိုကလဲကွာ....ဘာများလဲလို့"

"အလကားနောက်တာပါ ရတနာ။ နောက်ကျတော့ ဘယ်လို အထူးအစီအစဉ်လဲဆိုတာ ကိုကို သေချာ ပြောပြပါ့မယ်"

"ဟင့်အင်း....ခုပြောပြ"

"စောသေးတယ် ရတနာရ"

"မစောပါဘူး။ ခုပဲကြားချင်တယ်"

"ပြောပြရမလား"

"အင်း"

"ရတနာကျောင်းပြီးလို့ နှစ်ယောက်စလုံး ဘွဲ့ရပြီးရင် အထူးအစီအစဉ်အနေနဲ့ ပေရှီကိုသွားမယ်။ ဘယ်လိုအထူး အစီအစဉ်လဲဆိုတော့ ပျားရည်ဆမ်းခရီး"

"အို"

"မှန်တယ်။ အဲဒီကျ ရတနာ့ကို ကိုယ်လက်ထပ်မယ်"

"ကိုကိုကလဲ"

"ဟုတ်တယ် ရတနာ။ ရတနာ စာမေးပွဲမထိခိုက်စေနဲ့။ နှစ်စဉ်မှန်မှန် စာမေးပွဲ အောင်သွားအောင် ကြိုးစား။ ရတနာ့ကို ကိုကိုချစ်တယ်"

"ဟာကွာ"

"မရှက်နဲ့လေ။ ရတနာပဲ ကိုကို့ကို ပြောခိုင်းပြီး။ ကဲ အခု ကိုကိုပြောပြီးပြီ။ ကိုကို့ကို အဖြေပေးတော့။ ရတနာကော ကိုကို့ကိုချစ်လား"

စေတနာစာပေ

"ဟာ....ကိုကိုကလဲ ရတနာ မပြေချင်ပါဘူး။ ရှက်စရာကြီး"

"ရှက်ရင် တိုးတိုးလေးပြော၊ ဘယ်သူမှမကြားစေနဲ့။ ကိုကို့နားနားကပ်ပြီးပြော"

"ဘာပြောရမှာလဲ"

"ကိုကို့ကို ရတနာချစ်တယ်လို့ပေါ့"

"ဟင်....ကိုကိုကလဲ"

"ရတနာက မပြောချင်လို့လား"

"မဟုတ်ပါဘူး။ ရှက်လို့။ ကဲ....ဒီနားတိုး။ ပြောပြမယ်"

ရဲထွတ် ရင်ခုန်နှုန်းမြန်သည်။

ရတနာ့ လေသံလေးက တိုးတိုးညင်းညင်းလေးနှင့် မသိမသာလေး တုန်ရီနေသည်။ သို့သော် ပီပီသသတော့ ကြားလိုက်ရပါ၏။

"ရတနာလဲ ကိုကို့ကို ချစ်ပါတယ်"

သူ့နားထဲမှာ ရတနာဆိုနေကျ သီချင်းလေးတစ်ပုဒ်ကိုလည်း ကြားမိလိုက်သည်လေ။

"အချစ်ဦးရေ....သောကဟူသမျှ အတူတကွ....မျှခံစားဝေ... အသဲနှလုံးက ဒီလောက်ချစ်ကြ"

*



( ၃ )

"မေမြို့က ပန်းမျိုးလေးတွေ အပြန် ကျဝယ် သွား ရအောင်နော် ကိုကို။ ခြံထဲမှာ စိုက်ထားမယ်"

"ဝယ်ရမှာပေါ့ ရတနာ။ မျိုးပင်တွေ မျိုးစေ့တွေ ရောင်းတဲ့ ဆိုင်တောင် ကိုကို တွေ့ထားတယ်။ ကန်တော်ကြီး သွားတဲ့ လမ်းဘက်မှာ။ မနေ့က ရတနာတွေ့ခဲ့လား"

"တွေ့ခဲ့တယ်။ နောက်တစ်ခု ကိုကို့ကို ရတနာ တစ်ခု ပြောမလို့။ ဒီမှာခြံဈေး မြေဈေးတွေ ဘယ်လိုနေလဲ မသိဘူး။ အဲဒါ နည်းနည်း စုံစမ်းပြီး ခြံကျယ်ကျယ်နဲ့ အိမ်လေး တစ်လုံးလောက် ဝယ်ထားရကောင်းမလားလို့"

"ဝယ်ချင်ဝယ်လေ။ ရတနာက ဘာလုပ်မလို့လဲ"

ရတနာက ရှက်သွေးဖြန်းသွားသော မျက်နှာဖြင့် မပီမသ ငုံ့လိုက်ပြီးရယ်သည်။

"ဟင်– ဘာဖြစ်လို့ ရယ်တာလဲ။ ကိုကို မေးတာတော့ မဖြေဘူး"

"ကိုကိုနဲ့ လက်ထပ်ပြီးရင် ဒီကို မကြာမကြာ လာနေရ ကောင်းမလားလို့။ အဲဒါ ပြောရမှာ ရှက်လို့"

"ဟာ ရတနာကလဲ ဒါများ ရှက်စရာ မဟုတ်ပါဘူး။ ဘဝမှာ စိတ်ကူးလေးတွေ မျှော်လင့်ချက်လေးတွေဆိုတာက ဒီလိုပဲ ရှိတတ်ရတာပဲ။ ဒါမှ ကိုယ်ဖြစ်ချင်တဲ့ အနာဂါတ်ကိုပီပီ ပြင်ပြင် တည်ဆောက်လို့ ရတာပေါ့"

"အဲဒါတွေတော့ ရတနာ မသိပါဘူး။ ရတနာ ကတော့ ကိုကိုနဲ့ဒီလိုလျှောက်သွားနေရတာလဲပျော်တယ်။မေမြို့ ရာသီ ဥတုနဲ့ ရှုခင်းလေးတွေ ပန်းပင်လေးတွေလဲ သဘောကျတယ်။ ကိုကိုနဲ့ ဒီမှာ အတူတူ နေရရင် သိပ်ကောင်းမှာပဲ ဆိုတာပဲ စဉ်းစားတာ"

"ဒါဖြင့် ဒီလိုလုပ်လေ။ ဒီကပြန်လို့ နန်းမြိုင် ပြန်ရောက်ရင် ခုအင်နှစ်လုံး အဝေးကြီး ခွဲမအိပ်တော့ဘူး။ ကပ် ထားလိုက်တော့မယ် ဖြစ်မလား"

"ဟာ ကိုကိုကလဲ။ အဲဒါ ပြောတာ မဟုတ်ပါဘူး။ သွား ဘာတွေ လျှောက်ပြောမှန်းလဲ မသိဘူး"





ရဲထွက်ကဲ ရယ်ရင်းနှင့် ရတနာ့ ပခုံးလေးကို သိုင်းဖက် ထားလိုက်သည်။ ရတနာက နီရဲသော မျက်နှာလေးနှင့် သူ့ ရင်ကို ဖွဖွထုရိုက်သည်။

ဘာလိုလိုနှင့် သူတို့နှစ်ယောက် ချစ်သူသက်တမ်း တစ်နှစ် ကျော်ခဲ့ပြီ ဖြစ်သည်။ လူကြီးတွေကိုလည်း အသိ ပေးပြီး သားမို့ ဘော်ရှုံတန်ရုံ ခရီး သွားလာဖို့ ကိစ္စအတွက် ဘာမှ အခက်အခဲ မရှိတော့။

လုပ်ငန်းဆောင်တာ ကိစ္စများကလည်း သူ့ဟာနှင့်သူ ချောမွေ့စွာ လည်ပတ်နေပြီမို့ ခဏတဖြုတ်တော့ မျက်နှာ လွှဲ၍ ရနေပြီ။

ခြံ၏ ဝင်ငွေကလည်း တစ်နှစ်ပတ်လုံး ခြုံတွက်လျှင် နှစ် သိန်းခွဲ သုံးသိန်းနီးပါးလောက် မှန်မှန် ဝင်ငွေရနေသည်။

ဦးအောင်မွန် အကြံပေးချက်အရ သူ့မှာ ရှိသောငွေနှင့် ဦးအောင်မွန် ဖြည့်စွက်ပေးသော ငွေတို့ ပေါင်းပြီး ရန်ကုန် ပါရမီဘက်မှာ တစ်ထပ်တိုက်လေး တစ်လုံးပင် ဝယ်ထားခဲ့ ကြပြီးပြီ။

ကားကိုလည်း အလုံးအထည်သေး၍ အင်ဂျင်ပိုင်း ဆိုင်ရာ ချိန်းတို့ဘာတို့၊ ဒုက္ခပေးတတ်သော ပရက်စတိုကို ဆက်မစီး တော့ဘဲပြန်ရောင်းငွေဖြည့်၍ဒတ်ဆန်း ၁၂၀၀ များ နေရာတွင် ာမည်ကောင်းဖြင့် အစားထိုးဝင်လာသော တိုရိုတာ ဟိုင်း လက်လေးချိတ်တစ်စီး ဝယ်ထားဖြစ်သည်။

တော်ရုံဘန်ရုံ ပစ္စည်းတင်တင်၊ ခရီးသွားသွား ထိုကား လေးက များစွာ အသုံးတည့်နေ၏။

ပြီးတော့ သွားလေရာနေရာ၊ ရောက်လေရာအရပ်မှာမိန်း ကလေးချင်းပင် နှစ်ခါ ပြန်မကြည့်ဘဲ မနေနိုင်သော၊ ယောက်ျားသားများက ဣန္ဒြေမရ ငေးငိုင်ကြည့်ရသော ချစ် သူ ဇနီးသောင်း လှလှကလေးကလည်း ခုမှ နှစ်ဆယ် ပြည့် ခါစ။

ဘဝဆိုတာ သည်လိုပဲလေ။ ဒုက္ခတွေ ရှိခဲ့ဖူးရင်၊ သုခဆို တာလည်း ရှိရမှာပေါ့။ တနင့်တပိုး အနာ ခံခဲ့ရသော ဘဝ အတွက် သည်လိုလေးလည်း ဖြစ်သင့်တာပေါ့ဟု တွေး ရင်း ရဲထွတ် ကျေနပ်မိသည်။

ယဉ်မြင့်သီနှင့် ပတ်သက်သော ခံစားမှုလေးများတော့ တစ်ခါတလေ ဝင်သည်။

သို့သော် ကျော်ဖြတ်၍လည်းပြီးခဲ့သော၊ ဘယ်လိုမှ ပြန် လည်တည်ဆောက်ချင်၍ မရတော့သော အဖြစ်ဟောင်းများ ကို တတ်နိုင်သရွေ့ သူမေ့ဖျောက်ပစ်သည်။

သည်ကိစ္စအတွက် အရွယ်ငယ်၊ စိတ်နူ၍ သဝန်တိုတတ် သော ရတနာ့ကိုလည်း ပြည့်ဖုံးကား ချပေးလိုက်သည်။

"ကိုကို"

"ဘာလဲ ရတနာ"





"ကိုကို ရတနာ့အရင် ဘယ်သူ့ကိုမှ မချစ်ခဲ့ဖူးဘူးနော်။ အဲဒါ သေချာလား"

"သေချာပါတယ် ရတနာ။ ဘာဖြစ်လို့လဲ"

"ဘာမှတော့ မဖြစ်ပါဘူး။ ဒါပေမယ့် ရတနာကျတော့ ကိုကို့ တစ်ယောက်တည်းကိုပဲ အချစ်ဦး အနေနဲ့ ချစ်ရတာ။ ပြီးတော့ကိုကို့ ကိုအရမ်းလဲချစ်ရတာ။ အဲ့ဒါ ကိုကိုကကျတော့ ရတနာ့ကို ရတနာ ချစ်သလို မချစ်ဘဲ လျှော့ချစ်နေမှာ စိုး လို့...."

ရဲထွတ် ရယ်သည်။

"မချစ်ပါဘူး ရတနာရယ်။ ရတနာ တစ်ယောက်တည်း ကိုပဲ ကိုကိုလဲ ချစ်တာပါ"

"အင်းလေ....ရတနာကလဲ နောက်ချစ်မှာကို မပူပါဘူး။ ရှေ့က ချစ်ခဲ့လား ဆိုတာကိုပဲ ပူတာပါ။ ကိုကိုက ရတနာ့ ထက် အသက်လဲကြီးပြီး ဘဝတွေ အများကြီးလဲ စုံခဲ့တာ မဟုတ်လား။ ပင်ပန်းဆင်းရဲခဲ့တဲ့ ဒုက္ခရောက်ခဲ့တဲ့ ဘဝ အ ကြောင်းတွေတော့ ပြောပြပြီး အဲဒီ ဘဝတွေမှာ တွေ့ခဲ့တဲ့ ကောင်မတွေ အကြောင်းတော့ ပြောမပြဘဲ ချန်ထားမှာ စိုး လို့။ ရှေ့အတွက်ကတော့ လုံးဝမပူဘူး။ တစ်ခုခု ကိုကိုရုတ်ရုတ် ရုတ်ရုတ် လုပ်လို့ကတော့ ရတနာက ကိုကို့ကော အဲဒီကောင် မတွေကော သတ်ပစ်မှာ"

"ဟာ အမလေး ကြမ်းလှချည်လား ရတနာ"

''ခပ်ကြမ်းကြမ်းပဲ ကိုကို။ ဒီ့ပြင် ကိစ္စတွေမှာ ကိုကို့ကို ရတနာအရမ်းချစ်တယ်။ အဲဒီကိစ္စမှာတော့လုံးဝပဲ။ ဒီ့ပြြင်မိန်းမကို ပြီတီတီ လုပ်ပြီး ကြည့်ရင်တောင် ကိုကို့ မျက်လုံးတွေကို ရတနာ ဖောက်ပစ်မယ်''

''ဒုက္ခပဲ။ အဲလိုဆို ကိုကိုမျက်လုံးကန်းသွားတော့ ရတနာ့ကို ဘယ်လိုရှာဖွေကျွေးမလဲ''

''ရတယ်။ ကိစ္စမရှိဘူး။ ကိုကို ဘယ်သူ့ကိုမှ မကြည့်ဖြစ်ဖို့က အရေးကြီးတယ်။ စားစရာ မရှိရင် ရတနာ ဈေးဗန်းခေါင်းရွက်ပြီး ရှာကျွေးမယ်။ အရေးကြီးတာ ကိုကို့ကို ရတနာ တစ်ယောက်တည်း ချစ်နေရဖို့ပဲ''

''သိပ်လဲ စိတ်မပူပါနဲ့ ရတနာရယ်။ ကိုကိုကကောဘယ်မိန်းကလေးတွေကို လိုက်ကြည့်နေလို့လဲ။ ရတနာ့ပဲ အမြဲကြည့်နေတာပဲဟာ''

''အင်းလေ။ အဲဒါကြောင့် အဲဒီမျက်လုံး မဖောက်သေးတာပေါ့၊ ရတနာကတော့ မရဘူးနော်ကိုကို။ ဒီ့ပြင် မိန်းကလေးဆို ရတနာ့ ညီမအရင်း သီရိကိုတောင် အရောဝင်တာ ကြိုက်တာမဟုတ်ဘူး။ တခြားဟာဆိုရင် ဝေးရော၊ အဲဒါ တစ်ခုတော့ ကိုကို ကျပ်ကျပ်သတိထား''

သူ့ဘဝကတော့ တွေ့လိုက်ရလျှင် ဤကဲ့သို့သော အလွန်အကျွမ်းမျိုးတွေချည်းပါလားဟု ရဲထွက် တစ်ခါတစ်ခါ တွေးမိ၏။

＊





''ရတနာ''

''ပြော ကိုကို''

''ကိုကိုနဲ့ ရတနာ ၁၉၈၄ ခုနှစ်မှာ လက်ထပ်မယ်နော်''

''အင်း....ကိုကို့ သဘော။ ကိုကို လက်ထပ်ချင်တဲ့ အချိန်ာ လက်ထပ်။ ဒါနဲ့ နေပါဦး။ ဘာဖြစ်လို့ ကိုကိုက ၁၉၈၄ နှစ်ကို ရွေးရတာလဲ''

''ကိုကို့ ဘဝမှာ ထူးခြားတဲ့ နှစ်ကလေးတွေ ရှိတယ်တနာ။ အဲဒါက ဘာလဲဆိုတော့ ကိုကို့ မွေးရက် ဧပြီလ ၄က်နဲ့ ဗုဒ္ဓဟူးနေ့ တိုက်ဆိုင်တဲ့ နှစ်ကလေးတွေ။ ကိုကို မွေးတဲ့၉၅၆ ခုနှစ်ကစပြီး သက္ကရာဇ် ၂၀၀၀အထိမှာ စုစုပေါင်းမှနှစ်ပဲ ရှိတယ်''

''ဟုတ်တယ်။ ဘယ်နှစ်တွေလဲ''

''၁၉၅၆ ရယ်၊ ၁၉၆၂ ရယ်၊ ၁၉၇၉ ရယ်၊ ၁၉၈၄ယ်၊ ၁၉၉၀ ရယ်''

''အင်း ... ၁၉၅၆ ခုနှစ်က ကိုကို့ မွေးနှစ်''

''ဟုတ်တယ်။ ၁၉၆၂ ခုနှစ်ကျတော့ ရတနာ့ မွေးနှစ်၊၉၇၃ ခုနှစ်က ကိုကို့ဘဝ ပြောင်းလဲဖို့ ဘုန်းကြီးကျောင်းနေ ထွက်ခဲ့တဲ့နှစ်။ ၁၉၇၉ ကျတော့ ရတနာနဲ့ ဆုံတဲ့နှစ်။သာဝတီ ဝိုက်ပျိုးခြံနဲ့ အိပ်မက်နှင်းဆီဆိုင်ကိုလဲ စ,တည်ာင်နိုင်တဲ့နှစ်။ အဲဒါကြောင့် ၁၉၈၄ မှာပဲ ထူးခြားတဲ့အဖြစ် ရတနာနဲ့ လက်ထပ်ချင်တာ''

"ဒါဖြင့် ၁၉၃၀ ကျတော့ကော...."

"သားသားကြီး ဒါမှမဟုတ် မီးမီးကြီးကို ကျောင်းစ[illegible] ထားတဲ့နှစ် ဖြစ်လာမှာပေါ့ ရတနာရဲ့"

"ဟာကွာ....ကိုကိုက အဲဒါမျိုးပဲ။ အဲဒါမျိုးတွေ ရတန[illegible] ရှက်ပါတယ်ဆိုမှ ဘာမှန်းလဲ မသိဘူး"

ရဲထွတ်က သဘောကျစွာ ရယ်သည်။

သို့သော်....တကယ်ကျတော့လည်း သူနှင့်ရတနာ ၁၉၈[illegible] ခုနှစ်မှာပင် လက်ထပ်ဖြစ်ခဲ့ပါ၏။

*



( ၈ )

၁၉၈၆ ခုနှစ်မှာ သားကြီးဇော်ရဲထွတ်ကို မွေးသည်။

ထိုနှစ်မှာပင် ရတနာတို့ မိသားတစ်စုလုံးနှင့်အတူ ရဲထွတ် ရန်ကုန်ပြောင်းဖို့ ဖြစ်လာသည်။

ပြဿနာက သီရိနှင့်ဆက်စပ်သော ပြဿနာ။

ရတနာ့တုန်းကလည်း သင့်တော်သော အိမ်ထောင်ဘက် ရှာဖွေရွေးချယ်ပေးခဲ့သည့် ဦးအောင်မွန်သည် သီရိကိုလည်း ကျောင်းပြီးသွည်နှင့် ပဲခူးမှ ဆေးလိပ်ခုံပိုင်ရှင် သူဌေး တစ်ယောက်၏သားနှင့် လက်ထပ်ပေးဖို့ စီစဉ်သည်။

ထိုကောင်လေးက ဆေးတက္ကသိုလ်မှ ဘွဲ့ရကာစ အလုပ် မဝင်ရသေးဘဲ ပဲခူးမှာ ဆေးခန်းဖွင့်ထားသော ဆရာဝန် ပေါက်စဖြစ်သည်။

လူကြီးချင်း စကားပြောစဉ်ကလည်း ကောင်းပြီကောင်း ရဲ့နဲ့ လက်ခံ။ စေ့စပ်ကြောင်းလမ်းတော့လည်း ပဲခူးမြို့တော် ခန်းမမှာ ကျကျနနလုပ်။ လက်ထပ်ဖို့ ရက်ရွေးပြီး ဖိတ်စာ တွေ ဘာတွေ ဝေခါနီးကျမှ ဗြုန်းဆို သူ့အဖေဆေးလိပ်ခုံမှ သူနှင့်ကြိုက်ဖြစ်နေသော ကောင်မလေး တစ်ယောက်ကို ခိုး ပြေးသွားသည်။

တစ်ဘက်က မိဘများက ရှိခိုးမတတ်တောင်းပန်၊ လျော် ကြေးတွေ ဘာတွေပေး၊ သားကိုလည်း အမွေပြတ်ကြော်ငြာ၊ စသဖြင့် အတော် ဂရုတစိုက် လုပ်နိုင်လွန်းသဖြင့် အမှုတွေ ဘာတွေ မဖြစ်သော်လည်း ထိုအဖြစ်အပျက်က တစ်မြို့လုံး ဟိုးဟိုးကျော်သွားသည်။

သီရိခမျာလည်း ရှက်လွန်းသဖြင့် အိမ်ထဲကအိမ်ပြင် မထွက် တော့။ နေ့စဉ် မျက်ရည်နှင့်မျက်ခွက်ဖြစ်ကာ အိမ်ဆေးတွေ သောက်ဖို့ ကြံသည့်အဆင့်ပင် ရောက်သွားသည်။ ဦးအောင် မွန်နှင့် ဒေါ်ခင်မြရင်တို့လည်း ခေါင်းပင် မဖော်ဝံ့ကြတော့။

နောက်ဆုံးမှာ ပဲခူးမှ တိုက်နှင့်ခြံကိုရောင်း၍ ရန်ကုန်ရွှေ့ ဖို့ စီစဉ်တော့သည်။

အဆင်သင့်ချင်တော့ စောစောပိုင်း ရဲထွတ် ဝယ်ထား သော ပါရမီမှ တိုက်ကလေးက ရှိပြီးသားဖြစ်နေသဖြင့် ရန် ကုန်မှာ ဈေးကြီးပေး လိုက်ရှာနေစရာ မလိုတော့။

ရဲထွတ်ကလည်း ဒီမိဒီဘနှင့် သည့်ညီမလေးတစ်ယောက် သာရှိသော မိသားစုမှာ စီးပွားခွဲတာတွေ အိမ်ခွဲတာတွေ





မလုပ်တော့ဘဲ အတူတကွပင် ရာသက်ပန်နေရန် အားပေးပြီး အစစ စီစဉ်ပြောင်းရွှေ့ပေးသည်။

ကလေးငယ်နှင့် ရတနာကိုလည်း ရန်ကုန်မှာပဲ လိုက်နေစေ ကာ သူတစ်ယောက်သာ ခြံကို တစ်ပတ်တစ်ခါ၊ နှစ်ခါလာ၍ ကြီးကြပ်ပေးသည်။

ပဲခူးမှ တိုက်နှင့်ခြံရောင်းလိုက်ခြင်းကလည်း အခွန်ဆောင် ၁.၁ဆောင်နှင့် လက်ထဲမှာ ၁၊၊ သိန်းလောက် ဝင်လာသည်။

ဤတွင် ဦးအောင်မွန်က—

"ကဲ... အဲဒါဆိုလဲ မထူးတော့ဘူး မောင်ရဲထွတ်။ ဦးလဲ သမီးကြီး သုံးလေးနှစ်သမီးလောက်ကနေစပြီး ထုမွကိုပြည်သူ ပိုင် သိမ်းခံရတာနဲ့ ဘာအလုပ်မှ မလုပ်ဘဲ ဒီတိုင်း ထိုင်စား နေခဲ့တာ အခု အိမ်ရောင်းရတဲ့ပိုက်ဆံကလဲ အပိုလိုကို ဖြစ်နေ တာပါဘဲ။ ဒီတော့ ဒီပိုက်ဆံ ဒီတိုင်း ဘဏ်အပ်ထားမယ့် အတူတူ မောင်ရဲထွတ် အဲဒီငွေကိုင်ပြီး ရန်ကုန်မှာ စီးပွား ရေးလုပ်ငန်းတစ်ခု လုပ်ပါလား။ ခု လုပ်ငန်းကိုင်ခန်း အနေ အထားတွေကလဲ သိပ်မဆိုးတော့ဘူး။ အစိုးရကလဲ ပေါ်လ စီ ပြောင်းချင်နေပုံရတယ်။ စီးပွားရေးလုပ်ရတာ တော်တော် လေး လွတ်လပ်လာတယ်။ နောင်ဆို စီးပွားရေးတံခါးဖွင့် ဝါဒတွေ ဘာတွေ ကျင့်သုံးလာနိုင်တဲ့ အလားအလာရှိတယ်"

ဘာအလုပ်မှ မလုပ်သော်လည်း သတင်းစာမှန်မှန်ဖတ်၊ တီဗွီ မှန်မှန်ကြည့် လုပ်နေသည့်အတွက် ဦးအောင်မွန်မှာ ခေတ်နှင့်တော့ မစိမ်း။

''အခုလက်ရှိလုပ်နေတဲ့ခြံကို ရောင်းချင်လဲရောင်း။ ဒါမှမဟုတ် စိတ်ချရတဲ့လူတစ်ယောက် ဦးစီးခိုင်းပြီး ဆက်ထားချင်လဲ ထားပေါ့။မှားတာတော့ မမှားပါဘူး။ မောင်ရဲထွတ် ဟံသာဝတီစိုက်ပျိုးခြံက အပင်တွေမပါဘဲ မြေကြီးချည့်တောင် ခုကာလ မြေဈေးတက်ပုံနဲ့ အနည်းဆုံး ဆယ့်လေးငါးသိန်းတော့ တန်နေပြီ။ အပင်တွေနဲ့ ဒီဝင်မငွဆို အနည်းဆုံး သိန်းနှစ်ဆယ်ပဲ။ ထားလဲ ဒီသက်ပိုဘက်မှာပဲ။ ရောင်းလဲ့ ထိုက်ထိုက်တန်တန် အရင်းအနှီးရတာပဲ''

ဟံသာဝတီခြံလေးကိုတော့ ရဲထွတ် သံယောဇဉ်ကြီးသည်။ သို့သော် မိသားစုနှင့် သိပ်အလှမ်းဝေးသွားမှာလည်း စိုးရိမ်သည်။ ဒါတွေ နောက်မှ စဉ်းစားမည်ဟု တွေးပြီး....

''ဟံသာဝတီခြံကိစ္စကတော့ ဖြေးဖြေးမှ စဉ်းစားတာပေါ့ ဦး။ ခုလဲ့ အရောင်းဆိုင်က အလုပ်သမားတွေ အပို့ဝင်ငွေအတွက် လောက်ပဲထားပြီး ထွက်တဲ့သီးနှံလောက်ပဲ အစိကဝင်ငွေ ထားနေတာဆိုတော့ အဝေးကနေ လှမ်းထိန်းလဲ ပြဿနာ မဟုတ်ပါဘူး။ ခုန် ဦးပြောတဲ့ ရန်ကုန်မှာ စီးပွားရေးလုပ်ဖို့ဆိုတဲ့ကိစ္စကို ကျွန်တော် စိတ်ဝင်စားပါတယ်။ ဘာလုပ်ငန်း လုပ်သင့်တယ်ဆိုတာတော့ နည်းနည်း အချိန်ယူပြီး လေ့လာလိုက်ပါမယ်။ ကိုယ့်အရင်းအနှီး ပမာဏနဲ့လဲ့ အဆင်ပြေအောင်ပေါ့''

ဦးအောင်မွန်က ခေါင်းညိတ်၍....





''လေ့လာပြီးမှလုပ်တာ ကောင်းပါတယ် မောင်ရဲထွတ်။ ဒါပေမယ့် အရင်းအနှီးကိုတော့ သိပ်မပူပါနဲ့။ ၁၈ သိန်းဆိုတာက လောလောဆယ် ထွက်လာတဲ့ ငွေကို ပြောတာပါ။ ...းမှာ ရှိပါတယ်။ သမီးတစ်သက် ဒီတိုင်း ယိုင်စားလာတာပဲ ...ွာ။ အလုပ်လုပ်ဖို့ လိုလာရင် ဒီပစ္စည်းတွေ ငွေတွေ ဘာလုပ်ဖို့ အပိုကိုင်ထားမလဲ။ ခုချိန်ကစပြီး တို့ အိမ် စီးပွားရေးလုပ်ငန်းကို မောင်ရဲထွတ် စိတ်တိုင်းကျသာ ဦးဆောင်ပြီး လုပ်ခတော့''

ဤနည်းဖြင့် နောင်သောအခါ ဈေးကွက်စီးပွားရေးစနစ်...င့်အညီ ဖြစ်ထွန်းလာသည့် မြန်မာရတနာ ထုတ်ကုန် သွင်း...ကုန် ကုမ္ပဏီလုပ်ငန်း၏ အစဖြစ်သော မြန်မာရတနာ အနု...ညာလက်ရာ ပစ္စည်းအရောင်းဆိုင်လုပ်ငန်းကို စတင်ခဲ့ခြင်း ...ဖြစ်သည်။

ထိုလုပ်ငန်းကို ကျကျနန လုပ်နိုင်ရေးအတွက် ဗိုလ်ချုပ် ...ဈေးမျက်နှာစာတန်းတွင် ရောမ ဆိုင်ခန်းကြီးနှစ်ခုကို ရဲထွတ် ...ဟံသာဝတီခြံရောင်းရသည့်ငွေနှင့် ဖြည့်စွက်ပြီး ဝယ်ယူလိုက် ...။

*

မြန်မာရတနာ အနုပညာလက်ရာ ပစ္စည်း အရောင်းဆို
လုပ်ငန်းက မျှော်လင့်ထားသည်တက် ပို၍စီးပွားဖြစ်လ
သည်။

ဆိုင်၏ရောင်းကုန်များအဖြစ် မြန်မာ့လက်မှုလုပ်ငန်း အ
ပညာလက်ရာများဖြစ်သော မန္တလေး ရွှေချည်ထိုး၊ ငွေချ
ထိုး ပိုးထည်များ၊ အဖိုးတန် ချိတ်လုံချည် အမျိုးမျိုး၊ မြန်မ
ပန်းချီပန်းပုလက်ရာများ၊ ပန်းပုဆိုလျှင် ကျွန်း၊ ယမနေ၊ သ
ကနက် စသော မြန်မာ့အဖိုးတန်သစ်များဖြင့် လက်ရာမြော
ပန်းပုပညာရှည်များ၏ တော်ပင် လက်ရာများအထိ ရ
အောင် စုဆောင်းရောင်းချသည်။ ထို့နောက် အနုပည
ပန်းဆယ်မျိုးဝင် လက်ရာမြောက် ပန်းထိမ်ထွက် လက်ဝ
လည်ဆွဲစသော ရတနာများ။ ပုဂံမှ မြန်မာ့ယွန်းထည် အမျ
မျိုးကို ရှေးရိုးသမားစဉ် လက်ရာများကော၊ ခေတ်မီတီထွ
ဆန်းသစ်မှုများရော မျိုးစုံ အော်ဒါမှာ၍ တင်သည်။ ထ
နောက် စောင်း၊ ပတ္တလား၊ နှဲ၊ ရုပ်သေး စသော အတ
အမှတ်အသကအခုန် ဆိုင်ရာများကို ဆိုင်းဗိုင်းမှန်စီ ရွှေချပစ္စည
များအထိ တင်သည်။

အရင်းအနှီးကလည်း ကြောက်ခမန်းလိလိ။

သို့သော် သူများ သိပ်မလုပ်သည့် လုပ်ငန်းမျိုးကို ကျ
နနလုပ်တတ်သည့် ရဲထွတ်၏ စွန့်စားမှုသတ္တိနှင့် ပေါင်းဂ
မဖြစ်ဖြစ်အောင် ကြိုးစားယူသည်။ နောက်ဆုံး တနယ်
မြိတ်ကျွန်းစု စသည့်ဘက်က ပုလဲလက်ဝတ်၊ ကနုကမာပစ္စ





စသော ပစ္စည်းများပါမကျန် ရောင်းဝယ် ဖောက်ကားနိုင်အောင် ကြိုးစားသည်။

ရဲထွတ်၏ လုပ်ငန်းဈေးကွက်က ပြည်တွင်းသာမကဘဲ ပြည်ပအထိပါ တွင်ကျယ်လာသည်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမှဆောက်လုပ်သော မြန်မာ့အသွင်စရိုက်လက္ခဏာပါ ဟိုတယ်အဆောက်အဦများ စသည်တို့တွင် ရဲထွတ်ပစ္စည်းများက ကြွားကြွားဝင့်ဝင့် နေရာယူလာသည်။

တစ်ဘက်က သံရုံး မိသားစု ဈေးကွက်မှာလည်း ထိုးဖောက်ဝင်ရောက်လာနိုင်သလို နိုင်ငံတော် စီးပွားရေးစနစ်အပြောင်းအလဲများမဖြစ်ခင်ကပင် မြန်မာ့ထုတ်ကုန် သွင်းကုန်လုပ်ငန်း(အမ်၊ အီး၊ အိုင်၊ စီ)မှ တစ်ဆင့် ဆက်သွယ် မှတ်ပုံတင်ပြီး တရားဝင် နိုင်ငံခြား ပို့ကုန်အဖြစ် ပစ္စည်း အမျိုးအပြား တင်သွင်းနိုင်ခဲ့သည်။

ရဲထွတ်၏ လုပ်ငန်းကျယ်ပြန့်မှုက အိမ်နီးချင်း နိုင်ငံများဖြစ်သော ထိုင်း၊ မလေးရှား၊ စင်္ကာပူ၊ တရုတ်ပြည်သူ့သမတနိုင်ငံများအပြင် အခြား အာရှနိုင်ငံများ ဖြစ်သော ဂျပန်၊ ကိုရီးယား၊ ဟောင်ကောင်၊ ဥရောပနိုင်ငံများဖြစ်သည့် ပြင်သစ်၊ အီတလီ၊ အင်္ဂလန်နှင့် အမေရိကန်၊ ဩစတြေးလျားနိုင်ငံတို့အထိ ရောက်ရှိလာသည်။

မူလကတော့ ပို့ကုန်နှင့် လက်ဆောင်ပစ္စည်းအဖြစ် ကျစ်ကျစ်လျစ်လျစ်နှင့် အနည်းအကျဉ်းသာ ဆောင်ရွက်ခွင့်ရသော်လည်း နိုင်ငံတော်၏ စီးပွားရေးစနစ် ပြောင်းလဲသွားသောအခါ လုပ်ငန်းပမာဏက ချက်ချင်း ကျယ်ပြန့်သွားသည်။

ပြည်ပ ထုတ်ကုန်သွင်းကုန် ကုမ္ပဏီလုပ်ငန်းရှင်အဖြစ် မှတ်ပုံတင်ပြီး ထုတ်ကုန်များမှ ရရှိလာသည့် နိုင်ငံခြား ငွေကို ပြည်တွင်းသွင်းကုန်များ ဝယ်ယူတင်သွင်းကာ အသွားအပြန်ရှိသောလုပ်ငန်း ဖြစ်လာသည်။

ပြည်တွင်း ပြန်သွင်းသည့် ပစ္စည်းများမှာလည်း အများသူငါ ရေးရာပစ္စည်းမျိုးထဲ ဝင်မပါဘဲ အမှာနည်းသည့် လယ်ယာသုံး ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ အနုပညာနှင့် တေးသံသွင်းဆိုင်ရာ အီလက်ထရောနစ်ပစ္စည်းများ၊ ပုံနှိပ်စက်ဆိုင်ရာ ခေတ်မီပစ္စည်းများ၊ ရုပ်ရှင်ပိုင်းဆိုင်ရာ ခေတ်မီကရိယာများကို သုံးစွဲသည့်နေရာနှင့် တိုက်ရိုက် ဆက်သွယ်၊ လိုအပ်ချက် မှာယူပေးကာ ဖြန့်ဖြူးနိုင်သဖြင့် ဈေးကွက်မှာ အပြိုင်နည်းပြီး အကျိုးများများ ဖြစ်ထွန်းသည်။

ဤနည်းဖြင့်လည်း ရဲထွတ် တစ်ယောက် မြန်မာ ရတနာ ထုတ်ကုန်သွင်းကုန်လုပ်ငန်းကုမ္ပဏီ၏ ပိုင်ရှင်ဥက္ကဋ္ဌ ဖြစ်လာသလိုနိုင်ငံတော်မှ သက်ဆိုင်ရာ ကျွမ်းကျင်မှုအလိုက် ရွေးချယ်တာဝန်ပေး တွဲဘက်တည်ထောင်သော ဖက်စပ်ကော်ပိုရေးရှင်းတစ်ခုဘုင်အစုဝင် ဒါရိုက်တာတစ်ယောက်ဖြစ်လာသည်။





ဤသည်မှာ ၁၉၉၀ ခုနှစ်တွင် ဧပြီလ ၄ ရက် ဗုဒ္ဓဟူးနေ့ မတိုင်ခင်က ဖြစ်လာခဲ့သော ရဲထွတ်၏ အာဝလမ်းကြောင်းပင်ဖြစ်၏။

*

( ၉ )

၁၉၉၀ ပြည့်နှစ်၊ ဧပြီလ ၄ ရက်၊ ဗုဒ္ဓဟူးနေ့။

ရဲထွတ်၏ ၃၄ နှစ်မြောက်မွေးနေ့။ ရွှေတိဂုံဘုရားသို့ ရတနာနှင့်အတူ ဘုရားဖူးသွားရင်း မမျှော်လင့်သောအဖြစ်အပျက်တစ်ခုနှင့် ကြုံဆုံရသည်။

ဤအဖြစ်အပျက်ကို အမှတ်ရအောင် ပြန်လည် ဖော်ပြလိုပါ၏။

*





ရင်ပြင်တော်ပေါ် ရောက်သည်တွင် တောင်ဘက်မုခ်နှင့် တည့်တည့်ဖြစ်သော ဗုဒ္ဓဟူးထောင့်မှာ သူနှင့်ရတနာ ဘုရားဝတ်ပြုသည်။

ဘုရားရှိခိုးပြီးနောက် တစ်ဝက်စီခန့် ခွဲ ကိုင် ထား သော ပန်းများကို စုစည်းယူလိုက်ပြီး ဂြိုဟ်တိုင်ရှိ ပန်းအိုးမှာထိုးရန် ထ,သွားသည်။

ပန်းအိုးထိုးပြီးနောက် ရေသပ္ပာယ်ရန် ပြင်နေဆဲ ရတနာက သူ့ သူငယ်ချင်းတစ်ယောက်နှင့် တွေ့သွားသည်။

ထုံးစံအတိုင်း တွတ်တွတ်တွတ်တွတ်နှင့်စကားတွေလုပြောကြပြီးနောက်ရပ်ကြည့်နေသောရဲထွတ်ထံ ရတနာက လျှောက်လာ၍....

"ကိုကို ရတနာ ဆွေဆွေနဲ့ ခဏလေး လိုက်သွားမယ်"

"ဘာလုပ်မလို့လဲ ရတနာ။ သိပ်ကြာမှာလား"

"အင်း.... နည်းနည်းတော့ ကြာမယ်ထင်တယ်။ တနင်္ဂနွေထောင့်ကတန်ဆောင်းမှာ အကြားအမြင် ဆရာမတစ်ယောက်ရောက်နေလို့တဲ့။ ဆွေဆွေနဲ့လဲ အဲ့ဒီဆရာမနဲ့ သိတယ်။ အဲဒီဆရာမအိမ်မှာဆို မေးဖို့မလွယ်ဘူး။ ဘုတ်ကင်တွေ ဘန်းစီယူပြီး စောင့်ရတာ။ ဒီမှာဆို လူရှင်းတယ်။ မေးလို့ရအောင် ဆွေဆွေက လုပ်ပေးမယ်တဲ့။ သူလဲ ခုပဲ မေးလာတာ။ ရတနာသွားမေးချင်တယ် နော် ကိုကို"

''ကိုကိုက ဘယ်လိုလုပ်လိုက်မလဲ။ ရေ သ ပွာယ် ပြီး ရင် ပုတီးတစ်ပတ်လောက် စိပ်ဦးမလားလို့''

''ကိုကို မလိုက်ရင်နေပေါ့။ ရတနာ လိုက် သွား မယ်။ ကိုကို ဒီမှာ လုပ်စရာရှိတာလုပ်၊ လုပ်ပြီးရင် တနင်္ဂနွေထောင့် လိုက်ခဲ့ပေါ့။ အဲဒီမှာ ရတနာ ရှိနေမှာပဲ''

အင်း....သူ့အကြောင်းနဲ့သူ ကျနေတာလဲ ဟုတ်နေတာပဲ ဟု တွေး၍—

''အေးလေ.... အဲဒါဆိုလဲ သွားချင်သွား။ အဲဒီကနေ တော့ ဘယ်မှ မသွားနဲ့။ ကိုကို ရှာလို့ တွေ့မယ့်နေရာမှာလဲ ရှိနေပစေ''

''အမလေး.... ဘယ်မှ မ သွား ပါ ဘူး။ ခုလဲ ကိုကို အကြောင်းကို မေးမလို့ သိရဲ့လား။ ကိုကို ဟိုတုန်းက ဘာ ဖြစ်ခဲ့လဲ။ နောက် ဘာဖြစ်မလဲ။ တစ်သက်လုံးကော ခုလို ကောင်းပါ့မလား။ အစုံ မေးရမှာ''

ရဲထွတ်က ရယ်လိုက်ပြီး....

''ကဲ... ကြွ ကြွ မရွှေရတနာ။ ခင်ဗျားဟာ ခင်ဗျာ သိချင်တာတွေ အကုန်မေး။ ဟိုက မဟုတ်တာယုတ် ပြောလိုက ရင်လဲ အပြန် တစ်လမ်းလုံးနဲ့ ဒီညတစ်ညလုံး ကျုပ်ကိုရန်ရှာ သိရဲ့လား''

''အင်းပေါ့.... ဒါက ရတနာ့ အလုပ်ပဲ။ ကိုယ့်တာဝ ကိုယ်ကျေပွန်အောင်တော့ လုပ်ရမှာပေါ့''





ပြောပြောဆိုဆိုနှင့် ရတနာကောဆွဲဆွဲကပါ နှုတ်ဆက် ပြီး ထွက်သွားသည်။

ရဲထွတ် သက်ပြင်းချလိုက်၏။

''ကောင်းတော့ ကောင်းပါတယ်။ ဒီမှာ အေးအေး ဆေးဆေး ရေသပွာယ်၊ ပုတီးစိပ် လုပ်နေလို့ ရတာပေါ့''ဟု တွေး၍ ဖြိုဟ်ဘိုင်ဘက် ပြန်လျှောက်ခဲ့သည်။

ရေကို စိမ်ပြေနပြေ လောင်းလှူပြီး ပြန်လှည့်လိုက်သော အခါ ခုနက သူ ထိုင်ခဲ့သော နေရာလေးမှာ အမျိုးသမီး တစ်ယောက် ရောက်နေသည်ကို တွေ့လိုက်သည်။

ပထမတော့ အမှတ်တမဲ့ သည်လိုပဲကြည့်လိုက်ခြင်းဖြစ်၏။ သို့သော် ထိုအမျိုးသမီး၏ မျက်နှာကိုမြင်လိုက်သောခဏ သူ့စိတ်ထဲမှာ တစ်မျိုး ဖြစ်သွားသည်။

ရင်ဘတ်မှာ ချီထားသော လက်အုပ်ကို ကပ်ထားရင်း မျက်လွှာချ၍ အာရုံပြုနေသော မျက်နှာကို သူ ကောင်းစွာ သိသည်ဟု ထင်လိုက်၏။

ရုတ်တရက် အမြင်မှာ လူမှားနေမှာလည်း စိုးရသည်။ သို့အတွက် ထိုမျက်နှာကို သေချာ အကဲခတ် ကြည့်ရှုရင်း ထိုအမျိုးသမီးနှင့် ခပ်လှမ်းလှမ်းနေရာ ရောက်အောင် ရွှေ့ သွားသည်။

ထိုစဉ် အမျိုးသမီးက ဘုရားကိုငုံ့၍ ဝတ်ချလိုက်ပြီး ပြန် မော့လိုက်သည်။ ပြန်မော့လိုက်သော ခဏမှာပင် မျက်လုံး လည်း ခဏလေး ပွင့်သွား၏။

"ဟင်..."

သူ့ရင်ထဲ ထိတ်ခနဲ လန့်ဖျပ်သွားသလို အမျိုးသမီး၏ မျက်လုံးအစုံကလည်း ဝန်းဝိုင်းပြူးကျယ်သွား၏။

*

"သီ သီ မဟုတ်လားဟင်"

"ဟုတ်ပါတယ် မောင်။ မောင်နော်"

"ဟုတ်တယ်သီ။ အံ့ဩလိုက်တာ။ ခုနကတည်းက မောင်ကြည့်နေတာ။ မောင့်စိတ်ထဲ သိပ်မသေချာလို့"

"သီလဲ အံ့ဩလိုက်တာ မောင်ရာ။ ဒီနေရာမှာ မောင့်ကို တွေ့ရလိမ့်မယ်လို့ သီ လုံးဝ မမျှော်လင့်ခဲ့ဘူး။ ခုဘော့.... မောင် တစ်ယောက်တည်းလားဟင်"

"မဟုတ်ဘူးသီ။ မောင့်အမျိုးသမီးလဲ ပါတယ်။ ခုန လေးပဲ ဟိုဘက်ထွက်သွားတာ"

"ဩော်"

ယဉ်မြင့်သီ မျက်နှာလေး ညှိုးသွားသည်ကို သတိထားမိလိုက်သည်။ သို့အတွက် အာရုံတစ်မျိုး ပြောင်းသွားရန် စဉ်းစားပြီး ...





"သီကော ဘယ်သူပါသေးလဲ။ ဘုရားဖူးလာတာ သက်သက်ပဲလား။ အိမ်ကလူတွေကော နေကောင်းလား"

သီက မျက်လွှာချ၍ ခေါင်းညိတ်ရင်း....

"နေကောင်းပါတယ်မောင်။ ဖေဖေကတော့ ဆုံးသွားပြီ။ မောင် သိလိုက်သေးလား"

ရုတ်တရက် ခေါင်းခါ၍....

"မသိလိုက်ဘူးသီ။ ဩော် ... ဦး ဆုံးသွားပြီကိုး။ ကြာသွားပြီလား"

"ကြာသွားပြီ။ မောင်ထွက်သွားပြီး လေးငါး ခြောက်လ အကြာမှာပါပဲ"

"အို..."

"မောင်လဲ နည်းနည်းတော့ ရင့်လာတယ်။ အင်းလေ.... အသက်တွေက သုံးဆယ်ကျော်ဘွေ ဖြစ်နေကြပြီပဲ။ သီလဲ ဒီလိုနေမှာပေါ့နော်။ မောင် အသက် သုံးဆယ့် လေးနှစ် ပြည့်တဲ့နေ့။ မွေးလနဲ့ မွေးရက်လဲထူးထူးခြားခြား ပြန်တိုက်ဆိုင်တဲ့နှစ်ရဲ့ မွေးနေ့မှာ ပျော်ရွှင်ချမ်းမြေ့ပါစေလို့ သီ ဆုတောင်းပါတယ်မောင်"

"ဟာ....သီက မောင့်မွေးနေ့ မှတ်မိနေတာပဲ။ မောင်တို့လဲ အဲဒီမွေးနေ့အတွက် လာတာပဲ သီ။ သီက မှတ်ဉာဏ်ကောင်းတယ်နော်။ မောင့်မွေးနေ့ကို မမေ့ဘူး"

ယဉ်မြင့်သီ မျက်လုံးအိမ်မှာ မျက်ရည်ကြည်တို့ ဝေ့ခနဲဝဲလာသည်။

မျက်လွှာ တစ်ချက်ချလိုက်ရင်း....

''မောင်နဲ့ပတ်သက်လို့ သီ ဘာမှမမေ့ပါဘူး မောင် မောင့်မွေးနေ့ကိုလဲ သီ နှစ်တိုင်းသတိရပြီး မောင့်အတွက် ဆုတောင်းပေးပါတယ်။ ခုလဲ သီ မောင့်မွေးနေ့အတွက် ဘုရားမှာ လာ ရေလှူ၊ မီးလှူ၊ ပန်းလှူ၊ မောင့်အကွက် မေတ္တာပို့ လာလုပ်ပေးတာပါ။ ဒီအလုပ်က သီ နှစ်တိုင်း အိမ်ကဘုရားမှာ မပျက်မကွက် လုပ်ခဲ့တဲ့အသုပ်ပါ။ ဒီနှစ်က တော့ မွေးနေ့မွေးရက်တိုက်တဲ့ နှစ်မို့ ဘုရားမှာ လာလုပ် ချင်တာနဲ့ လာခဲ့တာ''

''အို''

သူ ရင်ထဲ နင့်ခနဲခံစားလိုက်ရသည်။

ဒါကြောင့်များ စောစောက သူ သီ့ကို သတိရနေမိ တာများလား။

''ဒါနဲ့....သီ့အမျိုးသားက....''

''သီ အိမ်ထောင်မကျခဲ့ပါဘူး မောင်။ ကိုအေးမြင့်က သီ လက်မထပ်ခဲ့ပါဘူး။ မောင်မှာခဲ့တဲ့စကားတွေထဲက ဒါ တစ်ခုကို သီ နားမထောင်ခဲ့တာကိုတော့ ခွင့်လွှတ် ပါ မောင် အချိန်ပေးခဲ့တဲ့ရက်က သုံးရက်ထဲ ဆိုတော့ သီ အတွက် ဆိပ်နည်းလွန်းအားကြီးသွားတယ်။ သီ မောင့်က သုံးကမ္ဘာလောက် စောင့်ဦးမယ်လို့ ဆုံးဖြတ်ခဲ့မိပါတယ်''





ပြောရင်းနှင့် သီ မျက်ရည်ကျသည်။

ရဲထွက် တစ်ကိုယ်လုံး သွေးများတောင့်တင်း၍ အသက် ရှူခြင်း အားလုံး ရပ်ဆိုင်းသွားသည်ဟု ထင်မှတ်လိုက် ရ၏။

*

''ကော်ပါတော့ ရတနာရယ်။ ညဉ့်လဲနက်လှပါပြီ။ မနက် ကျ ကိုကို့မှာ အလုပ်တွေ အများကြီး လုပ်စရာရှိပါတယ်။ ဘာမှမဟုတ်တဲ့ ပြဿနာကို ဘာဖြစ်လို့ ဒီလောက်ရေးကြီး ခွင်ကျယ်လုပ်နေရတာလဲ''

သိပ် တရားလွန်လာပြီ ထင်သောအခါမှာ ဘယ် လို မှ သည်းမခံချင်တော့။ ထိန်းသိမ်း မြိုသိပ်နေသည့်ကြားက ဒေါသကပေါက်ကွဲချင်လာသည်။

ဒါတောင် လေသံကို တတ်နိုင်သလောက် ထိန်း၍ အကျိုးသင့် အကြောင်းသင့် ပြောနိုင်အောင် အစပျိုးခဲ့ သေးသည်။

သို့သော် ရတနာက ထိုအခါမှ ပိုဆိုးလာ၏။

''ဘာ...ဘာမှမဟုတ်တဲ့ ပြဿနာလဲ ကိုကို။ ရတနာ့မှာ ဒါ့ထက် ဟုတ်တဲ့ပြဿနာ ဘာမှမရှိဘူး။ ရတနာ့ဘက်က

ဘာမှ မပြောစေချင်တော့ရင် ရတနာမေးတဲ့ မေးခွန်းကို ကိုကို သေသေချာချာ ဖြေပါလား။ ဘာဖြစ်လို့ ဝေ့လည်ကြောင်ပတ်တွေ ရှောက်လုပ်နေရတာလဲ''

''ကိုယ် ဘာမှ ဝေ့လည်ကြောင်ပတ် မလုပ်ဘူး ရတနာ။ ဘုရားပေါ်မှာတုန်းက ရတနာ လှမ်းမြင်လိုက်တယ်ဆိုတဲ့ ကိုကိုနဲ့ ရပ်စကားပြောနေတဲ့ အမျိုးသမီးဟာ ကိုကို့အသိမိတ်ဆွေ တစ်ယောက်ပါလို့ ကိုကို ဘယ်နှစ်ခါ ပြောရမလဲ''

''ဟုတ်ဘယ်လေ....ကိုကိုက ဒါပဲပြောတာပဲ။ အဲဒီ အသိဆိုတာ ဘယ်ကလဲ နာမည်ဘယ်လိုခေါ်လဲ။ ဘယ်တုန်းက သိခဲ့တာလဲ။ ကိုကိုနဲ့စကားပြောနေရာကနေ ရတနာ့ကိုမြင်မှ ဘာဖြစ်လို့ ချက်ချင်းနှုတ်ဆက်ပြီး ထွက်သွားတာလဲ။ အဲဒါတွေကျတော့ ဘာဖြစ်လို့ ကိုကိုမဖြေလဲ''

''မဟုတ်ဘူး ရတနာ။ အဲဒါတွေ ဘာကြောင့်မေးရတာလဲ။ ဘုရားပေါ်မှာ ရတနာလဲ ရတနာ့အသိမိတ်ဆွေ သူငယ်ချင်းနဲ့တွေ့တာပဲ။ တွေ့လို့ ကိုယ့်ကို တောင် တစ်ယောက်တည်းထားခဲ့ပြီး ဗေဒင် သွားမေးနေသေးတယ်။ ဒီလိုပဲ ကိုကိုလဲ အသိတွေ့လို့ နှုတ်ဆက်စကားပြောတာပေါ့။ ဘုရားလာလား ဘာလားနဲ့ နည်းနည်းပါးပါး နှုတ်ဆက်စကားပြောပြီးတော့ သူ့လမ်းသူဆက်သွားတာပေါ့။ အဲဒါ ဘာဖြစ်လဲ။ ဘာဖြစ်လို့ အဲဒီကိစ္စက ရေးကြီးခွင်ကျယ် ဖြစ်လာရတာလဲ''





''ဘာဖြစ်လို့ ဖြစ်လာလဲတော့ ရတနာမသိဘူး။ ဒါပေမယ့် ရတနာ့စိတ်ထဲမှာ တစ်မျိုးကြီးပဲ။ ဗေဒင်ကလဲ ဟောလိုက်တယ်။ ကိုကိုနဲ့ရတနာ့ကြားမှာ မိန်းမတစ်ယောက်နဲ့ ပတ်သက်တဲ့ ပြဿနာအသစ်ခု ပေါ်ကိုပေါ်လာမယ်တဲ့။ အဲဒါပြောပြီးလို့ ဘယ်လောက်မှမကြာဘူး တိုက် တိုက် ဆိုင် ဆိုင် ကိုကို့ကို တခြားမိန်းမတစ်ယောက်နဲ့ ရပ်စကားပြောနေတာကို မြင်လိုက်ရတယ်။ ကိုကို့ကို ရတနာမယုံဘူး''

''အင်း...ပြဿနာပဲ ရတနာရာ''

အကြပ်အတည်းမှ တကယ့်အကြပ်အတည်းဟု သိလိုက်သည်။ ခက်သည်က သီနှင့်ပတ်သက်သော ကိစ္စမှန်သမျှကို ဘာတစ်ခွန်းမှ ရတနာ့ကို အသိမပေးရဲ။ သီနှင့်ပတ်သက်သမျှကိုလည်း ရတနာ ဘာမှမသိ။

ဖြစ်နိုင်လျှင် 'ယဉ်မြင့်သီ'ဆိုသော နာမည်ကိုပင် ရတနာ့ခေါင်းထဲသို့ အရောက်မခံချင်။

~~မရိုးဖြောင့်ခြင်းကြောင့် မဟုတ်။ တစ်စုံတစ်ရာ လှည့်ဖျား~~ ဖုန်းဖိပြီး မဟုတ်မဟာတ်ကြံလိုသောကြောင့်လည်း မဟုတ်။ ဘယ်လိုအကြောင်း သို့တည်းမဟုတ် ဘယ်လိုအခြေအနေမျိုးရှိရှိ၊ ယဉ်မြင့်သီနှင့် ကိစ္စက ပြီးခဲ့ပြီပဲဖြစ်သည်။

ပြီးခဲ့သောကိစ္စကို ဘယ်လိုအကြောင်းနှင့်မှလည်း ချေးခြောက်ရေနှူးစရာမရှိ၊ ကျားသေကို အသက်ပြန်သွင်းဖို့ ဆိုသည့် ကိစ္စက ပို၍ဝေလာဝေး။

သို့သော် ယဉ်မြင့်သီနှင့်ပတ်သက်သော အကြောင်းအရာများ ရတနာ့ကို အသိပေးဖို့ကျတော့ ရတနာ့ စိတ်အခံနှင့် သိပ်ခက်သည်။ ရတနာ့စိတ်က ဆတ်၏။ သေး ငယ် ပါး လှပ်၏။

တစ်ခုခု စိတ်ထဲမှာ စွဲထင်ငြိစွန်းမိပြီဆိုလျှင် ဘယ်လို ခွင့်လွှတ် နားလည်မှုမျိုးနှင့်မှ မဖြေရှင်းတတ်။

"ဟူး"

ရဲထွတ်က လေပူတစ်ချက် မှုတ်ထုတ်သည်။

အကယ်၍ နေ့လယ်က ဘုရားပေါ်မှာ သူ တွေ့ခဲ့သော အမျိုးသမီးသည် ယဉ်မြင့်သီသာ မဟုတ်ဘူးဆိုလျှင် သူ့ဘက်မှ ထိမ်ဝှက်နေစရာ အကြောင်းမရှိ။ ရတနာ့မေးခွန်းများကို ခုလောက်ဆို လိုဘာထက်ပင် ပို၍ဖြေပြီးနေလောက်ပြီ။

ခက်သည်က နေ့လယ်က ဘုရားပေါ်မှာ သူဆုံတွေ့ခဲ့ရသော အမျိုးသမီးကလည်း ယဉ်မြင့်သီ ဖြစ်နေသည်။

"ပြောလေ ကိုကို။ ကိုကို့ကို ရတနာမယုံဘူးလို့ ပြောနေတယ်။ အဲဒီမိန်းမဟာ ဘယ်သူလဲ။ ဘယ်ကလဲ။ ကိုကိုနဲ့ ဘယ်လိုပတ်သက်ပြီး အသိမိတ်ဆွေ ဖြစ်နေရတာလဲ"

"ဘယ်မှာနေလဲဆိုတာ ကိုယ်လဲ သေချာ မသိဘူး ရတနာ"

"ဟုတ်ပါပြီလေ....အဲဒါကထားပါ။ နာမည်က ဘယ်သူလဲ"





"နာမည်လဲ သေချာမသိပါဘူး။ ဒီလိုပဲ တွေ့ဖူးမြင်ဖူး နဲ့တဲ့အသိပါ"

"ဘယ်လို တွေ့ဖူးမြင်ဖူးတာလဲ"

"ဒီလိုပဲ လုပ်ငန်းကိစ္စနဲ့ သွားရင်းလာရင်း တွေ့ဖူး နတာပဲ ရတနာ။ ကိုယ်က ကုမ္ပဏီကိစ္စနဲ့ နေရာအနှံ့ ွားနေရတာပဲ။ လူတိုင်းကို ကိုယ် ဘယ်လိုလုပ် သေချာ တ်မိမလဲ"

"ကဲ....ထားပါတော့။ နေ့လယ်က ကိုကိုနဲ့ တွေ့တော့ ာတွေပြောကြလဲ"

"ဘုရားလာတာလား ဘာလားမေးရင်း ကုမ္ပဏီလုပ်ငန်း တွ အဆင်ပြေလား ဘာလားမေးတာနဲ့ အဆင်ပြေပါ ယ် ဘာညာဖြေရတာပေါ့ ရတနာ"

"ဒါပဲပေါ့။ ဒီ့ထက်ပိုပြီး ဘာမှမပြောကြဘူးပေါ့"

"ဒီ့ထက် ပိုပြီးဆိုတာ ဘာကိုပြောတာလဲ ရတနာ။ဒါပဲ ပြာတယ်။ ဒီ့ပြင် အကြောင်းအရာလဲ ဘာမှ မပြောဘူး။ ပြာစရာလဲ မရှိဘူး"

ရတနာက ဟက်ဟက်ပက်ပက် တစ်ချက်ရယ်သည်။ ရယ် မှ—

"စောစောတည်းက ဒီလို ဖြေလိုက်ရင် ပြီးတဲ့ကိစ္စကို ဘာ ်လို့တစ်နေ့ခင်းလုံးနဲ့တစ်ညဦးလုံး ဟိုလိုလို ဒီလိုလိုလျှောက် ြနေတာလဲကိုကို"

ကိုယ် အမှန်အတိုင်း မပြောရဲသလို ညာလဲ မညာချင်ဘူးရတနာ။ အမှန်အတိုင်း မဖြေဘဲ ရှောင်တိမ်း နေမိတာက အပြစ်မရှိဘူး။ ညာတာကျတော့ အပြစ်ကပိုကြီးတယ် ဆိုသော စကားများကို စိတ်ထဲက ပြောမိသည်။

နှုတ်ကတော့ ...

''မဟုတ်ဘူးလေ။ ရတနာမေးတဲ့ပုံစံက ကိုယ့်ကို မယုံလို့ စစ်ဆေးနေတဲ့ ပုံစံမျိုးကြီး ဖြစ်နေတာကိုး''

ရတနာက အမဲ့နှင့်အတူရယ်သည်။

''ဟုတ်တယ်ကိုကို၊ အမှန်ကတော့ မယုံလို့စစ်ဆေးတာပဲ။ ခုလဲ ရတနာယုံဘယ်များ ထင်လား။ ကိုကို့ အမူအရာ ကြည့်တာနဲ့ ကိုကိုညာနေမှန်း သိပါတယ်။ ဒါပေမယ့် ထားပါတော့လေ။ ကိုကိုမပြောလဲ ရတနာ သိချင်တဲ့ ကိစ္စဆိုရင် မသိ သိအောင် လုပ်တတ်ပါတယ်။ ခုတော့ ဒီအတိုင်းပဲ ထားလိုက်ပါတော့''

ပြောပြောဆိုဆိုနှင့် အိပ်ရာပေါ်တွင် တစ်ဘက်သို့ စောင်းလှည့်သွားသည်။

ခဏအကြာတွင် ရတနာ့ထံမှ ကြိတ်ရှိုက် နေသံများ ထွက်ပေါ်လာ၏။

*





ညဉ့်ဦးကတည်းက လျှပ်စစ်မီးများ ပြတ်တောက် နေသဖြင့် လအေးစက်မှ ရနေကျ အအေးငွေ့လည်း မရ။

ပြီးညကလည်း ခါတိုင်းထက်ပင် ရက်စက်စွာ ပူအိုက်နေလား မသိ။

ရဲထွတ်နဖူးတွင် စို့နေသော ချွေးများကို လက်ဖြင့် သုတ်လိုက်၏။ မရှိဘူးဆိုလျှင်ပင် အချိန်က သန်းခေါင် ကျော်နေပြီ။

ရတနာကတော့ သူ့ဝေဒနာနှင့်သူ ကြိတ်ရှိုက်ငိုကြွေးရင်း အိပ်မောကျသွားပြီ။ အိပ်မက်ထဲမှာ သောက ဗျာပါဒတွေနှင့် ဆက်လက်ကြုံချင်လည်း ကြုံနေပေလိမ့်မည်။ သောကကင်းစွာ အိပ်ပျော်သွားခြင်းတော့ မဟုတ်။

ဟင်းခနဲ သူသက်ပြင်းချလိုက်၏။

ခွေးတစ်ကောင်ကို ချောင်ပိတ်ရိုက်သလို သံသယ များစွာနှင့် မေးစစ်နေတုန်းကသာ ရတနာ့အပေါ် ဒေါသ ပွားမိသော်လည်း တကယ်တမ်းကျတော့ ရတနာ့ အပေါ် သူ စိတ်ဆိုးရက်။

စင်စစ် ရတနာသည် သနားစရာ မိန်းကလေးမျှသာ ဖြစ်သည်။

အရာ အားလုံးကို သူ့စိတ်ကြိုက်၊ သူ့ပုံစံ ဖြစ်ချင်လွန်းလှသည်နှင့်အမျှ ရတနာသည် လောဘကိုလည်း မထိန်းတတ်။ ဒေါသကိုလည်း မထိန်းတတ်။ အလားတူပင် သောကကိုလည်း မျှင်မိန်းတတ်။

အစစ ပြည့်စုံ လုံလောက်သော ဘဝကို ရနေသည့်တိုင် အလိုမကျခြင်း၊ အလိုမပြည့်ခြင်းများကို အကြောင်းမဲ့ ဇွတ် ရင်ဆိုင်သည်။ အလွန်အေးငြိမ်း ပျော်ရွှင်စရာ ကောင်းသော အနေအထားမှာ ရှိနေသည့်တိုင်လည်း အပူနှင့် မျက်ရည် ကို တမင်သက်သက် ဇွတ်ဖန်တီးယူသည်။

ခွင့်လွှတ်ဘတ်ခြင်းနှင့် မေ့ပျောက်ဘတ်ခြင်းဆိုသော အရာ နှစ်ခုသာ သူ့ဘဝထဲ ဖြည့်ဆီးလိုက်ပါက ရတနာလောက် ပျော်ရွှင်စရာ ကောင်းသော ဘာမျိုး လောကမှာ ရှိမည် မထင်။

သို့သော် သည်နှစ်ခု ရတနာ့ ရင်ထဲ ရောက်ဖို့ကို ဘယ်သူမှ မတတ်စွမ်းနိုင်။

ရဲထွဋ်လည်း နှစ်ပေါင်းများစွာ ကြိုးစားခဲ့ ပြီးပြီ။

ခဏသာ ရ၏။

အကြောင်းတစ်စုံတစ်ခု မပေါ်ခင်သာစကားအရာ အဖြ အောင်မြင်သော်လည်း ဘာမဟုတ်သော အကြောင်း တစ် ပေါ်လာသည်နှင့်ပင် ရတနာ ဒုံ့ရင်းဒုံ့ရင်း ပြန် ဆို သည်။

မှန်ဘာ ပြောရလျှင် အခြား အချိန်များ အားလုံး လို ၌ သီ့ကို သူမေ့ပျောက်ထား နိုင်သော်လည်း ရတနာ ထို ပေါက်ကွဲပြီ ဆိုလျှင်တော့ ရဲထွဋ် သီ့ကို သတိရသည်။





ဒါတောင် သီနှင့် သီ့အခြေအနေကို သူဘာမှ မသိရခင် က ဖြစ်ခဲ့ခြင်း ဖြစ်သည်။

ခု သီ့ဘဝ သီ့အခြေအနေကို သိခွင့် ရလိုက်ပြီ ဆိုသော အခါမှာတော့ ပို၍ပင် ဆိုးလာ၏။

*

''မောင် အချိန်ပေးခဲ့တဲ့ ရက်က သုံးရက်ထဲ ဆိုတော့ သီ့ အတွက် သိပ် နည်းလွန်းအားကြီးသွားတယ် မောင်။ သီ မောင့်ကို သုံးကမ္ဘာသောက် စောင့်ဦးမယ်လို့ ဆုံးဖြတ်ခဲ့မိ ပါတယ်''

ထိုစကားတစ်ခွန်းဖြင့် သီသည် သူ့ကိုများစွာ ချောက် ချားအောင် ပြုသွားနိုင်ခဲ့သည်။

ဆယ့်ခုနှစ် လုံးလုံး သူ နားလည်နေခဲ့သော အခြေအနေ များသည်လည်း ကမြောင်းကပြန် ဖြစ်ကုန်ပြီဟု သဘော ပေါက်လိုက်သည်။

သည်ကာလ တစ်လျှောက်လုံးမှာ သူ နားလည်ခဲ့သည်က သီ လက်ထပ်သွားပြီ။ ကိုအေးမြင့်နှင့် သီ အိမ်ထောင်ကျနေ ပြီ ဟူ၍သာ ဖြစ်သည်။ သီ သူ့ကို ခုလို စောင့်စား နေလိမ့် မည်ဟု စိုးစဉ်းမျှ မတွေးထင်မိ။

သီ့ကို သည်လိုအခြေအနေမျိုးနှင့် ပြန်ဆုံရလိမ့်မည်ဟု လည်း သည်ပင်ပန်းကြီးစွာ ဖြတ်သန်းခဲ့ရသော ဆယ့်ခုနစ်တာ ကာလအတွင်းမှာ တစ်ကြိမ်တစ်ခါမျှ မမျှော်လင့်ဖူးခဲ့။

သီနှင့်ပတ်သက်သော ဇာတ်လမ်းက အပြီးအပိုင် ဆုံးခန်းတိုင်ခဲ့ပြီဟူ၍ပဲ ယူဆခဲ့သည်။

အကယ်၍ သီနှင့်သူသည် ကနေ့တွေ့သလို တိုက်ရိုက်တွေ့ကြတာမဟုတ်ဘဲ သည့်ပြင်သူ တစ်ယောက်ယောက်က သီနှင့်တွေ့ပြီး ပြန်ပြောပြတာမျိုးဆိုလျှင်တောင် ထိုကိစ္စ မဖြစ်နိုင်ဟု သူပြောမိကောင်း ပြောမိမည်။

ယုံလည်း ယုံမည်မဟုတ်။

ခုတော့...သည်စကားက သီ့စကား။ သီ ကိုယ်တိုင် သူ့ကို တိုက်ရိုက်ပြောလိုက်သည့် စကား။

ဒါဖြင့်ရင် သီတို့မိသားစု အားလုံး ဘာဖြစ်လို့ တခြားမြို့သို့ ပြောင်းရွှေ့သွားရတာလဲ။ သည်ကြားထဲမှာကော သီ ဘာဖြစ်၍ သူ့ကို အဆက်အသွယ် မလုပ်တာလဲ။

ပြီးတော့ ဆယ့်ခုနစ်နှစ်လုံးလုံး ဘာကြောင့် သီ ပျောက်ဆုံးနေပြီး သည်နေ့ကျမှ မမျှော်လင့်ဘဲ တိုက်တိုက်ဆိုင်ဆိုင် လာဆုံစည်းရတာလဲ။

သည်အနေအထားတွေကို စောစီးစွာ သူ သိရအောင်လည်း ဘာဖြစ်၍ သီ မကြိုးစားခဲ့ရလဲ။





ခုကော သီ ဘယ်မှာနေလဲ။ ဘာဖြစ်နေလဲ။

မေးစရာမေးခွန်းတွေ အများကြီးမေးချင်ခဲ့သော်လည်း ခပ်လှမ်းလှမ်းမှနေ၍ ဟာနာ ပြန်လာသည်ကို မြင်သဖြင့် မမေးလိုက်ရ။

သို့သော် သီပြောသည့် စကားများကိုတော့ သူယုံကြည်ပါသည်။ သည်ကြားထဲမှာ သီ့ဘက်မှာလည်း သူမသိသေးအကြောင်းအရာတွေ တော်တော်များများနှင့် ရင်ဆိုင်တွေ့ကြုံခဲ့ရမှာ သေချာသည်။

သည်ကိစ္စတွေကိုသာ သူ အချိန်မီ သိလိုက်ရပါက ရတနာနှင့် သူ ဘယ်လိုမှ လက်ထပ် ဖြစ်စရာ အကြောင်းမရှိ။

ခုတော့ အချိန်တွေက များစွာလွန်ခဲ့ပြီ။

အခြေအနေအားလုံးကလည်း ဘယ်လိုမှ နောက်ကြောင်းပြန်၍ ရကောင်းနိုင်တော့သည့် အခ[illegible]အသားမရှိတော့။

ခုမှတော့ ယူကျုံးမရခြင်း၊ စိတ်မကောင်းခြင်း၊ စိတ်ထိခိုက်ရခြင်း စသော ခံစားမှုများ ခံစားရရုံကလွဲ၍လည်း ဘာမှလုပ်စရာမရှိ။

လုံးလုံးမတွေ့ကြလိုက်တာကမှ ကောင်းဦးမယ် သီ။

ဘာပြောပြော၊ သီ ဘာဖြစ်နေသည်ဆိုသည်ကို မောင်လုံးဝမသိလက်စနှင့် တစ်သက်လုံး မသိ လိုက်ရရင် သိပ်ကောင်းမည်။

ခုတော့ မောင့်မှာ မောင် ဘာမှမတတ်စွမ်း၊ မဖြေရှင်းတတ်သည့် ခံစားမှု၊ ပြဿနာအထုပ်အပိုးကြီးတစ်ခုနှင့်ကိုးလို့ကန့်လန့် ဖြစ်ကျန်ခဲ့ရပြီ။

သည်ကြား၊ထဲ ရတနာနှင့်လည်း နဂိုကမှ ပြဿနာကင်းအောင် အတော်ကြိုးစားနေထိုင်ခဲ့ရသည့် အနေအထားကနေ ပြဿနာသစ် တစ်ရပ်ကို အစ ပျိုး ခဲ့ သ လို ဖြစ်ရသည်။

ဆယ့်ခုနစ်နှစ်လုံးလုံး ကိုယ့်ဘဝကိုယ်ကြိုးစားထူထောင်ခဲ့ရစဉ်က ပင်ပန်းသမျှထက်ပင် ဆယ်ဆလောက် ပင်ပန်းနေရပြီ သီ။

ဒါတောင် ဇာတ်လမ်းက သည်မျှနှင့် ဆုံးသွားလျှင်တော်သေးသည်။

မမျှော်လင့်သောအကြောင်းများ ထပ်မံ ပေါ်ပေါက်လာပြီး သည်ဇာတ်လမ်းကြီးကို မလွှဲမရှောင်သာ ဆက်ကရမည်ဆိုလျှင်တော့ ပြဿနာပေါင်း များစွာဆင့်ကဲ ပေါ်ပေါက်တော့မှာ သေချာ၏။

သည်ဇာတ်လမ်းကလည်း သည်နေရာမှာတင် ရပ်နေမည်မဟုတ်။

တစ်ခုခုသောအကြောင်းဖြင့် ဇာတ်လမ်းများစွာ ဆက်ရှည်လျားပြီး ပြဿနာပေါင်း မြောက်မြားစွာ ပေါ်ပေါက်ရင်ဆိုင်ရတော့မည်ဟုလည်း စိတ်ထဲက အလိုလို သိနေမိသည်လေ။

*



အပိုင်း ခုနစ်

ပေါက်ကွဲခြင်း....နွေ

( အချပ်ပို )

"အဲဒါပဲ စိုးလွင်။ ဒီကိစ္စအားလုံးဟာ မင်းသိချင်ပါ
တယ်ဆိုတဲ့ ၁၉၇၃ ခုနှစ်၊ ဧပြီလ ၁ ရက်၊ မဟာလောက
အောင်မြေကျောင်းကနေ ငါ ထွက်သွားတဲ့နေ့ကနေ အခု
၁၉၉၀ ပြည့်နှစ် ဧပြီလ ၄ ရက် ဗုဒ္ဓဟူးနေ့အထိ ငါ ကြုံခဲ့
ရတဲ့ အဖြစ်အပျက်တွေပဲ"

ရဲထွတ်စကားကြောင့် ကျွန်မတော်က ဒီနေ့ နေ့စွဲနှင့်ချိန်၍
လက်ကို ချိုးတွက်လိုက်ရင်း....

"ဒီနေ့က ဧပြီလ ၇ ရက်နေ့ဆိုတော့ ၅ ရက်နဲ့ ၆ ရက်
နှစ်ရက်စလုံး မင်း ငါ့ကို လိုက်ရှာနေခဲ့ဘာပေါ့ ရဲထွတ်။
ဟုတ်လား"

"အင်း....တကယ်ရှာတာကတော့ မနေ့ကမှ စ,တာပါကွာ။ ငါးရက်နေ့ တစ်နေ့ကတော့ ရတနာနဲ့ ပြဿနာတက်ထားတာကို စိတ်ညစ်တာရယ်၊ ဘာလုပ်သင့်သလဲ ဆိုတာတွေးပြီး ခေါင်းခြောက်တာရယ် ပေါင်းပြီး ဘာမှ မယ်မယ်ရရ မလုပ်ဖြစ်ပါဘူး"

"ဒါဖြင့် မနေ့က ငါ့ကိုလိုက်ရှာတာရယ်၊ ဒီနေ့ ငါ့ဆီဆိုက်ဆိုက်မြိုက်မြိုက် ရောက်ချလာတာရယ် နှစ်ခုကတော့ ဘာလုပ်သင့်သလဲဆိုတာ မင်းတွေးပြီးမှ ရတဲ့အဖြေပေါ့"

ကျွန်တော့် အမေးစကားကို ရဲထွတ်က ခေါင်းညိတ်တုံ့ပြန်သည်။

ပြီးမှ တွေငေးငေးမျက်နှာဖြင့်....

'ရတနာနဲ့ပတ်သက်လို့ ငါ့ဘက်က ဘာမှ သစ္စာမဲ့ချင်ဘူးဆိုတာ မင်းကို ပြောခဲ့ပြီနော် စိုးလွင်။ ပြီးတော့ ရတနာတို့ မိသားစုရဲ့ ကျေးဇူးဟာ ငါ့အပေါ်မှာ အများကြီးရှိတယ်ဆိုတာလဲ ငါ နားလည်တယ်။ နောက် တစ် ခု က သားနဲ့သမီးကလဲ ငါတို့အိမ်ထောင်ရေးမှာ အင်မတန် ခိုင်မြဲတဲ့ သံယောဇဉ်ကြိုးတွေ'

"အော်—မင်းက အခု ကလေးနှစ်ယောက်နဲ့လား။ ခုန မင်း ငါ့ပြောတုန်းက သားကြီး ဇော်ရဲထွတ် တစ်ယောက်ပဲ ပါလို့"





"ဟုတ်တယ် စိုးလွင်။ နောက်ပိုင်းကိစ္စတွေ ငါနည်းနည်းခြုံပြောလို့ ကျန်နေခဲ့တာ။ သားကြီးပြီးတော့ သမီးငယ်ကို ၁၉၈၈ ခုနှစ်ကမွေးတယ်။ နာမည်က ရတနာရဲမွန်တဲ့။ ဗုဒ္ဓဟူးသမီးလေးပဲ"

ကျွန်တော်က ပြုံးလိုက်ရင်း....

"အမေက ရတနာမြတ်မွန်၊ သမီးက ရတနာရဲမွန်။ မင်းကလဲ စိတ်ကူးယဉ်လှချည်လား"

"ဩော်....အဖေက ရဲထွတ်၊ သားက ဇော်ရဲထွတ် မှည့်ထားတော့ သမီးကျတော့ အမေ့ကိုယ်ပွားလေးပေါ့။ အမေနဲ့လဲသိပ်တူတယ်ကွ၊ လှတယ်။ ဖြူဖြူသွယ်သွယ်လေးပဲ"

"အေးကွာ မထူးတော့ပါဘူး။ မင်းသမီးပဲ ကျောက်ဖျဉ်ရွက်စောင့်ယူရကောင်းမယ်။ ခုထိ ငါလဲ ငါ့ဘဝငါ ရုန်းကန်ရင်း စိတ်တိုင်းကျကို ရှာမရသေးဘူး"

ရဲထွတ်က ရယ်ရင်း ဆဲ၍...

"ငါ့သမီးက ခုမှ နှစ်နှစ်သမီး ရှိသေးတယ်ကွ။ မကြံကောင်းမစည်ရာတွေ မကြံနဲ့။ လိုချင်ရင် ထိုက်ထိုက်တန်တန် ငါရှာပေးမယ်။ ငါ့အိမ်မှာ ခုထိ ယောကျ်ားတွေကို စိတ်နာပြီး အပျိုကြီးလုပ်နေတဲ့ ငါ့ခယ်မ ရှိသေးတယ်။ ဒါပေမယ့် ယခု လောလောဆယ်တော့ သူ့တူနဲ့ တူမကို ထိန်းနေလို့ လူပျိုလှည့်လို့ မရသေးဘူး"

"ဘယ်သူလဲ၊ သီရိကို ပြောတာလား။ မလုပ်ပါနဲ့ကွာ။ သူတို့က သူဌေးသမီး၊ သူဌေးလင်မယားညီမ၊ ငါတို့လို

အနှုတ်စုတ်ဂုတ်စုတ်ကောင်နဲ့ လားလားမှ မ ထိုက် ပါ ဘူ
ဒါနဲ့ ခုန စကား ဆက်ပါဦး။ သားသမီးတွေကသဲ ခိုင်မြ
သံယောဇဉ်ကြိုးတွေဆိုတဲ့နေရာ ရောက်နေပြီ''

ကျွန်တော် စကားစ ပြန်ဖော်ပေးလိုက်သည်။ ရဲထွက်
ပြန်တည်ကြည်သွားသော မျက်နှာဖြင့် ခေါင်းညိတ်ရင်း....

''အဲဒါပါ။ ဒီလိုအနေအထားမျိုးမှာ ရတနာနဲ့ ပ
သက်လို့ ငါ့ဘက်က ဘာမှ အမှားအယွင်း အဖြစ်မခံပါဘူ
ဒါပေမယ့် သီ့ အနေအထားကိုတော့ ငါ သိချင်တယ်
လွင်။ သီ့ကို ငါ မြင်ရတာ ညှိုးညှိုးနွမ်းနွမ်းပဲ။ သီတို့ ဘ
ဖြစ်ခဲ့လဲ။ ခု သီ့ အခြေအနေက ဘယ်လိုရှိလဲ။ အဲဒါတွေ ငါ့
သေချာပြောပြစမ်းပါ စိုးလွင်။ မင်းကို ငါလိုက်ရှာတာ
အဲဒီကိစ္စက အဓိကပဲ။ ပြီးရင်လဲ ငါ့ကို သီ့ ဆီရောက်အော
ပို့ပေးစမ်းပါ''

ကျွန်တော် သက်ပြင်း အရင်ချသည်။

ပြီးမှ သူ သိချင်သော အကြောင်းအရာများကို ပြော
နိုင်ရန် ပင့်သက်တစ်ချက်ရှိုက်၍ ကျွန်တော် အားယူလိုက်

*



( ၁ )

''သီ့ အဖြစ်အပျက်ကတော့ စိုးလွင် ပြော ပြ သ လို ပါပဲ
ာင်။ အဲ...ကိုရဲ၊ ကိုရဲ ဆရာတော့်ကျောင်းက ထွက်
ားပြီးတော့ သီ စိုးလွင်ကိုပဲ အကူအညီတောင်းပြီး ကိုရဲကို
က်ရှာဖို့ ကြိုးစားခဲ့ပါသေးတယ်....

''ဒါပေမယ့် တစ်ပတ်လောက်အထိ ကိုရဲ ပြန် မ လာ တဲ့
ါကျတော့ ကိုရဲ ပြန်မလာတော့ဘူးဆိုတာ သိလိုက်တယ်။

''အဲဒီအတောအတွင်းမှာပဲ နောက်ပြဿနာတစ်ခု ဝင်
တာက ဖေဖေ့ကိစ္စပဲ။ တော်တော်လေး သက်သာသွား
ိုထင်တဲ့ ဖေဖေ့ ရောဂါဟာ ချက်ချင်း ပြန်ဖောက်လာ
ယ်။အဲဒီတော့မှ ဆရာဝန်ကလဲ သီနဲ့ မေမေ မသိအောင် ဖုံး

ထားတဲ့ကိစ္စကို ဖွင့်ပြောတယ်။ အဲဒါက ဘာလဲဆိုတော့ ဖေ ဖေ့ရောဂါဟာ ဘယ်လိုမှ ကုမရတော့တဲ့ ကင်ဆာတဲ့....

''ဖေဖေက သီတို့ အရမ်းစိတ်ဆင်းရဲမှာစိုးလို့ သူ သိနေ ရက်နဲ့ တမင် ဆရာဝန်ကိုလဲ ဖုံးထားခိုင်းတာပါ။

''အဲဒီမှာ သီတို့လဲ ငယ်ထိပ် မြွေပေါက်ခံရသလို ဖြစ်ကုန် ကြတယ်။ ဒီကိစ္စကြီး ရှိနေတော့ ကိုအေးမြင့်နဲ့ သင်္ကြန်မတိုင် ခင် စီစဉ်မယ်ဆိုတဲ့ ကိစ္စလဲ ခဏပျက်သွားပြီး ကိုအေးမြင့်လဲ မန္တလေး ခဏ ထွက်သွားတယ်၊

''မေမေကလဲ ကြံရာမရဖြစ်ပြီး အိမ်ကိုရတဲ့ဈေးနဲ့ရောင်း၊ သူ့ဇာတိဖြစ်တဲ့ ကော့မှူးကို ဖေဖေ ပါခေါ်ပြီး ပြန်မယ်။ အဲ ဒီမှာ ဆွေဦးလေးဝမ်းကွဲတစ်ယောက်က မြန်မာဆေးဆရာလုပ် နေတယ်၊ အင်္ဂလိပ်ဆေးနဲ့မရရင် မြန်မာဆေးနဲ့ကုမယ်ဆိုပြီ သီတို့မိသားစုအားလုံး အဲဒီ ကော့မှူးဘက်ကို ပြောင်းသွာ ကြတယ်။

''ကသီလဲ ကသို၊ ဒုက္ခလဲ ရောက်တာပေါ့ကိုရဲရယ်။

''နောက်တစ်ခါ လတ်တလော ကိုအေးမြင့်ကို ပေးရမ ကြွေးကိစ္စကိုလဲ ခဏ ရှောင်ရအောင် သီတို့ ဘယ်ပြော သွားတယ်ဆိုတာ ဘယ်သူ့ကိုမှ မပြောခဲ့ဘူး။ သူများကြေ မပေးချင်လို့တော့ မဟုတ်ပါဘူး။ လောလောဆယ် ခ ရှောင်နေလိုက်တဲ့သဘောပါ။ ကိုအေးမြင့် ရန်ကုန်လိပ်စာ သီတို့ သိနေတာပဲ။ ပေးချင်ရင် အချိန်မရွေး သွားပေးလိ ပါတယ်။





''အဲဒီတော့ သီတို့လဲ ကော့မှူးရောက်လာခဲ့တယ် ဆို ပါ တော့။ ကော့မှူးမှာတော့ ဆွေမျိုးအရင်းကြီးတွေ မရှိပေ မယ့် မေမေနေခဲ့တုန်းက ခင်ခဲ့တဲ့ ရပ်ဆွေ ရပ်မျိုးတွေက ကောင်းရှာပါတယ်။

''သီတို့ ပါလာတဲ့ ငွေကလေးနဲ့ နေစရာ ထိုင်စရာလေး ရအောင်၊ စားဖို့သောက်ဖို့လေး အဆင်ပြေအောင် ဝိုင်းပံ့ပိုး ကူညီကြပါတယ်။ ဖေဖေ ရောဂါကိုလဲ မြန်မာဆေးနဲ့ကော၊ တတ်သမျှ မှတ်သမျှ ဆေးမြီးတိုတွေနဲ့ ကော ဝိုင်းကုပေးကြပါ တယ်။ ဒါပေမယ့် မရပါဘူး။ ရောဂါက ကျွမ်းနေတော့ တစ်လ အကြာမှာပဲ ဖေဖေ ဆုံးသွားတယ်။

''ဖေဖေ ကိစ္စဝိစ္စ ပြီးသွားတော့ မေမေနဲ့ သီ တိုင်ပင်ပြီး ရန်ကုန်တက် ကိုအေးမြင့်ကို ရှာတယ်။ ဖေဖေ ဆုံးသွားတဲ့ အကြောင်းရယ်၊ ဖြစ်ပျက်ပုံတွေရယ် ပြောပြပြီး သီ သူ့ကို လက်မထပ်နိုင်တဲ့ အကြောင်းကိုလဲ အပြတ် ပြောလိုက် ပါ တယ်။

''ယူထားတဲ့ကြွေးကိစ္စကိုလဲ ဖြစ်တဲ့နည်းနဲ့ ဖြည်းဖြည်း ချင်း ဆပ်သွားမယ်ဆိုတဲ့ အကြောင်းလဲ ပြောပြ အာမခံ ခဲ့ တယ်။

''အဲဒီနောက်ပိုင်းတော့ သီလဲ တက္ကသိုလ်တက်ဖို့ မစဉ်း စားတော့ဘဲ ကော့မှူးက မေမေ့မိတ်ဆွေတစ်ယောက်က စီ စဉ်ပေးလို့ ကော့မှူး ပါတီယူနစ်မှာ အလုပ်ဝင် လုပ်ခဲ့တယ်။ စာရေးမ ပါ။

"မေမေကတော့ ကျန်တဲ့ ငွေလေးနဲ့စုပြီး ကုန်စုံဆိုင်လေး တစ်ခု အိမ်ရှေ့မှာပဲ အဖီလေးချပြီး ရောင်းတယ်။

"စားဖို့ သောက်ဖို့လေးနဲ့ မောင်လေး ကိုဇော် ကျောင်း ဆက်တက်ဖို့ကိစ္စလေးတော့ အဆင်ပြေ သွားတာပေါ့လေ။ ကိုအေးမြင့်ကြွေးတော့ မဆပ်နိုင်သေးပါဘူး။ သီတို့လဲ မျက်နှာပူပူနဲ့ ဒီအတိုင်းပဲ နေရတာပဲ။ တောင်းတာတော့ သူက အတင်းမတောင်းပါဘူး။ ကိုယ့်ဟာကိုယ် ရှက်တာပါ။

"အဲလိုနဲ့နေလာရင်း တစ်နှစ်ခွဲလောက်ကြာတော့ သီတို့ မိသားစုမှာ အဆင်ပြေတာလေးတစ်ခု ဖြစ်လာတယ်။ အဲဒါက ဘာလဲဆိုတော့ မောင်လေးကိုဇော့် ကိစ္စပဲ"

စိုးလွင်နှင့်အတူ ရဲထွတ် ဒလဘက်ကမ်း ဘုရင့်နောင်မြို့သစ်မှာနေသော ယဉ်မြင့်သီတို့အိမ်သို့ ရောက်ခဲ့သည်။

အိမ်က အဖြစ်သဘော ပြန်ဆောက်ထားရသဖြင့် ခပ်ကျဉ်းကျဉ်း ခပ်ယိုင်ယိုင်လေးပဲ ဖြစ်သည်။ အိမ်ရှေ့နားမှာ မြေစိုက်တဲကလေး တစ်ခုဖြင့် စာအုပ်အငှားဆိုင်လေး တစ်ဆိုင် ဖွင့်ထားသည်။

ယဉ်မြင့်သီအမေကတော့ ကောင်းကောင်းနေမကောင်း။ အိမ်ပေါ်မှာ စောင်ကြီးခြုံလျက်သားဖြင့် အဖျားတက်နေသည်။

ယဉ်မြင့်သီက သူ့ကိုတွေ့သောအခါ ဝမ်းသာအားရ ကြိုပြီး မနေ့က စိုးလွင် ပြောပြခဲ့သော ဇာတ်လမ်းကိုပင် ပိုပြီး ပြည့်စုံစွာနှင့် အသေးစိတ် ပြောပြသည်။





အခေါ်အဝေါ်ကိုလည်း မောင်ဟု အမှတ်တမဲ့ခေါ်နေရာမှ သတိထားပြီး ကိုရဲဟု ပြန်ပြင်ခေါ်သည်။

သူတို့ ရောက်မှ ကမန်းကတန်း တည်ခင်းဧည့်ခံပေးသော ရေနွေးပွဲ ခပ်နွမ်းနွမ်းလေးနှင့် လက်ဖက်သုတ်ပန်းကန်လေးကို ကြည့်ပြီး ရဲထွတ် ရင်ထဲ ထိခိုက်နေမိသည်။

အိမ်ရှေ့ စာအုပ်အငှားဆိုင် တဲလေးနံဘေးနားတွင် အိုးလေးနှင့် စိုက်ထားသည့် နှင်းဆီပန်းပင်ကလေးမှ အဖြူဆွတ်ဆွတ် ပန်းလေးတစ်ပွင့် ပွင့်နေသည်ကိုလည်း လှမ်းကြည့်နေမိ၏။

*

"အင်း ... ဆက်ပါဦးသီ။ ခုန ပြောတဲ့ ကိုဇော့်ကိစ္စ ဆိုတာ"

ရဲထွတ်က သက်ပြင်းချရင်း မေးသည်။

စိုးလွင်ကတော့ သူတို့စကားဝိုင်းတွင် ဝင်မပါ။ ယဉ်မြင့်သီ အမေနားသွား၍ လူမမာ မေးနေသည်။

ယဉ်မြင့်သီက မျက်ရည်များ ဝိုင်းလာရင်း ...

"ကိုဇော်အကြောင်း ပြောရတာ သီ အရမ်း ငိုချင်တယ် ကိုရဲ။ ကိုဇော်ဟာ သီတို့မိသားစုဘဝကို သူ့အသက်နဲ့ လဲပြီး

လုပ်ကျွေးခဲ့တာပါ။ ခုလိုဖြစ်နေတဲ့ အချိန်မှာ မမျှော်လင့်ဘဲ ကိုဇော် နိုင်ငံခြားသင်္ဘောလိုက်ဖို့ အဆင်ပြေလာတယ် ကိုရဲ။

''ပိုက်ဆံပေးနိုင်လို့၊ အဆက်အသွယ်ကောင်းလို့ အဆင်ပြေတာမဟုတ်ပါဘူး။ သူ့သူငယ်ချင်းတစ်ယောက်ရဲ့ ကျေးဇူးပါ။ သူ့သူငယ်ချင်းတစ်ယောက်က ကိုဇော့်ကို တော်တော် ခင်တယ်။ ကိုဇော်နဲ့ အဲဒီသူငယ်ချင်းအိမ်တစ်အိမ်လုံးနဲ့လဲ ရင်းနှီးတယ်။

''အဲဒါ သူ့သူငယ်ချင်းက နိုင်ငံခြားမှာ သင်္ဘော သွားလိုက်ဖို့ စီစဉ်တော့ အဖော်လဲရ၊ ကိုဇော့်လဲ သနားတာနဲ့ အတူတူသွားခွင့်ရအောင် ကုန်ကျတဲ့ ငွေကြေးကို သူတို့ကပဲ စိုက်ထုတ်လုပ်ပေးတယ်။ အလကားပေးတာတော့ မဟုတ်ဘူးပေါ့။ ကိုဇော် အလုပ် လုပ်ရင်းနဲ့မှ ဒီပိုက်ဆံ ပြန်ပေးဆိုတဲ့ ပုံစံပေါ့။

''တိုတိုပြောရရင် ကိုဇော် အဲဒီသူငယ်ချင်းနဲ့ အတူတူ သင်္ဘောလိုက်ခွင့် ရသွားတယ်။ သင်္ဘောတစ်စီးတည်းမှာလဲ တာဝန်ကျတယ်။ မဆိုးပါဘူးလေ။ သုံးလေးနှစ်အတွင်းမှာ သူ့သူငယ်ချင်း စိုက်အားတဲ့ ငွေလဲ ပြန်ပေးနိုင်တယ်။ အိမ်အတွက်လဲ ကားတစ်စီး ပို့ပေးနိုင်တယ်။

''သီတို့လဲ အသက်ရှူ ချောင်သွားတာပေါ့။ အဲဒီကားကို ထုတ်တောင်မနေတော့ပါဘူး။ စာရွက်ပဲ ရောင်းလိုက်





တယ်။ တစ်သိန်းရှစ်သောင်းလောက် ရတယ်။ အဲဒီပိုက်ဆံထဲက တစ်သိန်းကို ကိုအေးမြင့်ကြွေး ဆပ်လိုက်တယ်။

''ကျန်တဲ့ ပိုက်ဆံနဲ့ သီတို့ ဒီဒလမှာ အရင်မဖျက်ခင်က နေရာမှာပေါ့။ အိမ်လေးတစ်လုံးဝယ်လိုက်တယ်။ တခြားကြောင့်ပြောင်းတာမဟုတ်ပါဘူး။မောင်လေးကိစ္စက ရန်ကုန်မြို့ထဲမှာ ဆက်သွယ်နေရတာ ဆိုတော့ ဆက်သွယ်ရ လွယ်အောင်ဒလရွှေ့ခဲ့တာပါ။ ဒလဆိုတော့ ဟိုဘက်ကမ်း ဆယ်မိနစ်လောက်ကူးသွားရင် မြို့ထဲ ရောက်တယ် မဟုတ်လား။

''သီလဲ အလုပ်က ကော့မှူး၊ အိမ်က ဒလ၊ မေမေကလဲ တစ်ယောက်တည်းဆိုတော့ အလုပ်ကထွက်လိုက်ပြီး မေမေနဲ့ အိမ်ဆိုင်လေးမှာပဲ ကူရောင်းတယ်။ ရောင်းရပါတယ်။ မောင်လေးပို့တဲ့ ငွေလေးတွေလဲ စိုက်ရင်းထားတော့ ဆိုင်လေးက တော်တော်လေးလဲ ပစ္စည်းစုံစုံ တင်နိုင်တယ်။

''အင်း....အဲလို ပြေလည်မယ်ကြံကာရှိသေး အကုသိုလ်ကဝင်ချင်တော့ ကနေဒါက ဆိပ်ကမ်းတစ်ခုမှာ ကုန်တင်ကုန်ချ လုပ်ရင်းနဲ့ ချိန်းကြိုးပြတ်ပြီး မောင်လေးကို ရိုက်မိတော့ မောင်လေး ဆုံးသွားတယ်''

ပြောရင်းနှင့် ယဉ်မြင့်သီက မျက်ရည်များ ကျလာသည်။

မနက်က စိုးလွင်ဆီမှ သည်ကိစ္စ ကြားပြီး ဖြစ်သော်လည်း ယဉ်မြင့်သီအငိုကိုကြည့်၍ ရဲထွတ် မျက်ရည်ဝိုင်းချင်လာသည်။

သည့်လောက် အဖြစ်ဆိုးတွေနှင့် ယဉ်မြင့်သီ ရင်ဆိုင်နေရသည်ကို သူ ဘာဖြစ်၍ မသိခဲ့ပါသနည်း။ သိသာ သိ ခဲ့ လျှင် သူ ယဉ်မြင့်သီဆီ ဖြစ်သည့်နည်းနှင့် ပြန် လာ ခဲ့ မှာ သေ ချာသည်။ ထိုအချိန်က သူ ကိုထွန်းကျော်ဆီ ရောက် နေ သည့် အချိန်။

လက်ထဲမှာ မရှိဘူးဆို တစ် သိန်း ကျော် ကျော် လောက်တော့ ရှိနေ လောက်ပြီ။

ယဉ်မြင့်သီက မျက်ရည်သုတ် ပင့်သက်ရှိုက်ရင်း....

''ဖြစ်ချင်တော့ မောင်လေး အဲလိုဖြစ်တဲ့ အချိန်မှာ ကိုဇော်ဟာ သူ့ဂျူတီနဲ့ သူရှိနေတဲ့ အချိန်မဟုတ်ဘူး။ သူ့ သူငယ်ချင်းက မြို့ပေါ်ခဏတက်ချင်လို့ ကိုဇော့်ကို ဂျူတီခဏ ဝင်ယူပေးဖို့ပြောပြီး အစားဝင်ထားတဲ့ အချိန်။

''အဲဒီတော့ ဖြစ်တာဖြစ်တယ်၊ ဘာလျော်ကြေးမှ မရတော့ဘူး။

''ကိုဇော်စုထားတဲ့ ငွေလေး နည်းနည်းပဲ သူ့ သူငယ်ချင်းကနေတစ်ဆင့် ပြန်ပို့ပေးနိုင်တယ်။ ကိုဇော့်ကိုလဲ အဲဒီမှာပဲ သင်္ဂြိုဟ်ခဲ့ရတယ်။

''ကိုဇော် စုထားတဲ့ ငွေနဲ့ ကိုဇော့် သူငယ်ချင်း မိဘတွေက သူ့ သားနေရာမှာ အစားဝင်ပြီး အဲလိုဖြစ်ရတယ်ဆိုပြီး စိတ်မကောင်းလို့ လာပေးသွားတဲ့ ငွေပေါင်း လေး, ငါး ခြောက်သောင်းတော့ ရလိုက်ပါတယ်။ ဒါပေမယ့်....





''အဲဒီသတင်းလဲ ကြားရော အမေ တစ်ခါတည်း ပုံလဲတာပဲ။

''အဲဒီငွေလေးနဲ့ အမေ့လဲဆေးကု၊ အိမ်လဲစားပေါ့လေ။ ဝင်ငွေလေးရအောင် ဆိုင်လေး ဖိရောင်းပြီး ခြစ်ခြစ်ကုတ်ကုတ် နေလာခဲ့တာ မနှစ်ကအထိ ဆိုပါတော့။

''မနှစ်ကတော့ ဒီမှာမြို့ကွက်တွေ ပြန်ရိုက်၊ ကွက်သစ်တွေ ပြန်တည်တော့ ဟိုအိမ်ကိုဖျက်ပြီး ဒီမြေကွက်မှာ ပြန်ဆောက်ရတယ်။ ဒီနေရာကျတော့ ကုန်မျိုးစုံဆိုင်လဲ လုပ်လို့မကောင်းတော့တာနဲ့ စာအုပ်အငှားဆိုင်လေး ပြောင်းဖွင့်ထားလိုက်တယ်။ ဆိုးတော့ မဆိုးပါဘူးလေ။

''စားဖို့ သောက်ဖို့နဲ့ အမေ့ဆေးကုခလေးတော့ ရနေပါတယ်။

''အဲဒါပဲ ကိုရဲ။

''အခုတော့ ပြောခဲ့တာတွေဟာ သီနဲ့ ကိုရဲ မတွေ့ရတော့တဲ့ရက်တွေမှာ ကြုံခဲ့တဲ့ အဖြစ်အပျက်တွေပဲ။

''သီ့ ခံစားချက်တွေကို သီ မပြောတော့ပါဘူး။ ဟိုနေ့က ဘုရားပေါ်မှာ လွှတ်ခနဲ ရင်ကို မထိန်းနိုင်လို့ ခံစားမှုတွေ ပွင့်ထွက်သွားခဲ့မိတာကို သီ တောင်းပန်ပါတယ်။

''တကယ်က သီ ဒါတွေ ဘယ်ပြောပြဖို့ ကောင်းမလဲနော်''

ယဉ်မြင့်သီစကားအဆုံးမှာ ရဲထွတ် သက်ပြင်းချသည်။

ပြီးမှ....

''ဒီလိုတော့လဲ မဟုတ်ပါဘူးသီရယ်။ ကိုယ့်ဘက်ကထင်ရာတွေ စွတ်လုပ်သွားတဲ့ အချိန်မှာ သီ ဘယ်လောက် ခံစားနေရမယ်ဆိုတာကို ကိုယ် ကိုယ်ချင်းစာပြီး နား လည် ပါတယ်''

သီက မျက်ရည်ကြားမှပြုံး၍....

''မပြောဘူး ဆိုပေမယ့် ပြောတော့ ပြောချင်တာလေး တစ်ခု ရှိတယ်ကိုရဲ။ ဒီပြင်ဟာမဟုတ်ပါဘူး။ ခုန ကိုရဲ လှမ်းကြည့်နေတဲ့ နှင်းဆီပန်းအဖြူလေးရဲ့ ရာဇဝင်ကို ပြောပြမလို့ပါ''

''ဘာဖြစ်လို့လဲ သီ''

''အဲဒီပန်းပင်ဟာ ကိုရဲစိုက်ခဲ့တဲ့ ဒေါနလမ်းအိမ်က ပန်းခင်းတဲက သီတို့အိမ်ရောင်းပြီး ပြောင်းတော့ အမှတ်တရ အိုးနဲ့ ရွှေ့ယူလာခဲ့တဲ့ အပင်ပဲ ကိုရဲ။ အပင်ကျလာလိုက် မြေလဲ အိုးလဲပြီးပြန်စိုက်လိုက်နဲ့ ခုထိ အဲဒီအပင်က နှင်းဆီပန်းအဖြူလေးတွေ ပွင့်နေသေးတယ်။ သီလဲကိုရဲ သီ့ကိုပန်ချင်လို့စိုက်ပေးတဲ့ အပင်ပဲဆိုပြီး အမြဲပန်၊ အမြဲဘုရားမှာကပ်ပြီး ကိုရဲ ကျန်းမာချမ်းသာဖို့ ဆုတောင်းပေးခဲ့ပါတယ်''





''ဟူး....သီရယ်''

ရင်ထဲမှာ မောလွန်းလှသဖြင့် လေပူတစ်ချက် အားရပါးရ မှုတ်ထုတ်လိုက်မိသည်။

သည်တစ်ခါတော့ သူ မျက် ရည် စိုင်း ရသည့် အလှည့် ဖြစ်၏။

*

( ၂ )

''အေးကွာ။ မင်းနဲ့ငါစတွေ့ကတည်းက သီချင်းအကြောင်း ပြော၊ သီဆိုသွားနဲ့ ဒိပြင်အကြောင်းတွေတောင် စကား မစဖြစ်ဘူး။ မင်းကော အခု ဘာလုပ်နေလဲ။ အရင်လို ကျူရှင်ပဲလား။ အဆင်ကောပြေရဲ့လား''

ယဉ်မြင့်သီဆိုက အပြန်လမ်းတစ်လျှောက်လုံးမှာ ရဲထွတ် ကိုယ့်အတွေးနှင့်ကိုယ် တိတ်ဆိတ်ငြိမ်သက်လာခဲ့သည်။

ရန်ကုန်ဆိပ်ကမ်းဘက် ပြန်ရောက်၍ ကူးတို့သင်္ဘောဆိပ် နှင့် နီးနီးနားနား ရှိသော ကမ်းနားဟိုတယ်တွင် ကော်ဖီ ဝင်သောက်ရင်းနှင့်ကျမှ ရဲထွတ် ပြန်စကား စ, ဖြစ်ခဲ့ သည်။





စိုးလွင်က ရယ်ရင်း....

''ငါ ကျူရှင်ဆရာ မလုပ်တော့တာ ကြာပြီ ရဲထွတ်။ အဲဒီအလုပ် ငါ မပျော်တော့ဘူးကွာ။ ငါလုပ်နေတဲ့ကျောင်း က ကျောင်းအုပ်နဲ့လဲ အဆင်မပြေဘူး။ ဖြစ်တာမဖြစ်တာ အပထား။ ငါ စာရေးဆရာပဲ လုပ်ချင်တော့တယ်။ အဲ့ဒါနဲ့ ဟိုမဂ္ဂဇင်း ဒီမဂ္ဂဇင်းမှာ ဝတ္ထုတိုလေးတွေ ဝင်ရေးပြီးပဲ နေနေတော့တယ်။ အဆင်ပြေလားဆိုတော့ တစ်လကို စာမူခ နှစ်ရာ သုံးရာလောက်တော့ ရတာပေါ့ကွာ''

''အဲဒီပိုက်ဆံနဲ့ မင်း ဒီ ခေတ် မှာ ဘယ်သို စားမလဲ စိုးလွင်''

''ဒီလိုပဲပေါ့ကွာ။ အမေ့ဈေးဆိုင်လေးက ရတဲ့ဝင်ငွေ ရယ်၊ အဖေ့ပင်စင်လစာလေးရယ်၊ ငါ့ပိုက်ဆံလေးရယ် ပေါင်းပြီး မိသားစုသုံးယောက် ဒီလိုပဲ လုံးလည်ချာလည် ပေါ့။ ဒါပေမယ့် ငါ့ဝါသနာပါတာလေး ငါ လုပ်နေရ တော့ စိတ်တော့ ချမ်းသာပါတယ်။ နို့ ဒီပြင်အလုပ်လဲ ရှိမှမရှိဘဲ''

ရဲထွတ်က ဘာမှမပြောတော့ဘဲ ခေါင်းညိတ်ပြီးတော့ သာ နားထောင်သည်။

ခဏကြာသောအခါ လူချင်းခွဲ၍ ပြန်လာခဲ့ကြ၏။

*

နောက်သုံးလေးရက်ကြာသောအခါ ရဲထွတ် စိုးလွင်ဆီ တစ်ခေါက် ရောက်လာသည်။

ထုံးစံအတိုင်း အပိုဆာဒါးတွေ သိပ်မပြောတော့ဘဲ ရဲထွတ်က လိုရင်းကို တန်းပြောချလိုက်လည်။

''ဗိုလ်ချုပ်ဈေးက ငါ့ဆိုင်မှာ မန်နေဂျာအနေနဲ့ မင်း ဝင်လုပ်ပေးကွာ။ မင်းကို ငါ တစ်လသုံးထောင်ပေးမယ်။ ဆိုင်ကိုသာ ဂရုတစိုက်နဲ့ ကြီးကြပ်ပေး။ ဒီကြားထဲမှာ မင်း ဖြစ်ချင်တဲ့ စာရေးဆရာလဲ ဖြစ်အောင်ကြိုးစား။ မဂ္ဂဇင်းမှာ ရေးတာတော့ ငါလဲ လုပ်မပေးတတ်ဘူး။ လုံးချင်း ဝတ္ထုတွေ ဘာတွေ ရေးပြီးသားရှိရင်တော့ပြော။ ငါ ပိုက်ဆံစိုက်ပြီး ထုတ်ပေးမယ်။ လုပ်ငန်းကိစ္စတော့ မင်းဟာ မင်း စီစဉ်''

စိုးလွင်က အံ့အားသင့်စွာဖြင့်....

''နေပါဦး ရဲထွတ်ရာ။ မင်းဆိုင်မှာ ငါက ဘာလုပ်ရမှာလဲ။ ငါလုပ်တတ်တဲ့အလုပ်ကော ဟုတ်ရဲ့လား။ တော်ကြာ မင်းဆီက တစ်လသုံးထောင်လောက် မိုက်ဆံတွေယူပြီး ဘာမှမလုပ်တတ်ရင်....''

''ဘာမှလုပ်တတ်စရာမလိုပါဘူး စိုးလွင်။ အဲဒီဆိုင်မှာ သီရိနဲ့ ရတနာ ဆိုင်ထိုင်နေတယ်။ မင်း ဘာလုပ်ပေးရမယ် ဆိုတာ သူတို့ပြောလိမ့်မယ်။ မင်းအနေနဲ့က သူတို့ကို





ကူလုပ်ပေးရုံပဲ။ ငွေရေးကြေးရေး ဘာညာကို သူတို့လုပ်လိမ့်မယ်''

''မင်းကော အဲဒီမှာရှိမှာလား''

''တစ်ခါတလေတော့ လာပါတယ်။ အများအားဖြင့်ကတော့ ကုမ္ပဏီနဲ့ ဖက်စပ်မှာပဲ ငါရှိတာများတယ်။ မပူပါနဲ့ ရတနာ့ကို ငါ သေချာပြောပြီးသားပါ။ မနက်ဖြန် မနက်တော့ မင်း ရောက်တဲ့အထိ ဆိုင်မှာ ငါနေပေးမယ်''

''ဟင်း''

စိုးလွင်က သက်ပြင်းချသည်။ ပြီးမှ ရဲထွတ်လက်ကို လှမ်းကိုင်ရင်း....

''ကျေးဇူးတင်ပါတယ် သူငယ်ချင်းရာ။ ဒီကိစ္စ မင်း ငါ့ကို သက်သက် ကူညီပေးတယ်ဆိုတာ ငါ နားလည်ပါတယ်။ ဟိုတစ်နေ့ကတည်းက မင်း စိတ်မချမ်းမသာဖြစ်မှာစိုးလို့ ငါမပြောခဲ့တာပါ။ ငါတို့မိသားစု အခြေအနေက တော်တော်ယိုင်နေတယ်။ ငါ တတ်နိုင်သလောက် ကြိုးစားပြီး မင်းအလုပ်ကို လုပ်ပေးပါ့မယ်။ စာရေးတာကတော့ ငါ့ဝါသနာနဲ့ ငါ။ ငါဘာသာပဲကြိုးစားပါ့မယ်ကွာ။ မင်း လုပ်ပေးမနေပါနဲ့တော့''

ရဲထွတ်က ခေါင်းခါသည်။

''အဲဒါတွေ ငါမသိဘူး စိုးလွင်။ ငါ့လဲ ဘာမှလာပြောမနေနဲ့။ ငါပြောတာ မင်းကို ရှင်းရှင်းလေး။ မင်း စာ

ရေးဆရာဖြစ်ချင်ရင် လုံးချင်းတွေရေး။ ငါ ပိုက်ဆံစိုက်ပြီး ထုတ်ပေးမယ်။ အဲဒီထုတ်ဝေရေးလုပ်ငန်း အောင်မြင်လာရင် ငါ့ကို အကျိုးအမြတ်ကြည့်ပေး။ ဒါ စီးပွားရေးပဲ။ ဘာမှ ကျေးဇူးတင်စရာမလို့ဘူး''

စိုးလွင်က ရယ်သည်။

''ငါ့ကိုပဲ ကူညီတာလား ရဲထွတ်။ မသီ အတွက်ကောမင်း ဘာမှ လုပ်မပေးတော့ဘူးလား''

''အဲဒီကိစ္စကို သီရိတို့ ရတနာတို့ရှေ့မှာ မင်းဘာတစ်ခုမှ မဟပါနဲ့ စိုးလွင်။ ဒီအပိုင်းကို ငါ့ဘာသာငါ ကြည့်လုပ်သွားပါ့မယ်။ တတ်နိုင်သလောက် ဒီကိစ္စထဲမှာ မင်းဝင်မပါနဲ့။ မတော်တဆ ဒီကိစ္စ ရတနာသိလို့ ပြဿနာတက်ရင် မင်းပါ,ပါနေတာမျိုး မဖြစ်စေချင်ဘူး''

သည်ဘက်ပိုင်းမှာ ယဉ်မြင့်သီနှင့် ပတ်သက်၍ ရဲထွတ်လှုပ်ရှားမှုများကို သည်လောက်သာ စိုးလွင် သိလိုက်၏။

နောက်ထပ် ရဲထွတ်ထံမှ ယဉ်မြင့်သီအကြောင်း ပြောသံဘာသံမှ မကြားရတော့။

*



( ၃ )

''စိုးလွင်နဲ့ လုပ်တာကိုင်တာ အဆင်ပြေရဲ့လား ရတနာ။ တစ်ခုခု မကြိုက်တာရှိရင်တော့ ကိုကို့ကိုပြောပါ။ ကိုကိုကြည့်ပြောပေးပါ့မယ်''

ရဲထွတ်အမေးကြောင့် ရတနာက ရယ်ပြီး....

''အဆင်ပြေပါတယ်။ ကိုကို့ သူငယ်ချင်းက အရမ်းအလိုက်သိပြီး အရမ်းဂရုစိုက်လွန်းလို့ အားတောင်နာတယ်။ သီရိနဲ့ လဲ အိုကေနေတာပဲ''

''လုပ်ပြီနေဘ် မမ။မဟုတ်ကဟုတ်ကတွေ လျှောက်မပြောနဲ့။ ကိုစိုးလွင်ကြီးက အရမ်းအလုပ်လုပ်လွန်းလို့ သီရိက သနားပြီး တစ်ခါတလေ နားပါစေဆိုပြီး အလ္လာပသလ္လာပလေး ပြောတာကို စလို့ မဆုံးတော့ဘူး''

သည်ဘက်ပိုင်းလေးမှာ အခြေအနေက ပြန်တည်ငြိမ်သွားပြီမို့ ညဘက်မိသားစု စကားဝိုင်းလေးက ပြန်စိုပြည်လာသည်။

"အန်တီ သီရိ…အန်တီသီရိ"

အမေလုပ်သူနှင့် အဒေါ်လုပ်သူ အပြန်အလှန်ပြောနေသည်ကို မျက်လုံးလေး ကလယ်ကလယ်နှင့် လိုက်နားထောင်နေသည့် သမီးငယ်က သီရိပေါင်ပေါ် ထိုင်နေရင်းကနေခေါ်သည်။

သီရိက ငုံ့ကြည့်ပြီး…

"ဘာလဲ သမီး။ ဘာပြောမလို့လဲ"

"ပြောမလို့ မဟုတ်ပါဘူး။ မေးမလို့ပါ"

"မေးမလို့ဟုတ်လား။ ကဲ…မေးပါရှင်။ မေးပါ။ သမီးက အန်တီ့ကို ဘာများ မေးချင်လို့ပါလဲ"

အိမ်မှာ သမီးနှင့်သားက သူ့အမေ ရတနာပြီးလျှင် အန်တီသီရိကို အခင်တွယ်ဆုံးဖြစ်သည်။ အဖေ့နားပင် သိပ်မကပ်။ သီရိ မရှိလျှင် အဘိုးအဘွား။ သူ့အစီအစဉ်နှင့်သူဖြစ်၍ တခြား ဘယ်သူမှ ကပ်စရာမရှိမှ ရဲထွတ်နား ကပ်သည်။

ခုလဲ စိတ်ရှည်လက်ရှည် ပြန်မေးနေသော သီရိမျက်နှာကို ကြည့်ရင်း သမီးငယ်က…

"ခုန…မေမေပြောတဲ့ အိုကေနေတာပဲဆိုတာ ဘာကိုပြောတာလဲဟင်။ အန်တီက အဲဒီဦးစိုးလွင်ဆိုတဲ့ လူကြီးကို ဘာသွားလုပ်လို့လဲ"





"ဟာ…နင်ကလဲ မီးငယ်ရာ။ ခုန အန်တီပြောတာ မကြားဘူးလား။ အန်တီက အဲဒီလူကြီးကို သနားတယ်တဲ့။ သနားတယ်ဆိုတာကို အင်္ဂလိပ်လို အိုကေလို့ ခေါ်တာပေါ့။ နော်…မဟုတ်ဘူးလား အန်တီရယ်"

"ဟယ်…မဟုတ်ပါဘူး သားကြီးရဲ့။ ဒုက္ခပါပဲ။ ဘယ့်နှယ့် သနားတယ်ဆိုတာ အိုကေလို့ အင်္ဂလိပ်လို ခေါ်ရမှာလဲ။ ခုမှ ကမ္ဘာကျော် ဘာသာပြန်ဆရာနဲ့ လာတွေ့နေပြီ"

သားကြီး သမီးငယ်နှင့် သီရိတို့ဖြစ်နေပုံကြည့်၍ အားလုံး ဝိုင်းရယ်ကြသည်။

သီရိက ရှက်ကိုးရှက်ကန်းဖြင့် ရဲထွတ်ဘက်လှည့်၍–

"ကိုကိုနော်။ မမက တစ်မျိုးပြော၊ သားကြီးနဲ့သမီးငယ်က တစ်မျိုးပြောနဲ့ သီရိမလွယ်ဘူး။ အဲဒါတွေ ကိုကို့ သူငယ်ချင်းကြီးကိုလဲ သွားပြောမနေနဲ့ဦး။ တော်ကြာ သီရိကို တစ်မျိုးထင်နေလိမ့်မယ်"

ရဲထွတ်က ရယ်ပြီး…

"မပြောလို့တော့ မဖြစ်ဘူးထင်တယ် သီရိရဲ့။ ဒီကိစ္စက ပြောမှဖြစ်မှာ။ နို့မို့ ဟိုကောင်လဲ လူပျိုကြီးဘဝက ကျွတ်မှာမဟုတ်ဘူး။ ညည်းလဲ အပျိုကြီးဘဝကလွတ်မှာ မဟုတ်ဘူး"

"ကြည့်…ကိုကိုနော်။ သီရိကို မစနဲ့။ သီရိငိုမှာပဲ"

အိမ်လေးက ရယ်သံများဖြင့် ပျော်စရာကောင်းနေသည်။

ရဲထွတ်မင် တစ်စုံတစ်ခုကို ဖုံးဖိ စိုးရိမ်နေရသော ကိစ္စကို မေ့ပျောက်ကာ စိတ်လွတ်လက်လွတ် ပျော်ရွှင်နေမိ၏။

*

"ကိုကို"

"ပြော ရတနာ။ ဘာပြောမလို့လဲ"

"ကိုကို့ကို ရတနာ တစ်ခုပြောမလို့။ နေ့လယ်က ဆိုင်မှာ ရတနာ ခေါင်းနည်းနည်း မူးနေတာနဲ့ ရွှေဘုံသာလမ်း ကဆေးခန်း သွားပြရတယ်"

"ဟင်....အဲဒါ ဘာဖြစ်လို့ စောစောစီးစီးက ကိုကို့ကို မပြောတာလဲ။ ဘာဖြစ်တာတဲ့လဲ ရတနာ။ ဆရာဝန်နဲ့ကော တွေ့ခဲ့ရဲ့လား"

"မဟုတ်ပါဘူး ကိုကိုကလဲ။ ရတနာ့ကိစ္စက မစိုးရိမ်ရပါဘူး။ အဲဒီမှာ ဆရာဝန်က ပြောလိုက်တာ တစ်ခုပြန်ပြောမလို့"

"ဆရာဝန်က ပြောလိုက်တာဟုတ်လား။ ဘာပြောလိုက်လို့လဲ ရတနာ"

"အမှန်တော့ ရတနာလဲ စိတ်ထဲထင်လို့ သွားကြည့်တာပါ။ ဆရာဝန်က ပြောတယ်။ အဲဒါ နောက်တစ်ဗိုက်...တဲ့"

"ဟောဗျာ။ ကိုကို့ မိန်းမ တယ်ဟုတ်နေပါလား။ နေပါဦး ဘာလေးတဲ့လဲ"

"ကြည့်...ကိုကိုက ကြောင်တောင်တောင်လုပ်ပြီ။ ကလေးမမွေးဘူးတဲ့ မိန်းမရဲ့ယောကျ်ား ကျနေတာပဲ။ ခုမှ ဟောဒီလောက် ရှိသေးတာ။ ဘယ်လိုလုပ် ယောကျ်ားလေးမှန်း မိန်းကလေးမှန်း သိမလဲ"





ရတနာက ပြောရင်းနှင့် လက်သုံးချောင်းထောင်ပြသည်။ သည်တော့မှ သူ ဆန္ဒစောသွားကြောင်း သတိထားမိသည့် ရဲထွတ်က ရယ်ရင်း—

"အေး....ဟုတ်သားပဲ။ ကိုကိုလဲ မေ့သွားတယ် ရတနာရာ။ အင်း ဘာလိုလိုနဲ့ ကလေးသုံးယောက် အဖေတောင် ဖြစ်တော့မှာပါလား"

"အင်း ကိုယ့်ကိုယ့်ကို သေသေချာချာသိနော်။ ကလေးသုံးယောက်အဖေဆိုတာ ကလေးသုံးယောက် အဖေလိုပဲ နေရတယ်။ လူပျိုနဲ့ ဘာမှ မဆိုင်တော့ဘူး"

"ဟော.... ဇာတ်လမ်းက စပြီ။ ကိုကိုက ဘယ်တုန်းက လူပျိုလို နေဖူးလို့လဲ"

"ဩြော်....ပြောလို့ ရမလား။ ကိုကိုက ရတနာတို့ကို ဆိုင်မှာပစ်ထားပြီး၊ ကုမ္ပဏီနဲ့ ဖက်စပ်နဲ့ ဆိုပြီး အပြင်ချည့် သွားနေတာ။ ဗေဒင်ဟောထားသလို ဖြစ်ရင်တော့ ကိုကို မလွယ်ဘူး။ ရတနာနဲ့ အတွေ့ပဲ"

"လုပ်ပြန်ပြီ အဲဒီဗေဒင်။ တော်ပါတော့ ရတနာရယ်။ အဲဒီဗေဒင်ကိစ္စ ပြန်မစပါနဲ့တော့။ ဟိုတစ်ခါလဲ အဲဒီဗေဒင်ဆက်ပြီး ရတနာနဲ့ ကိုကို ရန်ဖြစ်ရ၊ စိတ်ဆိုးရ ဖြစ်ပြီးပြီ။ တော်တန်တိတ်တော့"

"မသိပါဘူး ကိုကိုရယ်။ အဲဒီနေ့က ဗေဒင်ဟော ပြီးကတည်းက ရတနာ့စိတ်ထဲ တစ်မျိုးကြီးပဲ။ ကိုကို့ကိုလဲ ရတနာ နည်းနည်းမှ စိတ်မချဘူး"

"စိတ်မချမဖြစ်ပါနဲ့ မိန်းမရယ်။ ကိုကို ကတိပေးတယ်။ ကိုကို ဘယ်တော့မှ မဟုတ်တာ မလုပ်ဘူး။ အထူးသဖြင့် ရတနာ စိုးရိမ်တဲ့ကိစ္စမျိုး ကိုကို ဘယ်တော့မှမလုပ်ဘူး"

"အင်း....ကိုကို ပြောလိုက်ရင်လဲ ဒီလိုကြီးပဲ။ ဒါနဲ့ ပဲ ရတနာလဲ ကျေနပ်နေရတာပဲ"

ပြောရင်းနှင့် ရတနာက သူ့လက်မောင်းကို ခေါင်းအုံးရင်း ရင်ခွင်ထဲသို့ တိုးကပ်သည်။

ရတနာ့ကို ဖွဖွလေး သိုင်းဖက်ထားလိုက်၏။

*



(၄)

"ငါ တစ်ခုမေးပါရစေ ရဲထွတ်။ မင်း အခု မသီနဲ့ ပတ်သက်လို့ ဘာတွေလုပ်နေလဲ။ ဖြစ်နိုင်ရင် မင်း အခု ဘာလုပ်နေတယ်ဆိုတာကို ငါ့ကို ပြောပြထားပါလားကွာ"

ဆိုင်ကို သူ ခဏရောက်ချိန်မှာ စိုးလွင်က လက်ကုတ်ပြီး အပြင်ခေါ်ထုတ်လာ ကတည်းက တစ်ခုခု ပြောစရာရှိပြီဟု နားလည်သည်။

နှစ်ယောက်သား ဗိုလ်ချုပ်ဈေး စားသောက်တန်းမှ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ထိုင်မိချိန်မှာ စိုးလွင်က မေးလိုက်ခြင်း ဖြစ်၏။

ရဲထွတ်က သက်ပြင်းချရင်း—

''ဘာဖြစ်လို့လဲ စိုးလွင်''

''ဘာဖြစ်လို့လဲဆိုတော့ မင်းကို အခုတလော ဒလဘက်မှာ တွေ့တွေ့နေတယ်လို့ ဆိုင်ကို ပန်းပုရုပ်တွေ လာပို့နေတဲ့ ကောင်လေးတစ်ယောက်က ပြောတယ်။ သူက အဲဒီဘက်ကပဲ။ အဲလိုပြောရင်းနဲ့ သူက ဘာမေးလဲ သိလား''

''ဘယ်သိမလဲကွာ''

''ဆရာဦးရဲထွတ်က ဒလဘက်မှာ မယားငယ်ယူထားတယ်ဆိုတာ ဟုတ်လားတဲ့''

''ဟာကွာ''

''အဲဒါကြောင့် ငါ မင်းကို မေးတာ ရဲထွတ်။ ဒီအတောအတွင်း မင်းဆိုင်မှာ ငါအလုပ်စလုပ်တဲ့ ခြောက်လမှာ ဒီကိစ္စနဲ့ပတ်သက်လို့ မသိအောင်နေဆိုလို့ ငါတကယ်ပဲ မသိအောင်နေခဲ့ပါတယ်။ ဒါပေမယ့် ပတ်ပန်းကျင်က ဒီလိုဖြစ်လာပြီဆိုတော့....''

ရဲထွတ် ခေါင်းညိတ်သည်။

''အေးပါကွာ။ ဒီမေးခွန်းကို မင်း မေးသင့်တယ်ဆိုတာ ငါနားလည်ပါတယ်''

''အခု သူ ပြောသွားပုံအရဆိုရင် မသီတို့ရပ်ကွက် တစ်ရပ်ကွက်လုံးက အဲလိုပဲ နားလည်နေကြတဲ့ပုံပဲ။ နောက်ပြီး မင်းကားမသီတို့အိမ်သွားတိုင်း မင်းကားကြီး ယူယူသွားတယ်ဆို''





''တစ်ခါတလေပါကွာ။ ငါ တစ်ယောက်တည်း သွားတာဆိုတော့ ဒီဘက်ကမ်းမှာလဲကားချည်း ထားမပစ်ချင်ဘူး။ ဟိုဘက်ကမ်း ရောက်တော့လဲ ဆိုက္ကားစီးရ၊ လမ်းလျှောက်ရနဲ့ စိတ်ညစ်လို့''

''မင်းက သူတို့အိမ် ဘယ်လောက်တောင် သွားနေသို့လဲ''

''ငါ တစ်ပတ်တစ်ခါလောက် ရောက်တယ်စိုးလွင်။ သိပ်တော့ မကြာပါဘူး။ ခဏပါ။ သူတို့အိမ်ကို ပြင်ဆောက်ပေးနေတဲ့ ကိစ္စရယ်၊ သူ့အမေ နေမကောင်းတဲ့ ကိစ္စရယ်၊ ငါ လုပ်စရာ ကိုင်စရာ ရှိတာလေးတွေ သွားလုပ်ပေးနေတာပါ....''

''ဖြစ်နိုင်ရင် မင်းကိုယ်တိုင် မသွားပါနဲ့ကွာ။ ငါ့ဖြစ်ဖြစ် တခြား တစ်ယောက်ယောက်ဖြစ်ဖြစ် လွှတ်ပြီး မင်း လုပ်ခိုင်းချင်တာ လုပ်ခိုင်းပါ။ ငါ အခု မင်းတို့ မိသားစုနဲ့ အနီးကပ်နေမှ မင်းမိန်းမအနေအထားကို အကဲခတ်မိတယ်။ မင်းမိန်းမကမင်းကို အရမ်းချစ်ပြီး အရမ်းလဲသဝန်တိုတယ် ရဲထွက်။ တော်ကြာ ပြဿနာ တက်မယ်''

''ဒီကိစ္စ ရတနာသိရင် အကြီးအကျယ် ပြဿနာ တက်မှာတော့ သေချာတယ်စိုးလွင်။ ဒါပေမယ့်ကွာ ခက်တာက ငါ သီ့ကို ဒီအတိုင်း ပစ်လဲမထားချင်ဘူး။ ငါ့ဘက်က တတ်

နိုင်တဲ့ အခြေအနေမှာ သူ့ဘဝလေး ထူထူမတ်မတ်ဖြစ်သွာ
အောင်တော့ လုပ်ပေးလိုက်ချင်တယ်''

''ကူညီချင်တာတော့ ကူညီပေါ့ ရဲထွတ်ရာ။ ဒါပေမယ်
ပတ်ဝန်းကျင် အမြင်မှာ အဲ့လိုဖြစ်လောက်အောင်တော့ မလုပ်
သင့်ဘူးပေါ့။ ဘာလဲ။ မင်း မသီနဲ့ ပြန်ငြိနေလို့လား''

''ဟာ....စိုးလွင် မင်း ဘာစကား ပြောတာလဲ။ ဒီအလုပ်
မျိုး ငါ တစ်သက်မလုပ်ဘူး ဟေ့ကောင်။ မသီကို ငါ အခု
ကူညီနေတာလဲ အဲဒီအတွက် မဟုတ်ဘူး။ မသီနဲ့ငါ အချစ်
ဇာတ်လမ်းက လွန်ခဲ့တဲ့ ၁၇ နှစ်ကတည်းက ပြီးခဲ့ပြီ။ ခုချိန်
မှာ သီနဲ့ငါဟာ မောင်နှမအဆင့်၊ သူငယ်ချင်း အဆင့်ထက်
ဘာမှ မပိုတော့ဘူး''

စိုးလွင် သက်ပြင်းချသည်။

''အင်း....ငါပြောသလို လုပ်ပါကွာ။ အဲဒီကို မင်း ကိုယ်
တိုင် မသွားပါနဲ့။ သွားစရာရှိရင်၊ ပေးစရာရှိရင် ငါသွားပ
မယ်။ ငါ သွားပေးမယ်''

''အေးပါ။ အဲဒါတော့ ငါ လက်ခံပါတယ်။ ဒီကိစ္စ
သေသေချာချာ စဉ်းစားပြီး ငါ တစ်မျိုးတစ်ဖုံ လုပ်ပါ့မ
ကွာ''

ထို့နောက် အလုပ်စကား အနည်းငယ် ပြောပြီး နှ
ယောက်သား ဆိုင်ကိုပြန်ခဲ့ကြသည်။





ပြန်ရောက်သည်နှင့် ရတနာက မျက်စောင်းထိုးပြီး....

''ကိုကိုနော် ဒီလောက်အကြာကြီး ဗိုလ်ချုပ်ဈေးထဲ ဘာ
သွားလုပ်တာလဲ။ ဈေးလာတဲ့ ကောင်မလေးတွေကို ငန်းချင်
ရင် ကိုစိုးလွင် သူ့ဘာသာ ငန်းပစေ။ ကိုကိုက ရောသော
ပေါသောနဲ့ လူပျိုလုပ်ပြီး လိုက်စရာမလိုဘူး''

ရဲထွတ်နှင့် စိုးလွင် တစ်ယောက်မျက်နှာတစ်ယောက်လှမ်း
ကြည့်လိုက်၏။

❀

''ဟုတ်တယ်ကိုရဲ။ ကိုရဲနဲ့သီ့ကို မဟုတ်တာယုတ် စွပ်စွဲတာ
တွေကော၊ သီတို့ သားအမိကို ရစရာမရှိအောင် ပြောနေတာ
တွေကော သီ ပြန်ကြားပါတယ်။ ဒါပေမယ့် ကိုရဲကို ပြောပြ
လိုက်ရင် ကိုရဲ စိတ်မကောင်းဖြစ်သွားမှာ စိုးတာနဲ့ သီမပြော
ဘဲ ထားခဲ့တာပါ''

ယဉ်မြင့်သီကို အကျိုးအကြောင်း ပြောပြသောအခါ ယဉ်
မြင့်သီကလည်း အကြောင်းစုံ ဖွင့်ပြောပြသည်။

ရဲထွတ် ရင်မောစွာ ပင့်သက်ချရင်း....

"ကိုယ် တကယ် စိတ်မကောင်းဘူးသီ။ ကိုယ့်စေတနာဟာ သီတို့ မိသားစု ဂုဏ်သိက္ခာ ထိခိုက်အောင် လုပ်မိသလို ဖြစ်သွားတယ်"

"အဲလိုတော့ မဟုတ်ပါဘူး ကိုရဲရယ်။ သီတို့ အတွက်က အကြောင်းမဟုတ်ပါဘူး။ ပတ်ဝန်းကျင် ဆိုတာလဲ ချီးမွမ်း ခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက်ပါ။ တစ်သက်လုံးလဲ သူတို့ ဒီအကြောင်းချည်း ထိုင်ပြောနေနိုင်မှာ မဟုတ်ပါဘူး။ သီ စိုးရိမ်တာက ဒီကိစ္စကြောင့် ကိုရဲတို့ အိမ်ထောင်ရေးမှာ တစ်ခုခု အနှောင့်အယှက် ဝင်သွားမှာကိုပါ"

"ကိုယ့် အမျိုးသမီးက သဘောနူတာတော့ အမှန်ပဲသီ။ ဒါပေမယ့် ဒီကိစ္စတွေ သူမသိပါဘူး"

"သဘောနူတယ်တော့ ဘယ်ဟုတ်မလဲ ကိုရဲ။ ဘယ်မိန်းမ မဆိုကိုယ့်ယောကျ်ားကိုတော့ကိုယ်သဝန်တိုမှာပဲ။ မုန့်သာအတူဝေစားနိုင်မှာပေါ့။ ကိုယ့်လင်ကိုယ့်ယောကျ်ားကိုဘယ်မိန်းမမှ စေ့စေ့ကြည့်တာတောင် ဘယ်ခံနိုင်မလဲ။ ရတနာ့ကို သီ ကိုယ်ချင်းစာနိုင်ပါတယ်"

"ကဲ....ဒါဖြင့် ဒီလိုလုပ်ရအောင်သီ။ နောက်ကို ကိုယ် သီဆီ ခဏခဏ မလာတော့ဘူး။ တစ်ခုခု လုပ်စရာကိုင်စရာရှိရင် လုပ်ပေးနိုင်အောင် ကိုယ် စိုးလွင်ကိုပဲ လွှတ်ပေးမယ်။ ဖြစ်မလား"





"ဖြစ်ပါတယ်ကိုရဲ။ စိုးလွင်ကိုတောင် မလွှတ်ပါနဲ့။ သီ့ကိစ္စတွေ သီ့ဘာသာပဲ လုပ်နိုင်ပါတယ်။ အိမ်လေး ပြုပြင်တဲ့ ကိစ္စကလဲ နောက် နှစ်ရက်သုံးရက်ဆို ပြီးသွားမှာပဲ။ သီ့လက်ထဲမှာ ပိုက်ဆံလဲ လေးငါးသောင်း ပိုနေပါတယ်။ ရပါပြီ။ သီ့ဘဝ သီ ဆက်လျှောက်နိုင်ပါပြီ"

"အဲဂလိုတော့ မဟုတ်သေးဘူးသီ။ သီ ဘဝလမ်းကိုသီ့ဘာသာ ဆက်လျှောက်တာတော့ လျှောက်ပါ။ ဒါပေမယ့် ကိုယ် သီ့ကို သတ်သတ်မှတ်မှတ် ပေးမယ်လို့ ဆုံးဖြတ်ထားတဲ့ ပိုက်ဆံကိုတော့ ပေးခဲ့ပါရစေ"

"တော်ပြီလေကိုရဲ။ ကိုရဲ သီ့ကိုပေးတာ တစ်သိန်းတောင် ရှိပြီပဲ"

"ကိုယ် အားလုံး သုံးသိန်းတိတိ ပေးဖို့ ဆုံးဖြတ်ထားတယ်သီ။ ဘာဖြစ်လို့လဲ သိလား"

"ဟင့်အင်း"

"ရတနာနဲ့ မတွေ့ခင် ကိုယ့်ခွန်ကိုယ့်အားနဲ့ရှာခဲ့တဲ့ငွေဟာ စုစုပေါင်း ခြောက်သိန်းရှိတယ် သီ။ သီနဲ့ ကိုယ် မခွဲခင်က ကိုယ် ဘာပြောထားခဲ့လဲ။ ဘာပဲဖြစ်ဖြစ်ကိုယ်ရှာသမျှဟာ သီ့အတွက် တစ်ဝက် ဖြစ်ရမယ်လို့"

"ဒါပေမယ့် ကိုရဲရယ်"

"ဒါပေမမယ့်နဲ့သီ။ ရတနာနဲ့ တွေ့ပြီးနောက်ပိုင်း ကဏ္ဍတွေဟာ ဒါနဲ့မဆိုင်ဘူးလို့ ပြောနိုင်ပေမယ့်အဲဒီခြောက်သိန်း

အထိတော့ ဒီစကားထဲမှာ အကျုံးဝင်ပါတယ်။ သီ့ကို အရင်က တစ်သိန်း ပေးခဲ့ပြီးပြီ။ ခုထပ်ပေးဖို့ ကိုယ်ငွေနှစ်သိန်းထပ်ယူလာတယ်။ အဲဒါကို ယူထားလိုက်ပါ။ ကိုအေးမြင့်ကိုပေးဖို့ကျန်တဲ့အကြွေးတွေလဲ ပေးလိုက်ပါ။ ဘယ်လောက်ကြာကြာပေးရမယ့် ပိုက်ဆံက ပေးရမှာပဲပေါ့။ ကျန်တဲ့ ပိုက်ဆံကိုတော့ သီ့ဘဝအတွက် သီကြိုက်သလိုသုံး''

''သီ မလိုချင်တော့ဘူး ကိုရဲရှယ်''

''မယူလို့မဖြစ်ဘူး သီ။ သီမယူရင်လဲ ကိုယ် ဒီကအပြန်မှာ ဒီပိုက်ဆံတွေ ရန်ကုန်မြစ်ထဲ ပစ်ချထားခဲ့မှာပဲ။ သီ့အတွက် ရည်ရွယ်ထားတဲ့ကိစ္စဟာ သီ့အတွက်ပဲ''

''အင်းလေ အဲလိုဆိုရင်တော့လဲ ပေးခဲ့ပါ။ ဒါပေမယ့် ကိုရဲ နောက်ကို သီ့ဆီမလာနဲ့တော့နော်''

''မလာတော့ပါဘူး သီရယ်။ မသင့်တော်တော့တဲ့ အခြေအနေမှာ ဘယ်လောက်ပဲဖြူစင်တဲ့ သံယောဇဉ်နဲ့ခင်ခင်၊ ဒီသံယောဇဉ်မျိုးနဲ့ ဖြူစင်မှုကို ဘယ်သူမှ နားလည်ကြမှာမဟုတ်ဘဲ။ ကဲ....ကိုယ်သွားမယ် သီ''

''ဟုတ်ကဲ့ ကိုရဲ''

ရဲထွတ်က ငွေနှစ်သိန်းပါသော အထုပ်ကို စာအုပ်အငှားဆိုင် စားပွဲပေါ် တင်ခဲ့ပြီး လှည့်ထွက်လာခဲ့သည်။





မြင်ကွင်းထဲမှ ရဲထွတ် ပျောက်ကွယ်သွားမှ စားပွဲပေါ်မျက်နှာအပ်ပြီး သီ ရှိုက်ကြီးတငင်ငိုချသည်။

သို့သော် ဆိုင်ဘေးက နှင်းဆီဖြူ ပင် လေး ကို တော့ခဏကြာလျှင် အပြီးအပိုင် နှုတ်ဖယ်လိုက်တော့မည်ဟု ဆုံးဖြတ်လိုက်၏။

*

( ၅ )

ဘာပဲဖြစ်ဖြစ် ရင်ထဲမှာတော့ အတော်ပေါ့ပါး လွတ်လပ်သွားသလို ခံစားလိုက်ရသည်။

နို့မို့ သည်ကိစ္စက ဘယ်အချိန် ပေါက်ကွဲမည်မှန်းမသိသည့် ဗုံးတစ်လုံးကို ရင်ခွင်ထဲပိုက်ထားသလို ဖြစ်နေခဲ့သည့်ကိစ္စ။

ကိုယ့်ဘက်က ဘာမှမဖြစ်သည့်တိုင် သည်ကိစ္စကို တစ်စွန်းတစ်စလောက်သာ ရတနာ သိကြည့်။ ရတနာနှင့် သူ့ကြားမှာ ဘယ်လိုမှ မဖြေရှင်းနိုင်တော့သော ပြဿနာများ တရစပ် ပေါက်ကွဲကုန်တော့မည်မှာ သေချာသည်။

တော်ပါသေးသည်။





ဘာပြဿနာမှမကြုံတွေ့ရခင် ခုလို သီနှင့် ပြတ်ပြတ်ရှင်းရှင်း လုပ် ပစ် လိုက် ခြင်း သည် အန္တရာယ်နှင့် ပြဿနာပေါင်းများစွာကို ကြိုတင် ဖယ်ရှား လိုက် နိုင် ခြင်း ဖြစ်သည်။

ကာလများစွာက သံယောဇဉ်အခြေခံဖြင့် သီ့ကို အခုလို နေလိုက်ရခြင်းအပေါ်မှာ စိတ်တော့မကောင်း။ ဘာပြောပြော သီလည်း တနင့်တပိုး ထိခိုက် ခံစားရမည်မှာ သေချာသည်။

သို့သော် — ဘာတတ်နိုင်မည်နည်း။

အခြေအနေတွေက လွန်ခဲ့သည့် ဆယ့်ခုနစ်နှစ်၊ ဆယ့်ရှစ်နှစ်က အခြေအနေမျိုးတွေ မဟုတ်တော့။

ပတ်ဝန်းကျင်နှင့် လူမှုရေးစည်းမျဉ်း ကျင့်ဝတ်တွေကလည်း ၁၉၉၀ ခုနှစ်ကနေ ၁၉၇၂-၇၃ ကာလများဆီပြန်သွားခြင်းကို ဘယ်လိုမှခွင့်လွှတ်မည်မဟုတ်။

အထူးသဖြင့် ရတနာ့ ကိုယ်ဝန်က လေးလကျော်၍ ငါးလတွင်းဝင်ခဲ့ပြီ။ နောက်တစ်ခုက ရတနာ့ထံမှာ ဘာကြောင့်မှန်းမသိ ဝင်နေသည့် သံသယစိတ်ကလေးတွေကလည်း ရှိနေသည်။

သည်အချိန်မျိုးမှာ ရင်သွေးငယ် သယ် ပိုး ထား သောခင်တစ်ယောက်အနေနှင့် ဘာ စိတ်အနှောင့်အယှက်မှမဖြစ်င့်။ ဒေါသ၊ သောကဖြစ်စေသည့် အရာများကို တတ်

နိုင်သလောက် သူ့အနီးအပါးမှ ဖယ်ရှားပေးထားသင့်သည်။

ဒလမှ နောက်ဆုံးအခေါက်ပြန်လာခဲ့သောခရီးတွင် သူ့ရင်ဘတ်ခုသုံးသည် ခြေမွဆုပ်နယ်ခြင်းခံရသော ပန်းတစ်ပွင့်လို ဖြစ်လာခဲ့၏။

သို့သော်....ခုခါမှာတော့ ပစ္စုပ္ပန်တည့်တည့်နှင့် အခြေအနေ၊ အချိန်အခါကို ကြည့်ဘတ်ငဲ့တတ်သော သူ့သဘောမှာ အတော် ရှင်းလင်းဘည်ငြိမ်ခဲ့ပြီဖြစ်သည်။

သူ—။ ရကနာ၊ ဇော်ရဲထွတ်၊ ရတနာရဲမွန်နှင့် ဘယ်လိုအမည်ပေးရမည်မှန်း မသိရသေးသော ရတနာ့ဝမ်းထဲမှ ကလေးငယ်လေးတို့ဖြင့် ဖွဲ့စည်း တည်ဆောက်ထားသော မိသားစုလေးကို ပျော်ရွှင်ချမ်းမြေ့အောင်နှင့် သာယာဖြောင့်ဖြူးအောင် သူကာကွယ်စောင့်ရှောက် ဖန်တီးပေးရမည့် ဝတ္တရားသာရှိတော့သည်။

အပူငွေ့များကို အမြဲသိုလှောင် ထုပ်ပိုက်ထားရသော နွေဥတုလို ကာလမျိုးတစ်ခုကို သူ လွန်မြောက်နိုင်ခဲ့ပြန်ပြီဟုလည်း တွေးလိုက်မိ၏။

*





"ဟင်...ကိုကို ဂျပန်သွားရဦးမယ်။ ဟုတ်လား"

"ဟုတ်တယ် ရတနာ။ အဲဒါ ကိုကိုသွားနေတုန်း ကုမ္ပဏီနဲ့ပတ်သက်တဲ့ ကိစ္စလေးတွေ နည်းနည်းပါးပါး လုပ်ဘတ်အောင် သင်ထားပေးမလို့ စိုးလွင်ကို လာခေါ်တာ"

သီ့ ကိစ္စရှင်းလင်းပြီး၍ တစ်လလောက်အကြာမှာ သည်ကိစ္စပေါ်လာခြင်း ဖြစ်သည်။

အရင်ကလည်း ဗန်ကောက်၊ စင်္ကာပူ၊ ဟောင်ကောင်စသဖြင့် ရက်တို နိုင်ငံခြားခရီးလေးများကို ကုမ္ပဏီကိစ္စဖြင့် မကြာခဏ သွားရလေ့ရှိသည်။

ဂျပန်ကိုတော့ ခုတစ်ခေါက် ပထမဦးဆုံး စသွားခြင်းဖြစ်၏။

ကိစ္စက ဂျပန်တွင် ပြုလုပ်မည်ဖြစ်သော ကုန်စည်ပြပွဲတစ်ခုအတွက် မြန်မာပြခန်းတစ်ခုကို ကုမ္ပဏီက စီစဉ်တည်ဆောက်ပေးဖို့ ကိစ္စပင်ဖြစ်သည်။

အထူးသဖြင့် မြန်မာ့အနုပညာလက်ရာများကို ဦးစားပေး ဖော်ပြလိုသော ပြခန်းမို့ သက်ဆိုင်ရာ က လည်း ရဲထွတ်ကို သီးသန့် တာဝန်ပေး ဆောင်ရွက်ခိုင်းခြင်း ဖြစ်သည်။

"ဘယ်လောက်ကြာမှာလဲ ကိုကို။ မမမွေးရက်မှာရက်မီအောင် ပြန်လာနိုင်ပါ့မလား"

သီရိကလည်း သူ့အစ်မအတွက် စိုးရိမ်တုကြီး ဝင်မေးသည်။

ရဲထွတ်က ရယ်သည်။

"ကိုကို သွားတာ တစ်လပဲကြာမှာ သီရိရဲ့။ ဘယ်နှဲ့ မွေးဖွားရက် မမီရမှာလဲ။ ခုမှ သီရိအစ်မဗိုက်က ခြောက်လရှိသေးတာ"

"သိဘူးလေ။ ဂျပန်ဆိုတော့ ကြာမှာလားလို့။ မမအတွက် စိုးရိမ်လို့ ပြောတာပေါ့။ အဲဒါဆိုရင်တော့ အဆင်ပြေပါဘယ်။ ဂျပန်ကနေ ကိုကို ကလေးကစားစရာလေးတွေ အများကြီးဝယ်လာခဲ့"

"ဘယ်သူကစားဖို့လဲ။ ကလေးတွေအတွက်တော့ ဟုတ်မယ်မထင်ဘူး။ ကလေးတွေအကြောင်းပြပြီး ညည်းပဲကစားချင်လို့ မှာတာဖြစ်ရမယ်။ ဟုတ်တယ်မို့လား သီရိ"

သီရိ သဘောကျစွာရယ်သည်။

"အင်းပေါ့။ သိရင်လဲ ကိုကိုအသာနေ။ သူများတွေရှေ့ လျှောက်မပြောနဲ့။ ရှက်စရာကြီး"

ရဲထွတ်က စိုးလွင်ကို လှမ်းကြည့်ပြီးရယ်သည်။ ခုတစ်လော သီရိနှင့် စိုးလွင် အတော်အဆင်ပြေနေသည်ဟုလည်း ရတနာဆီက ကြားပြီးဖြစ်၏။

ရတနာက....

"ကိုကို ဘယ်တော့သွားမှာလဲ"





"နှစ်ပတ်၊ သုံးပတ်တော့ လိုဦးမှာပါ။ ဒီနေ့မှ ပတ်စပို့ကိစ္စ စ လုပ်ရတာ။ ဒါပေမယ့် ဒါကတော့ မြန်မှာ ပါ။ လူကြီးတွေက လွှတ်တဲ့ကိစ္စပဲ"

"ကိစ္စပြီးရင်လဲ မြန်မြန်ပြန်ခဲ့နော် ကိုကို။ တစ်လမပြည့် မချင်း ဟိုမှာနှပ်မနေနဲ့ဦး"

"ဘာဖြစ်လို့လဲ ရတနာရဲ့"

"ဩြော်....ပြောလို့ရမလား။ ကိုကိုသွားဖို့ပြင်တာနဲ့ သွား မှာနဲ့ မတော်လို့ ရတနာက လမစေ့ဘဲ ခုနစ်လလောက်နဲ့ ကောက်မွေးရင် ဘယ့်နှယ့်လုပ်မလဲ"

"ဟုတ်ရဲ့လား ရတနာရယ်။ ဟိုမှာ ရဲထွတ် ဂေရှားမယ် တွေနဲ့ လျှောက်မြူးနေမှာစိုးလို့ မြန်မြန်လာခိုင်းတာပဲ ဖြစ် မယ် ထင်ပါတယ်။ လမစေ့ဘဲတော့ မွေးမယ်မထင်ပါဘူး"

ပစ္စည်းများ ထုပ်ပိုးသယ်ပို့ နေရင်းနှင့် စိုးလွင်က လှမ်း နောက်သည်။

"ဟုတ်တယ် ကိုစိုးလွင်။ အဲဒါက ပိုအရေးကြီးတယ် ကိုစိုးလွင်သူငယ်ချင်းက ဂျပန်သွားချင်တာ အလုပ်ကိစ္စက နည်းနည်းရယ်။ ဟိုမှာ ကဲချင်တာက ပိုများလိမ့်မယ်။ သိပ် သိတာပေါ့"

"ဟာ— ရတနာကလဲ မဟုတ်တာကွာ။ ကဲ စာရေးဆရာ မင်းကလဲ ဝင်ဝင်ပြီး အတို့အထောင် မလုပ်နဲ့။ ငါ့မိန်းမက

နဂိုကတည်းက အလုပ်မရှိ ချစ်တီးခေါင်း သန်းရှာပြီး ငါ့ စိတ်မချ ဖြစ်နေတာ။ မင်းလုပ်တာနဲ့ ပိုဆိုးကုန်လိမ့်မယ်''

စိုးလွင်က တဟားဟား ရယ်နေသည်။

ဘာလိုသိုနှင့် စိုးလွင်လည်း ခြောက်လ ခုနစ်လအတွင်းမှာ လုံး ချင်း လေး နှစ် အုပ် သုံး အုပ် ထုတ် နိုင် ခဲ့ ပြီ ဖြစ်သည်။ အအောင်မြင်ကြီး မဟုတ်သော်လည်း သိပ်တော့ မဆိုးဟု သိရသည်။

သီရိနှင့်ကလည်း ဘာလိုလို။

အသက်သုံးဆယ်ကျော်မှ ကံပေါ် စန်းပေါ် ဖြစ်နေသော သူငယ်ချင်းကိုကြည့်၍ ရဲထွတ် ရယ်လိုက်၏။

*

''ကိုကို....မြန်မြန်ပြန်လာခဲ့နော်''

နောက်တစ်နေ့ လေယာဉ်ကွင်းဆင်းရန် ပြင်ဆင်နေသဖြင့် ထိုနေ့ညက အိပ်ရာဝင် နောက်ကျသည်။

သူ အိပ်ရာထဲ ရောက်သည်အထိ မအိပ်သေးဘဲ စောင့်နေသော ရတနာက ထူးခြားသော စကားကို ဆိုသည်။

''ကိုကို အလုပ်ကိစ္စပြီးပြီးချင်း ပြန်လာခဲ့မှာပါ ရတနာ။ အလုပ်ကိစ္စကိုလဲ မြန်မြန်ပြီးအောင် လုပ်ပါ့မယ်။ ကိုကိုလဲ





ရတနာ့ကို ကိုယ်ဝန်အရင့်အမာကြီးနဲ့ ထားခဲ့ရတာ စိတ် မချပါဘူး''

''ရတနာလဲ ဘာဖြစ်နေလဲ မသိဘူး ကိုကိုရယ်။ ကိုကို့ အနားမှာ မရှိမှာကိုတွေးပြီး အရမ်း အားငယ်တာပဲ။ ခါ တိုင်းလို မဟုတ်ဘူး။ ကိုကို့ကို မျက်စိအောက်က အပျောက် မခံချင်ဘူးကို ဖြစ်နေတာ''

''ကိုယ်ဝန် လရင့်လာလို့ ဖြစ်လို့မယ် ရတနာ။ ခါတိုင်း ကိုကိုသွားတဲ့အချိန်တွေက ဒီလိုမှမဟုတ်ဘဲ''

''မသိပါဘူး ကိုကိုရယ်။ ရတနာ့စိတ်ထဲမှာ တစ်မျိုးပဲ။ နောက်ပြီးတော့ ရှေးဟောင်းနှောင်းဖြစ်တွေကိုလဲ အရမ်း သတိရတာပဲ။ ကိုကိုနဲ့ စတွေ့ခဲ့တဲ့အကြောင်းတွေ၊ ကိုကိုနဲ့ နှစ်ယောက်တည်း လျှောက်လည်ခဲ့တဲ့ ကိစ္စတွေ၊ ကိုကိုနဲ့ လက် ထပ်ပြီးပေလီသွားခဲ့တာတွေ မျက်လုံးထဲ ပြန်ပြန်မြင်နေတယ်။ ပြီးတော့ အဲဒီအချိန်တွေကိုအရမ်းလဲ သတိရတာပဲ''

''ကိုကိုလဲ သတိရပါဘယ်ကွာ။ ဒါကတော့ သတိရရမယ့် ကိစ္စပဲ။ ပြန်တွေးရင် ပျော်စရာတောင် ကောင်းသေး''

''မဟုတ်ဘူး ကိုကို။ ရတနာက အဲဒါလေးတွေကို လွမ်း တာ။ စိတ်ထဲမှာ အဲဒီအဖြစ်ကလေးတွေနဲ့ ဝေးသွားရတော့ မှာလိုမျိုးကြီးပဲ။ ခုတော့ ဟံသာဝတီခြံကြီးကို ရောင်းမိတာ တောင် နောင်တရလိုက်တာ။ အဲဒီခြံထဲက နှင်းဆီခင်းကြီး ရယ်၊ ဘန်ဂလို အိမ်အဖြူလေးရယ်ကို အရမ်းလွမ်းတာပဲ။

အဲဒီထဲ ခဏလောက်ဖြစ်ဖြစ် သွားပြီးတော့တောင် နေလိုက်ချင်တာ”

“အိပ်မက်နှင်းဆီကိုတော့ မလွမ်းတော့ဘူးလား”

“လွမ်းတာပေါ့။ အဲဒီသွားပြီး ကိုကို ဖျော်ပေးတဲ့ စက်ာပူတီးလေး သောက်ချင်လိုက်တာ။ အဲဒီဘဝတွေ ရတနာတို့ ပြန်ရတော့မှာ မဟုတ်ဘူးနော်”

ရဲထွတ်ရင်ထဲတွင် နင့်ခနဲ ခံစားလိုက်ရသည်။ ရတနာ့ထံမှ ဆွတ်ပျံ့ပျံ့ ဝေဒနာလေးပါ ကူးစက်လာပြီး....

“ဘဝဆိုတာတော့ ဒီလိုပဲပေါ့ ရတနာရယ်။ အသက်တွေ ကြီးလာကြတယ်။ သားသမီးတွေ မွေးလာကြတယ်။ လူမှုဒုက္ခတွေ များလာတယ်။ ပြီးရင် ဇရာ၊ ဗျာဓိ၊ မရဏ ဆိုတဲ့ အိုနာသေခြင်း ဒုက္ခတွေနဲ့လဲ ရင်ဆိုင်ရဦးမှာပဲ”

“ရတနာ မအိုချင်ဘူး ကိုကိုရယ်။ ပြီးတော့ သေလဲ မသေချင်ဘူး။ ကိုကိုနဲ့ ရတနာ မခွဲနိုင်ဘူး။ ရတနာ အိုရမှာ နာရမှာလဲ ကြောက်တယ်။ ပြီးတော့ သေရမှာလဲ ကြောက်တယ်။ ကိုကိုနဲ့ အမြဲတမ်း ဒီလိုပဲ နေချင်တယ်”

ပြောလည်းပြော၊ ရတနာက သူ့ကိုဖက်၍ ငိုလည်းငိုသည်။

ရဲထွတ်မျက်လုံးထဲ မျက်ရည်များ ဝိုင်းလာ၏။

ရတနာ ကြောက်လည်းကြောက်လောက်ပါသည်။ ခုပင် သူတို့အသက်တွေက သုံးဆယ်ကျော်လာကြပြီ။ သူက သုံးဆယ့်ငါးနှစ်၊ ရတနာက သုံးဆယ်။ နောက်အနှစ်သုံးဆယ်မှ သူတို့ အတူတူ နေရပါတော့မလား။

ပြီးတော့ သားတွေ၊ သမီးတွေ။

သူတို့လေးတွေနှင့်လည်း တစ်ချိန်ချိန်မှာ ခွဲကိုခွဲရမှာ ဖြစ်သည်။ ဘယ်လောက်ချစ်ချစ်၊ ဘယ်လောက် တွယ်တာ တွယ်တာ၊ ရှင်ကွဲမကွဲအောင်သာ ကြိုးစား တည်ဆောက် ပြုပြင်လို့ ရသည်။ သေကွဲအတွက် ဘာမှ လုပ်စရာမရှိ။

“ကိုကို့ကို ရတနာချစ်တယ်။ တစ်ခါတလေ ရတနာဆိုးရင် ရတနာကို မမုန်းပါနဲ့ကိုကိုရယ်။ ကိုကို့ကို ရတနာ ချစ်လို့ပါ။ ကိုကို့ကို ရတနာ ချစ်လွန်းလို့ပါ။ ရတနာ့ကို ခွဲမသွားပါနဲ့။ ရတနာ့ကို အမြဲတမ်း ဒီလိုပဲ ဖက်ထားပါနော်”

ရဲထွတ် ရတနာ့ကို တင်းတင်းကြပ်ကြပ်လေး ဖက်ထားလိုက်မိသည်။

ဘာဖြစ်တာလဲ ရတနာ်ရယ်။

ဘာဖြစ်လို့ ဒီညကျမှ ဒီအတွေးတွေ ပေါ်လာရတာလဲ။

ပြီးတော့ ကိုကို့ကို ဘာဖြစ်လို့ ဒီလောက် ချစ်ပြနေရတာလဲ။

ဘာဖြစ်မှန်း မသိ။ မနက်ဖြန်သွားမည့် ခရီးစဉ်ကို ဖျက်ပစ်လို့ရရင် ဖျက်ပစ်လိုက်ချင်စိတ်ပင် ပေါ်လာမိ၏။

ကိုကိုလဲ ရတနာနဲ့ မခွဲနိုင်ပါဘူး ရတနာရယ်။

*

( ၆ )

"ကိုကို... မြန်မြန်ပြန်လာခဲ့နော်"

ဒီစီရှစ် အမျိုးအစား လေယာဉ်ကြီးက ကွင်းထဲမှဦးမော့၍ တက်သည်။

ကွင်းမှ ဘီးများကို စခွာလိုက်သော အချိန်မှာပင် လေကြောင်း ချို့ယွင်းမှု ပြဿနာတစ်ခုကြောင့် လေယာဉ်တစ်ခုလုံး သိမ့်ခနဲ ခါသွားသည်။ အလန့်တကြား အော်လိုက်သံတချို့ ခရီးသည်များထံမှ ထွက်လာ၏။

အမှတ်မထင်နှင့် မတော်တဆ ကြုံတွေ့လိုက်ရသော အခက်အခဲမို့ လေယာဉ်မယ်လေးက ဘာမှ ပြဿနာမရှိကြောင်းနှင့် စိတ်အေးအေးထားရန် ပြုံးပြသည်။





လေစီးကြောင်း ရုတ်တရက် အပြောင်းအလဲဖြစ်သွား
ခုလိုဖြစ်ရကြောင်းကိုလည်း ကမန်းကတန်း ရှင်းပြသည်။

သို့သော် စောစောက ခါယမ်းသွားစဉ်ကမူ ယခု ပြုံ
နေသည့် လေယာဉ်မယ်၏ မျက်နှာသည်လည်း ကြောက်လန်
မှုကြောင့် ဖြူဆွတ်သွားကြောင်း သတိထားမိလိုက်
သည်။

ရဲထွတ်က ရတနာ့အသံကို နားထဲမှာပြန်ကြားရင်း သူ
ဘယ်ဘက်ပခုံး အင်္ကျီစတွင် စိုစွတ်နေသေးသော ရတနာ
မျက်ရည်များကို လက်ဖြင့်စမ်းလိုက်သည်။

"ရတနာနဲ့ကိုကို ဟိုတုန်းကလိုပဲ ဟံသာဝတီခြံက ဘ
ဂလို အိမ်ဖြူဖြူလေးထဲမှာပြန်နေ....နေချင်လိုက်တာ"

"အေးကွယ်။ သွားလေရာ လာလေရာ ခလုတ် မ
ဆူးမငြိပါစေနဲ့။ အန္တရာယ်ကင်း ဘေးရှင်းပါစေ"

"အစစတော့ ကျကျနန ဆောင်ရွက်ခဲ့ပါ မောင်
ထွတ်။ မောင်ရဲထွတ် သွားလုပ်တဲ့အလုပ်ဟာ ဦးတို့နိုင်
အတွက် ဂုဏ်ယူဝင့်ကြွားစရာ ကိစ္စတစ်ခုပါ"

"သီရိမှာတဲ့ ကစားစရာလေးတွေ မမေ့နဲ့နော်"

"အလုပ်တွေအတွက် စိတ်ချပါ ရဲထွတ်။ ငါ အစွမ်းကုန်
ကြိုးစားပြီး မင်းကိုယ်စား ဆောင်ရွက်ထားပါ့မယ်"

ရတနာ့အသံ၊ ဒေါ်ခင်မြရင်အသံ၊ ဦးအောင်မွန်အသ
သီရိအသံ၊ စိုးလွင်အသံ စသည်များကို တစ်လှည့်စီ ကြ
သည်။

"သို့ဆီကို ဘယ်တော့မှ မလာပါနဲ့တော့ ကိုရဲရယ်"

သို့အသံကိုလည်း ပြန်ကြားမိသည်။

ရဲထွတ် သက်ပြင်းချလိုက်၏။

ဘာတွေယဲ။ လောကကြီးက ဘာတွေလဲ။

သူ့အကြောင်းတွေနှင့်သူ။ လောကကြီးက ရှုပ်ထွေးလွန်းလှသည်။

"ဖေဖေကြီး။ သားဖို့ တီဗွီဂိမ်း ဝယ်လာခဲ့"

"မီးဖို့ ဝက်ဝံရုပ်နော်"

"ဗိုက်ထဲက ကလေးကိုလဲ ဂရုစိုက်ပါ ရတနာ။ ပြီးတော့ ရတနာ့ကိုယ် ရတနာလဲ ဂရုစိုက်။ အသက်ကြီးမှ ကလေးမွေးတယ်ဆိုတာက ငယ်တုန်းကနဲ့ မတူဘူး"

သံယောဇဉ်၊ သံယောဇဉ် သမုဒယတရားတွေ ဖြစ်သည်။

သည်သံယောဇဉ်နွယ်တွေ စုပြုံရစ်ပတ် ဆွဲငင်လိုက်သောအခါ ရင်တစ်ခုလုံးသည် အပူငွေ့တွေနှင့် ကျိုက်ကျိုက် ဆူလာတတ်သည်။ ပကတိ နွေကာလကြီးတစ်ခု။

သည်နွေမျိုးတွေနှင့် လွတ်ကင်းနေသော မဟာလောကအောင်မြေကျောင်းတိုက်ကြီးကို ပြန်သတိရသည်။

ပြီးတော့ လောက၏အပူမီးတွေကို အသက်နှစ်ဆယ်အရွယ်ကပင် ဖြတ်တောက် ငြိမ်းသတ်လာနိုင်ခဲ့သည့် ဆရာတော်ကြီး ဦးနန္ဒဝံသ။





ခရီးမှပြန်လာရင် ဆရာတော်ထံသွား၍ ဒုလ္လဘရဟန်း ဆယ့်လေးငါးရက်တော့ ဝတ်လိုက်ဦးမည်ဟု ရည်မှန်းသည်။

ပြန်လာမှပါ။

ခုလောလောဆယ်တော့ ဆရာတော်ထံပါး သွားဖို့ မပြောနှင့် မြေပြင်မှ အမြင့်ပေ နှစ်သောင်းလောက်မှာ ရောက်နေ၏။

*

"မစ္စတာ ရဲထွက်စံ မြန်မာသံရုံးကနေ ဒီမနက်ပဲ အကြောင်းကြားပါတယ်။ ရန်ကုန်ကပို့လိုက်မယ့် ပစ္စည်းတွေ တင်ဖို့ လေယာဉ်ချာတာ ခက်နေတဲ့အတွက် နောက်တစ်ပတ်လောက်တော့ ဆက်နေလိုက်ပါဦးတဲ့"

တိုကျိုမှဖုန်းလာကြောင်း အကြောင်းကြားချက် အရ ရဲထွတ် ကိုယ်စား သွားနားထောင်သော ဒေသဆိုင်ရာ သူ့လက်ထောက် မစ္စတာမတ်စုမိုတိုက လာပြောသည်။

ရဲထွတ် စိတ်ဓာတ်ကျသွားသည်။

"ဟာဗျာ တစ်ပတ်....တစ်ပတ်နဲ့ ကျွန်တော်ပြန်ရမယ့် ရက်တွေက အများကြီးကျော်နေပြီ မစ္စတာမိုတို"

မတ်စုမိုတိုက ပျာပျာသလဲ ဖြစ်သွားပြီး....

"ကျွန်တော်တောင်းပန်ပါတယ် မစ္စတာ ရဲထွတ်စံ။ ဒီကိစ္စမှာ ကျွန်တော်တို့ဘက်ကလဲ တာဝန် မကင်းပါဘူး။ မူလက ကျွန်တော်တို့ ဂျပန်ကုမ္ပဏီက လေယာဉ်အစီအစဉ်နဲ့ သယ်ဖို့ ပြောထားပြီးမှ အစီအစဉ် ပြောင်းလိုက်ရလို့ပါ"

"ကျွန်တော် ဘယ်သူ့မှ အပြစ်မတင်ပါဘူး မစ္စတာမိုတို။ ခုဟာက ကံကြမ္မာနဲ့ဆိုင်တဲ့ ကိစ္စတွေပါ။ ကျွန်တော်ကလဲ ပြန်ချင်နေလို့ပါ"

"မစ္စတာရဲထွတ်စံရဲ့ အင်မတန်ချစ်စရာကောင်းတဲ့ ဇနီးမှာ မစ္စတာ့အတွက် သားလေးသို့မဟုတ် သမီးလေး မွေးဖွားပေးဖို့ အဆင်သင့်ဖြစ်နေတယ်ဆိုတဲ့ သတင်းကို ကျွန်တော်လဲ ကြားပါတယ်။ ဗုဒ္ဓရှင်တော်မြတ်ရဲ့ ဂုဏ်ကျေးဇူးနဲ့ အားလုံး အဆင်ပြေ ချောမောသွားမှာပါ မစ္စတာ ရဲထွတ်စံ"

သူ့ကို အားနာ၍ ပျာပျာသလဲဖြစ်နေသော ဂျပန် မိတ်ဆွေကိုကြည့်ပြီး ရဲထွတ် ပြုံးလိုက်သည်။

"အရမ်းလဲ စိတ်မကောင်းတော့မဖြစ်ပါနဲ့ မစ္စတာမိုတို။ ဒီကိစ္စမှာ ခင်ဗျား ကျွန်တော့်အပေါ် အများကြီးကြင်နာမှုတွေ ပြခဲ့ပါတယ်။ ပြီးတော့ ခင်ဗျားနဲ့လဲ မဆိုင် ပါဘူးဗျာ"





"ကျေးဇူးတင်ပါတယ် မစ္စတာ ရဲထွတ်စံ။ ကျွန်တော့်ကို နားလည်တဲ့အတွက် ကျွန်တော် အရမ်း ဝမ်းသာပါတယ်။ အာရိဂတော့ဂိုဆိုင်းမတ်စု မစ္စတာ ရဲထွတ်စံ"

ရဲထွတ်က ကိစ္စမရှိပါကြောင်း ဂျပန်လိုပင် ပြန်ပြောလိုက်သည်။

လုပ်ငန်းကိုင်ခန်း အခက်အခဲအတွက်ကတော့ ဘာမှ စိတ်အနှောင့်အယှက် မဖြစ်မိ။ ဒါမျိုးတွေ ကြုံရတတ်သည်မှာ သဘာဝပင်။

သို့သော် မြန်မြန်ပြန်လာပါ ကိုကိုဟု တတွတ်တွတ် မှာလိုက်သည့် ခရီးကျမှ ကြာဖြစ်အောင် ကြာနေခြင်း အတွက် ရတနာ့ကို သနားနေမိခြင်းသာ ဖြစ်၏။

*

"ကိုရဲထွတ်။ ခင်ဗျားအတွက် တယ်လီဖုန်း"

"ဘယ်ကလဲ မသိဘူး ဦးဝေဠု"

"ရန်ကုန်ကတဲ့"

ပြန်ခါနီးမှ ပြန်ခါနီးဆဲဆဲလေးဖြစ်သည်။

တည်းခိုနေသော ဟိုတယ်မှ ပစ္စည်းပစ္စယများကို ဇစ်ခ တည်း သူ ယူဆောင်ခဲ့ပြီးပြီ။

ပြန်ခါနီးကျမှ ထပ်သတိရသော ရတနာအတွက် လိုအပ်သော ပစ္စည်းပစ္စယများလည်း ဆင်းဝယ်ခဲ့ပြီးသား။ ငယ်ငယ်တုန်းက အဖြစ်များကို သတိရနေသည့် ရတနာ့အား အထူးလက်ဆောင်အဖြစ်ပေးရန်အတွက် ငယ်ငယ်က ရတနာ ဆိုးနေကျဖြစ်သော အသည်းကွဲရောင် နှုတ်ခမ်းဆိုးဆေး တောင့်ဒလးကိုပင် အကောင်းတကာ့ အကောင်းစားဆုံး အမျိုးအစား တမင်ရွေးဝယ်ခဲ့သည်။

ယခုလည်း ရုံးကအမှုထမ်းများကို နှုတ်ဆက်ပြီးသည်နှင့် လေယာဉ်ကွင်း ဆင်းရုံသာရှိသည်။

သံရုံးအမှုထမ်းများကို နှုတ်ဆက်၍တော်င် ပြီးနေသဖြင့် အပြင်တွင် ရပ်ထားသော မော်တော်ကားဆီသို့ပင် လျှောက်နေမိပြီ။

သည်အချိန်ကျမှ တယ်လီဖုန်းဆိုသဖြင့် တစ်ခေါက်ပြန်ဝင်ပြီး နားထောင်ရခြင်း ဖြစ်သည်။

တယ်လီဖုန်းခွက်ကို ကိုင်မိသည်အထိလည်း စိတ်ထဲမှာ စနိုးစနောင့် ဘာမှမဖြစ်သေး။ ရန်ကုန် အိမ်က ပြန်ဖြစ်မပြန်ဖြစ် လှမ်းမေးတာလောက်သာ ဖြစ်မည်ဟု ထင်မိသည်။

သို့မဟုတ်လည်း သည်ကအပြန် ဘန်ကောက် အဝင်မှာ တစ်ခုခု မှာချင်တာ ရှိလို့များလား။

သည့်ထက်ပို၍ ရဲထွတ် ဘာမှမတွေး။





''ဟယ်လို....''

''ဟယ်လို....ကိုကို....ကိုကိုလားဟင်''

''ဟုတ်တယ် ရတနာ။ ကိုကိုပါ။ ဘာမှာမလို့လဲ''

သည်အထိ သူ့စိတ်ထဲမှာ ဘာမှ မဖြစ်သေး။ ရတနာ့အသံ နည်းနည်းများ တုန်ရီနေသလားဟု ထင်လိုက်သော အဆင့်မှာပင် ရှိသေးသည်။

နောက် တစ်စက္ကန့်....

တစ်စက္ကန့်တောင် ရှိချင်မှရှိမည်။ အချိန်ပိုင်းမှ တကယ့်အချိန်ပိုင်း ခဏငယ်လေး။

ထိုခဏငယ်လေးအတွင်းမှာ သူ့ဘဝတစ်ခုလုံး ဖရိုဖရဲဖြစ်သွားရတော့မည်ကို သူ နည်းနည်းလေးမှပင် မတွေးထင်၊ မမျှော်လင့်မိ။ သို့သော် ထိုကိစ္စက တကယ်ပင် ဖြစ်လာခဲ့သည်။

''ကိုကို ခုပြောနေတာ မမ မဟုတ်ဘူး။ သီရိပါ''

''ဩော်....သီရိ။ ပြော....ကိုကိုက ရတနာ မှတ်လို့''

''မမရတနာ မဟုတ်ဘူး ကိုကို။ မမ မဟုတ်ဘူး။ မမ.... မမလေ''

''ပြောလေ သီရိ။ ရတနာ ဘာဖြစ်လဲ''

''မမ မရှိတော့ဘူးကိုကို။ မမ ရတနာ ဆုံးသွားပြီ။ ခုန်လေးတင် မမဆုံးသွားတာ''

''ဟင်....ဘယ်....ဘယ်လိုဖြစ်တာလဲ သီရိ''

"မသိဘူးကိုကို။ သီရိတို့လဲ ဘာမှ မသိဘူး။ ကိုကိုမြန်မြန် ပြန်လာခဲ့ပါ။ သီရိတို့အားလုံး အခု ငိုနေကြတယ်။ မမ ဆုံးသွားပြီကိုကို။ မမရတနာ မရှိတော့ဘူး"

"အို...."

ငိုသံများနှင့်အတူ တယ်လီဖုန်းခွက်ကို ချသွားသည်။

ရဲထွတ် ဖုန်းခွက်ကို ကိုင်ရင်း သတိ လစ်သလို ဖြစ်သွားသည်။

"ဘာဖြစ်တာလဲ။ ဘာတွေ ဖြစ်ကုန်ကြတာလဲ"

ရတနာ ဆုံးပြီတဲ့။

ဘာဖြစ်လို့ ရတနာက ဆုံးရမှာလဲ။

ဘာဖြစ်လို့ ရတနာက မရှိတော့ရမှာလဲ။

မဟုတ်ဘူး....မဟုတ်ဘူး။

အားလုံး မှားနေပြီ။

ရတနာ မသေဘူး။ ရတနာ မသေဘူး။

ဘာဖြစ်လို့ ရတနာ သေရမှာလဲ။

ရတနာ မသေရဘူး။

လောကကြီးတစ်ခုလုံး မိုက်ခနဲ ဖြစ်သွား၏။

*



( ၇ )

လူတွေအားလုံး ယောက်ယက်ခတ်နေ၏။

ငိုသံတွေ။ ငိုသံတွေ။

သမီး၏ငိုသံ၊ သား၏ငိုသံ၊ သီရိ၏ ငိုသံ။

အမေ ဒေါ်ခင်မြရင်၏ ငိုသံ။ အဖေ ဦးအောင်မွန်၏ မချိတင်ကဲ ငိုသံ၊

"ရတနာရေ....မမ၊ မေမေ၊ သမီး....သမီးရယ်"

အသံများ ရောထွေးနေသည်။

ပန်းနံ့ တွေကလည်း မွှေးလိုက်တာ။

ရတနာက သူ့အတွက် သေချာပြင်ထားသော စင်လေးပေါ်မှာ ငြိမ်သက်စွာ လှဲလျောင်းနေသည်။ မျက်နှာလေးကလည်း ပြုံးယောင်ယောင်နှင့်။

သူ့ တစ်ကိုယ်လုံးမှာ ပန်းတွေဝေလို့ပဲလေ။

သူ့ မျက်နှာလေးက ဟံသာဝတီ ခြံမှာတုန်းကလိုပဲ လှ
လိုက်တာ။

သူ့ နှုတ်ခမ်းလေးက အိပ်မက်နှင်းဆီ ဆိုင်လေးထဲမှာ
တုန်းကလိုပဲ အသည်းကွဲရောင် နှုတ်ခမ်း ဆိုးဆေးလေး ဆိုး
လို့....။

"ခင်ဗျားခြံ ဘယ်လောက်ရရင် ရောင်းမလဲ။ ကျွန်တော်
ဝယ်ချင်လို့"

ဟံသာဝတီခြံကို စက်ာပူ လက်ဖက်ရည် လာသောက်ရင်း
ရောင်းဈေးမေး၍ ဝယ်နေသည့် ရတနာ။

အို မဟုတ်ဘူးလေ။

ခု ရတနာက သေဆုံးနေတဲ့ ရတနာ။

ဒါ ရတနာ့ အလောင်း။

"ရတနာ မအိုချင်ဘူး ကိုကိုရယ်။ ပြီးတော့ သေလဲမသေ
ချင်ဘူး။ ကိုကိုနဲ့ ရတနာ မခွဲနိုင်ဘူး"

"ကိုကို့ ကို ရတနာချစ်တယ်။ တစ်ခါတလေ ရတနာ ဆိုး
ရင် ရတနာ့ကို မမုန်းပါနဲ့ ကိုကိုရယ်။ ကိုကို့ ကို ရတနာ ချစ်
လို့ပါ"

"ကိုကို မြန်မြန် ပြန်လာခဲ့နော်"

ရင်ထဲမှာ ဆို့ နင့်မွန်းကျပ်လာသည်။

မီးလျှံမီးတောက်ကဲ့သို့ပူသော အပူလုံးကြီး တစ်ခုကဝမ်း
ဗိုက်မှနေ ရင်ဝအထိ လှိုက်၍လှိုက်၍ တက်လာသည်။







"ကိုယ်ဝန်ရင့်မှဂျွန်းတစ်စ် အသည်းရောင် အသားဝါ ဖြစ်
တာတဲ့ကိုကို။ ကိုကို ပြန်ရက် နောက်ကျနေကတည်းက မမ
ညဆို ကောင်းကောင်း မအိပ်ဘူး။ အစားအသောက်လဲ ပျက်
တယ်။ ကိုကို ဘာဖြစ်လို့ ပြန်မလာတာလဲ။ ကိုကိုကလဲ နောက်
ကျလိုက်တာ ဆိုတာတွေပဲ တတွတ်တွတ်ပြောနေတယ်။ အဲဒီ
တော့ အားကလည်း အရမ်းနည်းသွားတာပေါ့။ အဲဒါ
ကြောင့်များ ဝင်လာတဲ့ ဗိုင်းရပ်စ်တွေဒဏ်ကို သူ မခံနိုင် ဖြစ်
သွားတာလားလဲ မသိဟူး"

"ကလေးက မရတော့ဘူးဆိုတာ သိလို့ မိခင်အသက်ကို
လုယူပါသေးတယ် မောင်ရဲထွတ်။ ဒါပေမယ့် ကလေးကအဆဲ
မှာဆုံးပြီး ကိုယ်ဝန်ဆိပ်က တက်လာတော့...."

မကြားချင်ဘူး။ မကြားချင်ဘူး။

မပြောနဲ့။

ဘာမှ လာမပြောကြနဲ့။

ကျွန်တော့် မိန်းမ မသေဘူး။

ကျွန်တော့် မိန်းမက သေချင်တဲ့သူ မဟုတ်ဘူး။ သေရမှာ
သိပ်ကြောက်တဲ့ မိန်းကလေး။

ရတနာမသေဘူး။

ရတနာ ကျွန်တော့် ရှေ့မှာ ရှိတယ်။

သူ့ ကိုယ်ပေါ်မှာ နှင်းဆီပန်းတွေ အများကြီးပဲ။

နှင်းဆီခင်းထဲမှာ သူသိပ်ပျော်တာယ်။

အိပ်မက်နှင်းဆီဆိုင်ထဲမှာ သူနဲ့ ကျွန်တော်ဆုံတယ်။

လေယဉ်ပေါ်မှာ သူ့မျက်ရည်တွေ ကျွန်တော့် အင်္ကျီမှာ စိုပြီးမှ ပါလာတယ်။

သူ ကျွန်တော့်ကို လက်ပြနှုတ်ဆက်တယ်။

ခု–သူ အိပ်နေတာ။

ခင်ဗျားတို့အားလုံး မှားနေပြီ။ သူ မသေပါဘူး။

သူ့ အသက်က ငယ်ငယ်လေး။

သူ့ကို ကုစရာ ကျွန်တော့်မှာ ပိုက်ဆံတွေလည်း အများကြီးရှိတယ်။

သူ မသေပါဘူး။ သူအိပ်နေတာပါ။

သူ နေမကောင်းရင် ကျွန်တော်ကုမယ်။

ဟား ဟား ဟား။

ခင်ဗျားတို့အားလုံး အရူးတွေ။

သီရိနှင်းလဲ အရူးပဲ။

ရတနာ ဘာလို့ သေရမှာလဲ၊

ရတနာ မှာလိုက်တဲ့ ပစ္စည်းတွေ အိမ်မှာ ခုံပဲ ချထားခဲ့တာ။ ငါ့သား ရေအိတ်ထဲကဘောင် မထုတ်ရသေးဘူး။

ငါ့ မွေးနေ့တုန်းကလဲ ဘုရားမှာ သူ ဆုတောင်းပေးခဲ့တယ်။

သူနဲ့ခွဲရမှာ စိုးလို့ ငါ ငယ်ငယ်ကလေးတည်းကချစ်ခဲ့တဲ့ ယဉ်မြင့်သီကိုတောင် ငါပစ်ထားခဲ့တယ်။ သူ့ကို ငါ မခွဲနိုင်ဘူး။ သူ ငါ့မိန်းမ။ သူ့ကို ငါချစ်တယ်။





ရတနာ့ကို မီးမရှို့ကြနဲ့။
ရတနာ့ကို မီးမရှို့ကြပါနဲ့။
''ကိုကို သတိထားလေ။ သိပ်ခံစားရရင် ငိုချလိုက်''

''ဟုတ်ဘယ် ရဲထွက်။ အဲ့လိုကြီး လုပ်မနေနဲ့။ ငိုလိုက်။ ဒါမှ မဟုတ် အော်လိုက်''

အော်ရမယ် ငိုရမယ် ဟုတ်လား။

မငိုဘူး။ မငိုဘူး။

အော်မယ်....။

အော်မယ်....။

''ငါ့မိန်းမကို ငါ အော်ခေါ်မယ်။

ရတနာ....ရတနာ....ရတနာ။

''ရ....တ ....နာ''

*

(၀)

"အန်တီ....အန်တီ မေမေကောဟင်။ မေမေ.... မေမေ သမီးတို့ဆီ မလာတော့ဘူးလား။ မေမေက သမီးတို့ကို ဘာ- ဖြစ်လို့ ပစ်ထားရတာလဲ"

"သမီးရယ်"

သမီးငယ်နှင့် သီရိကိုကြည့်၍ ရင်ဆို့ရသည်။

"အန်တီရယ် သား မေမေ့ကို သတိရလိုက်တာ။ မေမေ့ ကို ဟိုအခန်းကြီးထဲမှာပဲ ထားခဲ့ကြတာလားဟင်"

"သားရယ် သား မေမေ့ကို အန်တီလဲ သတိရတာ ပါပဲ"





"မေမေ ပြန်လာရင် သိပ်ကောင်းမှာပဲနော်အန်တီ။ သား လေ ဖေဖေ ဝယ်လာတဲ့ တီဗီဂိမ်းတွေကို ကောင်းကောင်း ကစားတတ်နေပြီ။ မေမေ့ကို ပြချင်လိုက်တာ"

"ကိုကို"

ရပ်ပြီး မျက်ရည်များကျလာသော ရဲထွတ်ဆီကို သီရိ တအားပြေးလာပြီး ဖက်၍ငိုသည်။

သီရိမျက်ရည်များ ရဲထွတ်ရင်ကို စိုစွတ်လာသည်။

"ကြာရင် သီရိ ရူးလိမ့်မယ်ကိုကိုရယ်။ သီရိကို မကယ် နိုင်ဘော့ဘူးလား"

ဦးအောင်မွန်က ဘယ်သူ့မှ စကား မ ပြော တော့ ဘဲ ဘုရားခန်းထဲမှာ ပုတီးစိတ်ချည့်နေတော့သည်။

ဒေါ်ခင်မြရင်က အိပ်ရာပေါ်မှာ နှလုံးရောဂါ ကုနေ ရသည်။

ပူလိုက်တာလေ။

တကယ့်ကို နွေလယ်ခေါင်မှာ မီးဖိုကြီးထဲ ရောက်နေ သလိုပါပဲ။

တစ်လ....

နှစ်လ....

သုံးလ....

ခြောက်လလောက်ကြာသောအခါ ၁၉၉၁ ခုနှစ်၏ နွေရာသီ ဖြစ်လာသည်။

ရင်ထဲက အပူများလည်း ငြိမ်းအေးစပြုလာ၏။

*

''မောင်ရဲထွတ်''

''ဟုတ်ကဲ့---ပြောပါ ဦး''

''အေးကွာ။ ဆခုအချိန်မှာ သမီးကြီးနဲ့ ပတ်သက်တဲ့ သောကတွေ အပူတွေဟာ ဘယ်သူ့ရင်ထဲမှာမှ မငြိမ်းကြသေးပါဘူး။ ဒါပေမယ့် အချိန်ကာလတစ်ခုမှာ လုပ်သင့်လုပ်ထိုက်တာ တစ်ခုလုပ်ဖို့အတွက်ကတော့ အားလုံး တည်ငြိမ်ကြဖို့တော့ လိုတယ်''

ထိုအချိန်အထိ ဦးအောင်မွန် ဘာပြောချင်သည်ဆိုသည်ကို ရဲထွတ် မခန့်မှန်းနိုင်သေး။

ဦးအောင်မွန်မျက်နှာကို အကဲခတ်ရင်း ဦးအောင်မွန် စကားကို ဆက်နားထောင်သည်။

''ဦးလဲ သိပ်ရှည်ရှည်ဝေးဝေးနဲ့ သိုင်းသိုင်းဝိုင်းဝိုင်း လို့ မပြောချင်ဘူး မောင်ရဲထွတ်။ ဦးရင်ထဲမှာ ဒီစကား





ပြောဖို့ စိတ်ထိခိုက်မိတာလဲ အမှန်ပဲ မောင်ရဲထွတ်။ အဲဒီတော့ လိုရင်းပဲပြောပါရစေ။ မောင်ရဲထွတ် သမီးငယ် သီရိနဲ့ လက်ထပ်ပါ''

''ဗျာ''

ရဲထွတ်က ဦးအောင်မွန်ကို ထူး ဆန်း သော နာနာဘာဝ တစ်ယောက်ကို ကြည့်နည်းကားမျိုးဖြင့် လှမ်းကြည့်လိုက်သည်။

ဦးအောင်မွန်က တည်ငြိမ်စွာနှင့်ပင် သက်ပြင်းချရင်း---

''အကြောင်းစုံ အသေးစိတ်ကိုတော့ မင်းနဲ့ သီရိ ညှိနှိုင်းပြီး တိုင်ပင်လိုက်ကြပါကွာ။ ဦးအနေနဲ့ အုပ်ထိန်းသူမိဘတစ်ယောက်အနေနဲ့ ပြောသင့်တဲ့စကားကို ပြောပေးတာပါပဲ။ သီရိ ဒီကိစ္စ သိပြီးသားပါ''

ရဲထွတ် အံ့ဩစွာနှင့် မင်သက်ကျန်ရစ်၏။

*

''ဟုတ်တယ် ကိုကို။ ဒီကိစ္စ သီရိ သိပြီးပါပြီ''

''သီရိသဘောက ဘယ်လိုရှိလဲ''

''ဘာတတ်နိုင်မလဲ ကိုကို။ သီရိတို့ မိသားစု အတွက် နောက်ဆုံး လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စက ဒီဘစ်ခုပဲဖြစ်နေ

ပြီပဲ။ ဒီမိသားစု၊ ဒီအိမ်ထောင်စု၊ ဒီစီးပွားရေး၊ ဒီသားနဲ့ သမီး အားလုံး ဥမကွဲသိုက်မပျက်နဲ့ တစ် သိုက် တစ် ဝန်း တည်း အရှည်သဖြင့် ရှိသွားဖို့ဟာ ဒီနည်းပဲရှိတော့တာပဲ''

''ဒါဖြင့် သီရိကလဲ လက်ခံတယ်ပေါ့''

''လက်ခံပါတယ် ကိုကို''

''ကိုကို့ကို သီရိက ချစ်နိုင်လို့လား''

''အဲဒီမေးခွန်းကိုတော့ မမေးပါနဲ့ ကိုကိုရယ်၊ သီရိ အဲဒါတွေမသိဘူး။ ငယ်ငယ်လေးကတည်းက ကိုကို့ကို မမနဲ့ ပတ်သက်ပြီး အစ်ကိုအရင်း တစ်ယောက်လို သီရိ ချစ်ခဲ့ လေး စား ခဲ့ တာ ပါ။ ကိုကိုနဲ့ သီရိ လက်ထပ်ပြီးရင်လဲ ကိုကို့ကို လင်ယောကျ်ား တစ်ယောက်အနေနဲ့ လေးစား ချစ်ခင်ပြုစုသွားမှာပါပဲ''

''ကိုကိုတို့ လက်မထပ်ဘဲ ဒီအတိုင်း တစ်သက်လုံး နေ သွားရင်ကော''

''မဖြစ်ဘူး ကိုကို။ ကိုကို့အသက်ဟာ ခုမှ သုံးဆယ့်ငါး နှစ်ပဲ ရှိသေးတယ်။ တစ်ချိန်ချိန်မှာ ကိုကို ဒီမိသားစုထဲက ခွဲထွက်သွားဖို့အကြောင်းတွေ အများကြီးရှိတယ်။ အထူး သဖြင့် မယဉ်မြင့်သီ ကိစ္စမျိုးဟာ သီရိတို့ အကြောက်ဆုံး ကိစ္စပါ ကိုကို''

''ယဉ်မြင့်သီ ကိစ္စ သီရိတို့သိသလား''





''မမကလွဲရင် မေမေကော၊ ဖေဖေကော၊ သီရိကော သိပါတယ်။ အခြေအနေ စောင့်ကြည့်နေတုန်းမှာပဲ ကိုကိုက ကိုကို့ ဆုံးဖြတ်ချက်နဲ့ ကိုကို နောက်ဆုတ်လိုက်တဲ့အတွက် သီရိ တို့အားလုံး မသိချင်ယောင် ဆက်ဆောင်နေကြတာပါ''

ရဲထွတ် သက်ပြင်းချသည်။

''ကိုကို ရဇာနဲ့ကို တစ်သက်လုံး သစ္စာစောင့်သိသွား မှာပါ ကလေးရယ်။ သီရိကို ကိုကို အဲဒီအချိန်ကတည်းက အပြီးအပိုင် စွန့်ခွာခဲ့တာပါ။ အဲဒီအတွက်တော့ ကိုကို့ကို သီရိ လက်မထပ်ပါနဲ့''

''မယဉ်မြင့်သီကိစ္စက ဥပမာပြောတာပါ ကိုကို။ တခြား ကိစ္စတွေလဲ အများကြီး ဖြစ်လာနိုင်တာပဲ။ ဖေဖေနဲ့မေမေက သူတို့ မျက်စိမမှိတ်ခင် စိတ်ချရတဲ့ အနေအထားမျိုး ဖန်တီး သွားချင်နေကြတယ်''

''စိုးလွင်နဲ့ကိစ္စကကော သီရိ''

သည်တစ်ခါ သီရိ သက်ပြင်းချသည်။

''သီရိ ကိုစိုးလွင်နဲ့ ချစ်သူဖြစ်နေကြတယ်ဆိုတာ မှန်ပါ တယ် ကိုကို။ ဒါပေမယ့် ဒီကိစ္စကို ကိုစိုးလွင်ကိုယ်တိုင်ကလဲ သီရိကို သဘောတူ တိုက်တွန်းခဲ့ပါတယ်''

''ချစ်သူနဲ့ ကွေကွင်းရပြီး၊ မချစ်မနှစ်သက်သူနဲ့ ပေါင်း ဖော်ရတယ်ဆိုတဲ့ ဒုက္ခဟာ အင်မတန် ကြီးမားပါတယ် သီရိ ရယ်။ ကိုကို... သီရိကို အဲဒီဒုက္ခပေးမိမှာကို အရမ်း စိုးရိမ်ပါ တယ်''

''သားနဲ့သမီးကို သီရိ အရမ်းချစ်တယ်ကိုကို။ မမရှိစဉ် ကတည်းက ဒီသားနဲ့ ဒီသမီးကို သီရိ သားသမီးအရင်းလို စောင့်ရှောက်ခဲ့ ချစ်ခဲ့တာပါ။ မမနေရာကို တခြား ဘယ်သူမှ အဝင် မခံနိုင်ဘူး။ သားနဲ့သမီးအတွက်ထဲ တခြားအမေ မရှိစေချင်ဘူး။ သီရိပဲ မမနေရာကို ဆက်ခံမယ်''

''သီရိဟာ ရတနာ့ကိုယ်ပွားပါ သီရိ။ ကိုကို သီရိကိုလက် မထပ်ချင်လို့ ပြောနေတာ မဟုတ်ပါဘူး။ လူကြီးတွေဆန္ဒကို လဲ ကိုကို မပယ်ရှားချင်ပါဘူး။ သီရိ ကိုကို့ကို ချစ်နိုင်တယ် ဆိုရင် ပြီးတာပါပဲ''

''သီရိ....ကိုကို့ကို ချစ်ပါတယ်''

သီရိထံမှ ခြောက်ကပ်ကပ်လေသံ ထွက်လာသည်။

ရဲထွတ် ပြုံးလိုက်၏။

အချစ်ဆိုတာ ဒီလောက်လွယ်လွယ်ကူကူ ဖန်တီးလို့ရတာ မျိုး မဟုတ်ပါဘူး သီရိရယ်။

*



(၉)

''ဟုတ်တယ် ရဲထွတ်။ ဒီကိစ္စကို ငါကိုယ်တိုင် ကျေကျေ နပ်နပ်နဲ့ ခွင့်ပြုလိုက်တာ။ ခွင့်ပြုတာတင် မဟုတ်ပါဘူးလေ။ အဲလိုပဲလုပ်ဖို့ တိုက်တွန်းလိုက်တာပါ''

စိုးလွင် အမူအရာက ပကတိ တည်ငြိမ်သည်။

ဆုံးဖြတ်ချက်တစ်ခုကို အပြီးအပိုင် ဆုံးဖြတ်ထားပုံလည်း ရသည်။

ရဲထွတ်က ရယ်ရင်း ...

''ဘာလဲ စိုးလွင်။ မင်းအပေါ်မှာ ငါ့ကျေးဇူးရှိတယ်ဆိုပြီး ကျေးဇူးရှင်အတွက် ရင်အကွဲခံပါတယ်ဆိုတဲ့ ရင်နင့်စရာ ဇာတ်လမ်းမျိုးလား''

စေတနာစာပေ

"အချစ်ဆိုတာဟာ သိပ်မက်မောတွယ်တာလွန်းရင်သာ ရင်ကွဲစရာအဖြစ်မျိုးနဲ့ ကြုံရတာပါ ရဲထွတ်။ စွန့်သင့်စွန့်ထိုက်လို့ စွန့်လွှတ်ခဲ့ရတာဆိုရင် ဘာမှ မဖြစ်ပါဘူး။ မင်း သီ့ကို စွန့်လွှတ်ခဲ့သလိုပေါ့"

"သီ ဘဝတစ်သက်လုံး ခံစားသွားရတဲ့ ဒုက္ခမျိုး သီရိမှာ ခံစားသွားရရင်ကော စိုးလွင်"

"သီရိဟာ မင်းထင်သလောက် စိတ်ကူးမယဉ်တတ်ပါဘူး ရဲထွတ်။ သူဘာလုပ်ရမယ်ဆိုတာကို သူ့ဟာသူ သိပါတယ်"

"ကောင်းပြီလေ။ သီရိနဲ့ငါ လက်ထပ်ပြီးရင် တစ်နေရာရာကို ခရီးတစ်လလောက် ထွက်သွားချင်တယ်။ မင်း ငါ့ အလုပ်ကွေကို ငါ့အစား လုပ်ပေးထားနိုင်မလား"

"ရတယ် ရဲထွတ်။ မင်း ဂျပန်သွားနေတုန်းကလဲ ငါ တစ်ယောက်တည်း လုပ်ခဲ့တာပဲ။ တစ်လမဟုတ်ဘူး။ မင်းတို့ဟာမင်းတို့ လွတ်လွတ်လပ်လပ်သွား"

"သားနဲ့သမီးက မင်းနဲ့နေပါ့မလား"

"မင်း့သားနဲ့ မင်း့သမီးဟာ ငါ့သားနဲ့ ငါ့သမီးပါပဲ ရဲထွတ်ရာ။ မင်းကလေးတွေက ငါ့ကို အရမ်းချစ်ပါတယ်"

"အေးလေ။ ဒါဆိုလဲ ပြီးတာပါပဲ"

ရဲထွတ်က ရယ်ရင်း ပြန်ထွက်လာခဲ့၏။

ပြီးပြီလေ။





အဖြေက ဒါပဲ့။

တခြား ဘာမှ စဉ်းစားစရာ မရှိတော့။

အလုပ်အကိုင်ကိစ္စကော၊ သားနှင့်သမီးကိစ္စကော စိုးလွင်နှင့် စိတ်ချရပြီ။

ဘာလိုသေးသနည်း။

*

နိဂုံးချုပ်အပိုင်း

ရွှေ၏အလွှန်

သူငယ်ချင်း စိုးလွင်

ကျန်ခဲ့တဲ့ ၁၈ နှစ် ညတစ်ညကလဲ မဟာလေးက အောင်မြေ ကျောင်း ကနေ စွန့်ခွာထွက်ပြေးဖို့ကိစ္စ မင်းကို ဦးဘည်ပြီး ငါစာ တစ်စောင် ရေးခဲ့ရတယ်။

ခုလဲ မင်းကိုပဲ ဦးတည်ပြီး ငါစာ တစ်စောင် ရေးခဲ့ပါတယ် သူငယ်ချင်း။

ဒီစာကိုဖတ်ပြီး သီရိအပါအဝင် ငါ့မိသားစုဝင်အားလုံးကို သေသေချာချာ ရှင်းပြပေးပါလို့ လွန်ခဲ့တဲ့ ၁၈ နှစ်တုန်းကလိုပဲ မင်းကို ငါတောင်းပန်ပါတယ်။

ဒီ့ပြင် အကြောင်းတော့ မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ ၁၈ နှစ်က ငါမိုက်မဲစွာ စွန့်ခွာခဲ့တဲ့ မဟာလောကအောင်မြေကျောင်းတိုက်ကို ငါ တစ်ယောက် ဆင်ခြင်တုံတရားအပြည့်နဲ့ ပြန်သွားပြီဆိုတာ ပြောပြဖို့ပါပဲ။

ငါ့ဘဝဟာ အစကတည်းက မဟာလောကအောင်မြေကျောင်းတိုက်အတွက် မွေးဖွားပေးလိုက်တာပါ သူငယ်ချင်း။

အဲဒီအချက်ကို ငါ အသက်သုံးဆယ့်ငါးနှစ်လုံးလုံး မေ့နေခဲ့တယ်။

ခု သတိရလို့ ပြန်ကြည့်လိုက်တော့ ငါ့ဘဝဟာ မဟာလောကအောင်မြေကျောင်းမှာပဲ ထာဝရနေထိုင်သွားဖို့ အကောင်းဆုံးဆိုတာ တော်တော်လေးကို ထင်ရှားပေါ်လွင်လာတယ်။

ငါ သိပ်မိုက်မဲခဲ့တဲ့ကောင်ပါ၊ စိုးလွင်။

အင်္ဂတန် အေးချမ်းလှတဲ့ အရိပ်အာဝါသထဲမှာ ဘဝကုသိုလ်အရ ခိုလှုံခွင့်ရနေတဲ့ကြားက နွေရာသီလို ပူပြင်းလှတဲ့ လူ့ဘဝ လူ့လောက လောကီဘုံကြီးထဲကို ရေဘူးမပါ၊ ဖိနပ်မပါ ထွက်လာခဲ့တဲ့ လူမိုက်ပါ။





တကယ်တော့ လောကီ လူ့ရွာ လူ့ဘဝ ဆိုတာ နွေပါပဲ စိုးလွင်။

တပေါင်းပွဲလို၊ သင်္ကြန်ပွဲလို ပျော်စရာ ကာလလေးတွေ၊ ပိတောက်တွေ ပွင့်ချိန် လိုရင်ခုန်စရာ ကာလလေးတွေ ရှိပေမယ့် တစ်ခုလုံးကို လွှမ်းခြုံထားတဲ့ အရာကတော့ ပူပြင်းခြင်းပါပဲ။

လူ့ဘဝဆိုတာလဲ ဒါပါပဲ။ ပျော်စရာ ရွှင်စရာ၊ ချမ်းမြေ့စရာ သုခအရသာလေးတွေ နေရာမျိုးစုံမှာ ရှိနေပေမယ့် လူ့ဘဝရဲ့ တကယ့်အမှန်တရားက ဒုက္ခပါ။ အပူပါ။

ငါဟာ လောက လူ့ဘဝနွေထဲမှာ ပျော်စရာမျိုးစုံလဲ ခံစားခဲ့ရပြီးပါပြီ။ ဒုက္ခမျိုးစုံလဲ ခံစားခဲ့ရပြီးပါပြီ။

နောက်ဆုံး ကျန်ခဲ့တဲ့ ရလဒ်ကတော့ သတ္တိတရားနဲ့ သံဝေဂပါပဲ။

အဲဒီအခါမှာ ဒီနွေကနေ လွန်မြောက်အောင် ကြိုးစားဖို့၊ နွေရဲ့အလွန်ကို ဦးတည်ပြီးသွားတော့ဖို့ ငါ ဆုံးဖြတ် လိုက်တော့တာပါပဲ သူငယ်ချင်း။

အဲဒီအတွက် မင်းတို့ချစ်ခြင်းကိုလဲ ငါ မခွဲ တော့ပါဘူး။

ငါ့ဘဝမှာလဲ တစ်ချစ်နဲ့လဲ ရှင်ကွဲ ကွဲရ တယ်။ နောက်တစ်ချစ်နဲ့လဲ သေကွဲ ကွဲရ တယ်။

''ချစ်ခင်စဝါင်းသင်း ဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံးရှိချေ၏'' ဆိုတဲ့ တရားကို တောင် ငါမကျော်လွှားနိုင်ခဲ့ရင်....

''နူနယ် ရှုပ်ဆင်း ပျိုမြစ်ခြင်းကား အိုမင်း နောက်ဆုံးရှိချေ၏'' ''ဝိညာဉ်ထင်လင်း သက်ရှင်ခြင်းကား သေခြင်းနောက်ဆုံးရှိချေ၏'' ဆိုတဲ့ တရားတွေကိုလဲ ငါ ဘယ်လိုချေဖျက် နိုင်တော့မှာလဲ သူငယ်ချင်း။

ငါဟာ လက်ချည့်ဘဝကနေ သိန်းပေါင်း ရာနဲ့ချီပြီး ချမ်းသာအောင် ကြိုးစားနိုင်ခဲ့ ပါတယ်။

မိဘက မလိုချင်လို့ လမ်းဘေးမှာ စွန့်ပစ် ခံခဲ့ရတဲ့ တကယ့် အညတရဘဝကနေ ကမ္ဘာ တစ်ဝှမ်းလုံးအထိ ငါ့ခြေရာလက်ရာတွေ ပျံ့နှံ့ အောင် လုပ်နိုင်ခဲ့ပါတယ်။ ဂျပန်မှာ မကြာ ခင်ကမှ ပြီးသွားတဲ့ ကုန်စည်ပြပွဲကြီးမှာ နိုင်ငံ





တကာက ရင်သပ်ရှုမော ဖြစ်ခဲ့ရတဲ့ နေရာ တစ်ခုဟာ ငါ့လက်ရာပါ။ ငါ့ အစီအစဉ် အစွမ်းသတ္တိနဲ့ ငါ့တန်ခိုးပါ။

အလားတူပဲ နောက် မကြာခင် ကျင်း ပြမယ့် ပြင်သစ်က ပါရီကုန်စည်ပြပွဲ၊ အမေ ရိကန်ပြည် နယူးယောက်မှာလုပ်မယ့် ကမ္ဘာ့ ထုတ်ကုန် ခင်းကျင်းပြသပွဲ၊ ဂျာမနီမှာ လုပ် မယ့် အာရှကုန်စည် ပြခန်း၊အင်္ဂလန်မှာလုပ် မယ့် အာရှ အနုပညာ လက်ရာ ပြခန်း၊ အဲဒါတွေကိုလဲ ငါပဲ သွားလုပ်ရမှာပါ။

၊ ငါ့တန်ခိုးဘယ်လောက်ကြီးလဲ၊ငါ့အစွမ်း သတ္တိတွေ ဘယ်လောက် အားကောင်းလဲ၊ မကြာခင် မင်းကိုယ်တိုင် ကိုင်တွယ်ရမယ့် မိသားစုဘဏ်စာရင်းမှာ သိန်းသုံးရာကျော် ငွေကြေးတွေ ငါ စုဆောင်းထားခဲ့တာ တွေ့ ရင် မအံ့သြနဲ့ သူငယ်ချင်း။

မြန်မာ့ နိုင်ငံခြား ကုန်သွယ်မှု ဘဏ်မှာ ဒေါ်လာချည့် တစ်သန်းကျော် ငါ ရှာထား တာတွေ ရှိသေးတယ်။

ဒါပေမယ့် ငါချစ်တဲ့ ငါ့ဇနီး....ငါ ခရီး ထွက်ရာကပြန်ရောက်တာလေးကို အသက်ရှင်

ရက် စောင့်စားနေဖို့ ကိစ္စကိုတောင် ငါ မတတ်နိုင်ခဲ့ဘူး။

ငါ့အသက်လိုချစ်တဲ့ ငါ့သား ငါ့သမီးတွေ အမေတစ်ယောက် ဆုံးရှုံးရမယ့်ဒုက္ခကို ငါ ဘာမှ ကယ်တင်မပေးနိုင်ဘူး။

ငါကိုယ်တိုင် ရင်ကွဲမတတ် ခံစားခဲ့ရတဲ့ ရင်ထဲက အပူသောကတွေကို ခုထိ မငြိမ်းသတ်နိုင်ခဲ့ဘူး။

ဘယ်မလဲ ငါ့တန်ခိုး၊ ဘယ်မှာလဲ ငါ့သတ္တိ။

ဘယ်မလဲ ငါ့အောင်နိုင်မှု။

ငါ့ခေါင်းထဲမှာ ဆံပင် အချောင်းငါး ဆယ်လောက် ဖြူနေပြီ စိုးလွင်။

ငါ အပေါ်ကနေအရောင်ပဲဆိုးလို့ရမယ်။ ပြန်မဲအောင်နဲ့ နောက်ထပ် မဖြူအောင် ငါမတတ်နိုင်ဘူး။ နောက် ဆယ့်လေးငါးနှစ် ဆို ငါ့သွားတွေကျိုးတော့မယ်။ ငါ့အရေတွေ တွန့်တော့မယ်။ ငါ့မျက်စိတွေ မွဲတော့မယ်။

ငါ ဘာမှ မကာကွယ်နိုင်ဘူး။





ဘယ်မှာလဲ ငါတတ်နိုင်စွမ်းတွေ၊ တန်ခိုးတွေ၊ ငါလုပ်နိုင်တယ်ဆိုတာတွေ....

ငါ လောကကိုလဲ မအောင်နိုင်သလို၊ သောကကိုလဲ မရှောင်နိုင်ပါဘူး သူငယ်ချင်းရာ။ လောကနွှေကို နောက်ဆုံးတော့ ငါ အရှုံးပေးရတာပါပဲ။

ခုလဲပဲ မိသားစုစီးပွားရေးနဲ့ မိသားစု အသိုက်အဝန်း မပြိုကွဲရေးဆိုတဲ့ အကြောင်းပြချက်နဲ့ ငါ မင်းတို့နှစ်ယောက်ရဲ့ချစ်ခြင်းကို ခွဲရဦးမယ်။ ပြီးတော့ နောက်ထပ် သံယောဇဉ် အသစ်တစ်ခုဖြစ်တဲ့ သီရိဆိုတဲ့ သမုဒယ နွယ်တစ်နွယ် ထပ်အရစ်ပတ်ခံရဦးမယ်။

သေချာရဲ့လား စိုးလွင်။

သီရိနဲ့ ငါ လက်ထပ်လို့ ငါတို့ မိသားစု အသိုက်အဝန်းကြီး မပြိုကွဲတော့ဘူးဆိုတာ တကယ်သေချာရဲ့လား။

ဒီ မိသားစုကြီးဟာ ရှင်ကွဲမကွဲတောင် တစ်နေ့ သေကွဲမကွဲကြတော့ဘူးလား။ အဲလို သာ ထိန်းနိုင်ရိုးမှန်ရင် ငါ့မိန်းမကို ငါ ဘယ်အသေခံမလဲကွာ။

ငါ့ကိုသိပ်ချစ်တဲ့ ရတနာကို ငါ တစ်သက်လုံး ထွေးဖက်ထားချင်တာပေါ့။

သူ့အတွက်ပဲ ဒီငွေတွေ ရှာပေးခဲ့တာပဲ။ ဒီပစ္စည်းတွေ တည်ဆောက်ပေးခဲ့တာပဲ။ ဒီအရှိန်အဝါတွေ ရှာဖွေပေးခဲ့တာပဲ။ ဒါတွေဟာ သူ့အတွက်ကလွဲလို့ ဘယ်သူ့အတွက်မှ မဟုတ်ဘူး။

ဒါပေမယ့် ခု သူဘယ်မလဲ။ ရတနာဘယ်မလဲ။

ငါ့အတွက် မိသားစုဝင် ရင်ခွေး တစ်ယောက် တိုးပွားအောင်လုပ်ပေးရင်း သူပါ မိသားစုစာရင်းက နှုတ်ထွက်ခဲ့ရတယ်။

ငါလဲ ဒီပွဲမှာ အလဲအကွဲ ရှုံးခဲ့ရတယ်။

ငါ နောက်ထပ် ဒီလောကကြီးကို ပြိုင်ပွဲဝင် အနိုင်ယူဖို့ကိစ္စကို ရာသက်ပန် စွန့်လွှတ်လိုက်ပါပြီ။





နွေ၏အလွန်

မိုးငွေ့ အွန်သေဘ်

ထွန်းတောင် အိမ်ပြန်ရတော့မည်....

ဆိုတဲ့ မနှစ်ကမှ ကွယ်လွန်သွားတဲ့ ကဗျာဆရာ အညာတမာရေးခဲ့တဲ့ ကဗျာလေးလိုပဲ။ နွေ၏အလွန်ကိုမျှော်ကိုးပြီး ငါ အိမ်ပြန်သွားပါပြီ။ နွေနဲ့တူတဲ့ လောကကြီးကလွန်မြောက်မယ့်လမ်းကိုပဲ ငါ ရှာပါတော့မယ်။

မင်းနဲ့ သီရိတို့ လက်ထပ်ပါ စိုးလွင်။

ပြီးရင် ငါ့သား ငါ့သမီးတွေကို မင်းတို့သားသမီးတွေလိုပဲ ဆက်သဘောထားပါ၊ ပြုစုစောင့်ရှောက်ပါ။

ငါ့လုပ်ငန်းအားလုံးကိုလဲ မင်းနာမည်နဲ့ လွှဲပြောင်းယူလိုက်ပါ။

သီရိနဲ့ ငါ့မိသားစုအားလုံးကိုတော့...

မနက်ဖြန်ကျရင် ငါ့အတွက် သိမ်ထွက်ဆွမ်းလာလောင်းချင်ရင် လာလောင်းလို့ပဲ ပြောလိုက်ပါကွာ။

မွန်မြတ်တဲ့ အလုပ်တစ်ခု ငါလုပ်မှာ ကိုမင်း အပါအဝင် ဘယ်သူမှ ငါ့ကို မတားကြပါနဲ့တော့။

အားလုံးကို ငါ နှုတ်ဆက်ခဲ့ပါတယ်။

ရဲထွတ်

၂၃-၃-၉၁

*



အဆုံး

၁၉၄၀ ခုနှစ်က ဦးတောကျော်ထံမှ သူဌေးလေး ကိုနေ ထွန်းက ငွေတစ်သောင်းဖြင့် ဝယ်ယူပြီး မဟာလောက အောင်မြေကျောင်းကို တည်ထောင်ခဲ့သည်။

မူလပိုင်ရှင် ဦးတောကျော်က ရောင်းချရရှိသည့်ငွေ တစ် သောင်းဖြင့် အပျိုကြီး မရွှေမှီကိုယူပြီး စစ်အတွင်းမှာ ကွယ် လွန်သွားခဲ့သည်။

ကိုနေထွန်းက မိဘနှစ်ပါးနှင့် ညီမငယ် သေဆုံးခြင်းကို အကြောင်းပြုပြီး သူ၏ သိန်းပေါင်းများစွာသော စည်းစိမ် ဥစ္စာနှင့် ပျိုရွယ်မှုဘဝအားလုံးကို စွန့်လွှတ်ကာ ရှင်နန္ဒဝံသ အဖြစ် ကူးပြောင်းခဲ့သည်။

၁၉၅၆ ခုနှစ်တွင် မဟာလောကအောင်မြေကျောင်း တံခါးဝတွင် ထန်းခေါက်ဖာဖြင့် ထည့်ပြီး လာစွန့်ပစ်ထား သော မောင်ရဲထွတ် အမည်ရှိလာမည့် ကလေး ငယ် တစ် ယောက်ကို ကပ္ပိယကြီး ဦးဗလက ကောက်ယူ မွေး စား သည်။

၁၉၄၃ ခုနှစ်တွင် မောင်ရဲထွဋ် မဟာလောကအောင် မြေ ကျောင်းတိုက်မှ ခွာသည်။

၁၉၉၁ ခုနှစ်တွင် မောင်ရဲထွဋ်သည် သိန်းပေါင်းများ စွာသော စည်းစိမ်ဥစ္စာများနှင့် အခြားသံယောဇဉ် အား လုံးကို ဖြတ်တောက်ကာ ကြုံခဲ့ရသော လောကဓံတရားများ နှင့် ချစ်ဇနီး သေဆုံးခဲ့ခြင်းကို အကြောင်းပြု၍ 'ရှင်ဝိမလ' အဖြစ် ကူးပြောင်းသည်။

ဤနည်းဖြင့် ရဲထွဋ်ဆိုသော လူတစ်ယောက်၏ အတ္ထုပ္ပတ္တိ ပြီးပြည့်စုံကာ ဦးဝိမလဟူသော ရဟန်းဘဝ၏ ထေရုပ္ပတ္တိကို အစပျိုး၏။

သတ္တဝါအားလုံး နွေကာလမှ လွတ်မြောက်ကြပါစေ ကုန်သတည်း။

ကြီး‌ဘေးပါဦးမည်...



ရဟန်းရက်ချုပ်

သာသနာတော်နှစ် .... ၂၅၃၄

ကောဇာသက္ကရာဇ် .... ၁၃၅၂

ဥတု.... ဂိမှာန္တ တန်ခူးလဆန်း ၁၀ ရက်

(၂၄-၃-၉၁) ခု တနင်္ဂနွေနေ့ နံနက် (၈) နာရီ (၄၅) မိနစ်အချိန်၌ .... ...မြို့နယ် .... ...ရပ်၊ မဟာလောကအောင်မြေကျောင်း ဝင်းရှိ ခဏ္ဍသိမ်တွင် မဟာလောကအောင်မြေ ကျောင်း ဆရာတော် ဦးနန္ဒဝံသကို ဥပဇ္ဈာယ် ပြုပြီး ဓမ္မဝါဒီကျောင်းဆရာတော် ဦးကော ဝိဒ၊ အနုသာသနာပြုလျက် ကမ္မဝါဆရာ တော်များ၊ ကာရကသံဃာတော်များ၊ ချီး

စေတနာစာပေ

မြှောက်သော ရှင်ဝိမလသည် သာမဏေ အဖြစ်မှ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက် ရှိပါသည်။

ကမ္မဝါစာဆရာတော်

၁။ ဦးကောဝိဒ - ဓမ္မဝါဒီကျောင်း
၂။ မနော်သိဒ္ဓိ - ဇေယျသိဒ္ဓိကျောင်း
၃။ အရိယဝံသ - မဟာလောကအောင်
မြေကျောင်း

ကာရကဆရာတော်

၁။ ဦးအရိယာမိတ္တ - မဟာလောက
အောင်မြေကျောင်း
၂။ ဦးသုမန - ။
၃။ ဦးစန္ဒာသီရိ - ။

*

စေတနာစာပေ

ဝန်ခံချက်

ဤဝတ္ထုပါ ဇာတ်လမ်း
ဇာတ်ကောင်၊ အဖြစ်အပျက်
နေရာဒေသ စသည်တို့သည်
စာရေးသူ၏ စိတ်ကူးဖြင့် ဖန်တီးခဲ့သော
အချက်အလက်များသာဖြစ်ကြောင်း ဝန်ခံပါသည်။
စာရေးသူ၏ စိတ်ကူးယဉ် ဇာတ်လမ်းသာဖြစ်လျက်
မည်သူမည်ဝါ မည်သည့်ဌာနဒေသအကြောင်းအရာကိုမှ
ရည်ရွယ်ခြင်း မရှိပါကြောင်းနှင့်
တိုက်ဆိုင်မှုရှိပါကလည်း ခွင့်လွှတ်ပါမည့်အကြောင်း
လေးစားစွာ တင်ပြအပ်ပါသည်။

ခင်မင်လေးစားစွာဖြင့်
နှမ်ဂျာ